www.dhammaransi.com

# သံဃာ့အစည်းအဝေးကြီး

## မှတ်တမ်း

(ဓယာဆရာတော်)

www.dhammaransi.com

၂၁၈၉၅

# ဓမ္မာနု-ဓမ္မ

# မဟာဒွါရ-နိကာယ -ဂိုဏ်းခုံးဆိုင်ရာ

## ၁၃၁၆-မှ ၁၃၂၀-ထိ (၅)နှစ်အတွက်

## သံဃာ့ အစည်းအဝေးကြီး မှတ်တမ်း

## ပေါင်းချုပ်

ဒုတိယတွဲနှင့် ဝါဆိုသံဃာစာရင်းချုပ်

★

[illegible]ဆောင်ရွက်၍ထားဖြင့်သွားရေး[illegible]
စာဖြည့်ဆိုက်
[illegible]-ရှိရန်။

ဟံသာတမြို့
မဟာဒွါရ ဂိုဏ်းလုံးဆိုင်ရာ
မဟိုဌာနကြီးမှ


ပထမအကြိမ် စာအုပ်ရေ-၁၀၀၀
ဒုတိယ ။ ။ ။
တတိယ ။ ။ ။
} ဖြန့်ချိထုတ်ဝေသည်။

၁၃၂၁ တမိုတွဲ


A

www.dhammaransi.com

# "အလုံးစုံအပြီးအငြိမ်း"

## ကြည့်ကြပ်စောင်မ၍ ပုံနှိပ်အပ်သည်

ဦးပညာကိတ္တိ (အနုရက္ခိတ) မဟာဒွါရ-နိကာယ
သာသနဓဇ-သိရိပဝရ-ဓမ္မာစရိယ
ဆဋ္ဌသင်္ဂီတိကာရက ........ ပါဠိဝိသောဓက

## မင်္ဂလာမဏ္ဍိုင်ကျောင်း

၂၆၄,၃
မဟာဒ.
၂၁၈၉၅.

ခြံအမှတ်-၅၇
အာဇာနည်ဗိမာန်လမ်း
ရန်ကုန်မြို့

၁၃၂၁-ခု၊

ဂန္ထမာစာပုံနှိပ်တိုက်

အမှတ် ၁၃၉-၁၄၁၊ လမ်း ၅၀-ရန်ကုန်မြို့။

www.dhammaransi.com

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) ၁၃၁၆-ခုနှစ် | ၁။ အစည်းအဝေးမှတ်တမ်း | ၁ |
| အဋ္ဌရသန္နိပါတ | ၂။ ကျေးဇူးတော်ရှင် မဟာဒွါရနိကာယ - ပဋ္ဌမသာသနာပိုင် (တတိယဘုရားကြီး) ဆရာတော်ဘုရားကြီး၏ ဩဝါဒ မိန့်ခွန်းတော်။ | ၄ |
| (ခ) ၁၃၁၇-ခုနှစ် | ၁။ အစည်းအဝေးမှတ်တမ်း။ | ၆ |
| မဟာသန္နိပါတ | ၂။ အခမ်းအနားပွဲ ထုတ်ဖော်လာစာတမ်း။ | ၈ |
| | ၃။ သံယုတ္တမှ သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာမိန့်ခွန်းတော်။ | ၁၁ |
| | ၄။ ပဏ္ဍိတ-မင်္ဂလာ-ပဋိသန္ထာရကထာ။ | ၁၄ |
| | ၅။ ဒုတိယ-မဟာနာယက-ရေတံခွန် ဆရာတော် ဘုရားကြီး၏ နိဂုံးချုပ်ဩဝါဒမိန့်ခွန်းတော်။ | ၁၈ |
| | ၆။ ဒွါရဝါဒီ......နှစ်တရာမြောက် မဟာသဘင်တွင်ဆရာတော်ဘုရားကြီး ၂ ပါး၏ ဩဝါဒမိန့်ခွန်းတော်များ | ၂၃ |
| (ဂ) ၁၃၁၈-ခုနှစ် | ၁။ ဆဋ္ဌသံဂါယနာနှင့် သာသနာ ၂၅၀၀ ပြည့်အောင်ပွဲမဟာဓမ္မသဘင်ကြီး ဆုံးဖြတ်ချက်နှင့် ဓမ္မဝိနယအမိန့်တော် ပြန်တမ်း။ | ၃၂ |
| | ၂။ ဆရာတော် သံဃာတော် များအား နိုင်ငံတော်ဝန်ကြီးချုပ် လျှောက်ထားချက်။ | ၃၄ |
| | ၃။ နယုန်လအတွင်း...... မဟာဒွါရနိကာယ-မဟာနာယက ဆရာတော်ဘုရားကြီး၏ ထုတ်ပြန်ကြေငြာချက်။ | ၄၀ |
| အဋ္ဌရသန္နိပါတ | ၁။ အစည်းအဝေးမှတ်တမ်း။ | ၄၃ |
| | ၂။ မဟာနာယက ဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော် | ၄၅ |
| | ၃။ ဒုတိယ သာသနာပိုင် ရေတံခွန် ဆရာတော်ဘုရားကြီး၏ နိဂုံးချုပ် ဩဝါဒမိန့်ခွန်းတော်။ | ၅၀ |
| (ဃ) | အဘိဓဇမဟာရဋ္ဌဂုရု (ပဋ္ဌမ) မဟာနာယက ဆရာတော်ဘုရားကြီး၏ အန္တိမဗျာပန္န အထူးမှတ်တမ်း။ | ၅၁ |
| (င) ၁၃၁၉-ခုနှစ် | ၁။ အစည်းအဝေးမှတ်တမ်း။ | ၅၅ |
| အဋ္ဌရသန္နိပါတ | ၂။ ရေတံခွန်(ဆဋ္ဌမ) မဟာနာယက ဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော်။ | ၅၇ |

www.dhammaransi.com

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ဆဋ္ဌမ) မဟာနာယက ရေဟံခွန် ဆရာတော် ဘုရားကြီးအား ''အဘိဓဇ မဟာရဋ္ဌဂုရု'' ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ အခမ်းအနားအစီအစဉ်။ | ၆၁ |
| (စ) ၁၃၂၀-ပြည့်နှစ် မဟာသန္နိပါတ | ၁။ ပထမနေ့ စည်းဝေးဆုံးဖြတ်ချက်မှတ်တမ်း။ | ၆၄ |
| | ၂။ ဒုတိယနေ့ ...... ။ ...... ။ | ၆၅ |
| | ၃။ အခမ်းအနားဖွင့်မင်္ဂလာသြဘာစာတမ်း။ | ၆၇ |
| | ၄။ အဘိဓဇမဟာရဋ္ဌဂုရု - ဒွါရနိကာယ (ဆဋ္ဌမ) မဟာနာယက ဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော်။ | ၆၉ |
| | * ပင့်လျှောက်လွှာ။ | ၇၄ |
| | ၅။ ဒုတိယမဟာနာယက သထုံမြို့မဟာမေဃဝန်ဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော်။ | ၇၆ |
| | ၆။ ကန်ဆည် အနုနာယက ဆရာတော်ကြီး၏ နိဂုံးချုပ် ဩဝါဒမိန့်ခွန်းတော်။ | ၇၈ |
| | ၁။ ဝိသုဂါမ သိမ်မိန့်တောင်းခံရပုံနှင့် သိမ်မိန့်ပေးအပ်ပုံ။ | ၈၇ |
| | ၂။ ဒုတိယ မဟာနာယက- ဘွဲ့ပုံတော် တံဆိပ် အခမ်းအနား အစီအစဉ်။ | ၉၁ |
| (ဆ) | ၃။ ဝါဆိုသံဃာစာရင်း။ | ၉၂ |
| | ၄။ ရခိုင်တိုင်း ဒွါရဂိုဏ်းဝင် သံဃာစာရင်းချုပ်။ | ၁၁၃ |
| | ၅။ ၁၃၀၆-ခုနှစ် ''ဟသ္သာတ အင်ပူ'' ဒွါရဝါဒီ ဂိုဏ်းသံဃာတော်တို့ ပေါင်းသင်း စည်းလုံးညီညွတ်ရာ ''မဟာသံဃာသမိတိ'' မှတ်တမ်း။ | ၁၁၆ |
| (ဇ) ၁၃၂၁-ခုနှစ်၊ ဝိသေသ-သန္နိပါတ | ၁။ နယုန်လဆုတ် ၁၄-ရက်နေ့ ဝိသေသ အနုနာယက ဆရာတော်ကြီးများ အစည်းအဝေး မှတ်တမ်း | ၁၂၁ |
| | ၂။ သာသနာရေးဝန်ကြီးဌာနထံတောင်းဆိုသောအချက် ၄ချက် | ၁၂၄ |
| | ၃။ ဆဋ္ဌသင်္ဂါယနာတွင် ဒွါရဂိုဏ်းကြီး က မပါဝင်နိုင်ခြင်း | ၁၂၅ |
| | ၄။ ဒွါရသာသနာဝင်နှင့် မဟာသန္နိပါတမှတ်တမ်း၌ ထည့်သွင်းရန် ဗဟိုဌာနမှ ညွှန်ကြားချက် | ၁၂၇ |
| | ၅။ မဟာဒွါရနိကာယ သာသနာဝင် မှတ်တမ်းကြီး အကျဉ်းချုပ် မာတိကာ | ၁၃၄ |
| | ၆။ နိဂုံးချုပ် အာသီသ | ၁၃၅ |
| | ၇။ ဓမ္မဒါန ကောင်းမှုရှင်များ | ၁၃၇ |

www.dhammaransi.com

[illegible]

မာလာဘိဝံသ-ကဝိန္ဒာဓိပတိ-ဓမ္မဂံသသေနာပတိ-ဂဏ်သဃရ

မဟာနာယက-၇၅

# မဟာနာယက ဆရာတော်ဘုရားကြီး ပုံတော်



www.dhammaransi.com

# မူလအခြေခံ နိဒါန်း

သာသနဿစ, လောကဿ၊ ဟုနိ ဘဝတု သဗ္ဗ

သာသနမ္ပိစ,လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ၊

သာသနဿစ၊ကြောင်း, ကျိုးစပ်ဟပ်၊ပရိယတ်,ပဋိပတ်သာသနာတော်မြတ်ကြီး၏ ၎င်း၊လောကဿစ၊ပစ္စုပ္ပန်လောက, တမလွန်လောက, လူသတ္တဝါအပေါင်း၏ ၎င်း၊သဗ္ဗဒါ၊ အချိန်ခပ်သိမ်းကာလ, နေ့ညမဆိုင်း,အခါတိုင်း၌၊ ဝုဍ္ဎိ-တဆင့်ထက်တဆင့်,မြင့်ထက်မြင့်အောင် (သန့်သန့်ရှင်းရှင်း) တိုးတက်ကြီးပွားမှုသည်၊ဘဝတု-ဟန်ဆောင်မလုပ်,(ပကာသန-မဖက်)အဟုတ်တကယ်ဖြစ်ပါစေ....

သာသနမ္ပိစ-သာသနာတော် မြတ်ကြီးကို၎င်း၊လောကဉ္စ-လူသတ္တဝါ အပေါင်းကို၎င်း၊ဒေဝါ-လောကပါလ, သာသနာတော်စောင့်ကြပ်, နတ်ကောင်းနတ်မြတ်တို့သည်၊ (လက္ခပေသလ, သိကြာကာမ-မဟာထေရ်မြတ်တို့သည်)သဗ္ဗဒါ၊ အချိန်သင့်ရောက်လာရာ,ကာလတိုင်း၌ ရက္ခန္တု-ဟုတ်မှန်သော တရားနည်းလမ်းအတိုင်း(မဆိုင်းမသွေ)စောင့်ထိန်းမှုပြုနိုင်ကြပါစေ....

သာသနာ နှင့် လောက — သာသနာ ကြီးပွားမှသာ, လောက ကြီးပွား နိုင်သလော၊ လောကကြီးပွားမှသာ, သာသနာ ကြီးပွားနိုင်သလော၊ သာသနာကြီးပွားမှုသည် လောက၌ အကျိုးယှိပါသလော၊ လောကကြီးပွါးမှုသည်လည်း သာသနာ၌ အကျိုးယှိပါသလော....ယခုအခါခေတ်စားနေသော (လောကနိဗ္ဗာန်)ဟူသည် သာသနာ အကျိုးသက်ရောက်နိုင်ပါမည်လော၊

လောကသက်သက် (တဖက်သတ်) ကြီးပွားနေသည်ဟု ဆိုရလောက်သော ဤကမ္ဘာလောကတွင် ထိပ်တန်းကျနေသည့် နိုင်ငံကြီးများ၌ပင် ၎င်းတို့ခံစားရသည်ဆိုသော ''ကောင်းကျိုး'' နှင့် မလိုသားအပ်သော''မကောင်းကျိုး''များသည် အဘယ်က အလေးချိန်စီးနေပါသနည်း၊

''သဗ္ဗညုတ ဉာဏ်တော်''ပိုင်ရှင် ဂေါတမဗုဒ္ဓ၏ (သာသနာ) ဟူသော စကားတလုံးတည်း၌ မိမိ၏ ကောင်းကျိုးတရား, သူတပါး၏ ကောင်းကျိုးတရား, ပစ္စုပ္ပါန်လောက၌ ဖြစ်သောကောင် ကျိုးတရား, တမလွန်လောက၌ဖြစ်သော ကောင်းကျိုးတရား,''လူ,နတ်,ဗြဟ္မာ,နိဗ္ဗာန်''တိုင်အောင် ကောင်းကျိုးတရားများ ပါဝင်စုဝေးပြီးဖြစ်နေသည်ကို လေးနက်စွာသတိပြုပါ၊

ဝုဍ္ဎိ-ကြီးပွားမှု — ဟူသော စကားရပ်၌ မကောင်းကျိုးများ ကင်းဝေးပပျောက်၍ (ဟာယနပက္ခ)မှ ကောင်းကျိုး ချမ်းသာမှုသို့ သန့်သန့်ရှင်းရှင်း ရောက်ယှိခြင်းကိုသာ (ဝဍ္ဎနပက္ခ)သို့ မဂ်လာဟု ခေါ်ဆိုနိုင်ပေသည်၊

သို့ဖြစ်ပါသောကြောင့် ယခုပစ္စုပ္ပန် လောကတွင် ရဟန်းသာမဏေဖြစ်စေ,သာသနာပြုလူပုဂ္ဂိုလ်ဖြစ်စေ,သာသနာကြည်ညိုလေးစားသည်ဆိုသူ ဥပါသကာ, ဥပါသိကာဖြစ်စေ,ပြည်နိုင် အစိုးရမင်းဖြစ်စေ,နိုင်ငံရေးသမားဖြစ်စေ, စီးပွားရေးသမား ဖြစ်စေ, ပညာရေးသမားဖြစ်စေ, ကျန်းမာရေးသမား

www.dhammaransi.com



ဖြစ်စေ, ကုသိုလ်ကောင်းမှု ပြုရေးဌာနဖြစ်စေ, မိမိတို့ဆိုင်ရာ (နား,မျက်စိ) စိတ်ရင်းခေတ်ခံ မှန်ကန်တော်သင့်မှသာလျှင်-လိုရင်းအကျိုးရည်မှန်းသော ပန်းတိုင်သို့ ရောက်ယှိနိုင်ပေလိမ့်မည်။

**သာသနာတော်ရေး နှင့် နိုင်ငံရေး**

သာသနာတော် ရေး၌ နိုင်ငံရေး မရော ယှက်သင့်× နိုင်ငံ ရေး၌ လည်း သာသနာရေးမရောယှက်သင့်ပေ။ သာသနာတော်ရေး တခြား, နိုင်ငံရေး တခြားဖြစ်ချေသည်။× သာသနာတော်ရေးကို သာသနာတော်ရေးအတိုင်း သာပြု၍ – နိုင်ငံရေးကိုလည်း နိုင်ငံရေးအတိုင်းသာ ပြုရမည်ဟူလို၏ ။

**သည်ထီးသည်နန်း သည်ရဟန်းနှင့်**

ရဟန်းသည် မင်းကျင့် မကျင့်ရ× မင်းသည်လည်း ရဟန်းကျင့် မကျင့်ရ.... မင်းကျင့် ကျင့်သော ရဟန်းနှင့် ရဟန်းကျင့်ကျင့်သော မင်းသည် ပျက်စီး ကြောင်းသာတည်း× ရဟန်းသည် ရဟန်းကျင့်အတိုင်းသာ ကျင့်ရမည်– မင်းသည်လည်း မင်းကျင့်အတိုင်းသာ ကျင့်ရမည်× သို့မှသာလျှင် ကြီးပွား ခြင်း၏ အကြောင်း ဧကန်ဖြစ်ချေသည်-ဟု ''ရွှေကျင်ဆရာတော်ဘုရားကြီးက'' ဘဝရှင် ''မင်းတုန်း'' မင်းတြားကြီးအား မိန့်ကြားတော်မူဘူးသော ဩဝါဒထုံးနည်းကို နှလုံးကြီးစွာထား၍ သာသနာ့နယ်ပယ်၌အမြင်ကျယ်ကြပါစေ။

**သာသနာတော်ရေးအတိုင်း ဘယ်လိုပြုရမလဲ**

သာသနာရေး ကိစ္စဆိုသည်မှာ ဉာဏ်မြင်သလောက် အရှည်ကို ဖြန့်ကြည့်နိုင်ပါသော်မှ သင့်တော်ရုံကျသော ကိစ္စဖြစ်သည်ကို– သတိယှိသင့်ပေသည်။ —

''ငါဘုရားကို အားကိုး၍ အကျိုးရလိုလျှင် ငါဘုရား သာသနာတော်အတိုင်း လိုက်နာရမည်, ကျင့်ကြံရမည်''ဟု ဟောတော်မူသည်။

**အပြောလွယ်သလောက် အလုပ်ရခက်ချေ၏။**

''သာသနာပြု''ဆိုသောစကား,ပါးစပ်ပြောလွယ်ကူသလောက်×သာသသနာပြုကိစ္စမှာ....မလွယ်,အလွန်ကျယ်ဝှမ်း နက်နဲလှပါ၍ ''အစစ်သာသနာ စင်ကြယ်ကြီးပွါးမှု × အစစ်သာသနာ တည်စေမှု × အစစ်သာသနာ ပြုစုမှု''များကို အစစ်တကယ် ဆောင်ရွက်ပြုလုပ်နိုင်ကြပါစေသောဟု (သာသနာတော် အစစ်အမှန် အတွက်)နေ့စဉ်နှင့်အမျှ ဆုတောင်းပါ၏ ။

သာသနာတော် သန့်ရှင်းစင်ကြယ်စွာ ကြီးပွါးတည်တန့် အရှည်ခန့်နိုင်ရန် လိုရင်းပဓာနမှာ.... ရှင်မှန်အစစ် ရဟန်းမှန်အစစ်, အချိုးကျကျဖြစ်ပေါ်လာပြီးလျှင် ''သာသနာ့လုပ်ငန်း''ကို ဖြောင့်တန်းစွာ ဟုတ်ဟုတ်ဟတ်ဟတ်,အားထုတ်နေနိုင်ဘို့ရန်အရေး ကြီးလေးကျယ်ဝန်းရာလှပေသည်။

**သာသနာ လုပ်ငန်း ဆောင်စွမ်းနိုင်သူ**

သာသနာ့လုပ်ငန်းကို ရွက်ဆောင်ရာ၌ ''တကယ်စာတတ်, လဇ္ဇီပေသလ, သိက္ခာကာမ, သီလဝန္တအစစ်'' ပုဂ္ဂိုလ်များသာလျှင် အရေးပါ အရာရောက်နိုင်သောကြောင့်....ရောက်ပြီး ရှေးရှေးဆရာတော်ကြီးများ၏ ''သာသနာအခြေအနေကို''ထောက်ထား၍ × အနာဂတ်ရောက်လတ္တံ့ ''သာသနာ့ အခြေအနေ''ကို မြော်တွေးပြီး × ရောက်ဆဲလက်ရှိ''သာသနာ့အခြေအနေ''ကို လေးနက်စွာ စဉ်းစားမိကြပါသဖြင့်....သင့် မသင့်

www.dhammaransi.com


ချဲ့ပြော်ကာ အနာဂတ်ကာလ''သာသနာ့အခြေ''ကောင်းခြင်းသို့ရောက်သာနိုင်အောင် ရိုးရိုးသားသား မဆန်းပြားသော လမ်းဟောင်းလမ်းစဉ်သို့သာလျှင် လိုက်နာဆောင်ရွက်ကြရပေလိမ့်မည်။

''ဝေဝါရကွန္တ၊''....ဥပပဏ္ဏာသနတ်,သမ္မုတိနတ်,ဝိသုဒ္ဓိနတ်,၃-ပါးတွင် 'ဒေသိတံ ဒေဝဒေဝေန'' အရ.... ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော (ပုဒ္ဓ) ရှင်တော်မြတ်ဘုရားမှစ၍, ရှေးသင်္ဂါယနာ ၃-တန်တင် မဟာထေရ်မြတ်ကြီးများအပါအဝင်... ''လဇ္ဇီသီသာနွ- သိက္ခာကာမ'' မဟာထေရ်မြတ်တို့သည်သာလျှင် သာသနာတော်ကြီး ကောင်းကျိုးရောက်အောင် (ယာထာဓမ္မ,ယထာဝိနယ)ဟုတ်မှန်သောတရားနည်းလမ်းအတိုင်း ... ဟန်ဆောင်မသုပ် (ပကာသန မဖက်) အဟုတ်တကယ်စောင့်ထိန်းမှုပြုနိုင်ကြပေကုန်လတ္တံ့။

ဥပပဏ္ဏဒေဝ''နတ်ကြွဟ္မာနှင့်''သမ္မုတိဒေဝ''-မင်းစိုးရာဇာတို့၏ သာသနာစောင့်ထိန်းမှုကား လိုရင်းပဓာနမဟုတ်၊သာသနာတော်ကောင်းကျိုး ရောက်လာသည်လည်းရှိ၏× မရောက်သည်လည်းရှိ၏။

အချို့ကား....သာသနာဘဝက်မင်းကောင်းတဆက်×သာသနာတဝက် လဲလျှင် သိကြားသာသနာပေါ် လိမ့်မည်×သိကြားမင်းကြီးက စောင့်ရှောက်လိမ့်မည်ဟု၊ တလွဲတချော် မြော်သင့်ကြသေး၏။

သင်္ဂါယနာတင်,ရှေးမထေရ်ကြီးများ၏ ဩဝါဒတော်

ပုဗ္ဗေ မဟာထေရာ တိက္ခတ္တုံ ဝါစံ နိစ္ဆာရေသုံ''အနာဂတေ လဇ္ဇီ ရက္ခိဿတိ, လဇ္ဇီ ရက္ခိဿတိ, လဇ္ဇီရက္ခိဿတိ''၊ ။(ပါရာဇိကဏ် အဋ္ဌကထာ)သင်္ဂါယနာတင်, မထေရ်ကြီး များ သည် နောက်အနာဂတ်ကာလ၌ သာသနာတော်ကြီးကို''လဇ္ဇီသူတော်ကောင်း'' တို့သာလျှင် စောင့်ရှောက်နိုင်ပေလတ္တံ့....ဟု(၃)ကြိမ်တိုင်တိုင် လေးလေးနက်နက် မြွက်ကြားတော်မူသည့်စကားကို သတိရကြသော အားဖြင့် ယခုအခါ ''လဇ္ဇီပေသလ, သိက္ခာကာမ'' အစစ်အမှန်အဖြစ်၌တည်လျက် သာသနာတော်ကြီးကို စောင့်ရှောက်ထိန်းသိမ်းသောအားဖြင့် မိမိတို့၏ ဆိုင်ရာ, ဆိုင်ရာ တပည့်တပန်း, ရဟန်း သာမဏေငယ်တို့ကို''သာသနာ့အဆက်-အညွန့်ထွက်နိုင်မှု'' ဝိနည်းသိက္ခာပုဒ်တော်၌ လိမ္မာပွံ့ဖြိုး၍စောင့်ရှောက်ထိန်းသိမ်းတတ်စေရန် အရေးဘာခုအခလေးဂရုပြု၍ ကြောင့်ကြစိုက်ခါ, သင်ကြားဆုံးမ ဩဝါဒပေးတော်မူကြရန်သင့်လျော်လှပါသည်။

''အနာဂတေ လဇ္ဇီ ရက္ခိဿတိ''နှင့်လျော်ညီစွာ သာသနာတော်၌ (လဇ္ဇီစာတက်, အလဇ္ဇီစာတတ်ဟူ၍ ၂ မျိုး ၂-စားယှိခဲ့ပေရာ.... ''အလဇ္ဇီစာတတ်''သည် သာသနာတော်ကို ဖျက်ဆီးနိုင်၍× ''လဇ္ဇီစာတတ်''သာလျှင် သာသနာတော်ကို ထွန်းလင်းတောက်ပအောင် လွန်စွာပင် ဖြိုးမြောက်နိုင်သည် ဖြစ်ရကား....''အလဇ္ဇီစာတတ်''မျိုးမဖြစ်စေပဲ×''လဇ္ဇီစာတတ်''ဖြစ်ကြရအောင် အထူးသတိဆောင်၍ အားထုတ်ကြ-ဟု၊ ရှေးရှေးဆရာတော်ကြီးများ မိန့်တော်မူ၏။ ။

အရင်းလိုလျှင် လမ်းအိုကိုလိုက်ပါ

*ချောင်းကိုပစ်၍ မြစ်ကိုရှာ, ရေသာများ၍ ငါးမတွေ့×ဟောင်းကိုပစ် ပစ်၍ သစ်ကိုရှာ ထွေလာပြား၍ (နေရာများ၍) ခြားမစေ့ ဟူသကဲ့သို့ ရှေးရှေးဆရာတော်ကြီးများသည် ၊လဇ္ဇီပုဂ္ဂိုလ် တိုးပွါးနိုင်သရွေ့ တိုးပွါး လါပြီးလျှင်၊အလဇ္ဇီပုဂ္ဂိုလ်နည်းပါးနိုင်သရွေ့နည်းပါးသွားအောင်(လဇ္ဇီပုဂ္ဂိုလ်အားကောင်း၍,အလဇ္ဇီပုဂ္ဂိုလ်အားသေးအောင်)လဇ္ဇီနံပဂ္ဂဟာယ, အလဇ္ဇီနံ နိဂ္ဂဟာယ]....မိမိတို့သဘောဉာဏ်အမြင်အားဖြင့်

www.dhammaransi.com



နှစ်သက်သလို(ဂိုဏ်းဂဏစည်းကမ်း)ဖြင့် သာသနာတော်ကို အရေးထားလျက် လေးလေးစားစား, ရိုးသားသန့်ရှင်းစွာ ပြုစုတော်မူခဲ့ကြသည့်အတိုင်း … (ဂိုဏ်းဂဏစည်းကမ်းနှင့် ဆရာသမားဩဝါဒနည်းလမ်းအတိုင်း)မသွေမတိမ်း, လိုက်နာကျင့်ကြံ, ဆောင်ရွက်မှုပြုနိုင်ကြမည်ဆိုခဲ့ပါလျှင် အဘယ်မှာ သာသနာ့အကျိုး ယုတ်လျော့နိုင့်ပါတော့အံ့နည်း။ ။

**အထင်သေးမှု** ယခုအခါ....(အချို့)သူတော်စင်, ပညင်ရှင်များပင်(အမြင်တမျိုးဖြင့်) ရှေးရှေးဆရာ ဆရာတော်ကြီးများ၏ (လမ်းစဉ်) နည်းလမ်းသည် ရှေးကျ၍ ရိုးသားလှသည်,ခေတ်မမှီတော့(ခေတ်နှင့်မလျော်ပြီ)စသည်ဖြင့်(အထင်အမြင်သေးမှု, မိမိတို့ဘဝင်မြင့်တက်မှု) အရိပ်အရောင်များ ပေါ်လွင်ထင်ရှားနေပါသည်....*ခေတ်မှီအောင် ခေတ်နှင့်လျော်ညီအောင် ဆောင်ရွက်သင့်သော အရာဌာနများကိုချန်လှပ်၍ ×ဝိနည်းသိက္ခာပုဒ်တော်များကို စောင့်ရှောက်ထိန်းသိမ်းရာ၌ တိတိကျကျ သန့်ရှင်းစင်ကြယ်စေရန် အလွန်အလေးပြုကာ, လိုလားအပ်ပါသည်×အခြားပြုပြင်သင့်ရာမှာ ခေတ်မှီဘို့ရာ လိုလားသလောက် "ဝိနည်းသိက္ခာပုဒ်"နှင့် ဆိုင်ရာများ၌ကား ရှေးကျနိုင်ပါမှ သင့်တော်မည် (ရှေးကျလေ, ကောင်းလေပဲ)ဟု-အစဉ်အမြဲ သတိမူသင့်ပါသည်။

**သတိပြုဖွယ်ရာ တိုင်မတ်ခြင်းဥပမာ** (၁၉၃၀×၁၂၉၂) မြန်မာပြည်တွင် သာယာဝတီ ဂဋ္ဌုန်အရေးတော်ပုံကြီး ပြီးငြိမ်းခါစ-ကာလက....ရွှေဖူးရှင် မနုဖြူ-ဒုတိယ-သဒ္ဓမ္မ ဇောတိကာရာမ ဆရာတော်ကြီးသည် သာသနာတော်ရေးနှင့်စပ် လျဉ်း၍ အကြောင်းကိစ္စအားလျော်စွာ....ဥပမာပုံပြင်စကားဖြင့် စုံလင်စွာမိန့်ကြားတော်မူသည်မှာ.... "ယိုင်နေသော အိမ်အိုကြီး"ကို မယိုင်လဲရအောင်ဟု တဖက်ကနေ၍ ကြိုးတင်းပြီး မရပ်မနားပဲ ဒလကြမ်းတွင်တွင်ကြီးဆွဲငင်ယူသွားခဲ့ပါလျှင် ထို"အိမ်ကြီး"သည် တည့်မတ်ရုံလောက်တွင်သာ မနေနိုင်တော့ပဲ မိမိဆွဲငင်လိုရာဘက်သို့သာ, တရွေ့ရွေ့ပါလာပြီးလျှင် တဖြေးဖြေးယိုင်လဲ၍ ဘုန်းဘုန်းကြီးပျက်စီးသွားတတ်လေသည်။

ဤတူပမာ "သာသနာတော်ကြီး ကောင်းလာအောင်, ကောင်းလာအောင်"ဟု နှုတ်ပါးစပ်က ပြောဆိုမြွက်ကြား၍ (အသံကောင်းဟစ်၍) မိမိလိုရာဘက်သို့ ပါလာအောင်, ဆွဲဆောင် ယူငင်ရာ၌ အဆဲ့ မလွန်လွန်းမိစေရန် "သတိဉာဏ်အမြင်ဖြင့် ဆင်ခြင်ခါ" အထူးသတိပြုသင့် လှပေကြောင်းဖြင့် အကျယ်တဝင့် မိန့်မြွက်တော်မူလေသည်။

**လယ်တည်ဆရာတော်ကြီး မိန့်ခွန်းတော်** ၁၃၀၂-ခုနှစ် အစည်းအဝေးမှတ်တမ်း (၁-၂) အရ၊ ထိုစဉ် မတိုင်မှီကာလက အစိုးရ စာမေးပွဲအတွက် မေးခွန်းထုတ်, ဖြေလွှာဖျက် ကိစ္စနှင့် ပါဠိသိ ံဃ္ဂ စသည်များအတွက် ပညာရေးဆိုင်ရာ အစိုးရ အရာယှိပုဂ္ဂိုလ်များသည် ဟင်္သာတမြို့ ကျေးဇူးတော်ရှင် ဒုတိယလယ်တည်ဆရာတော်ကြီးဌာနသို့ လာရောက်လျှောက်ထားသောအခါ၊ ဆရာတော်ကြီးက သာသနစိတ်နှလုံး, သာသနမျက်စိနား, အမြင်ကျယ်ဖွယ်ရာများနှင့်တကွ သာသနာရေးအတွက် မဉ်မျှလေးနက် သိမ်မွေ့ပုံများကိုပါ အကျယ်တဝင့် မိန့်ဟ, မြွက်ကြားတော်မူပြီး × နောက်ဆုံးသတ် နိဂုံးချုပ်မှာ သာသနာတော်ရေး အရာဌာနအားလျော်စွာ ဝေဖန်နိုင်းချိန်ခါ မိမိတို့လုပ်ငန်းကို သတိပြုသုံးမှုများစွာ လိုအပ်ပေသဖြင့် (သာသန အတွင်းရေး, အပြင်ရေး) ၂-ဌာနလုံး၌ပင် ကျနကောင်းမွန်စေနိုင်အောင် တစုံတရာ စီမံဆောင်ရွက်ရာ၌....

www.dhammaransi.com



(၁) မကောင်းယောင်နှင့် မကောင်းသည်လည်း ယှိတတ်သည်။

(၂) 〃 ကောင်းသည်လည်း ယှိတတ်သည်။

(၃) ကောင်းယောင်နှင့် မကောင်းသည်လည်း ယှိတတ်သည်။

(၄) 〃 ကောင်းသည်လည်း ယှိတတ်သည်။

သို့ဖြစ်ပါ၍ သာသနာတော်ကြီး ကောင်းစားရေး လိုလားသူများသည် မည်သို့မည်ပုံ လိုက်နာဆောင်ရွက်ပါမှသာလျှင် သာသနာတော် စင်ကြယ်သန့်ရှင်းနိုင်၍× နောင်အစဉ်အဆက် "သာသနာတိုးတက်၊ မတိုးတက်" စသည်များကို အထူးနှိုင်းချိန် စဉ်းစား၊ သတိသမ္ပဇဉ်တရား၊ ကြီးကြီးထားလျက် (သာသနာ့မျက်စိ၊ နား၊ လမ်းမှန်) ကို မြင်သိနိုင်ကြမည် ဖြစ်ပေသည်။

**အစွဲသန်မှု ဉာဏ်ဖြင့် ရှုလေ့**

"အစွဲသန်မှု"ဟူသည် မှန်ရာကို စွဲမြဲမှု၊ မှားရာကို စွဲမြဲမှု ၂-မျိုးတွင်"မှားရာကိုစွဲမြဲမှု" မျိုးကိုသာ မပြုသင့်မပြုထိုက်ပေ× မှန်ရာကိုကား စွဲမြဲမှုကောန်ပြုရမည်သာ× × × ×

(အကုသလပက္ခ) မှားရာကို စွဲမြဲမှုမျိုးကား- "အာဒါနဂ္ဂါဟီ၊ ဒုပ္ပဋိနိဿဂ္ဂီ" ခေါ်သည်× (ကုသလပက္ခ) မှန်ရာကို စွဲမြဲမှုမျိုးမှာ "အစွဲသန်သည်၊ အယူသည်းရင့်သည်" ဟူ၍ပင် မခေါ်ဆိုသင့်.... "အမြင်မှန်၊ နည်းမှန်လမ်းကျ- ယထာဘူတ- ဓမ္မဝိနယ" ဖြစ်ချေသည်။

(၁) "ဤငါ၏ အယူသည်သာလျှင် ကောန်အမှန်တည်း× ကျန်သမျှအယူတွေအမှားချည်းပဲ" ဟု-လွန်လွန်ကဲကဲ၊ စွဲစွဲမြဲမြဲ သက်ဝင်နေမှု- ကိုယ့်အယူမှားကြီးကို စိတ်တိုင်းကျကျေနပ်မှုဖြစ်သော (မိစ္ဆာဒိဋ္ဌိ) စေတသိက်သာတည်း။

* (၂) "ဗုဒ္ဓဘာသာ အယူမှန်" ကို ယူပြီးနောက် ဤအယူသာ အမှန်ပဲဟု-စွဲလမ်းမှု စိတ်ဘိုင်းကျ ကျေနပ်နေမှုမျိုးမှာ- မိစ္ဆာဒိဋ္ဌိသဘောမျိုးမဟုဘ်ပေ (သမ္မာဒိဋ္ဌိသဘောမျိုးမဟုတ်ပေ သမ္မာဒိဋ္ဌိအယူ၏ ခိုင်မြဲကြောင်း) ကောင်းသော စွဲလမ်းခြင်းပေတည်း။

**အမြင် ၂-မျိုး**

(၁) သမ္ဗုဒ္ဓုတ-ဉာဏ်တော်ပိုင်ရှင် (ဂေါတမဗုဒ္ဓ) ကို ဖူးမြော်ရခြင်း၊ တရားတော် နာကြားရခြင်းသည် သူတော်ကောင်းပုဂ္ဂိုလ်တို့အား အမြိုက်နိဗ္ဗာန်သဖွယ် ဖြစ်လာလေ၏× (၂) သူတော်ကောင်းမှတပါး ပုဂ္ဂိုလ်တို့အား- အမြဲတန်း ပူလောင် စေတတ်သော အဆိပ်သဖွယ်ဖြစ်လာလေ၏×ဟူသည့်အတိုင်း....

**အုဂ်ဖိုရ် "မဟာဒွါရနိကာယ"ကို ဘယ်လိုထင်မြင်သဘောတားပါသလဲ**

ဒွါရဝါဒိဂိုဏ်း သံဃာတော်များကား။ ။အရာရာမှာ လိုပင်ဘယ်သူ့ မျက်နှာမှ မထောက်၊ ဘုရားရှေ့မျက်နှာတော်ကိုသာ ထောက်၍ "ယောဘုယျ" များသော အားဖြင့်တင်းတင်း ကြီးသာ၊မှန်ရာကိုပြော၊ မှန်ရာကိုသာလုပ်တတ်ကြလေသတည်း× ထို"ဒွါရဝါဒိဂိုဏ်း" ပထမဆုံးတည်ထွင်တော်မူခဲ့သော "အုဂ်ဖိုရ် ဆရာတော်ဘုရားကြီး" အသျှင်ဥတ္တံဝံသမာလာသည် လောကီ၊ လောကုတ္တရာ ၂-ဖြာဥယ်စုံ ကုန်လုံဘက်မြောက်၊ တဖက်ကမ်းရောက်(ပါရဂူ)ဖြစ်၍ "အာဇာနည်၊ပုဂ္ဂလ-ဝိသေသပုဂ္ဂိုလ်မြတ်ကြီး"ပင် ဖြစ်လေသတည်း။

www.dhammaransi.com



# အခြေခံနိဒါန်း

အခြားဂိုဏ်းများက ''ဒွါရဝါဒီဂိုဏ်း''၏ မှန်ရာပြောရဲ, မှန်ရာသာလုပ်ရဲသည်တို့ကို အထူး ပင် အတုနည်းယူသင့်လှလေသတည်း။

[ဤဖော်ပြအပ်ပြီးသော စကားရပ်များသည် သာသနာပြု ဂိုဏ်းချုပ် ''မုံရွေးမဟာ ဇေတဝန် ဆရာတော် အသျှင်ဥတ္တမဗုဒ္ဓိ''ရေးသားစီရင်တော်မူသော''သာသနာရောင်''ကျမ်း(စာမျက်နှာ-၁၅၄) မှထုတ်ဆောင်ဖော်ပြခြင်းဖြစ်ပါကြောင်း။]

ယင်းသို့....ဂိုဏ်းတပါး ပညာယှိသူတော်ကောင်း ပုဂ္ဂိုလ်တို့ကပင်လျှင် ''ဇုသော့မပွား, မုဒိ တာ''အားဖြင့် ပညာယှိ သူတော်ကောင်း လက္ခဏာပြည့်စုံ၍× ''အမြင်မှန်'' ကေန်ယှိသည့် အတိုင်း ချီးကျူးခြင်းခံယူတော် မူကြရသည် ဖြစ်ပါသောကြောင့်.... ကျေးဇူးတော်ရှင်, ထိပ်ခေါင်တင်,အသျှင် အုဂ်ဖိုရ်ဆရာတော်ကြီးမှစ၍× ယခုလက်ယှိ- ''မဟာနာယက, အနုနာယက, ဂဏရက္ခိတ'' စသော မဟာထေရ်မြတ်ကြီးများကို ပူဇော်လေးစား, ပိုမို၍ အားထားတော်မူကြပါသဖြင့် သာသနာတော်၏ တန်ဘိုး, ဆရာတော်ကြီးများ၏ တန်ဘိုး, ဂိုဏ်းစည်းမျဉ်းဥပဒေသ၏ တန်ဘိုးတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်၍ ဆင်ခြင်သတိပြုမိကြလိမ့်မည်ဟု-အထူးယုံကြည် မြော်လင့်ပါသည်။

ဤသို့လျှင်....ဗုဒ္ဓေါဝါဒ-ဘုရားရှင်သာသနာ ၃-ရပ်တွင်သိက္ခာပုဒ်တော် အလုံးစုံကိုပညတ်တော် မူရာ ''အာဏာဒေသနာတော်'' မြတ်ကြီးသည်လျှင် မူလဘူတ-ပဘဝအစစ် (ရေသောက်မြစ်)ဖြစ်ပေရ ဘား....သာသနာ့ဝန်ဆောင် ရဟန်းတော်တို့သည် သာလျှင်ရှေ့ဆောင် (ပုဂ်ဝ) ပုဂ္ဂိုလ်,အလိုဆုံးအရေး အကြီးဆုံးဖြစ်ကြကုန်၏။

ပညတ်တော်မူအပ်သော ဝိနည်းသိက္ခာပုဒ် အရပ်ရပ်တို့ကို ရဟန်းတော်များသည် ရိုသေ လေး မြတ်စွာ ထိန်းစောင့်ဆောက်တည်သမျှ ကာလပတ်လုံး သာသနာတော်နေဝန်း,ထွန်းလင်းတောက်ပခြင်း သို့ ကေန်ရောက်လေ၏။

သာသနာတော်ကြီးကိုအညဝါဒီ, မာဟီ ပုဂ္ဂိုလ်, ထိုထိုအမျိုးတပါးတို့ပျက်ပြားအောင်မတတ်စွမ်း နိုင်ပေရာ....သာသနာ့ဝန်ဆောင်, ရဟန်းတော်တို့သာလျှင် ပေါ့လွှင်သိမ်နုတ်, ဆုတ်ယုတ် ပျက်စီးအောင် တတ်စွမ်းနိုင်, ပြုလုပ်နိုင်ကြလေသဖြင့်၊ ထိုကဲ့သို့ မပြုလုပ်နိုင်ရန် ရည်သန် တောင့်တလျက်.... ဘုရားရှင် အာဏာတော်ဟူသမျှ (ခုဒ္ဒါနုခုဒ္ဒက) သေးငယ်လှသော သိက္ခာပုဒ်ကိုမျှ ''အစုတ်မြင့်ဆောင်, မြင့်မိုရ် တောင်မင်း၏အသွင်'' မှတ်ထင်ကြောက်ရွံ့, ရိုသေလေးမြတ်စေခြင်း အဆုံးမယှိသော (မဟာဒွါရဂိုဏ်း ကြီး)၌....'မဟာနာယက, အနုနာယက, ဂဏရက္ခိတ''နှင့်တကွ ''အနုရက္ခိဘ'' စသည်တင်မြှောက်၍× အသီးသီးဆိုင်ရာ, ကိုယ့်တာ ကိုယ့်ဝန်အနေနှင့် ရိုသေစောင့်ထိန်းနေကြသည့် အတွင်း....× စိတ်ရင်းထက် သန်, နောက်တဖန်လျှင်, ကြံစည်စုရုံး, တလုံးတစည်းတည်း, ပေါင်းဖွဲ့စည်းကြပ်၍× ဝိနည်းဒေသနာ တော်မြတ်နှင့်အညီ ပိုင်ပိုင်နိုင်နိုင်, ကြပ်ကြပ်တည်းတည်း, ဆုံးမကံမြစ်နိုင်သော (မဟာနာယက) အမှူး ထား၍ .... ဂိုဏ်း လုံးဆိုင်ရာ × ''မဟာသန္နိပါတနှင့်အန္တရ- သန္နိပါတ'' များ ဆင်ယင်ကျင်းပ, စီမံ ဆောင်ရွက်တော်မူအပ်သော (အစီအစဉ်, အခမ်းအနား, အစီအမံ) များကို၊ နောင်လာနောက်ပွားတို့

www.dhammaransi.com



မှတ်သားနိုင်ပါစေခြင်းအကျိုးငှါ(မှတ်သင့်, မှတ်လောက်,မှတ်ထိုက်သောအရာ)များကိုသာ ရွေးကောက် မှတ်သားလျက် ၁၃၁၆-မှ ၁၃၂၀-ထိ(၅)နှစ်အတွက် ''မှတ်တမ်းကြီးတခု'' ကြိုးပမ်းစီစဉ်မှုကိုပြု၍.... ဖြန့်ချိထုတ်ဝေပါသတည်း။

**အသျှင်ပုညာနန္ဒ (ဂဏာရက္ခိတ)**

**ပခေန-နာယက-မဟာထေရ်**

ဒက္ခိဏာရာမကျောင်းတိုက်

ကျိုက်လပ်မြို့။

၁၃၂၁-ခုနှစ်၊တပို့တွဲလ။

× × × ×

''အာစရိယ-ပရမ္ပရ- သိဿာနုသိဿ'' ဖြစ်တော်မူကြပေကုန်သော (မဟာဒွါရဝါဒီဂိုဏ်းဝင်) သံဃာတော် ကြီးငယ်တို့သည်....မိမိတို့ ကိုယ်တိုင်ပင် ကျေးဇူးတော်ရှင်, ထိပ်ခေါင်တင်,အသျှင် အုဂ်ဖိုရ် ဆရာတော်ကြီးမှစ၍....''မဟာနာယက,အနုနာယက,ဂဏာရက္ခိတ''ဆရာတော်ဘုရားကြီး၏သက်တော် ထင်ရှားယှိစဉ် အဆုံးအမ ဩဝါဒစကားတို့ကို မကြားရ-မနာရစဘူးသော်လည်း .... ဤ(မှတ်တမ်း) အဆိုစကားကို ကြားရ-နာရ,မှတ်သားရ ကြည့်ရှုရခြင်းဖြင့်ပင် ဆရာတော်ဘုရားကြီးများကိုယ်တော်တိုင် ကြွရောက်လာ၍ ဆုံးမဩဝါဒပေးသကဲ့သို့ စိတ်နှလုံး၏ နူးညံ့သိမ်မွေ့ ယဉ်ကျေးခြင်းတို့ကိုဖြစ်ပေါ်နိုင် စေရကား ''အစည်းအဝေးပွဲ'' သို့ ကြွရောက်တော်မူလာကြသော သံဃာတော် အသျှင်မြတ်တို့သည်၊ ကြည့်ရှုရန် လွယ်ကူစေခြင်းငှါ (ဝါဆိုစာရင်း) စာအုပ်များမှ ကောက်နှုတ်ရွေးချယ်၍ စီမံရေးသားရန် အမိန့်တော်ယှိကြသဖြင့်....အလွန်သိမ်မွေ့ ဆန်းကြယ်သော အနက်အဓိပ္ပါယ်နှင့်ပြည့်စုံသော(ဩဝါဒ) မိန့်ခွန်းတော်များသည်၊သာသနာတော်နှစ် (၅၀၀၀) တည်သမျှ ကာလပတ်လုံး(မဟာဒွါရ) ဂိုဏ်းကြီး ၏ ကြက်သရေကိုဆောင်လျက်၊တပြောင်ပြောင်ထွန်းလင်း တောက်ပစေရန်အကျိုး, မြော်ကိုး တောင့်တ လျက်(အစည်းအဝေး) ဆရာတော် သံဃာတော်တို့ဌာန်၌ ဝန်ခံဂတိယှိခဲ့သည့် ကျိုက်လပ်မြို့ ဒက္ခိဏာရုံ ဆရာတော်၏ အမိန့်အတိုင်း သာသနာတော်ကို ကြည်ညိုလေးစား,အရေးထား၍အထူးစေတနာ သဒ္ဓါ တရားဖြင့်၊ စွမ်းနိုင်သမျှ ကြည့်ရှုပြင်ဆင်ပြီးလျှင်၊စက်တင်ပုံနှိပ်,လုပ်ဆောင်ပေးသည်ဖြစ်ပါကြောင်း။

**ဦးအုန်းမောင်**

**ဂန္ဓမာစာပုံနှိပ်တိုက်ပိုင်ရှင်**

× ၃၁-၁-၅၅ ×

www.dhammaransi.com



# အခြေခံနိဒါန်း

၁၃၁၆-တပို့တွဲလဆုတ် ၃-ရက်

**ဟသ်ာတမြို့**

**"အဘိဓေ မဟာရဋ္ဌဂုရု"**

**ဓမ္မာနုဓမ္မ-မဟာဒွါရနိကာယ-ပဌမသံဃုက္ကဋ္ဌ-မဟာနာယက**

**သာသနာပိုင် ဆရာတော်ဘုရားကြီး၏ [ဘုရားကြီးကျောင်းတိုက်]အတွင်း၌**

**ကျင်းပခဲ့ပြီးသော**

"အုဂ်ဖိုရ်ဒွါရနိကာယအမန္တရသန္နိပါတ"မဟာဒွါရဂိုဏ်းလုံးဆိုင်ရာသံဃာ့အစည်းအဝေးကြီးမှ

ရန်ကုန်မြို့
ဂန္ထမာပုံနှိပ်တိုက်ပိုင်ရှင်
ဒါယကာ-ဦးအုန်းမောင်

ထံ သို့

**မေတ္တာစကား ရေးသားပြန်ကြားသိစေအပ်ပါသေသည်-**

အကြောင်းမှာ (၁) အုဂ်ဖိုရ်ဒွါရဂိုဏ်းလုံးဆိုင်ရာ မဟာသန္နိပါတ မှတ်တမ်းပေါင်းချုပ် စာအုပ်ကို တွေ့မြင်ရသဖြင့်ရင်း....

(၂) ထိုစာအုပ်တွင်ပါဝင်သော ဒါယကာဦးအုန်းမောင်၏ နိဒါန်းစကားရပ်ကို တွေ့မြင်ရပါသဖြင့်ရင်း....

မဟာနာယက-ဆရာတော်ကြီးမှစ၍ ဆရာတော်, သံဃာတော်အားလုံးတို့က သာသနာရေး, ဂိုဏ်းဂဏရေးအတွက် (ဒွါရသာသနာဝင် တလျှောက်တွင် မှတ်တမ်းတင်လောက်အောင်)အထူးဝမ်းမြောက်တော်မူလှကြောင်းကို ပြန်ကြားသိစေအပ်ပေသည်။

**ဝန်ဆောင်အဖွဲ့**

**ဗဟိုဌာန**

**အုဂ်ဖိုရ်-မဟာဒွါရဂိုဏ်းလုံးဆိုင်ရာ**

**ဟသ်ာတမြို့။**

www.dhammaransi.com

ဇလွန်မြို့-မဟာနာဂဝံသ ကျောင်းတိုက်

သီရိစန္ဒဓဇာဘျာသဘာ-ကဠိဓဇ-တိပိဋက-မဟာဒ္ဓာဏာလင်္ကာရ

# မဟာနာယက ဆရာတော်ဘုရားကြီးပုံတော်



၁၂၁၁-ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက်,အင်္ဂါနေ့ ဖွားမြင်တော်မူ၍
၁၂၉၇-ခုနှစ်၊ နယုန်လဆန်း ၉-ရက်နေ့ စံလွန်တော်မူသည်။ (၈၆×၆၇)

www.dhammaransi.com

### ၁၃၁၆-ခုနှစ်၊ တပို့တွဲလဆုတ် ၃-ရက်နေ့

# ဟသ်ာတမြို့၊ ဘုရားကြီးကျောင်းတိုက်အတွင်း၌

ပြည်ထောင်စု မြန်မာနိုင်ငံတော်

အုပ်ဖိုရ်မဟာဒွါရဝါဒီ နိကာယ ဂိုဏ်းလုံးဆိုင်ရာ

### အန္တရသန္နိပါတ အစည်းအဝေး

# မှတ်တမ်း

***********

၁၃၁၆-ခုနှစ်၊ တပို့တွဲလဆုတ် ၃-ရက်နေ့ နေ့လည် ၁-နာရီအချိန်တွင် လယ်တီဆရာတော်က အစည်းအဝေးဖွင့်လှစ်ခါ၊ (၁) အစည်းအဝေးအစီအစဉ်ကို ဘာသ်ကြားဃျောက်ထားပြီးလျှင်၊ (၂) မဟာနာယကဆရာတော်ဘုရားကြီးကို အစည်းအဝေး အုပ်ချုပ်တော်မူပါရန် သဘာပတိအဖြစ် အားသစ်တော်မူပါမည့်အကြောင်း သုံးဆယ်မြို့ ပန်းဆွဲဆရာတော်၏ ဃျောက်ထားချက်ကို အားလုံးသဘောတူအတည်ပြုကြခါ သဘာပတိအဖြစ် တင်မြှောက်တော်မူကြပြီးလျှင်၊ ဤအစည်းအဝေး၌ ပြုဘွယ်ကိစ္စတာဝန်ကို ဆောင်ရွက်ရန် လယ်တီတိုက်ဆရာတော် ဦးကဝိသေဋ္ဌကို အကျိုးဆောင်အဖြစ် တင်မြှောက်တော် မူကြလေသည်။

၂။ ကြွရောက်တော်မူကြ ဘုန်သော အနုနာယက၊ အနုရက္ခိတ စသော ဆရာတော်-သံဃာတော် (၁၀၀) ကျော်တို့က မဟာနာယက ဆရာတော်ဘုရားကြီးအား ပူဇော်ကန်တော့ကြပါသည်။

၃။ ဆရာတော်ဘုရားကြီး၏ မှတ်သားနာယူဘွယ်ကောင်းလှသော ဩဝါဒ မိန့်ခွန်းစကားကို ဦးထိပ်ထက်ပန်ဆင်၍ ရှိသေစွာ နာခံမှတ်သားကြပြီးလျှင် သာဓု သုံးကြိမ်ခေါ်တော်မူကြပါသည်။

၄။ အန္တရသန္နိပါတသို့ ကြွရောက်တော်မူရန် ပင့်ဃျောက်လွှာကိုဘာသ်ကြား၍။

၅။ ကြွရောက်တော်မူလာကြသော သံဃာတော်စာရင်းများကိုပါ ဘုရားကြီးတိုက် ဦးပဏ္ဍိတဓမ္မက ဘာသ်ကြားဃျောက်ထားပါသည်။

၆။ ၁၃၁၅-ခုနှစ်၊ အန္တရသန္နိပါတ အစည်းအဝေးဆုံးဖြတ်ချက်အပိုဒ်-၉ ပါ (ဘုန်းတော်ကြီးများ၏ လက်အောက်၌သာ) ဟူသောစကားအစား ဘုန်းတော်ကြီးများ၏ အခွင့်နှင့် ဩဇာခံဟု ပြင်ဆင်၍ အတည်ပြုတော်မူကြသည်။

www.dhammaransi.com



၇။ ဂိုဏ်းကိစ္စအတွက် အသုံးပြုရန်၊ ခရိုင်၊ မြို့၊ နယ်၊ အနုနာယက ဆရာတော်များထံ၌ သင့်တော်သောဂိုဏ်းတံဆိပ်တခုထားရှိရန် သင့်-မသင့် စဉ်းစားတော်မူကြရန်၊ သုံးဆယ်ပန်းဆွဲဆရာတော်၏ ရှိသင့်ကြောင်းအဆိုကို နတ်မော်ပါရိယတ္တိဓဇ ဘုန်းတော်ကြီးနှင့် လက်ပံတန်း သဒ္ဓမ္မောဒယ အဘိဓမ္မာညဝါ တက္ကသိုလ်ဆရာတော်များက ထောက်ခံသဖြင့် ကန့်ကွက်သူမရှိ အတည်ပြုတော်မူကြပြီးလျှင်၊ အသယ်၌ထည့်သင့်သော အမှတ်အသားကိုလည်း ကလာပ်ပေါ်၌ စာအုပ်သုံးအုပ်။ ဘေးပတ်ဝန်းကျင်၌ အုဂ်ဗိုရ်မဟာဒွါရဝါဒီ နိကာယနှင့် မြိမြို့၏ ခရိုင်၊ မြို့နယ်၊ ဆိုင်ရာ ဌာနများကို ထည့်ပါရန် ဟူသော ပန်းဆွဲဆရာတော်၏အဆိုကို လက်ပံတန်းသဒ္ဓမ္မောဒယဆရာတော်က ထောက်ခံသဖြင့် ကန့်ကွက်သူမရှိ အတည်ပြုတော်မူကြကြောင်း။

၈။ ၁၃၁၅-ခုနှစ်၊ အဿရသန္နိပါတ စည်းဝေးဆုံးဖြတ်ချက် အပိုဒ် ၉၊ အပိုဒ် ၁၁ ပါ အကြောင်းအရာများကို ဆိုင်ရာဌာနများသို့ တင်ပို့ရန်ဗဟိုဌာနသို့တာဝန်လွှဲအပ်ကြပါသည်။

၉။ ဗုဒ္ဓဘာသာကို နိုင် ငံ တော် ဘာသာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကိုလည်း ဗုဒ္ဓဘာသာနိုင်ငံဟု အသိအမှတ်ပြုရန် လေးနက်စွာ တောင်းပန်မေတ္တာရပ်ခံရန် ဆုံးဖြတ်ချက်ချတော်မူကြပြီးလျှင်၊ ထိုကိစ္စကိုဆိုင်ရာသို့ပို့ရန် ဗဟိုဌာနသို့ လွှဲအပ်တော်မူကြသည်။

၁၀။ ဂိုဏ်းကိစ္စအဝဝတို့ကို အမြဲဘန်း ဆောင်ရွက်နိုင်အောင် တာဝန်ခံ ပုဂ္ဂိုလ်များထားရှိရန် ဟူသော ဇလွန်ဆရာတော်၏အဆိုကို ဦးဇာနိန္ဒိယနှင့် ဦးပဏ္ဍိတ ဓမ္မတို့အား အများသဘောတူ အမြဲတန်းတာဝန်ခံအကျိုးဆောင်အဖြစ် တင်မြှောက်တော်မူကြသည်။

၁၁။ ဟသ်ာတမြို့သပြေပင်ဆရာတော်၏ အုဂ်ဗိုရ်မဟာဒွါရဝါဒီနိကာယသာသနာဝံသဒီပနီနှင့် ကျိုက်လပ်မြို့ ဧကွိဏာရာမ ဆရာတော် ရေးသားသော (က) အစည်းအဝေး မှတ်တမ်းပေါင်းချုပ်။ (ခ) မဟာဒွါရ နိကာယ သာသနာဝင် မှတ်တမ်းကြီးကို မိမိတို့ ခရိုင်၊ မြို့၊ ရွာ၊ နယ်ပယ်အလိုက် ကူညီအားပေးကြရန် သဘောတူညီတော် မူကြသည်။

၁၂။ ကျိုက်လပ်ဆရာတော် ရေးသားသော စာအုပ်ကို စက်တင်ပုံနှိပ်သည့် စာပုံနှိပ်တိုက်ပိုင်ရှင်၏ ဈောက်လွှာကို ဘတ်ကြားစဉ်းစားကြပြီးလျှင် ဈေးဖူးတင် ဝမ်းမြောက်ကြောင်း စာတစောင်ပြန်ကြားရန် ဗဟိုဌာနသို့ တာဝန်လွှဲအပ်တော်မူကြသည်။

၁၃။ ၁၃၁၇-ခုနှစ်မှစ၍၊ မဟာဒွါရဝါဒီ နိကာယ အစည်းအဝေးကို တပို့တွဲလဆုတ် ၃-ရက်နေ့အစား၊ တပို့တွဲလဆုတ် ၂-ရက်နေ့ဟု ပြင်ဆင်၍၊ ၎င်း ၂-ရက်နေ့ကို နှစ်စဉ်နှစ်တိုင်း သန္နိပါတရက် ဟု မှတ်သားခါ အတည်ပြုတော်မူကြပါကြောင်း။

၁၄။ အနှစ်တရာပြည့် အထိမ်းအမှတ်ပူဇော်ပွဲကိစ္စအတွက် မည်သို့မည်ပုံ ပြုသင့်သည်စသည်ကို သင့်သလိုအကြောင်း ကြားရန်၊ ဗဟိုဌာနသို့ လွှဲအပ်ကြသည်။

၁၅။ ပါဠိတက္ကသိုလ်ကိစ္စနှင့် ပတ်သက်သည့် ပဲခူးကမ္မဋ္ဌာန်းကျောင်း ဆရာတော်၏ အဆိုကို၊ လက်ပန်တန်းသဒ္ဓမ္မောဒယ ဆရာတော်က ဤကိစ္စကား အလွန် ကျယ်ဝန်းလှသဖြင့်

www.dhammaransi.com



ယခုမဆုံးဖြတ်သေးဘဲ၊ ၁၃၁၇-ခုနှစ်၊ မဟာသန္နိပါတ အစည်းအဝေးကျမှ ဆုံးဖြတ်ရန် ဖျောက်ထားသဖြင့် သဘောတူ ဖွဲ့ဆိုင်းလိုက်ကြောင်း။

၁၆။ အထွေထွေ ကိစ္စများ။

(က) အင်ပူဆရာတော်၏ ထေရုပ္ပတ္တိကြောင်ပြောကို ဘတ်ကြားဖျောက်ထား၍ တပါးလျှင် တအုပ်၊ သို့မဟုတ် တကျောင်းလျှင် တအုပ်ကျ ယူတော်မူကြပါရန် ဤအစည်းအဝေးကြီးက တိုက်တွန်းပါကြောင်း။

(ခ) ဆိုင်ရာနယ်များမှ အနုရက္ခိတများသည် မိမိတို့တာဝန်ကို ကျေလည်စွာ မဆောင်ရွက်ကြပါ။ ထိုအနုရက္ခိတများကို မည်သို့ပြုသင့်သည်ကို ဖျောက်ထားကြသည့်အတွက်၊ဆိုင်ရာအနုနာယကဆရာတော်များသည် မိမိတို့ သဘောတော်အရ ချွတ်ယွင်းသော အနုရက္ခိတကို လက်ရှိအနုရက္ခိတ အဖြစ်မှ ရုပ်သိမ်း၍၊ သင့်တော်သူကို နောက်ထပ်ခန့်ထားပြီးလျှင်၊ မည်သည့်ပုဂ္ဂိုလ်အားမည်သည့်အတွက်အနုရက္ခိတ ခန့်ထားပါကြောင်းကို မဟာနာယက ဆရာတော်ကြီးအထံတော်သို့ အသိအမှတ်ပြုတော်မူရန်ဖျောက်လွှာ တင်သွင်းရမည်။

(ဂ) ဆဋ္ဌသံဂါယနာတင်ကိစ္စနှင့်ပတ်သက်၍ဂိုဏ်းအနေဖြင့် ဝင်ရောက်ခြင်း၊ ပုဂ္ဂိုလ်အနေဖြင့် ဝင်ရောက်ခြင်းအားဖြင့် ဝင်ရောက်ခြင်း ၂-မျိုးတို့တွင် ပုဂ္ဂိုလ်အနေအားဖြင့် ဝင်ရောက်ရန်ဆုံးဖြတ်ခဲ့ကြသည်အားလျော်စွာ၊မိမိတို့၏ဂိုဏ်း စည်းမျဉ်းကို စောင့်စည်းကာ မိမိတို့၏သဘောအတိုင်း ဝင်ရောက်ဆောင်ရွက်လိုက ဆောင်ရွက်ရန်။

(ဃ) သာယာဝတီနယ်၌ ရွာမကျောင်းဦးခေမိန္ဒ။ နာယကာရာမကျောင်းဦးနာယကတို့ ၂-ပါးအား အနုရက္ခိတဟု အသိအမှတ်ပြုတော်မူပါရန် ဖျောက်ထားသဖြင့်၊ ဤ အစည်းအဝေးမှ အသိအမှတ်ပြုတော်မူကြသည်။

(င) ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆဋ္ဌသံဂါယနာ၌ သံဃနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဖြစ်းတော်မူသော ညောင်းရမ်းဆရာတော် ဘုရားကြီး ဘဝနတ်ထံ စံလွန်တော်မူသဖြင့်၊ ဤအစည်းအဝေးကြီးက ဝမ်းနည်းကြောင်း မှတ်တမ်းတင်ပြီးလျှင် ဆိုင်ရာသို့ ဝမ်းနည်းကြောင်းကို တင်ပို့ရန် ဗဟိုဌာနသို့ လွှဲအပ်ကြသည်။

(စ) ကွင်းကြီးဦးကေသရိန္ဒ၏ ဖျောက်လွှာကိုဘာသ်ကြား၍လက်ခံတော်မူကြသည်။

ဤအစည်းအဝေးကြီးကို ညနေ ၅-နာရီအချိန်တွင် မဟာနာယက ဆရာတော်င် နိဂုံးချုပ်မိန့်ခွန်းကို နာကြားပြီးလျှင်၊ အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါကြောင်း။

ဘုရားကြီးတိုက် ဆွမ်းကွမ်းဆိုင်ရာ
**မင်းကတော်ဒေါ်စိန်းရင်နှင့်မိုလ်ချုပ်လမ်း ဒေါ်ဒေါ်တင့်**
ဥယျာဉ်ကြီးရပ် ဒေါ်ဒေါ်တင့် အမှူးရှိသော
**ဒါယိကာမကြီးများကောင်းမှု။**

www.dhammaransi.com

၁၃၁၆-ခုနှစ်၊ တပို့တွဲလဆုတ် ၃-ရက်နေ့၊

အုဂ်ဖိုရ်မဟာဒွါရဝါဒိနိကာယဂိုဏ်းလုံးဆိုင်ရာ

အဋ္ဌရသင်္ဂပါတအစည်းအဝေးကြီး၌

# ကျေးဇူးရှင်သာသနာပိုင် ဆရာတော် ဘုရားကြီး

## မိန့်ကြားတော်မူအပ်သော

# ဩဝါဒမိန့်ခွန်းတော်။

◆◆◆◆◆◆◆◆◆◆◆◆◆◆

**မေတ္တာရှေ့ထား၍ မိန့်ကြားအပ်ပေသည် ဆရာတော်- သံဃာတော်အပေါင်းတို့။**

စတုပဟိဘိက္ခဝေ ဓမ္မေဟိသမ္မန္နာဂတော ဘိက္ခုဓောဘဗ္ဗော ပရိဟာနာယနိဗ္ဗာနဿေဝ သန္တိကေ အစရှိသော ဘုရားဟောဖော် ဒေသနာတော်နှင့်အညီ၊ လေးပါးကုန်သော တရားတို့နှင့် ပြည့်စုံသော သာသနာ့ဝန်ထမ်း ရှင်ရဟန်းဖြစ်သော ပုဂ္ဂိုလ်တို့သည်၊ ဆုတ်ယုတ်ခြင်း ငှါမထိုက်မူ၍ တဆင့်ထက်တဆင့် မြင့်သည်ထက်မြင့်၍ နိဗ္ဗာနဓါတ် သန္တိသုခ တရားနှင့်သာ လျှင် နီးစပ်၏၊ ဟူ၍ ရှင်တော်ဘုရား ဟောကြားမိန့်မှာတော်မူခဲ့ပေသည်။

ထိုသို့ဟောကြား မိန့်မှာတော်မူခဲ့သော စကားတော်ရပ်ဖြင့်၊ သာသနာ့ ဝန်ထမ်း ရှင် ရဟန်းဖြစ်သော ပုဂ္ဂိုလ်တို့သည်၊ ကိုယ်နှင့်အသက်မငဲ့ကွက်မူ၍ လိုက်နာကျင့်ကြံ ရမည် ဖြစ်ကုန်သော၊ ပါတိမောက္ခ သံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလ ဇာဂရိယာ နုယောဂဟူသော တရားတို့ကို ပြဆိုတော်မူခြင်းဖြစ်ပေသည်။ ထိုတရားတို့တွင်၊ ပါတိမောက္ခ သံဝရသီလဟူသည် ပိနည်း၌အကျုံးဝင်သော စာရိတ္တ-ဝါရိတ္တ အပြားရှိသောသိက္ခာပုဒ်၏ အစွမ်းအားဖြင့် ပညတ်တော်မူအပ်သော သီလကိုစောင့်ရှောက်သော ပုဂ္ဂိုလ်ကို၊ အပါယ်၌ ဖြစ်သော ဆင်းရဲအစရှိကုန်သော ဒုက္ခမျိုးတို့မှ လွတ်မြောက်စေတတ်သော ကာယဝစီ နှစ်လီ သောဒွါရကို အကုသိုလ်ရန်မျိုး မတိုးမဝင်ရအောင် ပိတ်ဆို့တတ်သော ကာယဝစီ နှစ်လီ သောဒွါရ၌ဖြစ်သော အာပတ်ခုနှစ်ပုံကို လွန်ကြူးခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော အဝိဘိက္ကမ စေတနာသည် ပါတိမောက္ခသံဝရသီလမည်၏။ ထိုပါတိမောက္ခ သံဝရသီလကို ပြည့်ကျင့် လိုသော ပုဂ္ဂိုလ်သည်၊ အာစာရ-ဂေါစရတို့နှင့်ပြည့်စုံစေခြင်း ပရမာနုမြူမျှ အတိုင်းအရှည်ရှိ ကုန်သော သဇ္ဇလဟုက ဒုဋ္ဌာသိတမျှကိုသော်လည်း ပါရာဇိကရည်တူ ဘေးကြီးမူ၍ ရှုငဲ့ သော သဘောရှိခြင်း။ ဘုရား တရားတော်၌ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်း ဤတရားသုံးပါးတို့နှင့် ပြည့်စုံကြရမည်ဖြစ်ပေသည်........ ......

www.dhammaransi.com



**ဣန္ဒြိယသံဝရသီလဟူသည်။** စက္ခုစသော ခြောက်ပါးသော ဣန္ဒြေတို့၌ ထင်လာ ဖြင်လာကုန်သော ရူပါရုံအစရှိသော အာရုံဝတ္ထုတို့ကို၊ ရာဂပ္ပတ္တိဟေတု ဣဋ္ဌာကာရ ဒေါသုပ္ပတ္တိဟေတု အနိဋ္ဌာကာရ ကိလေသာကို တိုးပွား စေတတ်သော အနုဗျဉ္ဇန သုဘ-သုခ-အဂ္ဂဟ အထင်ကပ်ခြင်းစသော အမှတ်နိမိတ်ကို မယူ မူ၍၊ စက္ခုစသော,ခြောက်ပါးသော ဣန္ဒြေတို့ကို၊ သတိတည်းဟူသော တံခါးရွက်ဖြင့် ပိတ် ဆို့စောင့်ရှောက်ခြင်းသည် ဣန္ဒြိယ သံဝရ သီလမည်၏။ ထိုဣန္ဒြိယ သံဝရသီလကို,စောင့်ထိန်း လိုသော ပုဂ္ဂိုလ်သည်၊ သတိတရားနှင့် မပြတ်ပြည့်စုံရမည်ဖြစ်ပေသည်။

**ပစ္စယသန္နိဿိတသီလဟူသည်။** ဓမ္မိယလဒ္ဒဖြင့် ရအပ်သော သင်္ကန်း-ဆွမ်း- ကျောင်း ဆေးဟူသော ပစ္စည်းလေးပါးကို၊ ပညာနှင့် ဆင်ခြင် ခြင်းနှင့် စပ်သောသုံးဆောင်ကြောင်းဖြစ်သော အနုဝဇ္ဇစေတနာသည် ပစ္စယသန္နိဿိတ သီလ မည်၏။ ထိုပစ္စယသန္နိဿိတသီလကို စောင့်ထိန်းလိုသော ပုဂ္ဂိုလ်သည်ပညာနှင့်ပြည့်စုံရမည် ဖြစ်ပေသည်။ ထိုတွင်အာဇီဝပါရိသုဒ္ဓိသီလဟူသည်၊ ပါတိမောက္ခသံဝရသီလ၌ အကျုံးဝင် ရကား ပါတိမောက္ခ သံဝရသီလနှင့်ပြည့်စုံက၊ အာဇီဝပါရိသုဒ္ဓိ သီလသည် ပြည့်စုံ လေ တော့သည်။

ထိုကြောင့် သံသရာတည်းဟူသော ဝဋ်ဒုက္ခမှလွတ်မြောက်ခြင်းအကျိုးငှါ၊ နိယျာနိက အစစ်ဖြစ်ကြီးဖြစ်သော မြတ်စွာဘုရား၏ သာသနာတော်၌ ရှင်ရဟန်းအဖြစ်ဖြင့် ကပ်ရောက် နေထိုင်ကြသော ပုဂ္ဂိုလ်တို့သည်၊ ကိကီမည်သော ငှက်မသည်၊ မိမိအသက်ကို-မငဲ့ကွက်ဘဲ မိမိဥကို စောင့်ရှောက်ဘိသကဲ့သို့ရင်း။ စာမရီမည်သော သားကောင်သည် မိမိ၏မြီးဆံကို စောင့်ရှောက်ဘိသကဲ့သို့ရင်း။ တယောက်ထည်းသော ချစ်လှစွာသော သားရှိသောအမိသည် သားကို စောင့်ရှောက်ဘိသကဲ့သို့ရင်း။ တဘက်သော မျက်စိရှိသောသူသည်၊ မပျက်သော တဘက်သော မျက်စိကို စောင့်ရှောက်ဘိသကဲ့သို့ရင်း။ ထိုနည်းပုံယူ၊ ပမာတူစွာ၊ ရှင်တော် ဘုရားဟောကြားပညတ်တော်မူအပ်သော ပါတိမောက္ခ သံဝရသီလစသော လေးပါးသော သံဝရတရားတို့ကို အသက်ခန္ဓာ မငဲ့ညှာဘဲ ကောင်းစွာစောင့်ရှောက်ထိန်းသိမ်းကြပြီးလျှင်၊ ထိုစတုပါရိသုဒ္ဓိသီလနှင့်မျှသာ ရောင့်ရဲတင်းတိမ်လျက် မနေကြမူ၍၊ ဝဋ်ဒုက္ခငြိမ်းငွေ့ကြောင်း ဗလဝ ဝိပဿနာတရားတည်းဟူသော ဇာဂရိယာနုယောဂ,တရားတို့ကို အဖန်တလဲလဲ အားထုတ်ခြင်းကို ပြုမှသာလျှင် တဆင့်ထက်တဆင့် မြင့်သည်ထက်မြင့်၍, ဝဋ်ဒုက္ခကင်းငြိမ်း ရာဖြစ်သော သန္တိသုခ နိဗ္ဗာနဓါတ်ကြီးသို့ ရောက်ကြရမည်ဖြစ်ပေသည်။

ထိုသို့ကျင့်ကြံအားထုတ်ကြသဖြင့် မိမိတို့အား,တာဘာ လေဏာ-နိယျာနိက အကျိုးငှါ၊ ကိုးကွယ်ဆည်းကပ်ကြသော ဥပါသကာ-ဥပါသိကာ၊ဒါယကာ ဒါယိကာမအပေါင်းတို့မှာ လည်း, ထူးမြတ်သော ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးထူးတရားများကို ခံစားကြရ လိမ့် မည်ဖြစ်ကြောင်း သာဓုကာရီယ ကထာ ဩဝါဒစကား မိန့်ကြားအပ်ပေသည် ဆရာတော် သံဃာတော် အပေါင်းတို့။

## ၁၃၁၇-ခုနှစ်၊ တပို့တွဲလဆုတ် (၂) ရက်နေ့ ဟင်္သာတမြို့၊ဘုရားကြီးကျောင်းတိုက် အတွင်း၌ ကျင်းပအပ်သော မဟာဒွါရဝါဒီ ဂိုဏ်းလုံးဆိုင်ရာ မဟာသန္နိပါတ အစည်းအဝေးမှတ်တမ်း

(၁) ၁၃၁၇-ခု၊ တပို့တွဲလဆုတ်(၂)ရက် နေ့လယ် (၁) နာရီအချိန် ဒွါရဝါဒီဂိုဏ်းလုံးဆိုင်ရာ သံဃာတော် (၄၀၀) ကျော်တို့စည်းဝေးတော်မူရာ ဟင်္သာတ ဘုရားကြီးတိုက် အလယ် ခမ်းမဆောင်ကြီး၌ အစည်းအဝေး အခန်း အနားဖွင့် (ထုတ်မင်္ဂလာစာတမ်း) ကို လယ်တီကျောင်းတိုက် ဦးခေမာစာရ ဘာသာကြား‌ပြောက်ထားကာဖွင့်လှစ်တော်မူပါသည်။

(၂) အဘိဓဇမဟာရဋ္ဌဂုရု ဒွါရ သာသနာပိုင်ဖြစ်တော်မူသော ကျေးဇူးတော်သျှင် အရှင်ဘုရားကြီး ဆရာတော်ဘုရားကြီးကို အစည်းအဝေးအုပ်ချုပ်တော်မူပါရန် သဘာပတိ အဖြစ်ဖြင့်, လယ်တီဆရာတော် ဦးကဝိသေဋ္ဌကို အကျိုးဆောင်အဖြစ်ဖြင့် ဆောင်ရွက်တော် မူပါရန်ရေတံခွန်တိုက် ဦးသုခမိန္ဒက အဆိုသွင်းသဖြင့် ကန့်ကွက်သူမရှိ အတည်ပြုတော်မူကြ ပါသည်။

(၃) မဟာနာယက ဆရာတော်ဘုရားကြီးအား စည်းဝေးပါ သံဃာတော် (၄၀၀) ကျော်တို့နှင့် ဒကာ ဒကာမများက တညီတညွတ်တည်း ရှိခိုးကန်တော့ကြပြီး၍ သထုံဆရာ တော်ကြီးနှင့် ပန်းတောင်းဆရာတော်ဘုရားကြီး နှစ်ပါးတို့အားလည်းရှိခိုးကန်တော့ကြသည်။

(၄) ကျေးဇူးတော်သျှင် အရှင်မဟာနာယက ဆရာတော်ဘုရားကြီး၏ အလွန်မှတ် သား နာယူဘွယ်ကောင်းလှသော ဩဝါဒမိန့်ခွန်းတော်ကို ဘုရားကြီးတိုက် (ဦးဇာဂရိယက) ဘာသာကြားပြောက်ထားသည်ကို ရိုသေစွာနာယူခါ သာဓုသုံးကြိမ်ခေါ်တော်မူကြပါသည်။

(၅) ပင့်လျှောက်လွှာနှင့် ကြွလာတော်မူသော သံဃာစာရင်း မကြွဘဲဆန္ဒပေးတော် မူကြသော သံဃာတော်စာရင်းကို ဘုရားကြီးတိုက် ဦးပဏ္ဍိတဓမ္မက ဘာသာကြားပြောက် ထားပါသည်။

(၆) ဉမ္မောဒနီယကထာ စာတမ်းကိုလယ်တီဆရာတော် (ဦးကဝိသေဋ္ဌက ဘာသာ ကြားပြောက်ထားပါသည်။)

(၇) စံလွန်တော်မူပြီးကုန်သော(၁)ပေါက်တောစု အနုနာယက ဆရာတော်ကြီး(၂) လက်ပံတန်းမြို့ အနုနာယက ဘုရားလေးဆူဆရာတော်ကြီး (၃) ကရင်အင်း အနုနာယက ဆရာတော်ကြီး (၄) သုံးဆယ်မြို့ရုံကျောင်း အနုနာယက ဆရာတော် ဘုရားကြီးတို့၏ ဂုဏ် တော်ကျေးဇူးတော်ကို အောက်မေ့ခါ ဝမ်းနည်းကြောင်းကို မှတ်တမ်းတင်တော်မူကြသည်။

(၈) ထိုလစ်လပ်သောနယ်များ၌ နယ်သံဃာတော်မြတ်တို့၏ သဘောတူ ဆန္ဒ အရ အောက်ပါ ဆရာတော်များအား အနုနာယကအဖြစ် တင်မြှောက်တော်မူကြသည်ကို ဤအ

www.dhammaransi.com



စည်းအဝေးကြီးက အသိအမှတ်ပြုတော်မူကြ၍ ဘွဲ့ပုံတော်ဆက်ကပ်ရန် တာဝန်ကို ဗဟိုအမှုဆောင်အဖွဲ့အား တာဝန်ပေးအပ်တော်မူကြသည်။

(၁) ကွင်းကောက်နယ် အနုနာယကအစား ကန်ဆယ်အနုနာယက ဆရာတော်ကြီးကိုပင် နှစ်နယ်ပေါင်း အနုနာယကအဖြစ် တင်မြှောက်တော်မူကြသည် (၂) သာယာဝတီနယ်အတွက်သုံးဆယ်မြို့ ဝေဠုဝန်ကျောင်းသစ် ဆရာဘော်အား အနုနာယကအဖြစ် တင်မြှောက်တော်မူကြသည် (၃) ပေါက်တောရနယ်နှင့် လက်ပံတန်း နယ်အတွက် မသေခြာသေးပါ။ ခုံဝိနိစ္ဆယ။

(၉ ခုံဝိနိစ္ဆယသည် တသာသနာလုံးအတွက် အရေးကြီးလှသဖြင့် ရုတ်တရက်မဆုံးဖြတ်သေးဘဲအေးဆေးစွာ လေ့လာဆုံးဖြတ်တော်မူကြရန် ဆုံးဖြတ်တော်မူသည်၊ ရင်းပြင်နယ်အနုနာယကများက မိမိတို့၏ထင်မြင်ချက်သဘောကို မဟာနာယက ဆရာတော် ဘုရားကြီးထံတင်သွင်းတော်မူကြရန်။

(၁၀) ၁၃၁၆-ခုနှစ်၊ အစည်းအဝေးမှတ်တမ်းကို ဘတ်ကြား အတည် ပြု တော် မူ ကြသည်။

(၁၁) အနှစ်တရာပြည့် ဧထိန်းအမှတ်နှင့် သာသနာ့ဝံသဒီပနီ စာအုပ် အတွက် ရငွေသုံးငွေများကို လယ်တိတိုက် ဦးခမာဝဓက ရှင်းလင်းလျှောက်ထားသည်။

(၁၂) ဆင္ဂသင်္ဂါယနာအတွက် ဦးကပိသေဌက ရှင်းလင်းလျှောက်ထားသည်။

(၁၃) ပဲခူးဆရာတော် ဦးဂဏာသက်ာရ၏ ပါဠိတက္ကသိုလ်ကို လက်ခံသင့်မခံသင့်ဆွေးနွေးတော်မူကြပြီးလျှင် လက်ခံသင့်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

(၁၄) အတန်းကျောင်း ကိစ္စနှင့် ပတ်သက်၍ရင်း၊ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ပြုလုပ်ရေး ကိစ္စနှင့်ပတ်သက်၍ရင်း ဆိုင်ရာဌာနများသို့ ထပ်မံ၍တောင်းဆိုရန် ဆုံးဖြတ်ကြသည်။

(၁၅) အထွေထွေကိစ္စများ။

(က) ဗဟိုဌာနအတွက် အသေးသုံးစာရင်းကို ဦးပဏ္ဍိတကဘတ်ကြားလျှောက်ပါသည်။

(ခ) ကြံခင်းနယ် အနုနာယကနှင့် အနုရက္ခိတဆရာတော်များစာရင်းကို ဘတ်ကြား အတည်ပြုတော်မူသည်။

(ဂ) ရခိုင်ပြည် ရမ်းဗြဲအနုနာယကနှင့် အနုရက္ခိတဆရာတော်များစာရင်းနှင့် ကျောင်းစာရင်းကို ဘာသ်ကြားအာတည်ပြုတော်မူသည်။

(ဃ) သက်တော် (၇၀) ကျော်ဆရာတော်ကြီးများအား (အနုနာယကဩဝါဒါစရိယဆရာတော်အဖြစ်ဖြင့် တင်မြှောက်တော်မူကြရန် ဆုံးဖြတ်တော်မူကြသည်။

ဒုတိယ မဟာနာယက ရေတန်ခွန် ဆရာတော်ဘုရားကြီး၏ မှတ် သား နာ ယူ ဘွယ်ကောင်းလှသော နိဂမဩဝါဒကို အနုရက္ခိတဆရာတော် ဦးသုဓမ္မိန္ဒ ကဘတ်ကြားလျှောက်ထားသည်ကို နာယူတော်မူကြပါ၊ သာဓုသုံးကြိမ်ခေါ်၍ အစည်းအဝေးကြီးကို ညနေ (၅) နာရီ (၁၀) မိနစ်အချိန်တွင် ရုပ်သိမ်းတော်မူကြပါသည်။

www.dhammaransi.com

၁၃၁၇-ခုနှစ်

## မဟာဒွါရ ဂိုဏ်း လုံးဆိုင်ရာ

မဟာသန္တိပါလ သဘင် ဆင်ယင်ကျင်းပရာ၌

ဘာသာကြား လျှောက်ထားအပ်သော

# အခမ်းအနားဖွင့် ဇယမင်္ဂလာ စာတမ်း

## ပါဌ်ဘုရား

၁။ ဇယန္တော ဗောဓိယာမူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော

ဧဝ မေဝ ဇယော ဟောတု၊ ဇယဿုဇယမင်္ဂလေ။ ။

ဘောန္တော၊ သာသနာတော် သုံးရပ်ကို လေးမြတ်ကြည်ညို၊ သဒ္ဒါပိုကြကုန်သော အို……အသျှင်ကောင်း အရှင်မြတ်တို့ဘုရား။ သကျာနံ၊ ကပ္ပါအစ၊ မဟာသမ္မတမှ စ၍ စဉ်ဆက်၊ ဆင်းသက်ပွားတိုး၊ သာကီဝင်မင်းမျိုးတို့၏။ နန္ဒိဝဍ္ဎနော၊ စိတ်နှလုံးကို၊ ရွှင်ပြုံးဖျံ့ဖျံ့၊ နှစ်လိုကြည်ဝေ၊ ပွားစေတော်မူတတ်ထသော။ ဗုဒ္ဓေါ၊ သဗ္ဗာလေးထူး၊ ခိုင်ညွှန့်ဖူးကို၊ ဆွတ်ချူးပန်ဆင်၊ ဘုရားရှင်သည်။ ဗောဓိယာ၊ မြေမျှားဦးကိုင်၊ မဏ္ဍိုင်သိရိ၊ ဗောဓိညောင်ရွှေ၊ ပင်ဗုဒ္ဓဟော၏။ မူလေ၊ နီးနားရန်ပတ်၊ ထက်ဝန်းရပ်တွင်၊ နဝရတ်ကိုးသွယ်၊ ဖြိုးကြွယ်လင်းထိန်၊ နဝင်းအိမ်စက်ပန်း၊ တက်လှမ်းစံနေတော်မူရာ၊ ရတနာမြဲ့တော၊ ပလ္လင်ဗွေထက်၌။ ဇယန္တော၊ ငါးပါးမာရ်ယုတ်၊ ရန်အစုတ်ကို၊ ပယ်ထုတ်သုတ်သင်၊ အောင်မြင်တော်မူသကဲ့သို့၊ ဧဝမေဝ၊ ပမာမခြား၊ အလားတူသာလျှင်။ တေတုမှာက်၊ စည်းဝေးညီညာ၊ ကြွလာကြပြား၊ အသျှင်ကောင်းအသျှင်မြတ်များနှင့်တကွ၊ များစွာသောင်းသောင်းသင်ပရိသတ် အပေါင်း သူတော်ကောင်းတို့အား။ ဇယော၊ အောင်ရာအောင်ကြောင်း၊ အောင်မင်္ဂလာ တရားအပေါင်းသည်။ ဟောတု၊ စင်စစ်မသွေ၊ ဖြစ်ပါစေ……။ ဇယမင်္ဂလေ၊ အောင်မြင်ရာ အောင်မြင်ကြောင်း၊ မင်္ဂလာတရားကောင်းကြောင့်။ တော၊ လဇ္ဇီသူမွန်၊ သီလဝန်အသျှင်မြတ် များနှင်တကွ၊ သင်ပရိသတ်အပေါင်းတို့သည်။ ဇယဿု၊ တွင်းပြင်နှစ်ရပ်၊ နှိပ်စက်တတ်သည့်၊ ကပ်ဆိုးဥပါဒ်ဆိုး၊ အမျိုးမျိုးဘေးဒဏ်၊ ရန်မန်အဿုရာယ်၊ အသွယ်သွယ်ကို ချတ်ပယ်နှိပ်စက်၊ ထောင်းထောင်းညက်အောင်၊ လက်နက်ခမ္မ၊ ဝိနယဖြင့်၊ အရပိုင်ပိုင်၊ ကောင်းစွာ အောင်မြင် နိုင်ကြပါစေကုန်သတည်း။

www.dhammaransi.com



၂။ အဓမ္မံ ဓမ္မသညိနော၊ ဓမ္မော မတောတိ ဘာသရေ။
ဓမ္မံဓမ္မဝသေနေဝ၊ ယေဇာနာတထမညနာ။
တေသံဓမ္မော အမတောတိ၊ ဓမ္မာဟိဒုဝိဓာဇ္ဈာ။ ။

ဘောန္တော၊ ဒွါရဂိုဏ်းဝင်၊ အသျှင်မြတ်များနှင့်တကွ၊ အိုပရိသတ်အပေါင်း၊ သူတော်ကောင်းတို့။ ဟိ၊ ဤလောက လူ့ဘုံဝယ်၊ ဓမ္မ အဓမ္မ ဖြစ်ကြသည့်ပုံ၊ အလုံးစုံကို၊ အကုန်ဖေါ်ထုတ်၍၊ သရုပ်ကိုပြလိုက်ပါဦးအံ့။ ဣဓလောကေ၊ ဤလောကလူ့ဘုံ၌။ ဝါ၊ ကာမ၊ ရူပ၊ အရူပဟု၊ သဝဘုံးရပ်၊ ဤလောကဓာတ်၌။ အဓမ္မံ၊ သူတော်မဟုတ်၊ လူသူယုတ်တို့၏၊ မဟုတ်မတရား၊ လိုသားနှစ်သက် စုံမက်မြတ်နိုး၊ အဓမ္မတရားမျိုးကို။ ဓမ္မသညိနော၊ များစွာသောင်းသောင်း၊ သူတော်ကောင်းတို့၏ နှစ်ထောင်းအားရ၊ ဓမ္မလမ်းကြောင်း တရားကောင်းဟု၊ ညွတ်ပြောင်းတသ၊ မှတ်ထင်ကြကုန်သော။ တေသံ သူတော်မဟုတ်၊ ယုတ်သည့်စရိုက်၊ လူသူမိုက်တို့အား။ ဝါ၊ လူသူမိုက်တို့၏။ သန္တာနေ၊ သန္တာန်၌၊ ဓမ္မော၊ ကောင်းမြတ်ပွားတိုး၊ မင်္ဂလာတရားမျိုးသည်။ မတော၊ သေသည့်မည်၏။ ဣတိ-ဤသို့။ ပဏ္ဍိတာ၊ ဘုရားအစရှိသော ပညာရှိတို့သည်၊ ဘာသရေ၊ မြွက်ကြားနှုတ်ချို၊ ပြောဆိုကြကုန်၏။ ဓမ္မံ၊ သူတော်ကောင်းတို့၏။ ဓမ္မဝိနယ၊ သဘာဝတရားကို။ ဓမ္မဝသေနေဝ၊ ဟုတ်မှန်ကျိုးကြောင်း၊ တရားကောင်း၏အစွမ်းအားဖြင့်သာလျှင်။ ယေဇနာ၊ အကြင်ပညာရှိ ဖြစ်ကြကုန်သော သူတော်ကောင်းတို့သည်။ တထမညနာ၊ ကောင်းမြတ်လျော်ကန်၊ ဟုတ်မှန်၏ဟု အောက်မေ့မှတ်ထင်ကြကုန်၏။ တေသံ-ထို သူတော်ကောင်းတို့အား။ ဝါ-ထို သူတော်ကောင်းတို့၏။ သန္တာနေ၊ အတွင်းသန္တာန်၌။ ဓမ္မော၊ အပြစ်မရှိ၊ ကောင်းသည့်အကျိုး၊ ပွားတိုးစေတတ် တရားတော်မြတ်သည်။ အမတော-သေသည် မမည်ပေ။ ဣတိ-ဤသို့၊ ဓမ္မာ၊ တရားတို့သည်။ ဒုဝိဓာ၊ နှစ်မျိုးနှစ်စား၊ နှစ်ပါးအပြားရှိကုန်သည်။ ဟောန္တိ၊ မုချမသွေ၊ ဖြစ်ကြပေကုန်၏။

၃။ မတာဓမ္မံ ဇိဝါပေတုံ၊ ယေထေရာဝ ရက္ခန္တိဓ။
အာဇာနိယောဝ တေထေရာ၊ ဇိနသာသနရက္ခကာ။ ။

ဘန္တေ-သီလသိက္ခာ သာဇိဝါကို၊ ပမာသက်လေးက်၊ စောင့်ရှောက်ကြပြား၊ အို-အသျှင်ကောင်း အသျှင်မြတ်တို့ဘုရား။ ဣဓ၊ ဤသာသနာတော်မြတ်ကြီး၌၊ မတာဓမ္မံ၊ သေ၍နေသော သူတော်ကောင်းတရားကို။ ဇိဝါပေတုံ၊ ထွန်းပထိန်လက်၊ အရောင်ထွက်အောင်၊ အသက်တဖန်၊ ပြန်၍ရှင်စေခြင်းငှါ။ ယေထေရာ၊ သာသနပါလက သီလဝန္တ ဖြစ်ကြကုန်သောအကြင်ထေရ်ကြီးထေရ်ငယ်၊ အသွယ်သွယ်တို့သည်။ ရက္ခန္တိ၊ ကိုယ်တော်အကျိုး၊ မမြော်ကိုးဘဲ၊ ရိုးကြေရေခြောက်၊ ကောင်းစွာစောင့်ရှောက်ကြကုန်၏။ တေထေရာဝ၊ လဇ္ဇီသီလဝန္တ၊ သံဘာရဘီရုက၊ ဗျတ္တိပဋိဗလ၊ လောက်ငကုန်လုံ၊ အလုံးစုံသော ထိုထေရ်ကြီး ထေရ်ငယ်၊ အသွယ်သွယ်တို့သည်သာလျှင်။ ဇိနသာသနရက္ခကာ၊ လဇ္ဇီဂုဏ်ရောင်၊ တပြောင်ပြောင်ထွန်းပသော၊ ဇိနသာသနာတော်မြတ်ကြီးကို၊ ဘုန်းမီးနေလ၊ ထွန်းတောက်ပအောင်၊

www.dhammaransi.com



စောင့်ရှောက်တော်မူကြပေကုန်သော၊ အာဇာနီယောဝ၊ အာဇာနိဝင်၊ အသျှင်မွန် အသျှင်ကောင်းတို့ဖြစ်ကြပေစွတကား။

၄။ ဗုဒ္ဓမုခံ ပသာ္မ ကွာ၀၊ နာနာဒေသနိဝါသိနော၊
အမုခံ ဒါယကာနံစ၊ အာဂတာ၀ ယိမံသဘံ၊
ယေဒူရတော၀ ထေထေရေ၊ ပသိဒန္တိဇနာဗဟူ။ ။

ဘန္တေ့ ခေတ်ဆိုးကာလဆိုး၌၊ ကိုယ်ကျိုးမဘက်၊ သာသနာကျိုးအတွက်၊ အားတက်ခါ၊ ကြွလာကြပြီး၊ အို...... အသျှင်ကောင်း အသျှင်မြတ်တို့ဘုရား။ နာနာဒေသနိဝါသိနော၊ အထူးထူးသော ရပ်ရွာဒေသ၊ မြို့ဌာနန္တိ ယာပထလေးလီ၊ မှုညီဌင်ပြို၊ သိတင်းသုံး နေထိုင်တော်မူကြပေကုန်သော၊ ယေထေရာ၊ လင်္ကာနွယ်လာ၊ ဂုဏ်ဝါကဲမောက်၊ ရဲရဲတောက်ဖြစ်ကြကုန်သော အကြင်ထေရ်ကြီး ထေရ်ငယ်၊ အသွယ်သွယ်တို့သည်၊ ဒါယကာနံ၊ဒကာ-ဒကာမတို့၏၊ မုခံ၊ မျက်နှာကြီး မျက်နှာငယ် အသွယ်သွယ်ကို၊ အပသာ္မ ကွာ၊ ဤသူမျိုးကား၊ မင်းစိုးရာဇာ၊ ဤမှာဆင်းရဲ၊ မျက်နှာပွဲဟု၊ အလွဲချော်မှု၊မကြည့်ရှုကြကုန်ဘဲ၊ ဗုဒ္ဓမုခံ၀၊ ဘုရားရှင်၏ ရွှေမျက်နှာတော်ကိုသာလျှင်၊ ပသာ္မ ကွာ၊ ဝံ့ညွတ်ထောက်ထား၊ လေးစားထိထိ မိမိရရကြည့်ရှုကြကုန်လျက်၊ ဒူရတော၀၊ ဝေးမြေရပ်ခြား မြို့ရွာများမှသာလျှင်၊ ဣမံသဘံ၊ ဤမဟာနာ္ဂါရနိကာယ၊သံဃာ့ကတ္တမှ၊ မဟာနာယက၊ ပူဇော်ပွဲကြီးသို့၊ အဂတာ၀၊ ကိုယ်ရေးကိုယ်တွက် မငဲ့ကွက်ဘဲ၊အားခဲ၍သာ၊ကြွလာတော်မူကြသည်သာလျှင်တည်း။ ဘန္တေ့၊အသျှင်ကောင်း အသျှင်မြတ်တို့ဘုရား၊ ထေထေရေ၊ ဝေးလံရပ်ခြား၊ မြို့ရွာများမှ ကျိုးစား၍လာ၊ ဒွါရသာသနာကို၊ လွန်စွာချစ်ခင်၊ ထိုအသျှင်မွန် အသျှင်ကောင်း၊ လင်္ကာသံဃာတော် အပေါင်းတို့ကို၊ ဗဟူ၊ များစွာကုန်သော၊ ဇနာ-ဟသံဘတ မြို့သူမြို့သား၊ လူအများတို့သည်၊ ပသိဒန္တိ၊ နှစ်သက်ရွှန်းစို၊ သဒ္ဓါပို၍၊ လွန်ကဲစွာကြည်ညိုရပါကုန်၏ဘုရား။

၅။ သမ္ဗုတ္တော၀တကာလောခေါ၊ ဇောတေတုံမွေရုံသိဟိ၊
သာသနံမဟာသဘံယာသ္မာ၊ ဒါနိနေ၁ပိ၀ရာမသော။ ။

ဘန္တေ့၊ ဒွါရသာသနာ၊ ဝန်မဟာကို၊ ခန္ဓာအသက်၊ မငဲ့ကွက်ဘဲ၊ အားဆဲ၍သာ၊ ကြွလာတော်မူပြီး၊ အိုအသျှင်ကောင်း အသျှင်မြတ်တို့ဘုရား၊ တုမှေ၊ သာသန အညစ်အကြေး ရန်သေးပြစ်ဆာ၊ မရှိပါပြီး၊ အသျှင်များတို့သည်၊ ဓမ္မရုံသိဟိ၊ ယထာပရာဓ၊ ဝိနယညွှန်စည်၊ ဓမ္မရောင်ခြည်တော်တို့ဖြင့်၊ သာသနံ၊ ဓမ္မာနုဓမ္မ၊ မဟာဒွါရ၊ နိကာယဂိုဏ်း၊ ကွန့်ထိုင်းကြေပြော၊ ဒွါရသာသနာတော်မြတ်ကြီးကို၊ ဇောတေတုံ၊ ထိန်ထိန်ငြိုးငြိုး၊ မီးပုံကြီးသို့ အံ့ချီးလောက်အောင်၊ ထွန်းတောက်ပစေခြင်းငှါ၊ ကာလော၊ စက္ကန့် မိနစ် မလစ် ဗိဇနာ၊ အချိန်အခါကာလသည်၊ ယသ္မာ၊ အကြင်ကြောင့်၊ သမ္ပတ္တော၀တာ၊ ကောင်းစွာမသွေ၊ ဆိုက်ရောက်ပေပြီတကား၊ တသ္မာ-ထိုကြောင့်၊ ဒါနိ-ဣဒါနိ၊ စည်းဝေးညီညာ၊ ယခုခါ၌၊ မဟာ

www.dhammaransi.com



သဘံ၊ ဂဏိုသရ-မဟာနာယက၊ ဂဏဦးစီး၊ ဒွါရသာသနာတော်ကြီးကို၊ ဦးစီးဦးကိုင်၊ မှူးပိုင်အားသိုး၊ သာသနာပိုင်ဆရာတော်ဘုရားကြီးကို၊ ဖွဲ့ချီးပူဇော်၊ ဖူးမြော်ကန်တော့ရာ၊ ဤမဟာနာယကသဘင်ပွဲကြီးကို၊ နေ့ခမယံ၊ ထိုတပည့်တော်တို့သည်၊ ဝိဝရာမသေ၊ အောင်ပြီအောင်ပြီ၊ အောင်တစ်ချီ၍၊ အောင်စည်အောင်ဟိတ်၊ အောင်နိမိတ်ဖြင့်၊ အောင်အတိတ်ယူခါ၊ ဖွင့်လှစ်လိုက်ရပါတော့သည်၊ အရိယာနွယ်ဝင်၊ သံဃာတော်အသျှင်မြတ်တို့ဘုရား........

---

၁၃၁၇-ခုနှစ်၊ တပို့တွဲလဆုတ် (၂) ရက်နေ့၌

# စည်းဝေးကျင်းပသော-မဟာသန္နိပါတမဟာသဘင်တွင်

## သံဃာ့ဂုဏ္ဍသာသနာပိုင် ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူအပ်သော

# ဩဝါဒကထာမိန့်ခွန်းတော်

မဟာသန္နိပါတ သဘင်ပွဲကြီးတည်ရာ ဌာနသို့ သမာဆန္ဒသမဂ္ဂနှင့် ဒဋ္ဌိပရက္ကမ ထက်ပြင်းသော ဥဿာဟဖြင့် ကိုယ်မှုစိတ်တူ ညီမှု ကြွရောက်တော်ကြမူကုန်သော မဟာနိကာယ ဒွါရဝါဒီဆရာတော် သံဃာတော်အသျှင်မြတ်တို့......

ဤနေ့ဤချိန် ဤအခါသည်ကား များစွာသော တိုင်းခရိုင်မြို့နယ် အသွယ်သွယ်တို့မှစည်းဝေး ညီမှုရာ ဌာနသို့ ကြွရောက်ညီမှု စည်းဝေးကြကုန်သော သီလတည်းဟူသော အထည်ကိုယ်ခြံရံ၍ သမာဓိတည်းဟူသော အရည်ကိန်းဝပ်၍ ပညာတည်းဟူသော အဆောင်ထွန်းပတ်သဖြင့် သိုးနှံ့ရှမှန် ပြည့်တန်ပတ္တမြား ကျောက်မြတ်ရတနာ အလားကဲ့သို့သော အရှင်ဆရာတော် သံဃာတော်မြတ်များအား ဆပွါးပီတိ ဥမ်းဆီထိပုံ တွေ့ကြုံဖူးမြင်ရခြင်း တည်းဟူသောထေရ ဒဿန သမဏာ ဒဿန မင်္ဂလာအခါတော် နေ့မြတ်ကြီးလည်းဖြစ်ပါသည်၊

သီလအာဒိ-ဂုဏ်မျိုးစုံ ဂုဏ်မဟတ္တ ကြီးမြတ်တော်မူကြကုန်သော ထေရ်အသျှင်မြတ်တို့အား ရိုကျိုးတုပ်ကွ-ကာယမနိန် ဇုလ္လံညွှင်း နှိမ်ချရခြင်းတည်းဟူသော ဂါရဝနိဝါတ မင်္ဂလာအခါနေ့မြတ်ကြီးလည်းဖြစ်ပါပေသည်၊

www.dhammaransi.com



ထေဒဂ္ဂ ဘိက္ခုဝေ မမသာ ဝကာနံ ဘိက္ခုနံ ဝိနယဓရာနံ ယဒိဒံ ဥပါလိ ဟု အင်္ဂုတ္တိုရ်စံ သံတော်ဂုဏ်ဖြင့် ဗိုလ်ပုံအလယ် မိုးထက်ကြွယ်သို့ တင့်တယ်သောချောက် ချီးမြှောက်တော်မူအပ်သည့် အသျှင်ဥပါလိထေရ်မြတ်မှ မပြတ်နွယ်ရင်း ဆက်ဆင်းတော်မူခဲ့သည့် ထေရ်မြတ်အမေ-ထေရ်ကျော် ဥက္ကဋ္ဌ၊ ကျေးဇူးတော်ရှင် အသျှင်အုဂ်မိုလ် ဆရာတော်ဘုရားကြီးသည်၊ အသက်ခန္ဓာ၀ဲ ပညာ ထောက်ထားခြင်းမရှိ အဘိပါကဋ-ဝိနယဓဇအောင်လံကိုလွှင့်ထူ၍ အယူ သော့သွမ်း ညစ်ငြမ်းပေတလူ ကျင့်မူဖေါက်ပြား သာသနပစ္စတ္ထိက ဒုမ္မင်္ကုပုဂ္ဂိုလ်အများတို့အား ဗုဒ္ဓမိန့်မြွက်ဓမ္မစက်ပေါင်း လက်နက်ကောင်းဖြင့် လုထောင်းကြိတ်မွှေ- ဖျက်ချေတော်မူခြင်းကြောင့် ရာမညတိုင်းအလုံးတွင် ပျက်ပြုံးအံ့နည်းနည်း နစ်မြုပ်အံ့နည်းနည်း ဖြစ်ခဲ့ပေသော ဗုဒ္ဓမြတ်စွာသာသနာသည် မပျက်မပြုံး မဆုံးရှုံး မနစ်မြုပ်မူ၍ အဇတာဝေပောင် မိုးကောင်းကင်တွင် ရောင်ဝင်းပထွန်း လဝန်းတရသည့်- ခိုင်ကြည့်မတ်မတ် တည့်တန့်တော်မူ သည့်အတွက်၊ ရေမှာ ရွက်တိုက် စရိုက်ဝါသနာ အဓမ္မဝါဒီပုဂ္ဂိုလ်တို့၏ အလေ့ဓမ္မတာမှ ကင်းလွတ်၍ ပေသလစစ် သီလချစ်သည့် ရင်နှစ်သည်းခြာ၊ ဖြစ်လာရခြင်းသည်လည်း ကျေးဇူးတော်သခင် အသျှင် အုဂ်မိုလ်ဆရာတော်ဘုရားကြီး၏ ကျေးဇူးများဖြစ်ပါပေသည်တကားဟု သည်းအူ လှိုက်လှဲ ဝမ်းထဲကြည်ယုံ သိမြင်ကုန်သည့်အလျောက် မြင့်မောက်ကြီးမား ထိုအသျှင် အုဂ်မိုလ် ဆရာတော် အသျှင်မြတ်ကြီးဘုရားကျေးဇူးတရားကိုတုန့်ဆပ်သောအားဖြင့် ဗုဒ္ဓအလိုတော်ကျ ညွှန်းပြထုတ်ဆိုအပ်သော နယပိဿ-ဥပဒေစည်းမျဉ်းတို့ကို လိုက်နာကျင့်သုံးကြခြင်းတည်း ဟူသော ကဟညုတ-ကတဝေဒီ မင်္ဂလာအခါတော် နေ့မြတ်ကြီး လည်း ဖြစ်ခဲ့ပါပေသည်။

ယင်းသို့ဆိုအပ်၊ အထပ်ထပ်သော ရက်မြတ်မင်္ဂလာ အခါတော်နေ့မြတ်၌ မဟာနိကာယ ဒွါရဝါဒီဂိုဏ်းကြီးသည် နှစ်စဉ်မပြတ် ခါမလတ်ဘဲ၊ အထပ်ထပ်စည်းဝေးကြခြင်းသည်လည်း အင်အားပြ အရောင်တင် ပေါ်ပင်ကိုလိုက် ခေတ်အကြိုက်ယှဉ် ခေတ်သုံးကို ထွင်ခြင်းလည်း မဟုတ်။ ဂုရုဖြာ ရွှေကြာအာလုပ်သတ္တုဂ်ုတ်၍ ယာဝကိဝဥ္စဘိက္ခဝေဘိက္ခူ အဘိဏှံ သန္နိပါတာ ဘဝိဿန္တိသန္နိပါတ ဗဟုလာဒေဿနာလမ်းကြောင်း ကျင့်ဟောင်းပဋိပတ်နိတတ္တကို ဝိကျသေချာ လိုက်နာကျင့်သုံးခြင်းအားဖြင့် ဝုဒ္ဓိယေဝဘိက္ခဝေ ဘိက္ခူနံပါဋိကင်္ခါတဗ္ဗာ နောပရိဟာနိ-ဟူသောသတ္တုဂ်ုတ္တို၏ ထုတ်ဆိုညွှန်ကြားကျိုးတရားကို-ကိုးစားမျှော်မြင် လိုအင် ဆန္ဒရှိကြသည်အားလျော်စွာ ညီညာဖွဖွ စည်းဝေးကြခြင်းဖြစ်ပေသည်။

ကြွရောက်လာသော သံဃာတော် ဆရာတော် အသျှင်မြတ်တို့-ယခုအခါ သာသနာ သည် အလယ်ချက်မ-မွန်းတိကျရန် (၃) လမျှလိုတော့သည်။ ခေတ်ဟောင်းကိုကျော်- ခေတ် သစ်မျှော်သူတို့ကား ဝမ်းပန်းတသာ (၂၅၀၀) ကြိုဆိုပွဲကို အားခဲကြိုးပမ်းကြပေလိမ့်မည်၊ ထိုအတွက် စဉ်းစားရန်အချက်မှာ- သာသနာဟူသည် နေဝန်းပမာတူလှပေသည်၊ တစတစ တက်၍ အရောင်လည်းလင်း အပူရှိန်လည်းပြင်းပေသည်၊ မွန်းတည့်မတ်စေါင်း အချိန်ပြောင်း သော် အရောင်လည်းမှေး-ပူရှိန်အေး၍ တဖြည်းဖြည်းကွယ်ပျောက်သကဲ့သို့ ထိုအတူသာသန နေဝန်းသည်လည်း ထွန်းလင်းမသစ် ဖြစ်တတ်ခြေသည်။

ဆရာတော်သံဃာတော်အသျှင်မြတ်တို့ ယခုအခါသည်ကား သာသနာတော်မြတ်ကြီး မတိမ်မညှိုး အရှိန်တိုးအောင် အားကြိုးမာန်တက် ထမ်းရွက်ရမည့်အခါသို့ ဆိုက်ရောက်၍ နေခဲ့ပြီ။

ဆရာစဉ်ဆက် အဆက်ပမာ မြတ်နိုးစွာသော နွါရစည်းကမ်း ဥပဒေ ကျင့်စဉ်ငြမ်းကို အပမ်းတကြီး အားသည်းစောင့်ရှောက်ကြရမည်။ ဆရာတော်သံဃာတော် အသျှင်မြတ်တို့၊ မသေးလှသော သာသနာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ကြကုန်သော အသျှင်မြတ်တို့အား ကြီးစွာသော ဥဿာဟဖြင့် သတိသမ္ပဇဉ် ဉာဏ်ယှဉ်ကြိုးကုတ် အားထုတ်ကြမှသာ လိုအပ်သော အကြိုးတရားကို ပွါးတိုးကြကုန်မည်ဖြစ်ရကား ကြီးမားသော ဥဿာဟဖြင့် သတိသမ္ပဇဉ် ဉာဏ်ယှဉ်ကြိုးကုတ်လျက် ရှေးယခင်ထက်တိုင်ပင် စုရုံး စည်းလုံးညီညွတ်ကုန်၍ တဦးနှင့်တဦး ကြည်နူးနှင်ပြ ကာယမုဒု-ပိယစက္ခုဖြင့် ကြည့်ရှုတော်မူကြကုန်လျက် မေတ္တာ ပုဗ္ဗင်္ဂမံကာယကမ္မံ- မေတ္တာပုဗ္ဗင်္ဂမံဝစီကမ္မံ- မေတ္တာ ပုဗ္ဗင်္ဂမံမနောကမ္မံ-ဟူသော ဓမ္မကွန်နက်လေး-မြင့်မြတ်သောဆေးကို သောက်သွေး သုံးဆောင်တော်မူကုန်လျက် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်၏အကျိုးကို ဆထက်တံပိုး သည်ပိုး ထမ်းရွက်ကြပါကုန်လောဟု တိုက်တွန်းသောဩဝါဒကထာစကားကို မြွက်ကြားအပ်ပေသတည်း။

******

www.dhammaransi.com

၁၃၁၇-ခုနှစ်

မဟာဥ္စါရဂိုဏ်းလုံးဆိုင်ရာ မဟာသန္နိပါတ သဘင်သို့

ကြွရောက်လာကြကုန်သော

# သံဃာတော်မြတ် အပေါင်းအား

ဟင်္သာတမြို့၌ သီတင်းသုံးတော်မူကြသော သံဃာတော်များနှင့်

ဒါယကာ-ဒါယိကာမများက ဖူးမြင်တွေ့ကြုံ ပူဇော်ရပါသောကြောင့်

အသွန်အကြူး ဝမ်းမြောက်ပါသဖြင့်

## ဘာသာကြား ပျော်ထားအပ်သော

# ပမုဒိတမင်္ဂလာ ပဋိသန္ထာရကထာ ပါဘုရား

---

၁။ ဂုဏောဟိ အပ္ပမေယျောဟိ၊ သမ္ဗန္ဓောနာယကောယထာ
အဇ္ဈတ္တဂ္ဂရိယော သမုဒ္ဒေဝံ၊ အဘိမာပေသိ သာသနံ။ ။

အပ္ပမေယျောဟိ၊ ဤရွှေဤမျှ ဂဏန်းချလည်း၊ နှိုင်းဆမတန်။ မမျှကန်ကုန်သော။ အပ္ပမေယျောဟိ၊ တဆူဘုရား၊ ခြားစကားကို၊ ပယ်ထားစွန့်ခွာ၊ မဟောပါဘဲ၊ တေဇာဂုဏ်ဓာတ်၊ တန်ခိုးမြတ်ကို၊ အာယုကပ်လုံး၊ ကုန်ဆုံးသည်တိုင်၊ မဟောနိုင်အောင်၊ များမြောင်လှကုန်သော။ ဂုဏောဟိ၊ ကျေးဇူးတော်ဂုဏ်တော်အပေါင်းတို့နှင့်။ သမ္ဗန္ဓော၊ ပြည့်စုံတော်မူသော၊ ဝါ၊ တင့်တယ်လျှောက်ပတ်၊ ကောင်းမြတ်ကုန်လုံ၊ ပြည့်စုံတော်မူပေသော။ နာယကော၊ လူနတ်ဖြဟ္မာ၊ သတ္တဝါများ၊ သောင်းတိုက်သားတို့အား၊ သနားဝဲ့ညှာ၊ ကျင်နာလွှယ်ကူ၊ နိဗ္ဗာန်သို့ ဆောင်ယူတော်မူပေတတ်သော မြတ်စွာဘုရားရှင်သည်။ အဇ္ဈတ္တဂ္ဂရိယော၊ အစဉ်နက်ဖမ်း၊ ကမ်းကိုမလွန်၊ ရွှံ့ဘွယ်ဆယ်ပြစ်၊ တမည်ဖြစ်ခြင်း၊ မယွင်းမတိုး၊ ဆယ်မျိုးရတနာ၊ ရသာဆားတူ၊ ကြီးသူနေရာ၊ အံ့ရှစ်ဖြာနှင့်ကောင်းစွာပြည့်စုံပေသော။ သမုဒ္ဒေါယထာ၊ မဟာသမုဒ္ဒရာကြီးကဲ့သို့။ ဇေဝံတထာ၊ ထိုနှင့်မခြား၊ အလားမကွာ၊ အတူသာလျှင်။ သာသနံ၊ အံ့ဖွယ်ရာ၊ ဂုဏ်ရှစ်ဖြာနှင့် ပြည့်စွာရှိပြီး၊ သာသနာတော်မြတ်ကြီးကို။ အဘိမာပေသိ၊ ဘေးဇာတ်ခထုတ်၊ ရန်အစုတ်ကို၊ ပယ်ထုတ်ရှင်းလင်း၊ အခေါင်ချဉ်းအောင်၊ ဖန်ဆင်းတော်မူခဲ့ပေသတည်း။

www.dhammaransi.com



၂။ ဒွိဓာဘိန္နာ ဘိက္ခူတ္ထ၊ ဘာရာဘာရ ဝသေနဟိ။
ဘာရော ဝ သာသနေဘိက္ခူ၊ သဒ္ဓေဝကေန ပူဇိတော။ ။

ဘန္တေ-အလေ့ဗွီမျိုး၊ ထုံးရားဆိုးကို၊ နှိမ်ချိုးပယ်လှန်၊ လက်ခံမရှိ၊ ပကတိဖြူစင်၊ သမ္မာဉာဏ်ထရား၊ ပွားများပေပြား၊ အို-သံဃာတော် အသျှင်မြတ်တို့ဘုရား။ ဟိ- သာသန ဝန်ထမ်း-ရဟန်းများ၏၊ ခြားနားပုံသနစ်များကို၊ ဘော်ကြွား ထုတ်ခါ ပြဆိုလိုက်ပါ ဦးအံ့။ ဋ္ဌဓသာသနေ-အံ့ဘွယ်ရှစ်ဖြာ၊ ပြည့်စုံပါသည့်၊ ဤသာသနာတော်မြတ်ကြီး၌၊ ဘာရာဘာရဝသေန၊ သာသနာ့ဝန်ကို ကိုယ်ပိုင်ဆောင်ရွက်တော် မူကြသော ကိုယ်ပိုင်ဝန်ဆောင်ရဟန်း သာသနဝန်ကို ကိုယ်ပိုင်မကျင့်၊ လာဘ်ဂုဏ်ကို မြှော်လင့်၍၊ အခဖြင့် ထမ်းရွက်ကြသော အခစားဝန်ထမ်းရဟန်းတို့၏ အစွမ်းအားဖြင့်၊ ဘိက္ခူ၊ သာသနာ့ဝန်ထမ်း၊ ရဟန်းတို့သည်၊ ဒွိဓာ၊ နှစ်ဘို့ နှစ်ပါး၊ နှစ်စားအားဖြင့်၊ ဘိန္နာ၊ မတူခြားနား၊ ကွဲပြားကြကုန်သည်၊ ဟောန္တိ၊ ဘယ်လိုပင်ပြင်းသော်လည်း၊ မလွတ်ကင်းဧကန်၊ အမှန်ပင် ဖြစ်ကြလေကုန်၏၊ တေသု၊ အမှန်ခြားနား၊ ထိုနှစ်မျိုးနှစ်စားတို့တွင်၊ ဘာရော ဝ ဘိက္ခူ၊ သာသနာ့ဝန်ကိုကိုယ်ပိုင် ဆောင်ရွက်တော်မူသော ရဟန်းကိုသာလျှင်၊ သဒ္ဓေဝကေန၊ နတ်နှင့်တကွသောလူသည်၊ ပူဇိတော၊ မြတ်နိုးတမူ၊ အရေးယူ၍၊ ပူဇော်အပ်ပေ၏။

၃။ အဂုဏံ ဂုဏဝသေန၊ ယေဘိက္ခူ အဘိဂိဒ္ဓိတာ။
ကရေန္တိ ဘတိယာဘာရံ၊ တေဟောန္တိ ဘတိကာရကာ။ ။

ဘန္တေ-စတုပါရိ၊ သုဒ္ဓိလေးဝ၊ ဘိလလှူလှူ၊ ဖွေးဖွေးဖြူလျက်၊ ကျင့်မှုမပျက်၊ စွန်းမကွက်ဘဲ၊ အသက်တမျှ၊ ချစ်ခင်ကြပြား၊ အို-အသျှင်ကောင်း အသျှင်မြတ်တို့ဘုရား။ ယေဘိက္ခူ- သာသနာ့ဝန်ထမ်း၊ အကြင်ရဟန်းဘို့သည်၊ အဂုဏံ၊ ရဟန်းတော်တို့အား မသျှော်၊ ရဟန်းတော်တို့၏ ဂုဏ်မဟုတ်၊ လောကီအထုပ်ဖြစ်သော ပကာသန ဂုဏ်အနွတ်ကို၊ ဂုဏဝသေန၊ အဟော်ဝတ-ရလေစွဟု၊ ဉာဏမယှဉ်၊ သတိစင်လျက်၊ အထင်ကြီးဘိ၊ ဧရာမဂုဏ်ကြီး၏အစွမ်းအားဖြင့်၊ အဘိဂိဒ္ဓိတာ၊ လောဘတဏှာ၊ အာသာရမက်ငန်းငန်းတက်လျက်၊ အနှစ်သက်ကြီး နှစ်သက်၍နေကြကုန်၏၊ တေ-ထိုရဟန်းမည်ပြား၊ ရ ဟန်း များ သည်၊ ဘတိယာ၊တဏှာအာရုံ၊လုံးစုံပကာသန၊ မမျှတသော လူတို့၏လောကီဂုဏ်ဟူသော အခဖြင့်၊ ဘာရံ-သာသနာ့ဝန်ကို၊ ကရောန္တိ၊ ရွက်ဆောင် ကြိုးကုတ်၊ အားထုတ်၍နေကြကုန်၏။တေ-ထိုလောကုတ္တရာဂုဏ်ကိုပြစ်၊ လောကီဂုဏ်ကိုချစ်- နှစ်သက် ထုံးလုံး ပီတိဖုံးသဖြင့်၊ တပြုံးပြုံးနေကြဘုန်သော ရဟန်းတို့သည်၊ ဘတိကာရကာ၊ သာသနာ့ဝန်ကို၊ ဂုဏ်ပကာသနဟူသော အခဖြင့် လှဲလှယ်ထမ်းဆောင်ကြသော အခစားနား စာရင်းဌါး ရဟန်းတို့တကား။

၄။ ဘတကေ တေ သုခိဿာန၊ အသမဏာ အဟိရိကာ။
ကာမဘောဂီ ယထာဂိဟီ၊ ယေ တေ အသကျပုတ္တိယာ။ ။
အရဟန္တိ ဥဒ္ဒိဿာယိတုံ၊ ဒိယိတုံ ပါပကေ ဣမေ။ ။

www.dhammaransi.com



ဘန္တေ-ဘုရားကိုလေးစား၊ တရားကို အားထားလျက်၊ ကြွရောက်လာကြ၍၊ အို-အသျှင်ကောင်း အသျှင်မြတ်တို့ဘုရား။ တေသု၊ ထိုအခစား ဝန်ထမ်းရဟန်း- ကိုယ်ပိုင် ဝန်ထမ်းရဟန်း နှစ်မျိုးနှစ်စားတို့တွင်၊ ဘတကေ-အခစားဝန်ထမ်း ရဟန်းတို့ကို၊ ဓိဿာနေ၊ ထွေသိကြားမြင်ကြကုန်သောကြောင့်၊ ယေတေ-အကြင်အခစား ဝန်ထမ်းရဟန်းတို့သည်၊ အသမဏာ-ရဟန်းကောင်းတို့မဟုတ်ကြကုန်၊အဟိရိကာ၊ရှိုးသင့်ကွက်၊ အရှက်လည်း မရှိကြကုန်၊ ကာမဘောဂီ၊ ကာမဂုဏ် စည်းစိမ်ကို ခံစားကြကုန်သော၊ ဂိဟိယထာ၊ လူတကာတို့ကဲ့သို့ ပေတကား။ ဣတိ၊ ဤသို့၊ ပါပကေ-မကောင်းသွတ်ချာ၊ ယုတ်မာကုန်သော၊ ဣမေ-ဂုဏ်ပကာသနင်း၊ အဘမ်းကြီး ဘမ်းသော ဤရဟန်းတို့ကို၊ ဥဗ္ဗူးယိတုံ၊ ကဲ့ရဲ့ခြင်းငှာ၊ ဝါ၊ ကဲ့ရဲ့ကျိုးရှုတ်၊ အပြစ်ထုတ်၍၊ အယုတ်အားဖြင့် ကြည့်ကြကြကြခြင်းငှါ၊ ခိယိတုံ၊ ရှုတ်ချခြင်းငှါ။ ဝါ၊ ကျေးဖုးမဲ့ကို ထင်ရှားစွာပြလျက်၊ ရှုတ်ချခြင်းငှါ။ အရဟန္တော၊ ထိုက်ကြကုန်သည် သာတည်း။ ဝါ၊ ဆိုထိုက် ပြောထိုက် ကဲ့ရဲ့ ရှုက်ချထိုက်တော့သည်သာတည်း။

၅။ ဝိမုတ္တိသုခကာမာ၁၊ ယေတေ အဘတိကာရကာ။
သင်္ဂါမဝစရာ ထေရာ၊ ယုဇ္ဈန္တိ သာသနေ မလံ။

ဘန္တေ၊ လောကီဂုဏ်ကိုပြစ်၊ သိလအနှစ်ကိုသာ၊ ချစ်ခင် လေးစား၊ ဝေးရပ်များမှ၊ အားကျိုးမာန်တက်၊ မပျက်ကွက်ဘဲ၊ လက်လက်ဝင်းပြောင်၊သိလရောင်ဖြင့်၊ အမှောင်ခွင်းခွါ၊ ကြွလာကြ၍၊ အို-အသျှင်ကောင်း အသျှင်မြတ်တို့ဘုရား။ အဘတိကာရကာ၊ အခစားဝန်ထမ်း ရဟန်းမဟုတ် ကိုပိုင်ဝန်ထမ်းဖြစ်ကြကုန်သော၊ ယေ၊အကြင်လဇ္ဇီနွယ်ဝင်၊ သူတော်စင်ဖြစ်ကြကုန်သော ဒွါရဂိုဏ်းဝင်၊အသျှင်ကောင်း အသျှင်မြတ်တို့သည်၊ဝိမုတ္တိသုခကာမာဝ၊ ကိုယ်ပိုင်လွတ်လပ်ရေး ချမ်းသာကို လိုလားကြကုန်သည်ဖြစ်၍သာလျှင်၊ သာသနေ၊ လက်ဖြစ်ခတ်တီးအံ့ချီးဘွယ်ရာ သာသနာ၌။ မလံ-ကိလေသာရန် ဘေးဒဏ်ရှုတ်ထွေး၊ သာသနာ့အညစ်အကြေးကို။ယုဇ္ဈန္တိ၊ သူရှုံးငါနိုင်၊ပြိုင်ဆိုင်တိုက်ခွင်း၊ စစ်ဗျူဟာခင်းကျင်းလျက်၊ ထန်ပြင်းစွာတိုက်ခိုက်၍နေကြကုန်၏။ တေ-ထိုကိုယ်ပိုင်ဝန်ကိုထမ်း၊ ရဟန်းကောင်း ရဟန်းချွန်၊ ဒွါရအမွန်တို့သည်။ သင်္ဂါမဝစရာ၊ မကြောက်မရွံ့၊ နောက်တွန့်မငင်၊ စစ်မြေပြင်၌၊ ထွင်ထွင်ချတ်ချိုင်၊ စစ်အောင်နိုင်သော ကိုယ်ပိုင်စစ်သူရဲကောင်းကြီးတို့ပေတကား။

၆။ ခန္တိဝုဓေဟိတိက္ခေဟိ၊ အာဂန္တွာန္တိ မဟာရဟံ၊
အတ္တနော ဝသနောကာသာ၊ နာနာဒေသနိဝါသိနော။ ။

၇။ သန္နိပါတမဟာသာဘံ၊ အာဂန္တွာ ဘန္တေ သမံသမာ၊
ဘောန္တော၁ဝတဍဍာတမှေ ယေတေဒက္ခန္တိနာဂရာ။ ။

ဘန္တေ၊ ဘုန်းတော်နေဝန်း၊ ထွန်းလင်းတောက်ပ၊ အရောင်ရသော၊ ဒွါရဝါဒီ၊လဇ္ဇီသိလဝန်၊ အသျှင်မွန် အသျှင်ကောင်းတို့ဘုရား။ နာနာဒေသနိဝါသိနော၊ အထူးထူးသော အရပ်မျက်နှာ၊ မြို့ရွာဒေသ၊ ဟူဟူသမျှ၌၊ ယာပိုက်ရှင်ပြိုး၊ နှလုံးမွေ့လျော်၊ စမ္ပယ်တော်မူကြကုန်သော၊ ယေထေရာ၊ ထေရ်ကြီး ထေရ်ငယ်အသွယ်သွယ်တို့သည်၊ အတ္တနော၊ မိမိ-မိမိ၏၊

www.dhammaransi.com



ဝသနောကာသာ၊ ဝေးလံရပ်ခြား၊ အထူးထူးသော့နေရာများမှ။ တိဂ္ဂေဟိ၊ ထက်စွာသွေး အစ်၊ ဖွေးဖွေးလျှပ်ကုန်သော။ ခဂ္ဂိဝုဓေဟိ၊ လာဘာလာဘာ၊ စံသည့်ရှစ်တန်၊ လောကဓမ် ကြောင့်၊ ပေါ်ပြန်ယွင်းမှား၊ မရှိငြားဘဲ၊ စိတ်ထားမပျက်၊ သည်းခံခြင်းလက်နက်တို့ဖြင့်၊ မဟာရဟံ၊ အလင်္ကြိနုဿိ၊ ပုတ်ညှိဟော့ရမ်း။ သော့သွမ်းညစ်ညစ်၊ အောက်တန်းစားဖြစ် သော၊ အခစား၀န်ထမ်း၊ ရဟန်းများနှင့်မတန်၊ရန်မာန်မရှိ၊ ပကတိပြုလွင်၊သူတော်စင်ခတ်၊ မြင့်မြတ်သော ရဟန်းတော်တို့နှင့် သာထိုက်သော။ ဍာမံသန္တိပါတမဟာသဘံ၊ သံယုတ္တမ္ဘ၊ သံဃနာယက၊ ဍ္ဂါရဿာသနာပိုင်၊ ဦးကိုင်အုပ်စီး၊ ဆရာတော်မြတ်ဘုရားကြီးကို၊ဖွဲ့ချီးပူဇော်ချ ၍မဟာသန္နိပါတ သဘင်သို့။ သမံ၊ ကာယစိတ္တ၊ နှစ်ဝဿာမဂ်၊ အစုံဖက်၍၊ နှစ်သက်ကြည် ကြည်၊ ညီညီညွတ်ညွတ်။သမ္ဘာ၊ ဘယလာဘာ၊ ကုလကြဉ်ရှောင်း၊ ကောင်းမွန်စွာ။ အာဂန္တွတ်၊ ကြွလာတော်မူကြပါကုန်သည်ဘုရား။

ဘောန္တော ၁-ဒိုအချင်ကောင်း အချင်မြတ်တို့ဘုရား။ အာဂန္တွန္တော၊ စည်းလုံးညီညာ ကြွလာတော်မူကြပေကုန်သော။ တမ္မေ၊ သန့်ရှင်းစင်အောင်၊ ထုပ်ဆောင်ကျိုးပန်း၊ ကိုယ်ပိုင် ဝန်ကိုထမ်းဆောင်ကြငြား၊ အချင်မြတ်များတို့ကို။ နာဂရာ၊ ဟာသ်ဘတ မြို့သူမြို့သားဖြစ်ကြ ကုန်သော။ ယေဇနာ၊ သံဃာတော်အပေါင်းနှင့်တကွသော လူများအပေါင်းတို့သည်၊ဒက္ခန္တိ၊ ကြည်ညိုရွှင်လန်း၊ ပီတိဖြန်းသဖြင့်၊ ဝမ်းပန်းတာသာ၊ စိတ်မှာလိုက်ခံ၊ ဖူးမြင်ကြရပါကုန်၏ ဘုရား။ တေမယံ၊ ဂုဏဝန်, သီလဝန်, ပညာဝန်ဖြစ်တော်မူသော အချင်မြတ်တို့ကို မပြတ် ကြည်ညံ၊ သဒ္ဓါပုံလျက်၊ မာန်ဟုန်မကြွ၊ သုံးဍွါရဖြင့်၊ ညွတ်ခရိုကြိုး။ ရှိခိုးပူဇော် ဖူးမျှော် လိုက်ကြရကုန်သော ထိုတပည့်တော်တို့သည်။ ပညာဝတာ၊ ရှေးကုသိုလ်ကံ၊ ဘဝဂ်လျှံအောင်၊ ထက်သန်ထိန်ညီး၊ ဘုန်းကံကြီးကြပါပေကုန်၏ဘုရား။

ဂ။ ပမုဒိတံ ဘောဘာသန္တိ၊ နာဂရာ မင်္ဂလံ ကထံ၊
အတိပိယပသီဒိတွာ၊ သသံဃေန ဗဟူဇနာ။ ။

ဘန္တေ၊ သာသနာ အညစ်အကြေး၊ ရန်ဝေးရန်မွှား၊ အပြစ်များကို၊ ပယ်ရှားချတ်ထွင်၊ သုခ်သင်ရှင်းလတ်၊ အချင်ကောင်း အချင်မြတ်တို့ဘုရား။ တေ-ဍွါရဿာသနာဝင်၊ အချင် မွန် အချင်ကောင်း၊ သံဃာတော်မြတ်အပေါင်းတို့အား။ သသံဃေန၊ သံဃာတော် အပေါင်း နှင့်တကွ။ နာဂရာ၊ ဟာသ်ဘတမြို့သူမြို့သားဖြစ်ကြကုန်သော။ ဗဟူ၊ ရေတွက်ပိုင်းခြား။ သင်္ချာ အားဖြင့်၊ တပါးမက၊ များလှကုန်သော။ ဇနာ၊ လူများအပေါင်းတို့သည်။ အတိပိယာ၊ သာမန် စိတ်ထား၊ မဟုတ်ငြားဘဲ၊ နိုးကြွားထန်ပြင်း၊ လွန်လွန်မင်းမင်း။ ပသိဒိတွာ၊ သဒ္ဓါဇော်ကြွ၊ သောမနဖြင့်၊ အားရမြူးခုံ၊ ကြည်ညိုကြပါကုန်သောကြောင့်။ ပမုဒိတံ၊ ရွှင်လန်းကြည်နူး၊ ပီတိထူးဖြင့်၊ ဖူးလို့မဝ၊ အားရမရှိ၊ သတိမကွာ၊ ဝမ်းမြောက်စွာ။ မင်္ဂလံကထံ၊ အကုသလ၊ ပါပညစ်ကြေး၊ အပြစ်ဘေးတို့ကို၊ ဆေးကြောရှင်းဘိ၊ ပကတိကင်းစင်။ ပြုလွင်တောက်ပ၊ ပမုဒိတကထာ၊ မင်္ဂလာစကားကောင်းကို။ ဘာသန္တိ၊ ကြည်ညိုင်နီးင်နီး၊ သဒ္ဓါပန်းဖြင့်၊လန်း

www.dhammaransi.com



လန်းဝေဆာ၊ စိတ်မှာလိုက်လိုက်၊ လွန်နှစ်ချိုက်၍၊ ဖိုလိုက်အထူး၊ ဝမ်းသာကြူးလျက်၊ ကြည်နူးဖြာဖြာ၊ ဝမ်းသာမဆုံး၊ ဝမ်းသာလုံးဖြင့်၊ တပြုံးပြုံးဝမ်းသာ၊ မျိုသိပ်၍မရပါသဖြင့်ဝမ်းသာစွာ ဘာသိကြွားလျှောက်ထားကြပါကုန်သည်၊ ဒွါရဝါဒီဂိုဏ်း၊ သရိုင်းတန်ဆောင်၊ အရှည်ပြောင်အောင်၊ ကြံဆောင်ထိမ်းမှတ်၊ အညှာင်ကောင်း အညှာင်မြတ်တို့ဘုရား........

---

၁၃၁၇-ခု

# ဒွါရဝါဒီဂိုဏ်းလုံးဆိုင်ရာ

## မဟာသန္နိပါတ သံဃအစည်းအဝေး၌

# ဟင်္သာတမြို့

## ရေတံခွန်ကျောင်းတိုက်

# ဒုတိယ မဟာနာယက ဆရာတော်ဘုရားကြီး၏

# သမုတ္တေဇန-သမ္ပဟံသန

# ဩဝါဒမိန့်ခွန်းတော်

**********

ဘုရားရှင်သာသနာ၌၊ အာဘာတော်ခမ္မစက်ဖြင့်၊ မြင့်တက်၍လာကြသော၊ ထေရ-မဇ္ဈိမ၊ နဝ-အသွယ်သွယ်၊ ကြီးလတ်ငယ်နှင့်၊ အရွယ်ထွေဆန်း၊ ရဟန်းဟူသမျှတို့မှာ၊ သမဏာအသွင်၊ မဆင်မိဦးစွာ၊ ရှေးဖျားအခါကပင်လျှင်၊ ။

အပ္ပံဝါ ဘောဂက္ခန္ဓံ ပဟာယ၊
မဟန္တံဝါ ဘောဂက္ခန္ဓံ ပဟာယ၊
အပ္ပံဝါ ဉာတိပရိဝဋ္ဋံ ပဟာယ၊
မဟန္တံဝါ ဉာတိ ပရိဝဋ္ဋံ ပဟာယ၊

မိန့်ဟာဓမ္မက္ခန်၊ ကျမ်းဂန်ဟျော်စွာ၊ ဥစ္စာပိုင်ပြီး၊ အသီးသီးနှင့်၊ သွေးနီးသွေးဖျား၊ ဆွေမျိုးများကို၊ ပယ်ရှားမညှာ၊ စွန့်ခွါခဲ့ရ၍၊ လူစဉ်ကစပ်တော်ဘိ၊ မွေးမိမွေးဘ၊ နှမသားချင်း၊

www.dhammaransi.com



ညီနောင်ခပင်းတို့မှာ၊ ရင်းနှီးသည့်အရာမဝင်၊ ဆင်းသွင်မတူ၊ ကျင့်မှုမမျှ၊ သဘာဝခြားနား၊ ကွဲပြား ကင်းရှင်းလေပြီမို့၊ ရှေးဆီကာလ၊ သမ္ဘိနိပါတ၊ သောဏက ဇာတ်တော်ခန်းတွင်၊ ရဟန်း ဘိက္ခု အမည်နာမကို။ အဓန၊ အမာတိက၊ အ-ပိတိက။ ခေါ်ကြသည့် ထုံးသက်သေများလည်း၊ ထင်ရှားရှိသည့် ခလျှောက်၊ ယိုဟောက်ဥစ္စာ၊ ဆွေဉာမပျို၊ မိဘချိုသည့်၊ ရဟန်းတို့ဘောင် မှာ၊ ဖန်ဝါရောင်သွင်မှုနှင့်၊ ဒုယူသိလ၊ တူမျှမကင်း၊ သိတင်းသုံးဘော်ချင်းအားပေးလျက်၊ အရေးနှင့်ဆုံ၊ မှုခင်းကြုံက၊ ဝါးရုံကျူရုံ၊ ရုံယှက်ဒုံသို့၊ ထိုပုံနှိုင်းဆွယ်၊ တဦးဝယ်တဦး၊ ပူးပေါင်း ပံ့ထောက်၊ စောင့်ရှောက်ကူညီသင့်ကြသည်။ သုံးလောကဘုံတိုက်တွင်၊ မကိုက်ဥသျှောင်၊ ထွတ်ဘုန်းခေါင်သာကိန်နတ်၊ မျိုးဥက္ကာဋ်မြတ်ရှင်ကျော်မှ၊ ညီစော်နံ့ဖုံး၊ တကိုယ်လုံးပေါက်ကွဲ၊ သွေးသံရဲနှင့်၊ ယိုရွဲပြည့်စီး၊ ရွံ့ဘွယ်ကြီးဟု၊ လန့်ငြီးစရာဖြစ်ဘိသော၊ ပုတိဂတ္တ တိဿမည် သော ရဟန်းအား၊ မြတ်ပန်းကရုဏာ၊ ချပ်မုံအာလျှင်၊ ဂန္ဓာထုံကြိုင်၊ သင်းပျံ့လှိုင်နှင့်၊ ကိုယ် တိုင်ရေနွေး၊ ကြိုချက်ပေး၍၊ ကပ်စေးထူပြစ်၊ သင်္ကန်းညစ်တို့ကို၊ စိမ်နှစ်ဖွပ်လျှော်စေခြင်း။ ကိုယ်ကိုလည်း သွန်းချိုး၍ပေးခြင်းတို့ဖြင့်၊ သန့်ရှင်းအောင်ပြုပြင်၊ သုတ်သင်တော်မူခဲ့သုံးကို၊ နှလုံး၌သွင်း၍၊ အချင်းချင်းကူဖေး၊ စောင့်ရှောက်ရေးကို၊ အလေးပြုကြရာသည်။ ။ဆရာနှင့် တပည့်၊ ဆက်ဆံအပ်သည့် သဘောလည်း။

> အာစရိယော ဘိက္ခဝေ အန္တေဝါသိကမှိ ပုတ္တစိတ္တံ ဥပဋ္ဌာပေဿတိ၊
> အန္တေဝါသိကော အာစရိယမှိ ပိတုစိတ္တံ ဥပဋ္ဌာပေဿတိ၊ ဧဝံ တေ-
>
> အညမညံ သဂါရဝါ သပ္ပတိဿာ သဘာဂ ဝုတ္တိနော ဝိဟရန္တာ
> ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိဿန္တိ။

ဘိက္ခဝေ၊ ပိညတ်ကာယ၊ တပါးမျှဖြင့်၊ ဟာရစားစာ၊ ဖွေရှာသမှု၊ တောင်းခံပြုသည့်၊ ဘိက္ခုမည်ဆန်း၊ အိုရဟန်းတို့။ အာစရိယော၊ အာလျှင်ပုဇ္ဇ၊ ဓါတ်စရနှင့်။ ဣလယ ပစ္စည်း၊ သုံးပါး တည်း၍၊ ခေါ်နည်းသာတင့်၊ ဂုဏ်ကြီးမြင့်သား၊ ကျင့်ရေးကျင့်ရာ၊ သိလိမ္မာအောင်၊ မိန့်မှာ ညွှန်ပြ၊ ဆုံးမတတ်စွာ၊ မြတ်ဆရာသည်။ အန္တေဝါသိကမှိ၊ မကွာနှီးရင်း၊ တူပေါင်းသင်းသည့်၊ အတွင်းနေတပည့်၌။ ပုတ္တစိတ္တံ၊ ဆဆကြင်လေး၊ ပိုက်ချီမွေးသည့်၊ ရင်သွေးတမူ၊ သားဟူ သောစိတ်ကို၊ ဥပဋ္ဌာပေဿတိ၊ အစဉ်သနား၊ ထားရှိနိုင်သည်ဖြစ်အံ့။ အန္တေဝါသိကော၊ အတွင်းနေတပည့်သည်။ အာစရိယမှိ၊ တတ်မြောက်စေချင်၊ သွန်သင်မိန့်မှာ၊ မြတ်ဆရာ၌၊ ပိတုစိတ္တံ၊ ချမ်းရိပ်ပြန့်ကျယ်၊ ပင်နှယ်ပုံထောက်၊ မှီခိုလောက်အောင်၊ စောင့်ရှောက်ပြုပြင်၊ ဘခင်ဟူသောစိတ်ကို၊ ဥပဋ္ဌာပေဿတိ၊ ယုံကြည်ကိုးစား၊ ထားရှိနိုင်သည်ဖြစ်အံ့။ ဧဝံ၊ ဤသို့ သောနည်းအားဖြင့်၊ ထားရှိနိုင်သည်ရှိသော်။ တေ၊ စိတ်ထားတော်တည့်၊ ထိုဆရာတပည့်တို့ သည်။ အညမညံ၊ ပြန်လှန်တုံ့လှယ် ဆက်သွယ်ကူးလူး၊ တဦးကတဦးကို။ သ-ဂါရဝါ၊ ကိုယ် နှုတ်ဖြစ်ဝန်၊ မလွန်မကျူး၊ အထူးတလည် ရိုသေခြင်းရှိကြကုန်သည်ဖြစ်၍။ သပ္ပတိဿာ၊ ခိုက် ရန်မပွါး၊ ငြင်းပယ်ရှားလျက်၊ စကား ကို နား ထောင် ခြင်း ရှိ ကြ ကုန် သည် ဖြစ် ၍။ ဝါ၊

www.dhammaransi.com



သပ္ပတိသဒ္ဒာ၊ လေးမြတ်နှစ်လို၊ ကြွင်ချစ်ပိုလျက်၊ မှိုခိုအားကိုးကြကုန်သည်ဖြစ်၍။ သဘာဂ ဝုတ္တိနော၊ ဆန့်ကျင်ကင်းပ၊ တူမျှသော အသက်မွေးခြင်းရှိကြကုန်လျက်။ ဝိဟာရန္တာ၊ ညီညွတ်ဆင်ပြေ၊ နေကြကုန်သည်ရှိသော်။ ဗုဒ္ဓမသိဗ္ဗံ ဓမ္မဝိနယော၊မြတ်ရှင်ဗုဒ္ဓ၊ ဆုံးမမိန့်မှာ၊ ဤသာသနာ၌။ ဝုဋ္ဌိံ၊ စီးပွါးကိုယ်ကျိုး၊ ဆင့်ဆင့်တိုးလျက်၊ ဖွံ့ဖြိုးကြီးကျယ်ခြင်းသို့။ ဝိရုဠိံ၊ ကုသိုလ်တရား၊ မဆွံ့ရှားဘဲ၊ ပွါးများစည်ပင်ခြင်းသို့။ ဝေပုလ္လံ၊ မဂ်ဖိုလ်ဆိုက်၊ နိဗ္ဗာန်ခိုက်အောင်၊ သိုက်မြိုက်ပြန့်ပြောခြင်းသို့။ အာပဇ္ဇိဿန္တိ၊ ဆိုင်ရာဝတ်ပြု ကောင်းမှုသီလ၊ ပင့်ချီမ၍၊ ရောက်ကြရကုန်လိမ့်။ ။သာငြိမ့်နာပျော် သံရှစ်တော်ဖြင့်၊ ဂုဏ်ဆမ်ဘဂဝန်၊သဗ္ဗညုမြတ်ရှင်မွန်တို့၊ မိန့်-ညွှန်တော်မူသည့်အတိုင်း၊ မရိုင်းသောစိတ်နေ စိတ်ထားရှိသင့်ကြသည်။ ။

ဆရာ အမိပွါယ်လာ၊ အက္ခရာနှစ်ခု၊ ပုဒ် ဂရုန္ဓိ၊ ဥ-ကို အဝ၊ပြုတုံကလျှင်၊ ဂါရဝ တဖန် ပြီးလေပြန်ခဲ့၊ နှစ်တန်ယှက်ဆုံ၊ ဆက်ကြပုံလည်း။ ။ဂရုံ ဂါရဝ ဘာဇနံ။ ။မိန့်သံကိုမြော် ကြည့်လျက်၊ တပည့်အနက်ရ၊ သာဝကနှင့်၊ ဘိဿ-သောတု၊ စုစုတွေပြား၊ အမည်များကို ထည်း၊ ဓါတ်အားဖြင့်ကြီးဆမူ၊ သဝနတ္ထပေါ်ထင်၊ သု-မှ-ပင်ဖြစ်လာ၍၊ ဂါဝရပြုရာဂရုကို၊ လေးမြတ်မှုလွန်ကဲစွာ၊ အဆုံးအမကိုနာမှ၊ မည်သည်သာမာလာမွေးနှင့်၊ တပြေးတည်း ညီမျှလျက်၊ ဒသနိပါတ်၊ ထေရ်မြတ်ဂေါတမ၊ မြွက်ဟာဂါထာ၊ မိန့်အမှာထွင်။

သုဿူသာစ ဂရူနံ၊
ဧတံ သမဏာဿ ပဋိရူပံ။

ဂရူနံ၊ ကြောက်ရွံ့ခန့်ညား၊ အရေးထားလျက်၊ လေးစားအပ်ရာ၊ မြတ်ဆရာတို့၏။ ယာ သုဿူသာစ၊အကြွင်ဆုံးမ၊ဩဝါဒစကားကို၊မှတ်သားနာယူခြင်းသည်လည်း။အတ္ထိ၊ရှိ၏။ ဧတံ၊ ဤသို့ကြည်ဖြူ၊ အဆုံးအမကိုနာယူခြင်းသည်။ သမဏာဿ၊ ကိလေသာဟူ၊ ခိုးငွေ့လူ နှင့်၊ ရှိန်ပူလျှံဝေ၊ မီးဆယ်တွေကို၊ ငြိမ်းစေလို့လ၊ ကြိုးပမ်းရသည့်၊ ကြီးစွလုပ်ငန်း၊ ရှင်ရဟန်းအား။ ပဋိရူပံ၊ ကျောင်စွယ်မုတ်ဆိတ်၊ ဦးဆံမြိတ်ကို၊ ပယ်ရိတ်သုမ်သင်၊ ဖန်ဝတ်ဆင်သည့်၊ အသွင်နှင့်မသွေ၊ သင့်လျော်ပေ၏။ ။ရှိသေသည့် ပါဠိအထွက်နှင့်၊ လိုက်ဘက်မကွာ၊ ဆရာ မြတ်နှုတ်သံကို၊နာခံမြတ်လေး၊ ရိုသေပေးမှ၊ ယဉ်ကျေးရာရောက်ကြမည်။ ။ထို့ပြင်တသွယ် နိကာယ် ခုဒ္ဒက၊ သုတ္တနိပါတ၊ ပါဠိစနစ်၌၊ ကိံသီလမည်သောသုတ်မှာ......

ကာလညူစဿ ဂရူနံ ဒဿနာယ။ ။

ဂရူနံ၊ ဘိလ သမာဓိ၊ စရိုရုံညီ၊ ဂုဏ်ဆိဂုဏ်နှစ်၊ ထုံနှစ်ပြည့်လေး၊ ဆုံးမပေးသည့်၊ ကျေးဇူးများဖြင်၊ ဆရာရှင်တို့ကို။ ဒဿနာယ၊ သဒ္ဒါလှိုင်းမ၊ ပြိုင်းပြိုင်းထလျက်၊ စောကြွကွန့် မြူး၊ ညွှတ်ကြည်နူးနှင့်၊ ဖူးမြင်ဖော့ဌါ။ ကာလညူစ၊ သတိဥာဏ်မပေါ့၊ မေ့လျော့ကင်းကွာ၊ အခါ ကိုသိလေ့ရှိသည်လည်း။ အဿ၊ သူမြတ်ပြီစွာ၊ ဖြစ်လေရာ၏။ ။ဂါထာ၌နှယ်၊ ဆန်းတကြယ် ဖြင့်၊ နာဘွယ်ရည်ပို၊ အဆိုအလာရှိသည်သည်းတဖြာ။

www.dhammaransi.com



ကာလေန ဂန္ထေ ဂရုနံ့ သကာသံ။
ထမ္ဘံ့ နိရံ ကတွာ နိဝါတ ဝုတ္တိ။

ကာသေန၊ အကြောင်းသင့်-ဒူခွင့်သာ၊ လျောက်ပတ်သောအခါ၌။ ထမ္ဘံ၊ ကြွပ်ဆတ်ဗိဆန်၊ မြင်းရိုင်းဟန်သို့၊ စိတ်ထန်ရုန့်ရင်း၊ တက်ကြွခြင်းကို။ နိရံကတွာ၊ ရှင်းရှင်းသန့်အောင်၊ ပယ်ခွါရှောင်၍။ နိဝါတဝုတ္တိ၊ ဥသဘမျိုး၊ ဦးချိုကျိုးနှင့်၊ မြွေဆိုးစွယ်ကျ၊ ပုံတမျှလျှင်၊ နှိမ့်ချအပ်သော အကျင့်ရှိသည်ဖြစ်၍။ ဂရုနံ၊ ကိုယ်ရေးနှုတ်ရာ၊ ကျင့်အာစာနှင့်၊ ပညာနက်လေး၊ နို့ချိုကျွေး၍၊ မွေးမြူတတ်စွာ။ မြတ်ဆရာတို့၏။ သကာသံ၊ သိတင်းသုံးပျော်မှီ၊ ထံတော်ဆီသို့။ ဂန္ထေ၊ ဆည်းကပ်အံ့ဌါ၊ ခိုဝင်ရာ၏။ ။ခြင်းရာ၌သို့၊ နှစ်မြို့ဘွယ်ချည်း၊ နှစ်ပို့နိစည်းလျက်၊ သိပ်သည်းဩဝါ၊ လာရှိသည့်လည်းတတွေ၊ ဤဒေသနာများနှင့်လျော်စွာ၊ ဆရာမြတ်အရှင်တို့ကို ဖူးမြင်ရန်အခါကို သိလေ့ရှိခြင်း။ ။မနူးမည့်၊ ကြို့ကြို့ခိုင်တင်း၊ ရုန့်ရင်းကြမ်းရှ၊ ထမ္ဘခေါ်သော အကျင့်ဆိုးကို၊ ပယ်ချိုးစွန့်ခွါခြင်း။ ။နိဝါတ၊ ဝုတ္တိဆိုရ၊ နှိမ့်ချအပ်သော ကိုယ်အမူအရာ နှုတ်အမူအရာရှိခြင်း။ ။ဆရာမြတ်တို့ ထံတော်မှောက်သို့၊ ဝင်ရောက်ညွတ်ခလျက်၊ ဆုံးမတော်ခိုင်ပန်း၊ လန်းလန်းမွှေးကြူကို၊ ခံယူပန်ဆင်ခြင်း တရားအပေါင်းတို့မှာ၊ သူကောင်းသူမြတ်တို့၏ ကျင့်ရိုးကျင့်ရာ၊ အစဉ်အလာများပင်ဖြစ်လေသည်။ မျက်မာန်ပယ်ခွါ၊ ရှိသေစွာဖြင့်၊ မူရာပျောင်းပျ၊ ခ-ယညွတ်ကျိုး၊ ကုသိုလ်မျိုး၏ အကျိုးထူးပိသောသကိုလည်း။

နိဝါတ ဝုတ္တိ အတ္တဒ္ဓေါ၊ တာဒိသော လဘတေ ယသံ။
မိန့်သံရှိသည်လည်း တချက်။

သတ္တုထွာ သတ္တုတော ဟောတိ၊ ဂရုကော ဟောတိ ဂါရဝေါ။
အဟောရှိသည်လည်းတမူ

ပူဇကော လဘတေ ပူဇံ၊ ဝန္ဒကော ပဋိဝန္ဒနံ။

မြမြိုနှုတ်ပွက်၊ အထွက်အလာ၊ထိုမှာဤမှာ၊ သိင်္ဂါလ သုတ္တန်၊ တေမိယ ဇာတ်တော်များ၌၊ အထင်းသားတွေ့ရလျက်။

ယဿ သဗြဟ္မစာရီသု၊ ဂါရဝေါ ဥပလဗ္ဘတိ။
နပိဟာယတိ သဒ္ဓမ္မာ၊ မစ္ဆော ဗဒ္ဓေါဒကေ ယထာ။ ။

ယဿ သဗြဟ္မစာရီသု၊ ဂါရဝေါ ဥပလဗ္ဘတိ။
သောဝိရူဟတိ သဒ္ဓမ္မေ၊ ခေတ္တေ ဗီဇံဝ ဘဒ္ဒကံ။ ။

ယဿ သဗြဟ္မစာရီသု၊ ဂါရဝေါ ဥပလဗ္ဘတိ။
သန္တိကေ ဟောတိ နိဗ္ဗာနံ၊ ဓမ္မရာဇဿ သာသနေ။ ။

www.dhammaransi.com



ထေရဂါထာ၊ ပါဠိတော်သတ္တကတွင်၊ မဟာနာဂအရှင်မြတ်၊ မိန့်မှတ်စကား၊ အထောက်အထားလည်းရှိလေသည်။

ထောင်ခြည်လျှံလက်၊ ဖန်ရွှေစက်လျှင်၊ မြောက်ဘက်လမ်းခွင်၊ တက်ဝင်လှမ်းပြု၊ ချမ်းမှုမသည်း၊ ယုတ်လျော့နည်း၍၊ ပူလည်းပျိုးစ၊ နှစ်ထွေမျှသျှက်၊ ပင်လှပေါက်လဲ၊ ပွင့်ရဲရဲနှင့် သဲသဲပွက်လျှံ၊ ရေက်သံဖြင့်၊ ကျွက်ညံ့စီစီ၊ ခုနစ်လီကြီးပွား၊ မြက်မျိုးများတွင်၊ မင်းဖျားဆိုရ၊ တိဏရာဇာ၊ ပင်မဟာလည်း၊ စိမ္ပြာရိုးခိုင်၊ ဖူးတန်လှိုင်သော်၊ ကလိုင်စွဲဆောင်၊ ထားနှီးမြောင်နှင့်၊ ရင်းထောင်ကြီးရှင်၊ လုပ်ငန်းတွင်လျက်၊ ကောင်းကင်ထက်တိုင်း၊ မိုးရပ်ပိုင်းဝယ်၊ တိမ်ထိုင်းသာယာ၊ စန္ဒာရဟာတ်၊ ငွေပြာသန်နှင့်၊ နက္ခတ်မာဃ၊ ယှဉ်ပြိုင်ပသည့်၊ လ မြတ်တပို့တွဲ၊ နှစ်စဉ်စွဲ၍၊ ကျင်းပမြဲစဉ်အလာ၊ မဟာသန္နိပါတ အန္တရသန္နိပါတ ခမ်းအနားတို့ကြောင့်၊ များပြားပေါ်ယယ်၊ အနယ်နယ်စုံလင်၊ ဂိုဏ်းဝင် သံဃာချင်းဆုံတွေ့၊ ကြည်မွေ့နှင်ဝမ်း၊ ချစ်ကျွမ်းခင်မင်၊ သစ်လွင်အာရုံထူး ဖူးမြင်ရလျက်၊ အဓမ္မကိုအဓမ္မ၊ ဓမ္မ ကို ဓမ္မ၊ အဝိနယကို အဝိနယ၊ ဝိနယကို ဝိနယ၊ တထာဂတ အဘာသိတကို၊ တထာဂတ အဘာသိတ၊ တထာဂတ ဘာသိတကို တထာဂတ ဘာသိတ၊ တထာဂတ အနာစိဏ္ဏကို တထာဂတ အနာစိဏ္ဏ၊ တထာဂတ အာစိဏ္ဏကို တထာဂတ အာစိဏ္ဏ၊ တထာဂတ အပညတ္တကို တထာဂတအပညတ္တ၊ တထာဂတပညတ္တကိုတထာဂတပညတ္တ၊ ဟုတ်မှန်တိုင်းပြလျက်၊ ဒသဝတ္ထု၊ ဆယ်ခုမကွာ၊ အာဝေဏိက ကမ္မ၊ အာဝေဏိက ပါတိမောက္ခ၊ ကင်းစင်ပ၍၊ သမဂ္ဂလက္ခဏာ၊ ညီညွတ်စွာလျှင်၊

သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနဉ္စ အနုဂ္ဂဟော၊
သမဂ္ဂရတော ဓမ္မဋ္ဌော၊ ယောဂက္ခေမာ နဓံသတိ။
သံဃံ သမဂ္ဂံ ကတွာန၊ ကပ္ပံ သဂ္ဂမှိ မောဒတိ။

မာရဇိနွေနှုတ်၊ ဒသင်္ဂုတ်တွင်၊ ဟောထုတ်မိန့်မှာ၊ ချမ်းသာဥက္ကဋ္ဌ၊ မဟတ္တအကျိုးသွားကို၊ မှတ်သားယုံကြည်ကြလျက်။ ဆန္ဒစိတ်တူ၊ ထောက်ပံ့ကူသည့်၊ အလှူပျော်မွေ့၊ ကောင်းလှေ့ဝါသနာ၊ ဒါယကာ ဒါယိကာမတို့မှာလည်း။

မေတ္တေယျာ ဟောထ ပေတ္တေယျာ၊ ကုလေ ဇေဋ္ဌာ ပစာယိကာ။
သာမညာ ဟောထ ဗြဟ္မညာ၊ ဇ၀ံ သဂ္ဂံ ဂမိဿထ။ ။

ဓနပါလေ သေဋ္ဌိ၊ ပေတဝတ္ထုပါဠိတော်အရ၊ မိ-ဝတ်ကိုကောင်းစွာပြုခြင်းမေတ္တေယျ။ ဘ-ဝတ်ကိုကောင်းစွာပြုခြင်း ပေတ္တေယျ။ ။သက်ကြီးဆွေမျိုးတို့ကို၊ ရိုသေကော်ရော်၊ ပူဇော်ပသခြင်း ကုလေ ဇေဋ္ဌာ ပစာယိက။ ။ရဟန်းဝတ်ကို၊ ကောင်းစွာပြုခြင်း သာမည။ ။ပုဏ္ဏားဝတ်ကိုကောင်းစွာပြုခြင်း၊ ဗြဟ္မည။ ။ဒေဝခြောက်ဆင့်၊ နတ်ပြည်မြင့်သို့၊ လှမ်းနှင့်ရှိကြောင်း၊ ကောင်းမှုငါးမျိုး၊ ခေါ်ရိုးအပြားတွင်၊ လေးပါးမြောက် သာမည ကျင့်ဝတ်နှင့်ညီလျက်၊ သံဂီတိပရိယာယ သုတ်တော်ပါဠိ၊ အင်္ဂသုံးဖြာ၊ လာရှိရာကို။

www.dhammaransi.com



### ဓုဟာဓိ ဒက္ခိဏေ ယျက္ခိ

မွေ့သိမ်နှုတ်ဆိ၊ နဒီကာသာပ၊ မြစ်ထေရ၏၊ မြွက်ဟာသံဝါ၊ ဂါထာနှင့်ညီသချောင်၊ မိဘာမီးဟုဆိုအပ်သော အာဟုဏေယျဂ္ဂိ။ ။အိမ်သားအိမ်ရှင်မီးဟုဆိုအပ်သော ဂဟာပတဂ္ဂိ။ ။ရဟန်း ပုဏ္ဏား မီးဟုဆိုအပ်သော ဒက္ခိဏေယျဂ္ဂိ။ ။စွဲငြိပြိုက်ပြိုက်၊ လောင်မြိုက်စေတတ်၊ မီးသုံးပါးအမှတ်တွင်၊ တတ္တိယမှန်ဘိ၊ ဒက္ခိဏေယျမီး၊ ရှိန်ရှိန်ငြီးကို၊လေးကြီးဂရု၊ ရိုသေမှုဖြင့်၊ ယုယကြည်ဖြူ၊ ပူဇော်ရာလည်းရောက်၊ ထို့နောက်တဆင့်၊ ငါးမာန်ထွင့်သား၊ ရှင်ပင့်နှုတ်သံ။

### ဥဒ္ဒ သံဏော မြဟ္မဏာ

မိန့်တော်လာတိုင်း၊ ရပ်ဒိုသာခြောက်ခန်းတွင်၊ ရဟန်းတည်းဟူသော အကာအရံကို၊ ဦးထိပ်ဆံခေါင်းပေါ်ရွက်၊ အထက်ပိုင်းက ယူသည်မှန်၍၊ ဉာဏ်ပညာမြင်မြော်၊ သူတော်တကာတို့၊ စေတနာ ဗလဝ၊ ဝေဖြာကြွလျက်- ပွဲမ မဟာ၊ မင်္ဂလာသဘင်၊ ဤနှစ်တွင် အောင်ဖြန်ပြီတကားဟု၊ အားပါးတရ၊ ဝမ်းမြောက်ကြပါကုန်။

✧✧✧✧✧✧✧✧✧✧✧✧✧✧

# မိန့်ခွန်းတော်ကြီး

## ၁၃၁၇-ခုနှစ်၊ တပို့တွဲလအတွင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဒွါရဝါဒီ ဂိုဏ်းလုံးဆိုင်ရာ
နှစ်တရာမြောက် အထိမ်းအမှတ် ပူဇော်ပွဲ၌ ဟင်္သာတမြို့၊
မဟာဒွါရဝါဒီဂဏိသရ၊ သံဃနာယကမှူး၊ မဟာနာယက သာ
သနာပိုင် ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ
မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘုရားကြီး ဆရာတော်ဘုရား
ကြီး၏ ဩဝါဒမိန့်ခွန်းတော်။

အောင်သူတကာတို့၏ ထိ်ပြန်း။ ရဟန်းတကာတို့၏ ဥက္ကာ၌။ နတ်တကာတို့၏ သေဌ်နင်း။ အမင်းမင်းတို့၏ ဥဿျောင်၊ ဘုန်းခေါင်ထွတ်ဖျား။ လူသုံးပါးတို့၏ ပတ္တမြားသင်းကျစ်၊ ဓမ္မရာဇ်မှန်ကူ၊ သယမ္ဘူဖြန်၊ အတုလမိပတိ၊ သိရိသောဘဂ်၊ မဟာဂုဏ်၊ မနောလှုံ့သဖြင့်၊ ဥဏ္ဏာဂူဟာန်၊ ပုံ စံ မ ယွင်း၊ ဘုရားတည်းဟူသော နေ မင်း ကြီး သည်။ စကြာဝဠာပေါင်း၊ တသောင်းအရှိ၊ ဇာတိခေတ်နယ်၊ အိုင်မင်းလယ်၌၊ ကြီးငယ်နိမ့်မြင့်၊ ငံ့လင့်မြော်ကြ။ဝေနေယျတည်းဟူသော သတ္တပတ်မုံအာ၊ ပွေ့ကြာပန်း၊ ဖူးအငုံတို့ကို။သုံးပုံပိုင်းက၊ ငါးဝန်ကာယ်။

www.dhammaransi.com



ကိုးသွယ်အင်္ဂါ၊ ဓမ္မက္ခန္ဓာပေါင်း၊ ရှစ်သောင်းလေးထောင်၊ ခြည်အရောင်တို့ဖြင့်၊ ရည်ဆောင်ဘေးမဲ့၊ အရေးခဲ့၍၊ လေးဆဲ့ငါးဝါ၊ ကာလကြာအောင်၊ ကားကားစွင့်ဝေ၊ ပွင့်စေတော်မူခဲ့ရာဝယ်၊ သာသနပဗ္ဗတ်၊ ရဟန်းကြီးသုဘဒ္ဒ၏ (အလံ အာဝုသော မာသောစိတ္ထ၊ မာပရိဒေဝိတ္ထ) စသော စကားကို၊ ဖွဲနားတံကျင်၊ ငြောင့်ကြီးဝင်သ ကဲ့သို့၊ ထင်မြင်တော် မူလတ်ရကား၊ အသျှင်မဟာကဿပ၊ တတိယသားကြီး၊ ထေရ်ဖျားထိးသည်၊ ဓုဋ္ဌဒြီးမင်္ဂလာ၊ ဦးစွာအစ၊ ပထမသင်္ဂါယနာ တင်ကာပယ်ရှား၊ စော်ကားကြမ်းကြုတ်၊ ရန်ခလုတ်ကို၊ လှန်ထုတ်တော်မူသည့်တရထည်၊ (အနာဂတေသာသနံလဇ္ဇီ ရက္ခိဿတိ၊) ပဋိသမ္ဘိဒါပတ္တ၊ ခီဏာသဝ မြတ်စွာ၊ ရဟန္တာအသျှင်တို့၊ သံရှင်တွတ်တွတ်၊ ရွတ်ဘာသ်အပ်သည့်အားလျော်စွာ၊ မဟာဥပါလိ၊ ဝိနယဓရ၊ ထေရဂ္ဂမှ၊ ဝံသရိပ်ရာ၊ တိတ်ခကွာဘဲ၊ ပါရမီတော်ထူး၊ တဦးမတန်၊ ဥာဏ်ဇာန်၊ စိန္တာမျှနှင့်၊ တိက္ခဂန္တိ အမှျညီသည့်ပြင်၊ လဇ္ဇီဝံသာနုရက္ခိတ၊ ဝိနယကုက္ကုစ္စက၊ သိက္ခာကာမ၊ သဗ္ဗတ္ထကဗဟုသုတ၊ စသည်အစုံ၊ မကုန်နိုင်ပြား၊ ကျေးဇူးတော် ဂုဏ်တော်များနှင့်၊ ပွားလူးကုံလုံ၊ ပြည့်စုံထွန်းသစ်၊ အာဇာနည်စစ် ဖြစ်တော်မူသော ကျေးဇူးတော်ရှင်၊ အသျှင်ခုဂ်မိုရ် ဆရာတော်ဘုရားကြီးသည်၊ မီးကျီးမောင်းပျက်၊ လက်နက်တု လက်နက်ယောင်၊ လုပ်သေနပ်တို့ကို၊ စွဲမြဲစွာ ကိုင်ဆောင်လျက်၊ မာန်ထောင်ဝင့်ကြွား၊ ရမ်းကားလျက်ရှိနေကြသော၊ သာသနအညစ်အကြေး၊ ရန်လှေးရန်ဘက်၊ အကျင့်ပျက်ဒုဿီ၊ အလဇ္ဇီဟော့ရမ်း၊ သော့သွမ်းကြမ်းကြုတ်၊ ရန် ခ လုတ်ကို၊ တိုက်ထုတ်ရှင်းဘိ၊ သေနာပတိသဘွယ်၊ ရန် စစ် သည့်အသွယ်သွယ်ဘို့ကို၊ ရှင်းပယ်ဟန့်တား၍၊ မြတ်ဘုရားဖိန့်၊ မိန့်ကြား ဖွင့်ဟ တော် မူ သည့် (တိဿော ဓမ္မာဘိက္ခဝေ ဝဏ္ဏနာ၊ ကတမာ တိဿော၊ ကာယေန ဝါစာယ မနသာ၊ ဓမ္မာခေါ ဘိက္ခဝေ ဝဏ္ဏနာ) ဟူသော တိကင်္ဂုတ္တရ၊ သာမုက္ကံသိက အာဝုဓစက်၊ ထက်မျက် ထန်သည်း၊ လက်နက်ကြီးကို၊ အပြီးလက်ကိုင်၊ အချက်ပိုင်လတ်သောကြောင့်၊ ရအပ်သည့် ဓမ္မာနုဓမ္မာ၊ မဟာဒွါရဝါဒီ၊ သညီပြည့်လျှိုင်း၊ မဟာဒွါရဝါဒီ ဂိုဏ်းထော်ကြီးကို၊ သမိုင်းတန်ဆောင်၊ အရှည်ပြောင်လောက်အောင်၊ တည်ထောင်ဖန်ဆင်းတော် မူခဲ့ပေသတည်း။

ထိုသို့ ယထာဘူတ၊ ကောင်းမွန်လှသည့်၊ သဘာဝစက်၊ လက်နက်ကောင်းတို့ဖြင့်၊ မတိမ်းမစောင်းရအောင်၊ တည်ထောင်တော်မူခဲ့သော ဒွါရဝါဒီ ဂိုဏ်းကြီး၏၊ ကျိုင်းထိးတမွတ်၊ အထွတ်ဥသျှောင်၊ ဘုန်းခေါင်းညွှန့်ဖျား၊ ကျေးဇူးရှင် ခုဂ်မိုရ်ဆရာတော်ဘုရားကြီး၊ ညွှန်ကြားပြသ၊ နယပိသော၊ ဥပဒေလမ်းကြောင်း၊ စည်းမျဉ်းကောင်းတို့ကို၊ မတိမ်းစောင်းစေရ၊ နယဂ္ဂါဟ ဝါဒါနုဝါဒ၊ ပြုကြကုန်လျက်၊ သာသနဝံသ၊ သာသနပါလက၊ ဒွါရဂိုဏ်းဝင်သိဿာနုသိဿ ထေရ်အရှင်တို့သည်၊ သုတ္တာဂတ၊ သုတ္တပရိယာပန္န၊ ဓမ္မဝိနယ၊ သာသနလက်နက်၊ ဓမ္မစက်ဖြင့်၊ အချက်ပိုင်ပိုင်၊ မယိုင်မလည်း၊ ခိုင်ဖြိုးကြံ့ကြံ့၊ တည်တံ့ဘို့မြဲ၊ ညီညာဖျုဖျု၊ အားထုတ်ဆောင်ရွက်တော်မူကြရာ၊ ကာလတွက်စစ်၊ သက္ကရာဇ်အားဖြင့်၊ အနှစ်တရာတိုင်မြောက်၊ အချိန်ကာလသို့ ရောက်ခဲ့လေပြီတကား။

ဤသို့လျှင် အနှစ်တရာ၊ ရှည်ကြာမြင့်မောက်၊ အခါရောက်သဖြင့်၊ အံ့လောက် စရာ၊ ကြေငြာဓမ္မချီး၊ ပွဲကြီးသဘင်၊ ဆင်ယင်ကျင်းပ၊ ပြုလုပ်ကြရခြင်းမှာ။


www.dhammaransi.com

### ဟင်္သာတမြို့

# ဒုတိယ လယ်တီဆရာတော် ဘုရားကြီး

{သီရိရာဇိန္ဒ- အဘုလဒ်ပတိ- ကဝိဝရ-ဝိဇယညာဏ သဒ္ဓမ္မသေနာပတိ ဂဏိဿရ မဟာနာယက-ဂုရု} ဓာတုဒ္ဓသံယုတ္တဒ္ဓ-သံဃရာဇာ

## ''အဂ္ဂမဟာပဏ္ဍိတ-မဟာနာယက''



၁၂၂၂-ခုနှစ်၊ ပြာသိုလဆုတ် ၇-ရက်၊ ဗုဒ္ဓဟူးနေ့၌ ဖွားမြင်တော်မူ၍၊
၁၃၀၃-ခုနှစ်၊ တပို့တွဲလဆန်း ၁-ရက်နေ့ စံလွန်တော်မူသည်။
(၈၂×၆၃)
ဤဓါတ်ပုံနှင့် အလောက်ကို ဗြိတိသျှဘားမားမှ ကုသိုလ်ပြုပါသည်။

www.dhammaransi.com



(၁) ဒွါရဝါဒီ၊ ရန်မသိဘဲ၊ ဇာနည်သားကောင်း၊ သံဃာတော်များအပေါင်းသည်၊ ဒွါရဝါဒီဂိုဏ်းတော်ကြီးကို၊ ခိုင်မြဲပြိုးမောက်၊ တနိုးတောက်အောင်၊ စိုက်ဆောက် တည်ထောင်တော်မူခဲ့သော၊ ကျေးဇူးတော်ရှင် အသျှင်ထေရ်ကျော်၊ ဒုဂ်ဖိုရ် ဆရာတော်ဘုရားကြီးကား၊ သက်တော်ထင်ရှား၊မရှိပြားသော်လည်း၊ ထင်ရှားပင်ရှိတော်မူသကဲ့သို့ ပါတကားဟု၊ သတိတရား၊ ပွားများတော် မူနိုင်စေရန်ရင်း။

၂။ ယင်းသို့သတိတရား၊ ပွားများတိုးတက်၊ တနိုးထွက်သည်နှင့်အမျှ၊ ဂိုဏ်းချစ်စိတ်ထက်သန်၊ ဒွါရဇာတိမာန်တို့၊ လျှင်မြန်တိုးတက် ပြိုးပြိုးပြက်လျက်၊ ဓမ္မစက်သာသနာ၊ ရှည်ကြာစွာ တည်တန့်တော်မူစေရန်ရင်း။

၃။ အနှစ်တရာ။ ရှည်ကြာလေးမြင့်၊ အကျင့်သိက္ခာ၊ တူညီညာလည်း၊ နှောင်းခါကာလ၊ ဩသပ္ပနဘေးကို၊ တွေးတောမြော်မြင်၊ ကြိုတင်၍ ကာကွယ် စောင့်ရှောက်တော် မူနိုင်ကြစေရန်ရင်း။

၄။ ဝါဒီချင်းချင်း သမဂ္ဂ သမောဓါန ဖြစ်၍၊ သံဃာသာမဂ္ဂိ၏အကျိုးတရား၊ သုခများကို၊ ဒိဋ္ဌလက်ငင်း၊ ချက်ခြင်းတွေ့ကြုံ၊ ခိုလှုံခံစားတော် မူနိုင်ကြစေရန်ရင်း။

၅။ နောက်နှောင်းကာလ၊ ခါသမယဌ်၊ တဦးကိုတဦး၊ ကြည်နူးဘဝင်၊ ချစ်ခင်လေးစား၊ ကြည်ညိုမှုတရား၊ ပွားများကြသဖြင့် ကုသိုလ်တရား တိုးပွားတော်မူနိုင်ကြစေရန်ရင်း။

၆။ ငါတို့ကား ဘုရားသားကျော် ရဟန်းတော်တို့ပေတကား။ ရဟန်းတော်ဟု ဆိုရပြားလည်း သာသနမလ၊ ပါပညစ်ညို မတည်ဟော့ရမ်း၊ အကျင့်သော့သွမ်းသော ရဟန်းမည်ကာမတ္တ မဟုတ်ကြကုန်။ ဒုဂ်ဖိုရ်ထေရ်ကျော် ဆရာတော်ဘုရားကြီး၏ တပည့်စဉ်ဆက်သိသာ၊ သိသာ ဒွါရ ရဟန်းတို့ပေတကား-ဟု သမဏသညာ ဒွါရသညာတို့၊ တိုးတက်စည်ကား ပွားများကြ၍ ဒွါရဇ္ဈန္တေသိက္ခာကို ကောင်းစွာ စောင့်စည်းတော် မူနိုင်ကြစေရန်ရင်း။

၇။ ယခုအခါ၊ ဒွါရသာသနာတော်မြတ်ကြီး၊ ခိုင်ဖြိုးတိုးတက်အောင်၊ ဆောင်ရွက်စောင့်ရှောက်ကြရမည့်တာဝန်ကား၊ ငါတို့လက်သို့ကျရောက်၍ နေချေပြီတကား။ ထိုဒွါရ သာသနာတော်ကြီးကို၊ ခိုင်ဖြိုးတိုးတက်စေရန်၊ ရင့်သန်သော ပါရမီဉာဏ်ဖွဲ့ဖြင့်၊ အားခဲ၍ စောင့်ရှောက်ရန်မှာ၊ ငါတို့၏မလွှဲမရှောင်နိုင်သော တာဝန်ကြီးပါတကား။ ကြောက်ရွံ့ တွန့်ဆုတ်၍နေရန် မဟုတ်တော့ပါတကားဟု၊ သတိတရားမြဲစွာထားလျက်၊ အသက်နှင့် လဲကာ၊ ကာကွယ် စောင့်ရှောက်တော် မူနိုင်ကြစေရန်ရင်း။ အကြောင်းကြောင်းကို၊ မြော်ညောင်းဆင်ခြင်၊ သမ္မာဇဉ်ရှိကြသောကြောင့်သာ၊ ဤ အနှစ်တရာပြည့်မြောက်သည့်၊ အထိမ်းအမှတ်ပွဲတော်ကြီးကို၊ ဖွဲ့ချီးပြုမြင်၊ ဆင်ယင်ကျင်းပရခြင်း ဖြစ်ပေသည်။

ဆိုအပ်ပြီးသောရည်ရွယ်ချက်အကျိုး၊ ပွားတိုးစည်ကား၊ ကြီးမားရန် အကြောင်းမှာလည်း အထိမ်းအမှတ်ပွဲတော်ကြီးကို၊ ဖွဲ့ချီးကျင်းပကာမျှဖြင့်၊ အလိုရှိအပ်သော အကျိုးကို

www.dhammaransi.com



မချဆတ်ဆတ်၊ ရရှိအပ်မည်မဟုတ်ပေ။ တဦးနှင့် တဦး၊ တပါးနှင့်တပါး၊ အားထားခိုမှီ၊ ယုံကြည်လေးမြတ်၊ ကိုယ်စိတ်ကိုအပ်နှင်း၍၊ ချင်းချင်းကြည်ဖြူ၊ စိတ်တူကိုယ်မျှ၊ ပေါင်းသင်းဆက်ဆံရသော၊ သံဃာ၊ သာမဂ္ဂီဖြစ်မှသာလျှင်၊ မိမိတို့အလိုရှိအပ်သော အကျိုး၊ ဖွံ့ဖြိုးတိုးတက်၊ ရရှိပေရာသည်၊ သည့်မျှသာမဟုတ်သေး။

> ဧကောဓမ္မော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဗဟုဇန ဟိတာယ ဗဟုဇန သုခါယ ဗဟုနော ဇနဿအတ္ထာယ ဟိတာယသုခါယ ဒေဝမနုဿာနံ။ ကတမော ဧကောဓမ္မော။ သံဃသာမဂ္ဂီ။ သံဃေခေါ ပန ဘိက္ခဝေ သမဂ္ဂေ နစေဝအညမညံ ဘဏ္ဍနာနိ ဟောန္တိ။ နစအညမညံ ပရိဘာသာ ဟောန္တိ။ နစအညမညံ ပရိက္ခေပါ ဟောန္တိ။ နစအညမညံ ပရိစ္စဇနာ ဟောန္တိ။ တတ္ထအပ္ပသန္နာ နစ္ဆေဝ ပသီဒန္တိ။ ပသန္နာနစ္ဆေဝ ဘိယျော ဘာဝေါဟောတိ။ ။

ဟူသော ဓမ္မတိဂုဏ်ပါဠိတော်လာ၊ ဒေသနာအရ၊ သံဃာသာမဂ္ဂီ ဖြစ်သဖြင့်၊ များစွာသောင်းသောင်း နတ်လူပေါင်းတို့အား၊ ကောင်းမြတ်သော အကျိုးစီးပွား၊ ချမ်းသာတရား၊ ပွားများဖြစ်ထွန်းလေတော့သည့်ပြင်၊ မကြည်ညိုကုန်သေးသော သူတို့အားလည်း ကြည်ညိုခြင်း သဒ္ဓါတရား ဖြစ်ပွားပေါ်ပေါက်၍၊ ကြည်ညိုကုန်ပြီးသော သူတို့အားလည်း၊ ကြည်ညိုခြင်း သဒ္ဓါတရား အတိုင်းထက်အလွန်၊ ပွားတိုးလေတော့သည်သာတည်း။

ထိုမှတပါး၊ သုခါသံဃာသ သာမဂ္ဂီ ဟူသော ဓမ္မပဒ ဒေသနာတော်အရ၊ တူမျှသော စိတ်နှလုံးရှိကြကုန်သော၊ ရဟန်းတော် အသျှင်မြတ်တို့အား၊ မြတ်စွာဘုရားရှင်၊ ဟောကြားတော်မူအပ် ပိဋကတ်တော်မြွေ၊ ပို့ချသင်အံ ပြန်လှန် သရဇ္ဈာယ် ခြင်း၌ရင်း၊ ရှုတင်ပဒိုပတ်၊ အကျင့်မြတ်ကို မပြတ်မယုတ်၊ အားထုတ်ကျင့်ကြံခြင်း၌ရင်း၊ ရဟန်းတရားကို၊ ပွားများကြိုးကုတ်၊ အားထုတ်ခြင်း၌ရင်း၊ ချမ်းသာတော့သည်သာ ဖြစ်သောကြောင့် သံဃာသာမဂ္ဂီ၏ အကျိုးတရားကား၊ အလွန်ပင် များပြားလှတော့သည်။

သံဃာသာမဂ္ဂီ ဖြစ်ရန်အခင်း၊ အကြောင်းရင်းမှာလည်း၊ မေတ္တာကရုဏာ မုဒိတာ ဟူသော ဗြဟ္မဝိဟာရတရားသည်သာ၊ အားကြီးစွာသောအကြောင်း၊ ကောင်းစွာ ဖြစ်တော့သည်။ တဦးသည်တဦးအား၊ တပါးသည်တပါးအား၊ ကာယကံမေတ္တာ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာတို့ကို ပွားများခြင်း၊ မိမိအောက် ဘုန်းကံသမ္မာ၊ ချမ်းသာသုခ၊ နည်းပါးကြသူတို့အား၊ ကရုဏာကို ပွားများခြင်း၊ မိမိထက်ဘုန်းကံသမ္မာ၊ ချမ်းသာသုခ၊ ကြီးမားကြသူတို့အား၊ မုဒိတာကို ပွားများခြင်းတို့ကို၊ အသီးသီး အဝဝ၊ နိစ္စဒဝတ်၊ မချွတ်မယွင်း၊ ဖြည့်တင်းအားထုတ်ပါက သံဃာသာမဂ္ဂီ ဖြစ်ရန်အရေး၊ ခရီးမဝေးတော့ပေပြီ။

ထို့ကြောင့်ကျေးဇူးတော်သျှင် ဆုဂ်မိုရ်ဆရာတော်ဘုရားကြီးမှ၊ ပေါက်ပွားဆင်းသက်၊ အနွယ်အဆက်ဖြစ်၍၊ မညစ်မနွမ်း၊ သဟာဒရ၊ တကွသားချင်း၊ သီတင်းသုံးဘက်ခတွပါ

www.dhammaransi.com



တကားဟု၊ အားထားနှစ်လို၊ ကြည်ညိုစုံမက်၊ နှစ်သက်မြတ်နိုးကြပြီးလျှင်၊ ကာယကံ့မေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာတို့ကို ပွားများကြခြင်း၊ မိမိတို့အောက်၊ ဘုန်းကံသမ္ဘာ၊ ချမ်းသာသုခ၊ နည်းပါးကြကုန်သော ပုဂ္ဂိုလ်တို့အပေါ်၌၊ ကရုဏာတရားကို ပွားများခြင်း။ မိမိတို့ထက် ဘုန်းကံသမ္ဘာ၊ ချမ်းသာသုခ ရှိကြကုန်သော ပုဂ္ဂိုလ်တို့အပေါ်၌၊ မုဒိတာတရားကို ပွားများကြခြင်းတို့ဖြင့်၊ သံဃာသာမဂ္ဂီကို ပြုပြီးလျှင်၊ ဆိုလွယ်သောစကားရှိခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မာန်ထောင်လွှားမှု မရှိခြင်း၊ သံဃာဂိုဏ်းပုဂ္ဂိုလ်တို့အပေါ်၌ ကြမ်းတမ်းသော ပဂဗ္ဘယတရားမရှိခြင်း၊ ပိယစက္ခုဖြင့် ကြည့်ရှုခြင်း၊ ဟုတ်မှန်ကျိုးကြောင်း အပေါင်းလူ ဖိုလ်၊ နာလိုသောစကားကို၊ နူးညံ့ဖြည်းဆေး၊ ယဉ်ကျေးစွာ ပြောဆိုခြင်း၊ အစရှိကုန်သော ကောင်းသမှုဥဿုံ အလုံးစုံသော တရားတို့နှင့်၊ ပြည့်စုံလုံလောက်ကြလျက်၊ ကျေးဇူးသျှင် ဒုဂ်ဖိုရ်ဆရာတော်ဘုရားကြီးသည်၊ မိမိအသက်ကို မငဲ့ဘဲ၊ အလွန်အကျူးအနွှမ်းနယ် အပင်ပန်းခံတော်မူ၍၊ ဓါးတပြက် ဒုတ်တပြက် အတွေ့ဘသ အမျိုးမျိုးတို့၏ အလယ်၌၊ ကြီးကျယ်သော လုံ့လဖြင့်၊ ဥဿဟယွင်း၊ ဖန်ဆင်းတည်ထောင်တော်မူအပ်သော ဤဒွါရဝါဒီ ဂိုဏ်းကြီး၏၊ ပွားစီးရာ ပွားစီးကြောင်း၊ စင်ကြယ်ရာ စင်ကြယ်ကြောင်း၊ အရှည်သဖြင့် တည်တွန်းရာ တည်တွန်းကြောင်း၊ သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် မဟာ ကရုဏာ တော်အားလျော်စွာ ထုတ်ဖေါ်ဟောကြားတော်မူခဲ့သော သာသနာတော်မြတ်ကြီး၏ ပွားစီးရာ ပွားစီးကြောင်း၊ စင်ကြယ်ရာ စင်ကြယ်ကြောင်း၊ အရှည်သဖြင့် တည်တွန်းရာ တည်တွန်းကြောင်းတို့ကို စုပေါင်းဆွေးနွေးတော်မူကြလျက်၊ မဟာဒွါရဂိုဏ်း နှစ်ပေါင်းတရာပြည့် မြောက်သည့်အထိမ်းအမှတ်ပွဲသဘင်ကို၊ ဆင်ယင်တော် မူကြပါမည့်အကြောင်း ရှေးရှေးက သိန္နှင့်ဟောင်းတွင်၊ ယခုတဖန် ထပ်လောင်း၍၊ ကောင်းမြတ်သော ယောနိသော မနသိကာရ သမ္မာဆန္ဒစိတ်ထားဖြင့်၊ သာရဏီယကထာ ဩဝါဒစကား မိန့်ကြားလိုက်သည် သမဂ္ဂဂိုဏ်း ဝင် အသျှင်ကောင်း အသျှင်မြတ်တို့။

www.dhammaransi.com

# မိန့်ခွန်းတော်ကြီးများ

၁၃၁၇-ခုနှစ်၊ ဒွါရဝါဒီ ဂိုဏ်းကြီး တည်ထောင်
ဖွင့်လှစ်ခြင်း၊ နှစ်တရာမြောက် အထိမ်းအမှတ် ပွဲ၌
ဟင်္သာတမြို့၊ ရေတံခွန် ကျောင်းတိုက်၊ အဘိဓဇ
မဟာရဋ္ဌဂုရု ဒုတိယ မဟာနာယက ဆရာတော်
ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော်

သာသနာဟု ခေါ်ရသော ရှင်တော်မြတ်ဘုရား၏ မိန့်ဩဝါဒသနာ အဆုံးအမ နှုတ်ဩဇတို့မှာ၊ ပိဋက အားဖြင့် သုံးသွယ်၊ နိကာယ်ငါးဖြာ၊ အင်္ဂါကိုးခု၊ အနုစိတ်ရေတွက်မူ၊ မှတ်ချက်အပေါင်း၊ ရှစ်သောင်း ထိပ်ခေါင်ဝယ်၊ လေးထောင်စွန်းပေါက်၊ ပိုမိုရောက်အောင်၊ ကဲမောက်ပုံယင်၊ လွန်များဖြင်လျက်၊ သင်ယူရာဟူဘိ၊ ပရိယာပုဏ္ဏတ်၊ အနက်မှတ်ဖြင့်၊ ပရိယတ်မည်တွင်၊ ထိုလျှင်လျောက်ပတ်၊ အကျင့်မြတ်ဟု၊ ပဋိပတ်လည်းတတွေ၊ မဂ်ရေသန့်စင်၊ ရှစ်ပါးအင်နှင့်၊ စုံလင်မကွာ၊ ဥာဏ်လေးဖြာဖြင့်၊ သစ္စာခပင်း၊ ထိုးထွင်းမြင်သိ၊ ပဋိဝေဓ လည်းတခြား၊ ဤသို့အားဖြင့်၊ သုံးပါးအရေအတွက်ရှိရာ၊ ပရိယတ် မကွယ်ပျောက်အောင်၊ စောင့်ရှောက်ခြင်းအမှု၊ ပြုတုံလတ်က၊ ပဋိပတ်ဟုဆိုရ၊ သီလစရို၊ သမာဓိအလယ်၊ ပညာဝယ်ဆုံးထား၊ ကျင့်တရားသုံးစုံ၊ ခိုင်လုံမပျက်စီးဘဲ၊ ဝဋ်ကြီးသုံးတန်၊ ငြိမ်းရာမှန်သော၊ နိဗ္ဗာန်အမတ၊ ဘေးဘယကင်းကွာ၊ မြတ်ချမ်းသာကို၊ မှန်သေချာခံစားရမည် ဖြစ်ကြောင်း၊ ကျမ်းဟောင်းယုံဟန်၊ သိသာရန်မှာ။

သုတ္တန္တေ ရက္ခိတေသန္တေ။ ပဋိပတ္တိဟောတိ ရက္ခိတာ။
ပဋိပတ္တိယံ ဌိတောဓီရော။ ယောဂက္ခေမာ နဓံသတိ။

သုတ္တန္တေ၊ သုံးပုံပိဋကတ်၊ ပရိယတ်ဟု၊ ကျမ်းမြတ်ဥဿုံ၊ အလုံးစုံကို။ ရက္ခိတေ။ ပုန်ဗျည်းအက္ခရာ၊ သန့်ရှင်းစွာနှင့်၊ ကာလရှည်ဆက်၊ တည်မပျက်အောင်၊ အသက်နှယ်ကြောင့်၊ စောင့်ရှောက်လတ်ဘည်ရှိသော်။ ပဋိပတ္တိ၊ သီလာဒိက၊ ခန္ဓသုံးမျိုး၊ ကျင့်ရိုးထုံးမြတ်။ ပဋိပတ်ကို။ ရက္ခိတာ၊ ဘေးရန်မနှောင့်အောင်၊ စောင့် ရှောက်အပ်သည်မည်သည်။ ဟောတိ၊ အကြောင်းအလျောက်၊ ကျိုးရောက်မသွေ၊ ဖြစ်ရလေ၏။ ပဋိပတ္တိယံ၊ စာရိတ်ဝါရိတ်၊ ဆို့ပိတ်သီလ၊ မြစ်ခြေချလျက်၊ နိဝရဏဘေးရန်၊ ပယ်ခွါလှန်သည်၊ ဈာန်သမာပတ်ဆိုရ၊ သမထဟူဘိ၊ သမာဓိနှင့်၊ ဝိပဿနာကျင့်စဉ်၊ ပညာဆယ်မှတ်၊ ပဋိပတ်၌။ ဌိတော၊ သဒ္ဓါတက်ကြွ၊ လွန်ဆန္ဒနှင့်၊ လုံ့လခိုင်ကျည်၊ စွဲမြဲတည်သော။ဓီရော၊သံသရာဘေး၊ ဆင်းရဲရေးကို၊ မြော်တွေးမြင်သိ၊ပညာရှိသည်။ ယောဂက္ခေမာ၊ လေးမည်ယောဂ၊ ကုန်လျောကျလျက်၊လေးဝကြောင်းအင်၊ မပြုပြင်သည်၊ အသစ်တမှတ်ရာ၊ မြတ်ချမ်းသာမှ။ နဓံသတိ၊ ပျက်စီးရာပေ၊ မရှိသေ။

www.dhammaransi.com



တွက်ရေ ထောင်သောင်း၊ နွားများပေါင်းတွင်၊ သားကောင်းရစေ၊ ပဝေဏိ ပါလိကာ၊ နွယ်ဝံသာ စောင့်ရှောက်ပြု၊ ခေနွဲ့ချိုယွင်း၊ မျိုးဆက်ကင်းက၊ ယင်းသည့်သင်းခုဝ်၊ လျှင်ချပ်မကြာ၊ မြန်စွာပျက်ရ၊ ပုံတမျှပင်၊ ရတာခရ၊ ထေရရှင်မွန်တို့၊ အလွန်ပင်ပွား၊ ရေထွက်များလည်း၊ စကားတော် ပါဝစနကို၊ ပို့ချသင်ယူ၊ တတ်မြောက်သူ အလျဉ်ပြတ်က၊ ကျင့်မြတ်ထည်းအရှည်မတည်၊ လေးမည့်မဂ္ဂ၊ ဖလပိမုတ်၊ ဆုတ်ယုတ်ပျက်ပြားဘွယ်ရှိ၍၊ ပရိယတ်ကို ကန်ဘောင်မှတ်၊ ပဋိပတ်ကို၊ ကြည်သန့်ရေ၊ ပဋိဝေဓ ကြာနှင့်နိုင်း၊ ပုံခိုင်းလျက်သိအပ်ရာ၊ ပရိယတ်သာသနာ၊ ရင်းမူလမြစ်ခြေ၊ ဖြစ်လေသည့် သတ္တိကြောင့်။

ပရိယတ္တိ နူခေါမူလံ၊ သာသနဿ မဟေသိနော။
ဥဒ္ဒါဟု ပဋိပတ္တိတိ၊ ပရိယတ္တိတိ ဒ္ဒိပယော။ ။

မေးဖြေဂါထာ ပါဌ်။ ဆုံးဖြတ်အဆိုအလာ၊ ကျမ်းဂန်မှာ ထင်ရှားရှိသည်။

သတ္တဝါပုဂ္ဂိုလ်၊ စွဲဆိုမှတ်သား၊ ထင်မြင်မှားအောင်၊ လှည့်ဖြားတတ်ဘိ၊ မာနိဒိဋ္ဌိနှင့်၊ တစ်ပြိုင်တွယ်ယှက်၊ လောရမ္မက်က၊ ဒေါမျက်ဖျာပါ၊ အဝိဇ္ဇာမှောင်ထု၊ ညစ်ကြေးရတို့ကို၊ လေးခုပိုင်းခြား၊ မဂ်ဉာဏ်များသာ၊ ပယ်ရှားထုတ်နှင်၊ သုတ်သင်နိုင်သည်မဟုတ်၊ မျိုးပြုတ်အောင် မရှင်းနိုင်ပြားလည်း၊ စွမ်းအားရှိသမျှ၊ တဒင်္ဂ ပဟာန်နည်းဖြင့်၊ ပရိယတ်လည်း ရွှေ့ဖဲလျက်၊ ကွင်းမဲ့ရှိနင်း၊ ဖြိုခွင်းနိုင်ခြင်း၏ ကြောင်းရင်းဟုတ်ဟတ်၊ ဖြစ်တုံလတ်၍၊

ပရိယတ္တိမ္မောပိ ကိလေသေ ဝိဒ္ဓံသနဿ ပစ္စယတ္တာ ကိလေသ ဝိဒ္ဓံသိ၊ ။မိန့်ခွန်းချီသည့်၊ ဒိပနီသာရတ်၊ ဋီကာပါဌ်ကို၊ လေးမြတ်ယုံကြည်ရာသည်။

ပဋိပတ်-ပဋိဝေ၊ မြတ်နှစ်ထွေ၏၊ အခြေခံဆတ်ဆတ်၊ ဇကန်မှတ်ရသော၊ ပရိယတ်သာသနာသည်၊ သဒ္ဓါ၏ ပျက်စီးခြင်းတချက်၊ အနက်၏ပျက်စီးခြင်းတဖြာ၊ ရံခါရံခါ ဖြစ်ပေါ်တတ်ရကား၊ သာသဝေတ်အရင်းရှိ၊ သာသတိ အနု သာသတိတိသတ္တာ၊ ဝစနတ်လာတိုင်း၊ သာသနာပြု ပုဂ္ဂိုလ်ခေါ်မှတ်၊ လူနတ်တို့၏ ဆုံးမဆရာ။ စေသတ္တာသည်။ ခေမာသောင်ပူ၊ နိဗ္ဗူကြွင်နှံး၊ ဘေးမဲ့နန်းသို့၊ စံမြန်းတော်မူပြီးနောက်၊ တရာမြောက်နှစ်ပိုင်းတွင်၊ ဝဇ္ဇီတိုင်း, ပြည်မဉ္ဇ၊ ဒသဝတ္ထု ပေါ်ထွက်၊ သာသနာပျက်ကြိုရသော်၊ ယသမြတ်ရှင်၊ ပုဗ္ဗင်္ဂမဦးစီးလျက်၊ ထေရ်ကြီးခုနစ်ရာ၊ သာသနာကိုထူထောင်၊ ကောင်းအောင်ပြင်သ၊ ပြုကုန်ကြ၏။ ထိုမှနောက်ဝယ်၊ ထိုနှယ်တရထည်၊ ပျက်ချည်ပြုပြန်၊ ဖန်ဖန်ကြိမ်ဆင့်၊ ရှည်မြင့်၍လာခဲ့ရာ၊ ကာလတွက်စစ်၊ သတ္တရာဇ်ကို မြော်ထောက်က၊ဘယ်လောက်ကလျှင်၊စ၍ဖြစ်ပေါ်သည်မသိရ၊နိကာယအပြား၊ ငါးမျိုးထားတွင်၊ တပါးသမုတ်၊ ဆီးသန့်ထုတ်သော၊ အင်္ဂုတ္တရမည်ခေါ်၊ ပါဠိတော် ဆဲ့တကျမ်းအနက်၊ သုံးအချက်, တိက၊ နိပါတတွင်၊ တတိယ ပဏ္ဏာသက၊ ဗာလဝဂ်ကိုးကြိမ်မြောက်၌၊ ဘုန်းတောက်သည့်မြတ်ဘုရား၊ ဟောကြားမြွက်ဘော်၊ ဓမ္မက္ခန္ဓာတော်တရပ၊ စန်းဇူနွှ၊ စကားဝါရောင်၊ ပတ္တမြား ငွေပြဿဒ်ဆောင်သည့်၊ အစောင်စောင် အဋ္ဌ

www.dhammaransi.com



ဣထာ၊ ဋီကာအရှိကို၊ ဖိနှိပ်လွှမ်းဖုံး၊ မှောင်တုံးကြီးကျ၊ တလောကလုံး မိုက်ဆဲတွင်၊ ဖျက်ခွဲမွှေ့ရမ်း၊ လေကြမ်းကြီးပေါ်ပေါက်၊ ဝင်ရောက်၍ လှစ်အထွန်းတွင်မှ၊ ရွှန်းရွှန်းတင့်လျှံ၊ လစက်ပျံ့သည့်၊ အခြံအရံများနှင့် အတူ၊ ထွက်ပြူဝင်းပ၊ လင်းသာရ၏။ စန္ဒရတနာ၊ စကြာယန်ရုပ်၊ မှတ်ဘွယ်အုပ်သည့်၊ တိမ်ပုပ်ကိုဖျက်ဆီး၊ လေကြမ်းကြီးဟူသည်မှာ၊ ဝန္ဒနာအရာ၊ ကာယ ဝါစာ မန၊ သုံးဌာနဋ္ဌ၊ ရသင့်သော အနက်သဘောကို၊ ဖြူချောစွာ မယူကောက်၊ မှောက်မှောက်လှန်လှန်၊ ယွင်းဘောက်ပြန်သည့်၊ မိစ္ဆာဉာဏ်ကိုပယ်ချလျက် ဥါရသာသနာ၊ ပဟုတ်မှန်ရာကို၊ ဦးစွာပထမ၊ စ၍တည်ဘန်၊ ဂန္ထာကတိုး၊ မွေးမျိုးစန္ဒန၊ ဂေါသီတကဲ့သို့၊ နာမအုပ်ဖိုရ်၊ ဘွဲ့ပုံတော်ကြူချီသည့်၊ ဝိဒိရပဝရ၊ ဝိသေသထွတ်ထား၊ ထေရ်မြတ်ဖျားကြီးသည်ပင် ဖြစ်လေသည်။

မြို့မအပြင်၊ ဆင်ခြေမှာထွက်ပေါ်၍ နန်းတော်ကိုလွှမ်းမိုး၊ တန်ခိုးရှိန်ခေါ်၊ထိန့်ထိန့်ကျော်သော၊ မတ်မဟော်ပဏ္ဍိ၊ ပညာရှိကဲ့သို့၊ ထက်ဘူမိမန်းမြေ၊ ကြငှန်းဘွေဝယ်၊ လျှမ်းဝေလက်ညီး၊ ကနက်ငြင်းနှင့်၊ ပြည်ကြီးအရှင်၊ ဘုရင်မင်းမြတ်၏ဦးညွတ်ရာ၊ သုခမ္မာအစည်းအရုံး၊ အုံလုံးယိုင်ငြိမ့်၊ ဆိမ့်ဆိမ့်လှုပ်ရှား၊ တုန်ချောက်ချားအောင်၊ ကြီးမားသည့်တေဇာနှင့်၊ ပြစ်ဆာညစ်ကြေး၊ ငြိခမြွေးဘဲ၊ ဖြူဖွေးတောက်ပ၊ လေးသီလလည်း၊ တူမျှသခါ၊ ခိုင်မာတည်ရှိ၊ သမာဓိလျှင်၊ ဂိရိသေလာ၊ ဉာဏ်ပညာမူ၊ မဟာနိန္နဂ၊ ကျယ်မြစ်မဉ္ဇ၊ ကြွကြွတက်ဘိ၊ ဦမိမာလာ၊ ဂုဏ်အွံ့ရာတို့ကြောင့်၊ ထက်ညာအောက်ကြေ၊ ရေချိုရေငံ တိုင်း မြန် ပတ် ကုံး၊ သိမ်းကျုံးပျံ့နှံ့၊ မဆုံ့ဘောက်ထွင်း၊ ပြည်ပြည်ချင်းအောင်၊ သတင်းယှက်ကူး၊ ထွက်ကွန့်မြူးသော ဂိုဏ်းမှူး၊ ချုပ်ချာ၊ ဂဏာစရိယ၊ ဂဏာဓိပတိ၊ ထေရ်ဘုန်းရှိကို၊ သတိရရ၊ အောက်မေ့ကြလျက်၊ တ-သညွှတ်နူး၊ အထူးပြုရာသည်းရောက်၊ အမြောက်အမြား၊ ဂိုဏ်းသားသံဃာ၊ ရှင်တကာလည်း။

သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရော ဒကီဘူတာ၊ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ ဝိဟာရန္တိ။ ။ပါဌ်ပါဠိလျော်ညီစွာ၊ ဝမ်းသာရွှင်ပြ၊ ပြင်းခုံပနှင့်၊ ပိယစက္ခူ၊ ချင်းချင်းရှုကာ၊ အုပ်စုမကွာ၊ နို့မှာရေနှော၊ ပျံ့စပ်ရောသို့၊ ခီရောဒကီဘူတ၊ ကိုယ်စိတ်မျှ၍၊ ဗုဒ္ဓမြတ်စော၊ ရှင်တော်ဟောသည်။

## တိသောဏမာ ဘိက္ခဝေ ဝန္ဒနာ။

ဒေသနာဓမ္မ၊ ဘူတတ္ထလည်း၊ ကာလငွန့်ရှည်၊ မပျက်စည်လျက်၊ တည်ပါစေရည်ရွယ်ချက်၊ ထက်မျက်ဆန္ဒ၊ ဓာဗလဝဖြင့်၊ ဥါရသာသနာ၊ နှစ်တရာမြောက်၊ အထိမ်းအမှတ်ပွဲ၊ ဆင်နွှဲကျင်းပ ပြုသည်မှာ။

> ပုရိသံ ဇာနာတိ၊ ပုရိသဝိသေသံ ဇာနာတိ၊ ရှိသည့်လည်းတဗ္ဗာန။
> အယမိဒ မရဟာတိ၊တတ္ထ တတ္ထ ပုရိသဝိသေသတာရော ပုရေအဟောသိ။

www.dhammaransi.com



မိန့်ဘိန္ဒတ်နက်။ အထွက်အဆို လာသည်နှင့် ညီလည်း ညီညွတ်သည့်တဖြာ။
သာမဂျမေဝ ဘိက္ခေထ။ ဗုဒ္ဓေဟောတံ ပသံသိဘံ။
သာမဂျရတော ဓမ္မဋ္ဌော။ ယောဂက္ခေမာ နဓံသတိ။ ။

ယင်းသို့ ရှိသည်။ ဗောဓိသတ္တ။ ရှေးစာရကို။ ဘော်ပြမိန့်ဆိုရာ။ ကျမ်းပါထေယျ၊ လက္ခဏာသုတ်မြတ်။ နိပါတ်တေရသ။ ဖန္ဒနဇာတ်ဒေသာ်စကား။ အဟောများနှင့်လည်း အညီ ဆံလျက်။

စိရံ တိဋ္ဌတု သဒ္ဓမ္မော။

မြတ်သောသူတို့၏ ပဏ္ဏနာ အာသီသ။ တောင့်တအပ်သော အမှုမျိုးလည်း ဖြစ်လေသည်။

မဆုတ်မနစ်။ အားသစ်ကြိုးကုတ်။ မဟုဿာဟ။ ကြိုးလုံ့လဖြင့်။ သံဃာသာဘင်။ ဆင်ယင်ကျင်းပသည့်ကို အကြောင်းပြု၍၊ ဗဟုပကာရ။ ဆဆပွားထပ်။ ရအပ်ရသင့်။ ရခွင့်ရှိသော အကျိုးစီးပွား။ ထူးထူးခြားတို့ကို။ ထင်ရှားအောင်တဖန်။ ကျမ်းဂန်ညှိဆ။ ပြဆိုရသော်။

ယောစခေါဘိက္ခဝေ တထာဂတံဝါ တထာဂတသာဝကံ ဝါ ဒဿနာယ ဂစ္ဆတိ။ နိပိဋ္ဌသဒ္ဓေါနိပိဋ္ဌပေမောဧကန္တဂတော အဘိပ္ပသန္နော။ ဧတဒါနုတ္တရိယံ ဘိက္ခဝေ ဒဿနာနံ သတ္တာနံဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါ မနဿာနံ အတ္ထင်္ဂမာယ ဉာယဿအဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ တထာဂတံဝါ တထာဂတ သာဝကံဝါ ဒဿနာယ ဂစ္ဆတိ။ နိဝိဋ္ဌသဒ္ဓေါနိဝိဋ္ဌ ပေမောဧကန္တဂတောအဘိပ္ပသန္နော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒဿနာ နုတ္တရိယံ။ ။ ဂန္ထိရမ္မ၊ ဆက္ကအင်္ဂုတ်။ ရှင်တော်နှုတ်ကို။ ဖွင့်ထုတ်နောက်ဆက်။

ယောစခေါဘိက္ခဝေ တထာဂတဿဝါ တထာဂတသာဝကဿဝါ ဓမ္မသဝနာယ ဂစ္ဆတိ။ ယောစခေါ ဘိက္ခဝေ တထာဂတေဝါ တထာ ဂတသာဝကေဝါ သဒ္ဓိလာဘတိ။ ယောစခေါဘိက္ခဝေ တထာဂတံဝါ တထာဂတသာဝကံဝါ ပရိစရတိ။

စရိုပါဒ်များနှင့် စကားအကျယ်၊ ကူးဆက်သွယ်၍၊ အဓိပ္ပါယ်ကိုဆင်ခြင်က၊ စင်ကြယ်သန့်ရှင်း၊ ကိလေသာညစ်းကြေးကင်းလျက်၊ ပူပြင်းလိုက်ဆွေး၊ ဟာစ်ကြွေးငိုရ၊ ဒုက္ခဒေါမနဿ ခပ်သိမ်း၊ ငြိမ်းအေးရာမှန်၊ နိဗ္ဗာန်သစ္ဆိ၊ ဝိမုတ္တိကို၊ ရရှိတတ်စွာ၊ အဆင်းတကာတို့တွင်၊ အမြတ်ဆုံးဖြစ်သော သမဏအဆင်းအာရုံ၊ ဒဿနာနုတ္တရိယကို ဖူးမြင်ရခြင်း၊ အသံတကာ တို့တွင် အမြတ်ဆုံးဖြစ်သော တရားသံအာရုံ၊ သဝနာနုတ္တရိယကို ကြားနာရခြင်း၊ လပ်သင် တကာတို့တွင် အမြတ်ဆုံးဖြစ်သော သဒ္ဓါလပ်သင် လာဘာနုတ္တရိယကို ရရှိခြင်း၊ ဆည်းကပ် လုပ်ကျွေးခြင်းတကာတို့တွင်၊ အမြတ်ဆုံးဖြစ်သော ပါရိစရိယာနုတ္တရိယကို ပြုရခြင်း၊ အစဉ်

www.dhammaransi.com



အောက်မေ့ခြင်းတကာတို့တွင် အမြတ်ဆုံးဖြစ်သော ရဟန်းတော် အရှင်မြတ်တို့အား အစဉ် အောက်မေ့ခြင်း အနုဿတာနုတ္တရိယကို အောက်မေ့ရခြင်း-ကုသိုလ်များ၊ ဖြစ်ပွားပေါ်ပေါက် စေနိုင်သည့်ပြင်၊ နယ်ခွင်အဖြာဖြာ၊မြို့ရွာအသီးသီး၊ ရပ်နီးရပ်ဝေးမှ၊ ရှေးရှုရောက်လာ၊ သံဃာ တော်အရှင်မြတ်တို့အား၊ ခယဝတ်တွား၊ လေးစားရှိသေစွာ အိပ်ရာနေရာခင်းကျင်း၊ ဆွမ်း ဟင်းဘောဇဉ်၊ ချိုချဉ်ကဝ်လှူ၊ ကြည်ဖြူယုယ၊ပြုဝတ်ကျေ့ရှာ၊ ဒါယကာ- ဒါယိကာမတို့မှာ လည်း၊ ရှစ်ဖြာသပ္ပုရိသ၊ မြတ်ဒါနတွင်၊ ကာလဒါန ပါဝင်လျက်ရှိရာ၊ ကာလဒါန ငါးဌာန တွင်လည်း၊ အာဂန္တုကဆိုရ၊ ဒါနကုသိုလ်၊ ကြည်ညိုနှင့်ပြ၊ ခါခွင့်ရလျက်။

ပဉ္စဟိ ခေါဂဟာပတိပုတ္တ ဌာနေဟိကုလပုတ္တေန ဥပရိမာဒိသာ သမဏဗြာဟ္မဏာ ပစ္စုပဋ္ဌာတဗ္ဗာ။ မေတ္တေနကာယကမ္မေန မေတ္တေန ဝစီကမ္မေန မေတ္တေန မနော ကမ္မေန အနာဝဋဒွါရတာယအာမိသာနုပ္ပဒါနေန၊ သိင်္ဂါလ သုတ် တော်လာ၊ ကာယဝစီ၊ စိုညီမနော၊ သုံးပါးသောအရာ၊ မေတ္တာဆက်ဆံ၊ မြတ်ကံမှုမျိုး၊ ဖြိုးဖြိုးလျှံလျှံ၊ ဖွံ့အိုးနှံ့၍။

ဓမ္မံ စရေ သမဏဗြာဟ္မဏေသု
ဖေံကရော သဂ္ဂမုပေတိ ဌာနံ။ ။

ဓေသနာသံဓာတက၊ သရဆင်မိန့်ဟာဂါထာ၊ တာဝတိံသာ ဘုံယာမာနှင့်၊ ထက်မှာ တုသိ၊ နတ်တို့ဆီသို့၊ ယာယီဖြန့်မြန်းရခြင်း၏ အကြောင်း၊ ကောင်းမှုအစိုင်အခဲ၊ လက်ထဲ ဆုပ်ကိုင်၊ ပိုင်နိုင်မိမိ၊ ရှိကြသဖြင့်၊ သောမနဿဖြစ်ဘွယ်၊ ရှေးဝယ် ခါကောင်း၊ သူမြတ် ပေါင်းတို့၏၊ လမ်းကြောင်းတံထွာ၊ စဉ်အလာဟု၊ ကဒ်ါဝိမတိ၊ ယုံမှားမရှိဘဲ၊ တိတ္တိ မြတ် မြတ်၊ သိမှတ်ကြပါကုန်။

---

## ဆဋ္ဌသံဂါယနာနှင့်

## သာသနာ ၂၅၀၀-ပြည့် အောင်ပွဲ မဟာဓမ္မသဘင်ကြီး

# ဆုံးဖြတ်ချက်

၁၃၁၈-ခု၊ သာသနာ ၂၅၀၀-ပြည့်နှစ်၊ ကဆုန်လပြည့်နေ့တွင် အပြီးသတ် ကျင်းပ အပ်သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယဆရာတော် များ၊ ဝန်ဆောင်သံဃာအဖွဲ့ဝင် ဆရာတော်များ အမှူးရှိသော သံဂီတိကာရက ၂၅၀၀-ကျော် တို့က ကြွင်းကျန်သော အနာဂတ်သာသနာ ၂၅၀၀ "တည်မြဲရေး၊ တိုးတက်ကြီးပွါးရေး၊ သန့်ရှင်းရေး၊ ဘုရားအဆုံးအမနှင့်အညီ ကျင့်ကြံရေး" တို့ကို ရှေးရှု၍ ၁၃၁၈-ခု၊ ကဆုန်

www.dhammaransi.com



လဆန်း (၁၂) ရက်နေ့ည (၇) နာရီအချိန် လိုဏ်ဂူတော်ကြီး၌ ဩဝါဒါစရိယ ဆရာတော်များ၊ ဝန်ဆောင်ဆရာတော်များ၊ ပါဠိပိဋကသောဓကအဖွဲ့ ကိုယ်စားလှယ် ဆရာတော်များ၊ ဘာသာ သောဓကအဖွဲ့ ကိုယ်စားလှယ် ဆရာတော်များ၊ ငါးဖွဲ့ဝင်ဆရာတော်များ ကျင်းပအပ်သော အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ပါ ဆဋ္ဌသံဂါယနာ ဓမ္မဝိနယအမိန့်တော်ပြန်တမ်းကို ထုတ်ပြန်တော်မူလိုက်ကြသည်။

# ဆဋ္ဌသံဂါယနာ ဓမ္မဝိနယ အမိန့်တော်ပြန်တမ်း

၁၃၁၆-ခု၊ သာသနာ ၂၄၉၈-ခုနှစ် ကဆုန်လပြည့်နေ့မှ စတင်ကျင်းပ၍ ၁၃၁၈-ခု၊ သာသနာ ၂၅၀၀-ပြည့်နှစ် ကဆုန်လပြည့်နေ့တွင် ပြီးဆုံးအောင်မြင်သည့် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ ဆရာတော်များ၊ ဝန်ဆောင်သံဃာ အဖွဲ့ဝင် ဆရာတော်များ အမှူးရှိသော သံဃိကာရက ၂၅၀၀-ကျော်တို့က ကြွင်းကျန်သော အနာဂတ်သာသနာ ၂၅၀၀ "တည်မြဲရေး၊ တိုးတက်ကြီးပွါးရေး၊ သန့်ရှင်းရေး၊ ဘုရားအဆုံးအမနှင့်အညီ ကျင့်ကြံရေး" တို့ကိုရှေးရှု၍အောက်ပါ **ဆဋ္ဌသံဂါယနာ ဓမ္မဝိနယ အမိန့်တော်ပြန်တမ်း** ကို ထုတ်ပြန်တော်မူလိုက်ကြသည်။

(၁) ကယဝိက္ကယ သိက္ခာပုဒ်တော်အရ ရောင်းဝယ် ဖေါက်ကားခြင်းအမှုမှ ရှောင်ကြဉ်ကြရမည်။

(၂) ဇာတရူပ သိက္ခာပုဒ်တော်နှင့်အညီ ရွှေငွေစသော ရတနာတို့ကို ကိုင်တွယ်ခံယူခြင်းမှ ရှောင်ကြဉ်ကြရမည်။

(၃) သစ်သီးပေးခြင်း၊ ပန်းပေးခြင်း၊ ဆေးကုခြင်း စသော ကုလဒူသန၊ အနေသန၊ မိစ္ဆာဇီဝအမှုတို့မှ ရှောင်ကြဉ်ကြရမည်။

(၄) အာဇီဝ ဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်သော ခြောက်ပါးသော သိက္ခာပုဒ်တော်တို့ကို ကျူးလွန်ခြင်းမှရှောင်ကြဉ်ကြရမည်။

(၅) ဂိရဂ္ဂသမဇ္ဇသိက္ခာပုဒ်တော်အရ ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ အငြိမ့်ပွဲ၊ ရုပ်ရှင်ပွဲ၊ ပြဇာတ်၊ ဆပ်ကပ်ပွဲ၊ ဘောလုံးပွဲ၊ လက်ဝှေ့ပွဲ အစရှိသော ပွဲလမ်းသဘင်တို့ကို သွားလာကြည့်ရှုခြင်းမှ ရှောင်ကြဉ်ကြရမည်။

(၆) မြင်းပွဲ၊ လှေပွဲ၊ နွားပွဲ စသည်များသို့ သွားလာခြင်း၊ လောင်းတန်း ကစားခြင်းများမှ ရှောင်ကြဉ်ကြရမည်။

www.dhammaransi.com



(၇) မြို့တွင်း ရွာတွင်းသို့ သွားလာသည့်အခါ သေခိယ သိက္ခာပုဒ်တော်နှင့် အညီ သက်န်းရုံ၍သွားခြင်း စသည်တို့ကို ပြုကျင့်ကြရမည်။
(၈) ဂုဏ်ဝတ်မကောင်းသော ပြုကျင့်မှုများမှ ရှောင်ကြဉ်ကြရမည်။
(၉) ဝိနည်းတော်အရ လုံလောက်သော အကြောင်းမရှိဘဲ မြို့တွင်းရွာတွင်းသို့အချိန်မဲ့ အခါမဲ့တို့၌ သွားလာခြင်းမှ ရှောင်ကြဉ်ကြရမည်။
(၁၀) မြို့တွင်း ရွာတွင်း၌ ရဟန်းတို့နှင့် မလျော်သောနေရာဌာနသို့ သွားလာခြင်းမှ ရှောင်ကြဉ်ကြရမည်။
(၁၁) ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကျန်သော ဝိနည်း သိက္ခာပုဒ်တော်တို့ကိုလည်း မိမိ အသက်နှင့်အတူ ရိုသေစွာ စောင့်ထိန်းကြရမည်။
(၁၂) ပရိယတ် ပဋိပတ် လုပ်ငန်းမှတပါး ရဟန်းတို့၏ အလုပ်မဟုတ်သော ဂိဟိကမ္မ များမှ ရှောင်ကြဉ်ကြရမည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ သံဃနာယက အဖွဲ့နှင့် ဝန်ဆောင်သံဃအဖွဲ့ ဆရာတော် သံဃာတော်များအား

# နိုင်ငံတော်ဝန်ကြီးချုပ် လျှောက်ထားချက်

ဘုရားတပည့်တော် နိုင်ငံတော်ဝန်ကြီးချုပ် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ သံဃနာယကအဖွဲ့နှင့် ဝန်ဆောင် သံဃအဖွဲ့ဝင်ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

အာသာဝတီနွယ်နီနတ်ပန်းသည် အနှစ်တထောင်ကြာမှ တကြိမ်သာပွင့်သည်၊ ထိုပန်းကို ပန်ဆင်လိုသော နတ်တို့သည် ထိုအပင်အောက်၌ အနှစ်တထောင် စောင့်မျှော်နေကြရသည်ဟု ကြားရဘူးပါသည်ဘုရား

(၁) သံဂီတိကာရက (သံဂါယနာတင်) သံဃဦးရေ များပြားခြင်း၊ သံဂီတိ (သံဂါယနာ)ဝင် တိုင်းနိုင်ငံ (ကမ္ဘာ့) နယ်မြေကျယ်ဝန်းခြင်း၊ (၂) ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာသံတို့သည် ကမ္ဘာတဝှမ်းလုံးသို့ ပျံ့နှံ့ကျော်ကြားခြင်း၊ (၃) ဗုဒ္ဓဘာသာဝင် လူအမျိုးမျိုး နိုင်ငံအမျိုးမျိုး စည်းလုံးညီညွတ်ခြင်း၊ (၄) အမှန်တရားရှာမှီးသူတို့သည် ဗုဒ္ဓဘာသာ

www.dhammaransi.com



ဘက်သို့ ဦးညွတ်လေးစားခြင်းစသောဂုဏ်တို့နှင့် ပြည့်စုံသောကြောင့် ကမ္ဘာ့အံ့ချီးဘွယ်ရာ တရပ်ဖြစ်သော ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးကား နှစ်ပေါင်း နှစ်ထောင်ငါးရာ တိုင်မှ တကြိမ်သာလျှင် ပေါ်ပေါက်ဘူးသေးသည်ဟုဆိုကြပါသည်ဘုရား။

သို့ဖြစ်၍ ဤဆဋ္ဌသံဂါယနာမျိုးတကြိမ်ပေါ်ပေါက်ရန်မှာ အာသာဝတီနွယ်နီနတ်ပန်း တကြိမ်ပွင့်ရန်ထက် အချိန်ကြာညောင်းပါသည်၊ ထိုပြင်အနှစ်တထောင်စောင့်လျှင် အာသာ ဝတီနွယ်နီနတ်ပန်းပွင့်ခိုက်နှင့် ကြုံကြိုက်နိုင်သော်လည်း နှစ်ပေါင်း နှစ်ထောင်ငါးရာ ကြာမှ ဤဆဋ္ဌသံဂါယနာနှင့် ကြုံကြိုက်ကြရပါသည်၊ အကြွင်းမဲ့ဆိုရသော် နောင်အခါ ဤကမ္ဘာ တွင် ဤဆဋ္ဌသံဂါယနာမျိုးပေါ်လာမှ ပေါ်လာနိုင်ပါးတော့မည်လောဟု တွေးတောစဉ်းစား မိပါသည်ဘုရား။

ဤမျှ ခမ်းနားကြီးကျယ် ကမ္ဘာ့အံ့ချီးဘွယ်တရပ်ဖြစ်သော ဤဆဋ္ဌသံဂါယနာ မဟာ ဓမ္မသဘင်ကြီး ပြီးစီးအောင်မြင်ရခြင်းသည် ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ သံဃနာယက အဖွဲ့နှင့် ဝန်ဆောင်သံဃအဖွဲ့ဝင် ဆရာတော် သံဃာတော်တို့၏သီလ၊ သမာဓိ၊ ပညာဂုဏ်၊ သဒ္ဓါ၊ ဝိရိယစွမ်းဟုန်တို့ကြောင့်ဟု အလုံးစုံ ခြွင်းချက် မရှိဝံ့မြဲယုံကြည်လျက်ရှိပါသည်ဘုရား။

ဩဝါဒါစရိယ သံဃနာယက အဖွဲ့နှင့် ဝန်ဆောင်သံဃအဖွဲ့မှ ဓမ္မဝိနယအမိန့်တော် ပြန်တမ်း ထုတ်ဆင့်ခြင်းသည်လည်း ဂုဏ်ယူဘွယ်တရပ် ဖြစ်ပါသည်၊ ဤဓမ္မဝိနယ အမိန့် တော်ပြန်တမ်းကြောင့် အလဇ္ဇီဓမ္မ (ရဟန်းဆိုးအကျင့်) ဆုတ်ယုတ်ကွယ်ပျောက်၍ လဇ္ဇီဓမ္မ (ရဟန်းကောင်းအကျင့်) ပေါ်ပေါက် တွန်းကားလာဘွယ် ရှိပါသည်၊ ဤပြန်တမ်းကိုထုတ် ဆင့်တော်မူကုန်သော ဩဝါဒါစရိယ သံဃနာယကအဖွဲ့နှင့် ဝန်ဆောင်သံဃအဖွဲ့ဝင် ဆရာ တော်တို့အား ဝေသာလီပြည် ကာလာသောကမင်းလက်ထက် ဒုတိယ သံဂါယနာတင်ရာ ဝယ် အဓမ္မဝတ္ထုဆယ်ပါးကို ပယ်ဖျောက်သုတ်သင်၍ သံဂါယနာတင်တော်မူကုန်သော အရှင် မဟာယသအမှူးရှိသည့် ရဟန္တာအရှင်မြတ်တို့အလား သဒ္ဓါတရား ပွါးများကြည်ညိုလှပါ သည်ဘုရား။

သို့ရာတွင် ဤဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ သံဃနာယက အဖွဲ့နှင့် ဝန်ဆောင် သံဃအဖွဲ့ကို ဖွဲ့စည်းစဉ်အခါက သံဂါယနာကိစ္စကို ဆောင်ရွက်ရန် ရည်ရွယ်၍ဖွဲ့စည်းခဲ့ သဖြင့် သာသနာသက္ကရာဇ် ၂၅၀၀-ပြည့်၊ မြန်မာသက္ကရာဇ် ၁၃၁၈-ခုကဆုန်လပြည့်နေ့တွင် သံဂါ ယနာကိစ္စပြီး၍ အဖွဲ့၏သက်တမ်း ကုန်ဆုံးပြီ၊ အဖွဲ့မတည်ရှိတော့ပြီ၊ အလိုအလျောက်ကွယ် ပျောက်သွားပြီဟု ယူဆမည်ဆိုလျှင် ယူဆဘွယ်ရှိပါသည်ဘုရား။

အမှန်စင်စစ်မှာ ယခုအခါ ပါဠိတော်ကိုသာ သံဂါယနာတင်ပြီး၍ အဋ္ဌကထာကို ဆက်လက်တင်ရန် ကျန်ရှိနေသေးသည့်အပြင် ဆရာတော်ဘုရားများ ထုတ်ဆင့်ဘော် မူပြီး ဖြစ်သည့်နောက် ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကို အမွန်းတင်ရန်တန်ခိုးအာဏာသက်ရောက် အောင် ဆောင်ရွက်ရန်နှင့်တကွ သန့်ရှင်းစင်ကြယ်၍ ပြည့်တွင်းပြည်ပ ဂုဏ်ယူနိုင်လောက် အောင် ထက်ဝန်းကျင် ကောင်းမြတ်ပြည့်စုံသော သာသနာ့ထော်အဖြစ်သို့ ရောက်အောင် ဆောင်ရွက်ရန်ကိစ္စများရှိသေးသည်ဟု လျှောက်ထားလိုပါသည်ဘုရား။

www.dhammaransi.com



မည်သို့ပင်ဖြစ်စေ ဤဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ သံဃနာယကအဖွဲ့နှင့် ဝန်ဆောင်သံဃအဖွဲ့ကို ပကတိအတိုင်းဖြစ်စေ၊ ကာယဗလ ဉာဏဗလ စသည့် သတ္တိထာမ ဗျတ္တိဉာဏ်ပကာရဏ်တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်များကို ဖြည့်စွက်ကာ ပြုပြင်ပြောင်းလဲ၍ ဖြစ်စေ၊ သာသနာတော်အတွက် ဆက်လက်ဆောင်ရွက်သော သံဃာ့အဖွဲ့ကြီးတရပ် တည်ရှိခြင်းကိုကား ဘုရားတပည့်တော်များက လေးလေးနက်နက်တောင့်တလိုလားကြပါသည်ဘုရား။

ဆက်လက် လျှောက်ထားလိုသည်မှာ ဤဆဋ္ဌသံဂါယနာတင်ခြင်းသည်၊ ဗုဒ္ဓနိုင်ငံတော်သစ်ကို ပြန်လည်ထူထောင်လိုက်သည်နှင့်တူပါသည်။ နိုင်ငံဟူသည် နိုင်ငံသားများပြားစည်ကားရုံ၊ ဥစ္စာဘဏ္ဍာ ချမ်းသာကြွယ်ဝရုံ၊ သာယာကြည်နူး အထူး ပျော်မွေ့ ဘွယ်ကောင်းရုံ စသည်မျှဖြင့်၊ နိုင်ငံ၏အင်္ဂါမပြည့်စုံ လုံခြုံမှုလည်းမရှိ၊ တည်တံ့မှုလည်းမရှိ၊ ကြီးပွါးတိုးတက်မှုလည်းမရှိနိုင်ပါ၊ ဘုရင်မင်းမြတ် သို့မဟုတ် သမ္မတနှင့်အစိုးရအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ တရားဥပဒေအဖွဲ့၊ ကာကွယ်ရေးအဖွဲ့၊ ရဲအဖွဲ့ စသည်ရှိမှသာလျှင် နိုင်ငံ၏ အင်္ဂါနှင့်ပြည့်စုံ၍ လုံခြုံမှုလည်းရှိ၊ တည်တံ့မှုလည်းရှိ၊ ကြီးပွါးတိုးတက်မှုလည်း ရှိနိုင်ပါသည်ဘုရား။

ဆဋ္ဌသံဂါယနာတင်ခြင်းဖြင့် ပြန်လည်ထူထောင်လိုက်သော ဗုဒ္ဓနိုင်ငံတော်၌လည်း သာသနာ့ဦးကိုင် သံဃာ့ဓိပတိ၊ ဥက္ကဋ္ဌ၊ မဟာနာယကအဖွဲ့၊ သာသနာပြုနိုင်ငံတော် မဟာနာယကအဖွဲ့၊ သာသနာပြုနိုင်ငံတော်အနုနာယကအဖွဲ့၊ သာသနာပြု တိုင်းမဟာနာယကအဖွဲ့၊ သာသနာပြု တိုင်းအနုနာယကအဖွဲ့၊ သာသနာပြု ခရိုင်မဟာနာယကအဖွဲ့၊ သာသနာပြု ခရိုင်အနုနာယကအဖွဲ့ ပြည်တွင်းသာသနာပြုအဖွဲ့၊ ပြည်ပသာသနာပြုအဖွဲ့၊ ပရိယတ္တိ စာပေသင်ကြားရေးအဖွဲ့၊ ပဋိပတ္တိကျင့်ဆောင်ရေးအဖွဲ့ စသည်ရှိမှသာလျှင် {ဆိုခဲ့သော ဗုဒ္ဓနိုင်ငံတော်ကြီး၌ သာသနာ့ အညစ်အကြေးမှ ကင်းဝေးစင်ကြယ်၍ အန္ဓပုထုဇဉ် ဆုတ်ယုတ်ကွယ်ပျောက်ပြီး ကလျာဏပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ်တည်းဟူသော နိုင်ငံသူ နိုင်ငံသား များပြားစည်ကားခြင်း၊ သဒ္ဓါသီလ သုတစသော သူတော်ကောင်းဥစ္စာ ပီမောက္ခရှာန် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟူသော ဈာနလာဘီ အရိယာတို့၏ ဥစ္စာစသည်ဖြင့် ချမ်းသာကြွယ်ဝခြင်း၊ မေတ္တာ ကရုဏာစသော ဗြဟ္မစိုရ်တရားဖြင့် စိမ်းလန်းစိုပြေ၍ နေချင်စဘွယ်ကောင်းခြင်း စသည်ရှိလျက်} ထိုဗုဒ္ဓနိုင်ငံတော်သည် အဓွန့်ရှည်စွာ တည်တံ့စည်ကား ကြီးပွါး တိုးတက်ခြင်းရှိရာသည်ဟု ယုံကြည်မျှော်လင့်မိပါသည်ဘုရား။

* သို့ဖြစ်ပါ၍ ပြန်လည်ထူထောင်ပြီးစဖြစ်သော ဗုဒ္ဓနိုင်ငံတော်ကို လုံခြုံမှုတည်တံ့မှုကြီးပွါးတိုးတက်မှုရှိစေရန် ကာကွယ်စောင့်ရှောက် အုပ်ချုပ်စီမံနိုင်သော ဆဋ္ဌသံဂါယနာဩဝါဒါစရိယ သံဃနာယကအဖွဲ့နှင့် ဝန်ဆောင်သံဃာအဖွဲ့ နှစ်ရပ်လုံးကို ပကတိအတိုင်းဖြစ်စေ၊ ထူးခြားသော ဂုဏ်အင်စွမ်းရည်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်များကို ထပ်ဖြည့်ထည့်သွင်းကာ ပြုပြင်ပြောင်းလဲ၍ဖြစ်စေ၊ အခြားသင့်တော်သော နည်းတနည်းနှင့်ဖြစ်စေ၊ သာသနာ့ရေးအတွက် ဆောင်ရွက်နိုင်သော သံဃာအဖွဲ့ကြီးကို အမြဲတမ်း ဖွဲ့စည်းတည်ထောင်ထားရန် တဖန်ထပ်၍ လျှောက်ထားပါသည်ဘုရား။ *

www.dhammaransi.com



ဆရာတော်အရှင်သူမြတ်တို့ နှစ်သိမ့်ကြေနပ်သည့်အတိုင်း သံဃာအဖွဲ့ကြီးကို ဖွဲ့စည်း တည်ထောင်ထားပါသော် ၊ထိုအဖွဲ့ကြီး၏ ဆုံးမဩဝါဒကို ဘုရားတပည့်တော်များ ရိုသေ လေးမြတ်စွာ လိုက်နာကျင့်ဆောင်လိုပါသည်၊ ထိုသံဃာအဖွဲ့ကြီး၏ ဓမ္မစက် ထက်မျက်ဖူး၍ စွာ တန်ခိုးရှိရန် ဘုရားတပည့်တော်များ၏ အာဏာစက် အကူအညီကိုလည်း ဆရာတော် အရှင်မြတ်တို့ အသုံးပြုလိုသလောက် အကူအညီပေးရန် အသင့်ရှိမည့်ပြင် ထိုသံဃာအဖွဲ့ကြီး နှင့်စပ်လျဉ်းသော ကိစ္စအရပ်ရပ်အတွက် ဒါယကာ ခံယူပါမည်ဘုရား။

ထပ်မံလျှောက်ထားလိုသည်မှာ ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃာအဖွဲ့ ဥက္ကဋ္ဌ အဘိ ဓဇမဟာရဋ္ဌဂုရုဇ္ဇဝံတံသိပ်တော်ရ မစိုးရိမ်ဆရာတော်ဘုရားကြီး မိန့်မြွက်တော်မူသော ''ဆရာ ဒကာ ဤအခါဝယ် ညီညာဖျဖျ မဇ္ဈိမပဒိုပတ် လှော်ခတ်ကြလျှင် ဆတ်ဆတ်ပုံသေ သံသရာ ရေအလျဉ်ကိုဖြတ်သန်း ပဋိဝေဓနိဗ္ဗာန်ကမ်းသို့ တက်လှမ်းနိုင်သည့်အခြေ တည်နေလျက်ရှိ ပါသောကြောင့် ပရိယတ္တိဖေါင်ကြီး ဖွဲ့ပြီး ႏၵာမျှဖြင့် မတည်ရပ်ပဲ ပဋိပတ်မဇ္ဈိမ တက်ညီညီ ချပြီးလျှင် ပဋိဝေဓနိဗ္ဗာန်ကမ်း ဆရာဒကာ ညီတညာ တက်လှမ်းနိုင်ကြပါလိုသောဝ်''ဟူသည့် မိန့်ခွန်းတော်နှင့်ညီစွာ ဆရာဖြစ်တော်မူကုန်သော သံဃာတော်အရှင်မြတ်တို့က ဓမ္မပူဇာ ဖြင့်၎င်း၊ ဒါယကာဖြစ်ကုန်သော ဘုရားတပည့်တော်တို့က ပစ္စယပူဇာဖြင့်၎င်း၊ ဆဋ္ဌသံဂါ ယနာဖြင့် ပြန်လည်ထူထောင်ပြီးစဖြစ်သော ဗုဒ္ဓနိုင်ငံတော်ကြီးကို အဋ္ဌနှ၍ည်စွာ တည်တံ့စည် ကားကြီးပွါးပြန့်ပြောအောင် ကြိုးစားသင့်လှပါသည်ဘုရား။

* အထူး လျှောက်ထားလိုသည်မှာ အခြားမဟုတ်ပါ၊ ဗုဒ္ဓနိုင်ငံတော် အကြောင်းကို လျှောက်ထားပြီးသည့်နောက်၊ ''ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ ပြုလုပ်ရေးကိစ္စ''ကိုဆက် လက် လျှောက်ထားလိုခြင်းပင် ဖြစ်ပါသည်အရှင်ဘုရား။ ဗုဒ္ဓဘာသာကို မမြတ်မသုံ သက်ဝင် ယုံကြည်လျက်ရှိသော တပည့်တော်တို့အား ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာပြုလုပ်ရန်၊ မည်သူကမျှ တိုက်တွန်းနှိုးဆော်နေရန်မလိုပါ။ တပည့်တော်တို့ကိုယ်တိုင်ကပင်၊ ဗုဒ္ဓဘာသာ ကို နိုင်ငံတော်ဘာသာ ပြုလုပ်လိုသောဆန္ဒ ပြင်းပြစွာရှိပါသဖြင့်၊ ဤသို့ပြုလုပ်နိုင်ရန်အတွက် နည်းလမ်းရှာဖွေရန် တပည့်တော်တို့ အကြိမ်ကြိမ် လေးလေးနက်နက် တိုင်ပင်ဆွေးနွေးခဲ့ကြ ပါသည်။ ဤသို့တိုင်ပင်ဆွေးနွေးရာတွင်၊ ပေါ်ပေါက်လာသော ပြဿနာများမှာ အောက် ပါအတိုင်းဖြစ်ပါသည်ဘုရား။

၎င်းပြဿနာများမှာ........

(၁) လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံမှာ နုနယ်သော ဘဝ၌ပင် တည်ရှိနေ သေးသဖြင့်၊ ဤဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ ပြုလုပ်ရန်ကိစ္စတွင်၊ အလျင်စလိုပြုလုပ် လိုက်ပါက၊ အမျိုးသားစည်းလုံးညီညွတ်ရေးမှာ၊ ဝါးအစည်း ပြေသကဲ့သို့ဖြစ်ပြီး၊ လွတ်လပ် ရေးကိုပင် ထိခိုက်လာမည်ကို စိုးရိမ်ရခြင်း။

(၂) ယခုအခါတွင်၊ ကမ္ဘာတဝှမ်းလုံး၌၊ နိုင်ငံတနိုင်ငံက၊ တခြား တနိုင်ငံတွင်းသို့ နည်းအမျိုးမျိုးဖြင့်ဝင်ပြီး၊ တပည့်များ၊ လက်ကိုင်ဒုတ်များ၊ ပဉ္စမ တပ်သားများကိုမွေး၍၊

www.dhammaransi.com



တနိုင်ငံလုံးကို သွယ်ဝိုက်သောနည်းဖြင့် သိမ်းသွင်းလျက် ရှိကြရာ၊ ဤဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာပြုလုပ်ရန်ကိစ္စတွင်၊ အလျောင်စလိုပြုလုပ်လိုက်ပါက ထိုထိုနိုင်ငံများက၊ တပည့်တော်တို့ နိုင်ငံတွင်းတွင်ဝင်၍ တပည့်များ၊ လက်ကိုင်ဒုတ်များ၊ ပဉ္စမံတပ်သားများကို မွေးမြူရန် ထောင်ထားသော ထောင်ချောက်တွင်းသို့၊ တပည့်တော်တို့ ဝင်မိလျက်သား ဖြစ်မည့်ကို စိုးရိမ်ရခြင်း။

(၃) ယခုအခါတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တာဝန်ဝတ္တရားများကို၊ လက်ရုံးရည် နှလုံးရည်တို့ဖြင့် သက်စွန့်ကြိုးပမ်း ထမ်းရွက်လျက်ရှိကြသော ပြည်ထောင်စုသူ ပြည်ထောင်စုသားများထဲတွင်၊ ဗုဒ္ဓဘာသာဝင်များသာမကဘဲ၊ အခြားဘာသာ ဝင်များလည်း၊ အမြောက်အမြား ရှိနေကြသေးရာ၊ ဤဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ ပြုလုပ်သည့်ကိစ္စတွင်၊ အလျောင်စလို ပြုလုပ်လိုက်ပါက၊ ပြည်ထောင်စုကြီး၏တာဝန်ကို၊ သစ္စာရှိရှိ၊ ကြေကြေပြုံနှံ့ပြန် အမှုထမ်းလျက်ရှိကြသည့် အမှုထမ်း အရာထမ်းများသည် တဦးနှင့်တဦးအထင်အမြင် လွဲမှားနိုင်စရာ အကြောင်းများရှိနေခြင်းတို့ပင် ဖြစ်ပါသည်ဘုရား။

သို့ရာတွင် ဤမျှပင် စိုးရိမ်စရာအချက်များ ရှိနေပါသော်လည်း ဤဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာလုပ်ရန် ကိစ္စမှာ အလျောင်စလိုမလုပ်ဘဲ၊ဆင်ဆင်ခြင်ခြင် စဉ်းစဉ်းစားစားဖြောင်းဖြောင်းဖျဖျပြုလုပ်လျှင်။ အေးအေးချမ်းချမ်းနှင့် အောင်မြင်နိုင်စရာရှိသည်ဟု တပည့်တော်တို့ စိတ်ချယုံကြည်လျက် ရှိပါသည်ဘုရား။

ဤဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာဖြစ်အောင်လုပ်မည်ဆိုလျှင်၊ဗုဒ္ဓဘာသာဝင်မှအပ ပြည်ထောင်စုသားများဖြစ်ကြသော အခြားဘာသာဝင်များအား အရေးကြီးသော အချက်များကို သဘောပေါက်အောင် ရှေးဦးစွာရှင်းပြသင့်ပါသည်၊ တပည့်တော်တို့ နိုင်ငံသည် အာဏာရှင်နိုင်ငံမဟုတ်ပါ၊အာဏာရှင်စံနစ်ကို တပည့်တော်တို့လက်မခံပါ။ထို့ကြောင့် ပြည်ထောင်စုသားများအတွက် သေရေးရှင်ရေးတမျှ အရေးကြီးသောဤကိစ္စမျိုးတွင် အာဏာဖြင့် အတင်းအကြပ်မလုပ်ဘဲ ပြည်သူလူထု နားလည်အောင် အသိပညာပေးပြီး၊ ဖြောင်းဖြောင်းဖျဖျနှင့် အားလုံးလက်ခံနိုင်အောင် လုပ်ပါလျှင် လွတ်လပ်ခါစမျှသာ ဖြစ်သေးသော ပြည်ထောင်စုကြီးလည်း ဥမကွဲ သိုက်မပျက်ဘဲ၊ တပည့်တော်တို့လည်း သာသနာတော်ကြီးကို ယခုအချိန် အခါတွင် ထောက်ပံ့နေသကဲ့သို့ အဓွန့်ရှည်စွာ ထောက်ပံ့ သွားနိုင်ပါလိမ့်မည် ဘုရား....

ဗုဒ္ဓဘာသာဝင်မဟုတ်သော၊ အခြားဘာသာဝင် ပြည်ထောင်စုသားများအားသဘော ပေါက်အောင် ရှင်းပြသင့်သော အချက်ကြီး ၃-ချက်ရှိပါသည်ဘုရား။

၎င်းတို့မှာ....

(၁) ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာဖြစ်လာသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အပိုဒ် ၂၀-အရ ပြည်ထောင်စုအတွင်းရှိ ဘာသာ

www.dhammaransi.com


ဝင် အသီးသီးတို့သည် မိမိတို့ယုံကြည် ကိုးကွယ်လျက်ရှိသော ဘာသာအသီးသီးကို လွတ်လွတ်လပ်လပ် ကိုးကွယ်နိုင်သော အခွင့်အရေးများ မည်သည့် နည်း နှင့်မျှ မ ဆုတ် ယုတ် မပျောက်ကွယ်စေရ။

(၂) ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာဖြစ်လာသည့်အတွက် ဗုဒ္ဓဘာသာ မဟုတ်သော ပြည်ထောင်စုသားများသည် ပြည်ထောင်စုသားတိုင်း ရခွင့်ရထိုက်ရှိသော အခွင့် အရေးများ မည်သည့်နည်းနှင့်မျှ လျော့နည်းသွားခြင်းမရှိစေရ၊ ဆုံးရှုံးသွားခြင်းမရှိစေရ။

(၃) ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာဖြစ်လာသည့်အတွက် ပြည်ထောင်စုတွင်းရှိ ဘာသာပေါင်းစုံတို့အား နိုင်ငံတော် အစိုးရတို့က ယခုပေးလျက်ရှိသော အ ကူ အ ညီ အထောက်အပံ့များသည် မည်သည့်နည်းနှင့်မျှ ဆုတ်ယုတ် လျော့နည်းသွားခြင်း မရှိစေရ၊ ပပျောက်သွားခြင်းမရှိစေရ ဟူသောအချက်ကြီး ၃-ချက်ပင်ဖြစ်ပါသည်။

တပည့်တော်တို့သည် ဤအချက်ကြီး ၃-ချက်ကို ပြည်သူလူထုကြီး တရပ်လုံး သဘောပေါက်လာအောင် နားလည်လာအောင် တရားသောနည်းလမ်း ရှိသမျှနှင့် အစွမ်းကုန်ရှင်းပြပါမည်၊ သက်ဆိုင်ရာ ဘာသာရေးခေါင်းဆောင်များနှင့်ရင်း သက်ဆိုင်ရာ လူထုနှင့်ရင်း တိုင်ပင်နှီးနှောပါမည်၊ သဘောပေါက်အောင် ရှင်းလင်းပြသပါမည်။ ဤသို့ တိုင်ပင် နှီးနှော ရှင်းလင်းပြသကြပြီးနောက် တပည့်တော်လျှောက်ထားခဲ့သည့် စိုးရိမ်ဘွယ် အခြေ အနေများ ပြည်ထောင်စုတွင်းမှ ပပျောက်လောက်ပြီဟု ယုံကြည် စိတ်ချရသည့် အချိန်အခါတွင် သာသနာ့ဦးကိုင် သံဃာမိပတိ၊ ဥက္ကဋ္ဌ၊ မဟာနာယကအဖွဲ့၊ သာသနာပြု နိုင်ငံတော်မဟာနာယကအဖွဲ့၊ သာသနာပြုနိုင်ငံတော် အနုနာယကအဖွဲ့ကြီးများနှင့် တိုင်ပင်၍ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာဖြစ်အောင် တပည့်တော်တို့ ကြိုးစားပေးမည့် အကြောင်း လျှောက်ထားပါသည်အရှင်သူမြတ်ဘုရားတို့ဘုရား။

www.dhammaransi.com



**ဟင်္သာတမြို့, ဘုရားကြီးတိုက်**

**မဟာဥ္စါရနိကာယ, ဂဏဝါစကဿရ, ဂဏပါမောက္ခ**

# မဟာနာယက ဆရာတော်ဘုရားကြီး၏

# ထုတ်ပြန်ကြေငြာချက်

ဆရာအမ်ိန့်ရှိလိုက်သည်။ သမဂ္ဂကိုဏ်းဝင် အရှင်ကောင်း-အရှင်မြတ်တို့။ ။သဗ္ဗာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား၊ မြတ်စွာဘုရား၏၊ ရှစ်ပါးအင်္ဂါ၊ စုံညီညာသော၊ နိယျာနိက၊ သာသနာတော်မြတ်၌၊ ဆည်းကပ်မှီခို ကြည်ညိုဝင်လန်းသဖြင့် ရဟန်းသာမဏေ ပြုကုန်သော ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်တို့သည်၊ မင်းဘေး, ခိုးသူဘေး, ဝတ်မွတ်ခေါင်းပါးခြင်းဘေး စသည်တို့ကြောင့် ရဟန်းသာမဏေ ပြုမူကြသည် မဟုတ်ကုန်။ စင်စစ်မှာကား၊ သာမဏေ အဖြစ်ကို ရယူလိုကြောင်းနှင့် ခွင့်တောင်း လျှောက်ထားသော အခါကပင် (အဟံဘန္တေ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံယာစာမိ)ဟု နှုတ်မြွက်ဝန်ခံ တောင်းပန်လျှောက်ထားခဲ့သည်နှင့်လျော်စွာ ဇာတိဇရာ အစရှိသော မီးတဆဲ့တပါးတို့ ဖြစ်ပွား လောင်မြိုက်ရာ သံသရာဝဋ် ဒုက္ခညွတ်မှ ကင်းလွတ်ထွက်မြောက်ကြ၍ နိဗ္ဗာနသုခကို ရလိုကုန်သောကြောင့် သာလျှင် ဘုရားရှင်သာသနာတော်မြတ်၌ ဆည်းကပ်ဆက်ဝင် ရှင်ရဟန်း ပြုမူနေထိုင်ရခြင်း ဖြစ်ကုန်သည်။

ထိုနိဗ္ဗာနသုခ၊ အမတချမ်းသာကို၊ အလဇ္ဇီဒုဿီလပါပညစ်ပုပ်၊ ရဟန်းယုတ်-ရဟန်းဆိုး၊ ရှင်ယုတ်-ရှင်ဆိုးတို့၏ အဖြစ်ဖြင့်ကား ရနိုင်ကြမည်မဟုတ်ချေ။(သီလေပတိဋ္ဌာယ နရောသပညော) အစ ရှိသော ပါဠိတော်နှင့်လျော်ညီစွာ ပါတိမောက္ခသံဝရ စသည်လေးဆင့် အကျင့် သီလ တို့နှင့် ပြည့်ဝစုံညီသော လဇ္ဇီသီလဝန္တ ရဟန်းကောင်း-ရှင်ကောင်း အဖြစ်ဖြင့်သာ ရနိုင်ကုန်ရာသည်။

ထိုရဟန်းကောင်း- ရှင်ကောင်းတို့၏ အဖြစ်ကိုလည်း"ဝိရာဂ- ဝိသံယောဂ- မဒနိမ္မဒနဝဋ္ဋုပစ္ဆေဒ" စသော ဗုဒ္ဓေါပဒေသမှရင်း၊ တဖန်လောကီက, ဖြစ်သော သပ္ပုရိသော ပဒေသမှ ရင်း ကင်းပဝေးကွာလျှင် လွန်စွာပင် ရနိုင်ခဲပေလိမ့်မည်။

ထို့ကြောင့် (သြဝါဒေယျသုဝစော၊ အသဘ္ဘာစ၊ နိဝါရယေ) ဟူသော ပါဠိတော်နှင့်လျော်ညီစွာ သမဂ္ဂကိုဏ်းဝင် သံဃာကြီးငယ်အပေါင်းတို့၏ ကိုယ်အမူအရာ, နှုတ်အမူအရာတို့၌ပါသာဒိကဂုဏ် ပြည့်စုံကြွယ်ဝရင်းရှိကြ၍ လဇ္ဇီသီလဝန္တ ကလျာဏ အစစ်ဖြစ်သည်ထက် ဖြစ်ကြပါစေခြင်းငှါ ကျေးဇူးသျှင် အုဂ်မိုရ်ဆရာတော် ဘုရားကြီး၏ စည်းမျဉ်း ဥပဒေသကို


www.dhammaransi.com

ဟင်္သာတမြို့

# ''အဘိဓဇ မဟာရဋ္ဌ ဂုရု''

ဓမ္မာနုဓမ္မ-မဟာဒွါရနိကာယ-ပဌမသံဃုက္ကဋ္ဌ-မဟာနာယက

# သာသနာပိုင် ဆရာတော်ဘုရားကြီး



## သက်တော်(၇၃)နှစ်အယွယ်တော်ပုံ

ယခုသက်တော် (၈၉) နှစ်-သိက္ခာတော် (၇၀)

www.dhammaransi.com



အစဉ်မြဲလျက် အဆက်ဆက် ဖြစ်ကုန်သော ဂဏပါမောက္ခ- မဟာနာယက ဆရာတော် ဘုရားကြီးတို့သည် ဒွါရဂိုဏ်းကြီး၏ ဥပဒေကျင့်စဉ်ကို ပြဋ္ဌာန်း ထုတ်ပြန်တော် မူခဲ့ကြကုန် သည်။

ကျေးဇူးသျှင် အုဂ်ဖိုရ်ဆရာတော်ဘုရားကြီးသည် (၁၂၁၇) ခုနှစ်၌ ဒွါရ ဂိုဏ်းကြီးကို တည်ထောင်ဖန်ဆင်းတော်မူပြီးသျှင်၊ နှစ်ပေါင်း (၅၀) ပတ်လုံး ဤစည်းမျဉ်းဥပဒေသ အတိုင်း ညွှန်ကြားဆုံးမတော်မူ၍၊ ၁၂၆၇-ခုနှစ်၌ စံလွန်တော်မူသည်။ ထိုနောက် အဆက်အဆက် ဖြစ်ကုန်သော ဂဏပါမောက္ခ-မဟာနာယက ဆရာတော်ဘုရားကြီးတို့သည်နှစ်ပေါင်း-၅၀ ပတ်လုံး ဤစည်းမျဉ်း ဥပဒေသ အတိုင်းပင် ညွှန်ကြားဆုံးမတော်မူခဲ့ကြရာ သာသနာတော်နှစ် တဝက်ပြည့်သော ယခု ၁၃၁၇-ခုနှစ်၌ စည်းမျဉ်း ဥပဒေသ အသက် နှစ်ပေါင်း-၁၀၀ ကျော် ပြီဖြစ်၍ မည်သူမျှမှ နှုတ်ပယ်ဖျက်ဆီး၍ မစွမ်းနိုင်သော တည်တန့် ခိုင်မြဲသည့် စည်းမျဉ်း ဥပဒေ ဖြစ်သည်။

၁၂၁၇-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက်နေ့၌ နာခံတော်မင်း မင်းရာဇာ သီဟသူပြန် "ပဌမသင်္ဂါယနာတင် မင်းတရားကြီး ထုတ်ပြန်တော် မူအပ်သော" ဓမ္မဝိနယ ပြန်တန်းအမိန့် တော်သည် ဒွါရဂိုဏ်းကြီး၏ ဥပဒေကျင့်စဉ်နှင့် သဘောမပြား တသားတည်းပင် ဖြစ်သည်။ ၁၃၁၇-ခု ကဆုန်လ၌ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသင်္ဂါယနာ ဩဝါဒါစရိယ ဆရာတော်များ၊ ဝန်ဆောင် သံဃာအဖွဲ့ဝင် ဆရာတော်များ အမှူးရှိသော သံဂီတိ ကာရက ၂၅၀၀-ကျော်တို့က ထုတ်ပြန်တော်မူအပ်သော ဆဋ္ဌသံဂါယနာ ဓမ္မဝိနယ အမိန့်တော် ပြန် တမ်းသည်လည်း ဒွါရဂိုဏ်းဥပဒေကျင့်စဉ်၏ တစိတ်တဒေသမျှသာဖြစ်သည်။

ဤသို့ ကေဝလပရိပုဏ္ဏ သမန္တပါသာဒိကဂုဏ် ပြည့်စုံ လုံးလောက်ခြင်းကြောင့် နှစ်သက်ရိုကျိုး မြတ်နိုးလေးစားစွာ ဒွါရဂိုဏ်းကြီး၏ ဥပဒေကျင့်စဉ်အတိုင်း လိုက်နာ ကျင့်ဆောင် ကြရမည် တပည့်သား မြေးတို့ကိုလည်း ရိုသေလေးစားစွာ လိုက်နာ ကျင့်ဆောင် ကြအောင် ကြပ်ကြပ် တင်းတင်း နားသွင်း ဖြောင်းဖြ ဆုံးမကံမြစ်ကြရမည်။ သပ္ပါယကမ္မဋ္ဌာန်းနှင့်တကွ ဗြဟ္မဝိဟာရတရားကို ပွားများကြရမည်။ သာသနာတော်မြတ်အဓွန့်ရှည်စွာ စင်ကြယ်သန့်ရှင်း ထွန်းလင်းစည်ကားအောင် ဆထက်တိုး၍ ကြိုးစား အားထုတ်ကြရမည်။

(က) အထူးအားဖြင့် မူလဥပဒေကျင့်စဉ် ပြဋ္ဌာန်း ထုတ်ပြန်စဉ်က မပေါ်သေးသော ကြောင့် ဆိုက်ကားစီးနင်းခြင်းကို ဥပဒေ၌ တိုက်ရိုက်အားဖြင့် တားမြစ် ကန့်ကွက်ခြင်း မရှိ၊ သို့မရှိတကားဟု ဆိုက်ကားစီးနင်းခြင်းကို မပြုကြလေနှင့်၊ (ယာနေန) ပုဒ်အရ အလျော်ပင် ဖြစ်ခြင်းကြောင့် ပုဒ်မ (၃၆) ၌ သွင်း၍ အနာပဟူသော အကြောင်းမရှိဘဲ ဆိုက်ကား စီးနင်း ခြင်းကိုလည်း ရှောင်ကြဉ်ကြရမည်။

www.dhammaransi.com



(ခ) ၎င်းပြင် အချို့သော ပင်မှည့်ထိမ္မော်ရည်များ၌ အဖတ်ပါတတ်သဖြင့် ယာဝကာလိကဝတ္ထုဖြစ်သောကြောင့် စစ်၍၊ ကျင့်စဉ်ဥပဒေ ပုဒ်မ (၃၇)အရ, အကပ်ခံ၍ သောက်ကြရမည်၊

(ဂ) အချို့သော အရပ်ဒေသများ၌ ဂျင်း, ကြက်သွန်, ဆီ, ဆား များကို ရောနှော၍ ဝိကာလအခါ ဆက်ကပ်သူဒါန်းနေကြသော ညဉ့်ဂျင်းသုပ်များကို သုံးဆောင်ခြင်းမှလည်း ရှောင်ကြဉ်ကြရမည်၊

(ဃ) အရပ်ဒေသတိုင်း၌ အဟာရ ကိစ္စအကျိုးငှါ သုံးဆောင်နေကြသော လဘက်ရည်သည်၊ ယာဝကာလိက ဝတ္ထုဖြစ်၍ ဝိကာလအခါ၊ သုံးဆောင်ခြင်းမှလည်း ရှောင်ကြဉ်ကြရမည်ဖြစ်ကြောင်း အမိန့်ရှိလိုက်သည် သမဂ္ဂကိုဏ်းဝင် အရှင်ကောင်း-အရှင်မြတ်တို့၊

(ပုံ) ဦးစာရိန္ဒာသဘာ
မဟာဒွါရနိကာယ သံဃုက္ကဋ္ဌ သာသနာပိုင်ဆရာတော်ဘုရားကြီး
ဘုရားကြီးကျောင်းတိုက်
ဟင်္သာတမြို့

www.dhammaransi.com



**၁၃၁၈-ခု၊ တပို့တွဲလဆုတ် ၂-ရက်နေ့**

## ဟင်္သာတမြို့ ဘုရားကြီးကျောင်းတိုက်

**အလယ်တိုက်ကြီးအတွင်း၌ ကျင်းပအပ်သော**

**မဟာဂန္ဓါရုံနိကာယဂိုဏ်းလုံးဆိုင်ရာ**

## အန္တရသန္နိပါတ အစည်းအဝေးကြီး

# ဆုံးဖြတ်ချက်မှတ်တမ်း

---

ပြည်ထောင်စု မြန်မာနိုင်ငံတော် မဟာဂန္ဓါရုဝါဒီနိကာယ ဂိုဏ်းလုံးဆိုင်ရာ အန္တရသန္နိပါတ အစည်းအဝေးကြီးသို့ မြို့နယ်ပေါင်း (၄၇) ဌာနအတွင်းမှ ကြွရောက်တော်မူလာကြသော မဟာနာယက ဂဏပါလက၊ အနုနာယက၊ အနုရက္ခိတ၊ မဟာထေရ်၊ အနုထေရ်များနှင့်တကွ၊ ဆရာတော် သံဃာတော် (၁၀၀) ကျော်တို့သည်၊ ၁၃၁၈-ခု၊ တပို့တွဲလဆုတ် ၂-ရက်နေ့ ၁၂ နာရီအချိန်တွင်၊ ဟင်္သာတမြို့- ဘုရားကြီးတိုက် အလယ်ခမ်းမဆောင်ကြီး၌ မဟာနာယက ဘုရားကြီးဆရာတော်ကို ဥက္ကဋ္ဌ၊ လယ်တီဆရာတော်ကို အကျိုးဆောင်အဖြစ် တင်မြှောက်တော်မူကြပြီးလျှင်၊

၁။ မဟာနာယက၊ ဆရာတော် ဘုရားကြီးအား ရှေဦးစွာ ပူဇော်ကန်တော့ကြပါသည်။

၂။ မဟာနာယက ဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော်ကို သဲရိုးဘုန်းတော်ကြီး ဦးဂုဏာလင်္ကာရ က-ဘာသံကြားလျှောက်ထားသည်ကို ရှိသေစွာနာယူကာ သာဓုသုံးကြိမ်ခေါ်ကြပါသည်။

၃။ ကြွရောက်တော်မူလာကြသော အရပ်ရပ်သံဃာတော်စာရင်းကို ဘုရားကြီးတိုက် ဦးပဏ္ဍိတမှက ဘာသံကြားလျှောက်ထားပါသည်။

၄။ ၁၃၁၇-ခုနှစ်၊ မဟာသန္နိပါတ အစည်းအဝေးမှတ်တမ်းကို ဘာသံကြားအတည်ပြုကြပါသည်။

၅။ ၁၃၁၇-ခုနှစ်၊ ဗဟိုအမှုဆောင်အဖွဲ့၏ ပြုလုပ် ဆောင်ရွက်ချက်များကို ဘာသံကြားအတည်ပြုကြပါသည်။

၆၊ သံဃာလွှတ်တော် ကိစ္စနှင့်ပတ်သက်၍ လယ်တီဆရာတော်က ရှင်းလင်းလျှောက်ထားရာ၊ ၁၃၁၇-ခုနှစ်၊ ဗဟိုအမှုဆောင်အဖွဲ့မှ၊ ဆုံးဖြတ်ချက်

www.dhammaransi.com



ချထားသော သံဃာလွှတ်တော်ဖြစ်မြောက်ရေး ကိစ္စအတွက်ပါဝင်ဆောင်ရွက်ရန် ဤအစည်းအဝေးကြီးက သဘောတူဆုံးဖြတ်ကြပါသည်။

၇။ ဝါဆိုသံဃာစာရင်းချုပ်နှင့် အထွေထွေ သုံးစာရင်းကို ဦးပဏ္ဍိတမှက ဖျောက်ထားပါသည်။

၈။ (က) သာသနာညွှန်ကြားရေးဝန် ဗန္ဓုလဦးစိန်၏ ဖျောက်ထွာကို ဘာသာပြန်ကြားဖျောက်ထားပါသည်။

(ခ) လွန်ခဲ့သည့် သုံးနှစ်လောက်က၊ မဟာဒွါရနိကာယ၊ ဂိုဏ်းဝင်ဆရာတော် သံဃာတော် အသီးသီးတို့၌ ဂိုဏ်းအသိအမှတ်ပြုထားသည့် လက်မှတ်များရှိသင့်ကြောင်း မူအားဖြင့် ဆုံးဖြတ်ချက်ချထားသည်ကို ဤအစည်းအဝေးကြီးက ထပ်မံအတည်ပြု ပြဋ္ဌာန်းဆုံးဖြတ်ကြပါသည်။

(ဂ) ဒွါရဂိုဏ်း အနှစ်တရာမြောက် ကိစ္စအတွက် အသုံးစာရင်း မရှင်းရသေးသည်များကို ထပ်မံရှင်းလင်းဖျောက်ထားပါသည်။

၉။ ညနေ ၃-နာရီခွဲအချိန်တွင် ဒုတိယ မဟာနာယက၊ ရေတံခွန် ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်ကို ရိုသေစွာနာခံ၍၊ သာရသုံးကြိမ်ခေါ်ကာ၊ အစည်းအဝေးကို ရုပ်သိမ်းတော်မူကြပါကြောင်း။

www.dhammaransi.com



၁၃၁၈-ခု၊ တပို့တွဲလဆုတ် (၂) ရက်နေ့

# ဓမ္မာနုဓမ္မ-မဟာဒွါရနိကာယ အနုနာယက သန္နိပါတ၌
# မဟာနာယက ဆရာတော်ဘုရားကြီး မိန့်ကြားအပ်သော
# ဩဝါဒမိန့်ခွန်းတော်

သာသနာ့အရေး၊ သဒ္ဒါရွှေပြေး၍ ဝေးနီးရပ်ရွာ ညီညာဖြဖြကြွရောက်တော်မူလာကြကုန်သော၊ ဓမ္မာနုဓမ္မ-မဟာဒွါရ နိကာယ လဇ္ဇီနွယ်ဝင် သူတော်စင်၊ ထေရ် သံဃာတော်အပေါင်းတို့။

ဒေဝ ပုတ္တ စသည်မာရ်ယုတ်၊ ရန်ခလုတ်ကို တမုဟုတ်ရှောင်တခင် အောင်မြင်တော်မူသော မြတ်စွာဘုရားရှင်သည်၊ ဒေဝပုတ္တသံယုတ်၊ တတိယဝဂ် ကိုးခုမြောက်သော သုသိမရသုတ်၌ ဟောတော်မူအပ်သော တသောင်းသော စကြာဝဠာတိုက်၌ ရှိကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့နှင့်တကွ ဘုရားရှင်ကိုယ်တော်မြတ်၊ အရှင်အာနန္ဒာ စသော အသီတိမဟာသာဝက အပေါင်းတို့သည် နှစ်ထောင်းအားရ အရှင်သာရိပုတြာ၏ တဆယ့်ခြောက်ပါးသော ယထာဘုတလမ်းမှန်ကျသော ဂုဏ်တော်တို့ကို ချီးမွမ်းတော်မူကြကုန်၏။

### ယထာဘူတ ဖြစ်တော်မူသော (၁၆) ပါးသောဂုဏ်တော်အင်္ဂါကား။

(၁) ပဏ္ဍိတော(၂) မဟာပညော (၃) ပုထုပညော (၄) ဟာသပညော (၅) ဇဝနပညော (၆) တိက္ခပညော (၇) နိဗ္ဗေဓိကပညော (၈) အပ္ပိစ္ဆော (၉) သန္တုဋ္ဌော (၁၀) ပဝိဝိတ္တော (၁၁) အသံသဋ္ဌော (၁၂) အာရဒ္ဓဝီရိယော (၁၃) ဝတ္တာ (၁၄) ဝစနက္ခမော (၁၅) စောဒကော (၁၆) ပါပဂရဟီတိ။

ထို ၁၆-ပါးသော ဂုဏ်တော်တို့တွင် (၁) ပဏ္ဍိတောဟူသည်မှာ၊ ဓါတု၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ်၊ ဌာနာဋ္ဌာနဟုဆိုအပ်သော ၄-ပါးသော ကောသလ္လ တရားနှင့် ပြည့်စုံတော်မူသော ဂုဏ်တော်ကို ဆိုတော်မူသည်။

(၂) မဟာပညောဟူသည်၊ ပညာက္ခန္ဓအစရှိသော ဂုဏ်ကျေးဇူးအထူးတို့နှင့် ပြည့်စုံတော်မူသည်ကို မဟာပညောဟုဆိုတော်မူသည်။

www.dhammaransi.com



(၃) ပုတုပညောဟူသည် အထူးထူး အပြားပြားသော ခန္ဓာအာယတန- ပဋိစ္စသမုပ္ပါဒ်စသည်တို့၌ ဉာဏ်အမြင်ရှိတော်မူသည်ကို ပုထုပညောဟု ဆိုတော်မူသည်။

(၄) ဟာသပညောဟူသည် နှင်လန်း-နှစ်သက် ဝမ်း မြောက် ခြင်း များ သည် ဖြစ် ၍၊ ပါတိမောက္ခ သံဝရသီလ စသောသီလဘို့ကို ပြည့်စုံစေလျက် နိဗ္ဗာန်အဆုံးရှိသော တရားတို့ကို မျက်မှောက်ပြုတော်မူသည်ကို ဆိုတော်မူသည်။

(၅) ဇဝနပညောဟူသည် အလုံးစုံသော ရုပ်နာမ် တရားတို့ကို အနိစ္စစသောအားဖြင့် လျင်စွာထိုးထွင်း၍ သိတတ်သော ဉာဏ်တော်နှင့် ပြည့်စုံတော်မူသည်ကို ဇဝနပညောဟု ဆိုတော်မူသည်။

(၆) တိက္ခပညောဟူသည် ·လျင်မြန်စွာ ကိလေသာတို့ကို ဖြတ်တတ်သောကြောင့် တိက္ခပညာဟူသော ဉာဏ်ထူးကိုလည်း ရတော်မူသည်ကို တိက္ခပညော ဟု ဆိုတော်မူသည်။

(၇) နိဗ္ဗေဓိက ပညောဟူသည် ခပ်သိမ်းဉဿုံ အလုံးစုံသော သင်္ခါရ တ ရား တို့ ၌ ငြီးငွေ့ခြင်းများသည် ဖြစ်၍ မဖေါက်ထွင်းဘူးသေး၊ မဖျက်ဆီးဘူးသေးသော၊ လောဘအစု၊ ဒေါသအစု၊ မောဟအစု စသည်တို့ကို ဖေါက်ထွင်း ခွဲထွက်တတ်သောကြောင့် နိဗ္ဗေဓိက ပညောဟူသော ဉာဏ်တော်ကိုလည်း ရတော်မူသည်ကို နိဗ္ဗေဓိက ပညောဟု ဆိုတော်မူသည်။

(၈) အပ္ပိစ္ဆောဟူသည်၊ ၁-မိမိ၌ထင်ရှားရှိသော ဗဟုသုတ, ရတဝန္တစသော ကျေးဇူးကို လျှို့ဝှက်ခြင်း၊ ၂-ပစ္စည်းကိုခံခြင်း၊ ရှာမှီးခြင်း သုံးဆောင်ခြင်း၌ အတိုင်းအရှည်ကို သိသောအဖြစ်သည်ရင်း၊ ဤလက္ခဏာ ၂-ပါးနှင့် ပြည့်စုံတော်မူသောကြောင့် အပ္ပိဆိ ဉာဏ်ကိုရတော်မူသည်ကို ဆိုတော်မူသည်။

(၉) သန္တုဋ္ဌောဟူသည်။

၁။ ယထာလာဘ သန္တောသ။ ပစ္စည်း ၄-ပါးတို့၌ ရရသမျှသော ပစ္စည်းဖြင့်ရောင့်ရဲခြင်း

၂။ ယထာဗလ သန္တောသ ပစ္စည်း ၄-ပါးတို့၌မိမိခွန်အားနှင့်လျော်စွာရောင့်ရဲခြင်း။

၃။ ယထာ သာရုပ္ပ သန္တောသ။ မိမိအားလျောက်ပတ်သည် ဖြင့်သာ ရောင့်ရဲခြင်း ဟုဆိုအပ်သော၄-ပါးသောပစ္စည်းတို့၌ ၃-ပါးသောသန္တောသအားဖြင့်ဝေဘန်ခဲ့သော်၊ ၁၂-ပါးသော သန္တောသ တရားတို့နှင့် ပြည့်စုံတော်မူသောကြောင့် သန္တုဋ္ဌောဟူသော ဉာဏ်ကိုလည်း ရတော်မူသည်ကိုဆိုတော်မူ၏။

www.dhammaransi.com



(၁၀) ပဝိ ဝိဝေကဘွဲ့ပါသည်။

၁။ ကာယဝိဝေက၊ အသွေးအခွံအပေါင်းအဖေါ်၊ ကိလေသာအပေါင်းအဖေါ်တို့မှ ကင်းဆိတ်ခြင်း။

၂။ စိတ္တ ဝိဝေက နိဝရဏာတို့မှ ထက်ဝန်းကျင် စင်ကြယ်သော သမာပတ်၈-ပါးကို ရခြင်း။

၃။ ဥပဓိဝိဝေက၊ ကိလေသာတည်းဟူသော ဥပဓိမရှိကုန်သော သင်္ခါရတို့၏ ကင်းလွတ်ရာ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရောက်ခြင်းဟု ဆိုအပ်သော ၃-ပါးကုန်သော ဝိဝေကတရားဘို့ကို ရတော်မူသောကြောင့် ပဝိ ဝိတ္တဟူသော ဂုဏ်နှင့်လည်း ပြည့်စုံတော်မူသည်ကို ဆိုတော်မူသည်။

(၁၁) အသံသဋ္ဌဟူသည်။

၁။ ဒဿနသံသဂ္ဂ။ ။အဆင်းကိုမြင်သဖြင့် ချစ်ခင်ကပ်ငြိခြင်း။

၂။ သဝန သံသဂ္ဂ။ ။အသံကြားသဖြင့် ချစ်ခင်ကပ်ငြိခြင်း။

၃။ သမုလ္လပနသံသဂ္ဂ။ ။ချစ်ခင်နှစ်သက်ဘွယ် ပြောဆိုသဖြင့် ချစ်ခင်ကပ်ငြိခြင်း။

၄။ ပရိဘောဂသံသဂ္ဂ။ ဝတ္ထုနည်းငယ်-ဖလှယ်၍သုံးဆောင်သဖြင့် ချစ်ခင်ကပ်ငြိခြင်း။

၅။ ကာယသံသဂ္ဂ။ ကိုယ်လက်ယှဉ်ပိုက် ထိခိုက်သဖြင့် ချစ်ခင်ကပ်ငြိခြင်းဟု ဆိုအပ်သော ၅-ပါးကုန်သော သံသဂ္ဂတို့မှ ကင်းလွတ်တော်မူသော ဂုဏ်နှင့်ပြည့်စုံတော်မူသည်ကို ဆိုတော်မူသည်။

(၁၂) အာရဒ္ဓ ဝိရိယဟူသည်။ ။အားထုတ်အပ်သော ဝိရိယရှိသော ရဟန်းသည် သွားသော ကာလ၌ဖြစ်သော ကိလေသာကို ရပ်ခြင်းသို့မရောက်စေခြင်း၊ ရပ်သောကာလ၌ ဖြစ်သောကိလေသာကို ထိုင်ခြင်းသို့မရောက်စေခြင်း၊ ထိုင်သော ကာလ၌ဖြစ်သော ကိလေသာကို အိပ်ခြင်းသို့မရောက်စေခြင်းဟု ဆိုအပ်သော ထိုထိုဣရိယာပုထ်၌ ဖြစ်သောကိလေသာကို ထိုဣရိယာပုထ်၌သာနှိမ်နင်းဖျောက်ဖျက်ခြင်းပြုရာ၏။
အရှင်သာရိပုတ္တရာ မထေရ်ကား ၄၄-ဝါတို့ကာလပတ်လုံး ညောင်စောင်း၌ ကျောချ၍ အိပ်ဘူးသည်မရှိ၊ ထိုသို့သောလုံ့လနှင့် ပြည့်စုံတော်မူသောကြောင့် အာရဒ္ဓ ဝိရိယ ဂုဏ်နှင့်ပြည့်စုံတော်မူသည်ကို ဆိုတော်မူသည်။

(၁၃) ဝတ္တာဟူသည်။ ။ကိလေသာတို့ကို ခါတွက်စေသောအားဖြင့် ရဟန်းတို့အား အခါမရွေး ဆုံးမတော်မူတတ်သော ဂုဏ် နှင့် ပြည့် စုံ တော် မူ သော ကြောင့် ဝတ္တာဟူသော ဂုဏ်ကိုလည်း ရတော်မူသည်ကို ဆိုတော်မူသည်။

www.dhammaransi.com



(၁၄) ဝနစကျန္ဒမာဟူသည်။ ။ကြီးကျယ်-ကြီးကျယ်သော ရဟန်းသာမဏေတို့ကို မဆိုထားနှင့် ယနေ့ ၇င်ဖြစ်ခါစဖြစ်သော (၇) နှစ်သားအရွယ် သာမဏေငယ်၏ အဆုံးအမကိုလည်းဦးခေါင်းဖြင့်ခံယူ၍ကျင့်တော်မူနိုင်ခြင်းတည်းဟူသော ဂုဏ်နှင့်လည်း ပြည့်စုံတော်မူသည်ကို ဆိုတော်မူသည်။

(၁၅) စောဒကောဟူသည်။ ။ဝဇ္ဇုသို့ သက်သော်ငင်း၊ မသက်သော်ငင်း၊ ဝိတိက္ကမ ဖြစ်သည် (လွန်ကျူးခြင်း)ကို မြင်သည်ရှိသော် ငါ့ရှင်ရဟန်းမည်သည်ကား၊ ဤသို့သင်းပိုင်ကို ဝတ်အပ်၏ ဤသို့ကိုယ်ဝတ်ကိုရုံအပ်၏၊ စသည်၏ အစွမ်းအားဖြင့် အဆုံးအမကို ပေးတော်မူခြင်း တည်းဟူသော စောဒက ဂုဏ်နှင့်လည်း ပြည့်စုံတော်မူသည်ကိုဆိုတော်မူသည်။

(၁၆) ပါပဂရဟိ-ဟူသည်။

၁။ ယုတ်မာသောသူတို့ကို မမြင်လိုခြင်း၊ ထိုယုတ်မာသောသူတို့၏စကားကို မကြားလိုခြင်း၊ ထိုယုတ်မာသောသူတို့နှင့် တစကြာဝဋ္ဋာတည်း၌ မနေလိုခြင်း၊ ပစ္စုပ္ပန်လောကကိုသာ ရှု့လေ့ရှိသောသူသည်ငင်း၊ ယုတ်မာသော အလိုဆိုးရှိသောပုဂ္ဂိုလ်သည်ငင်း၊ ပျင်းရိသောပုဂ္ဂိုလ်သည်ငင်း၊ လျော့သော ဝိရိယရှိသော ပုဂ္ဂိုလ်သည်ငင်း၊ နည်းသောအကြားအမြင်ရှိသော ပုဂ္ဂိုလ်သည်ငင်း၊ ပုဂ္ဂလဓမ္မ ၂-ပါးတို့ကို ရှိသေခြင်းမရှိသောပုဂ္ဂိုလ်သည်ငင်း တခုသောအရပ်ဒေသ၌ငါ၏ထက်ဝန်းကျင်မှမဖြစ်စေသတည်းဟု ပါပပုဂ္ဂလတို့ကိုကဲ့ရဲ့တော်မူခြင်း။

(၂) ရဟန်းတော်တို့မည်သည်ကား ရာဂ-ဒေါသ-မောဟအလိုသို့မလိုက်အပ်၊ ဖြစ်သောရာဂ-ဒေါသ-မောဟတို့ကို ပယ်အပ်၏ဟု အကုသိုလ်တရားကို ကဲ့ရဲ့ စက်ဆုပ်တော်မူခြင်းဟုဆိုအပ်သော ၂-ပါးသောတရားတို့နှင့် ပြည့်စုံတော်မူခြင်းတည်းဟူသော ဂုဏ်ကို ရတော်မူသည်ကို ပါပဂရဟိဟုဆိုတော်မူသည်။

ထို-၁၆ ပါးသောဂုဏ်တော်တို့ကို ကြည့်ရှုနာခံမှတ်သားကြရသဖြင့် ရှေးရှေးသော သာသနပါလ, ဓမ္မက ဘာ တိ က ဖြစ် တော် မူ ကြ ကုန် သော အသျှင်သာရိပုတ္တရာစသော ရဟန္တာ မထေရ်မြတ်ကြီးတို့၏နည်းကို ပုံမှီးတန့်၊ အလေးပြုကြကုန်လျက်၊ ကြင်ကြင်ကျူးနှံ၊ သာသနာ၏ဝန်ကို ထမ်းဆောင်ကြပြီးလျှင် ဒီပနာထ၊ ပတိဋ္ဌစစ်၊ ကောင်ဖြစ်သော ဓမ္မရာဇ် မှန်ကန်သဟဿနှူ ထွက်ထား ရှင်တော်မြတ်ဘုရား၏ ဝိနယဒေသနာ၊ အာဏာတော်ဓမ္မစက်ကို၊ အလေးတမူ အရေးယူကာ၊သင်အံပို့ချ၊ ကျင့်ကြံကြိုးကုတ်၊ အားထုတ်ကြလျက်၊ ဩဝါဒေယျာနုသာသေယျ၊ အသဘ္ဘာစ နိဝါရယေ ဟူသောပါဠိတော်နှင့်လျော်ညီစွာ သမဂ္ဂဂိုဏ်းဝင် သံဃာကြီးငယ်အပေါင်းတို့၏ ကိုယ်အမူအရာ နှုတ်အမူအရာတို့၌ ပါသာဒိကဂုဏ်၊ ပြည့်စုံကြွယ်ဝရင်းရှိကြ၍ လဇ္ဇီသီလဝန္တ၊ ကလျာဏအစစ်ဖြစ်သည်ထက် ဖြစ် ကြ ပါ စေ ခြင်း ၄ါ ကျေးဇူးရှင် ခုဂ်မိုရ်ဆရာတော်ဘုရားကြီး၏ စည်း မျဉ်း ဥ ပ ဒေ ကို အစဉ်မှီးလျက် အထက်

www.dhammaransi.com



ဒီထက်ဖြစ်ကုန်သော ဂဏပါမောက္ခမဟာနာယက ဆရာတော်ဘုရားကြီးတို့သည် ထုတ်ပြန်ပြဋ္ဌာန်းအပ်သော ဒွါရဂိုဏ်းကြီး၏ စည်းမျဉ်းဥပဒေကိုလည်း ဦးဆံဆွေးမြေ့ ကျင့်သုံးလေးစားကြလျက်၊

ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။

ပညတ္တံလောက နာထေန၊ နဘိန္ဒေသီလသံဝရံ။

စသည်ဖြင့်မိန့်တော်မူအပ်သော လက်ျာရံ ဓမ္မသေနာပတိအသျှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ ကျင့်နည်းထုံးကိုနှလုံးမူလျက် သာသနာတော်အတွက် ခန္ဓာအသက်ကိုအပ်နှင်းကာ သာသနာတော်မြတ်ကြီးနှင့် ဂိုဏ်းသံဃာတော်တို့၏ ကြီးပွားတိုးတက်မှုကို အားထုတ်ကြရာ၌ သိက္ခာပုဒ်တခုကို စွန့်မှု-လွန်ကျူးမှု-အရေဝယ်အသက်ကိုမရည်ဆဘဲ သီလကိုလေးစားစောင့်ရှောက်ဆောင်ရွက်တော်မူကြလျက် သိဿာနုသိဿ၊ စဉ်ဆက်မပျက်၊ သာသနာ့ဝန်ကို ထမ်းဆောင်သည်ပိုးကာ ရှေးရှေးသောကျေးဇူးရှင်ထိပ်ခေါင်တင် မဟာထေရ်မြတ်ကြီးတို့အလားနောက်နောင်သော၊ သာသနာ့အဆက်အနွယ် တပည့်တပန်း-ရဟန်း,ရှင်,လူ အများတို့သည်လည်း တဦးနှင့်တဦး ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊မနောကံမေတ္တာတရားရှေ့ရှု ထားကြပြီးလျှင်သာသနာတော်မြတ်ကြီး၏ စည်ပင်ထွန်းကား ပြန့်ပွားတိုးတက်အောင် အားထုတ်ဆောင်ရွက်ကြပါမည့်အကြောင်း မိန့်ကြားအပ်ပေသည်။ ဓမ္မာနုဓမ္မ မဟာဒွါရနိကာယဝါဒီလင်္ကာနွယ်ဝင် သူတော်စင်ထေရ်သံဃာအပေါင်းတို့။ ။

(ပုံ) ဦးစာရိန္ဒာသဘ

မဟာဒွါရနိကာယ-သံဃဇေဋ္ဌ-သာသနာပိုင်ဆရာတော်ဘုရားကြီး။

ဘုရားကြီးကျောင်းတိုက်

ဟင်္သာတမြို့။

www.dhammaransi.com



## ပြည်ထောင်စု မြန်မာနိုင်ငံတော်

### ဒုက်ဗိုလ်၏ မဟာဒွါရဝါဒီဂိုဏ်းအနှံ့ ရသင့်ပါတာ အစည်းအဝေး၌ ဒုတိယ သာသနာပိုင် ဖြစ်တော်မူသော ဟင်္သာတမြို့ ရေတံခွန်ဆရာတော် ဘုရားကြီး၏

## မိန့်ခွန်းတော်

၁၃၁၈-ခု၊ တပို့တွဲလဆုတ် ၂-ရက်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရား၏ သုံးပါးသော သာသနာကို ရှင်မဟာကဿပ ထေရ်တော်မြတ်မှမပြတ်စဉ်ဆက် နွယ်မပျက်ဘဲ ဆက်လက်စောင့် ရှောက်တော်မူလာကြသော သကျနွယ်ဝင် သူတော်စင် ထေရ်မြတ်အပေါင်းတို့ဘွင် ခင်မင် စုံမက် ကိုယ်အသက်ကို ငဲ့ကွက်ကင်းဘိ လုံ့လရှိ ထားသတိသမာဓိန် ပညိန္ဒြေလှုံ့သီး ကျေးဇူး တော်ရင် အရှင်ဒုက်ဗိုလ်ဆရာတော်ဘုရားကြီးသည် အတီးရှေးက မြန်မာပြည် အောက်ဒေသ၌ မြတ်စွာ့ပိနည်း မစောင့်စည်းဘဲ သိမ်းဆည်းမရှိ ထင်မိထင်ရာ ဟောပြောခါနှင့် သပြာ ငွေ ကြေး အတိုးပေးလျက် နွားမွေးလှည်းစီး မီးပန်းမီးရှို့ လူတို့အသွင် ပွဲသဘင်ရှု ဆေးကုခတ် ပေး ဗေဒင်မေးလည်း မနှေးဟောမြွက် အကျင့်ပျက်သည့် လာဘဂုမျိုး ရဟန်းဆိုးတို့ကို ပယ် ချိုးသုဒ်သင် သာသနာ သန့်စင်တော်မူလိုသဖြင့် ထက်ခွင်ပြည်မ မန်းဌာနမှ ဘဝရှင်မြတ် မင်းတုန်းနတ်၏ အပတ်တကုတ် အားထုတ် ပင့် ချောက်သည်ကိုမှု လက်မခံ၊ ဘုန်းကံ အလျောက် ထံတော်အောက်သို့ ဝင်ရောက်ခိုလှုံကြသော သမာနဝါဒီ စိတ်တူညီသည့် လဇ္ဇီ သီလဝန် ထေရ်အမွှန်တို့နှင့်တကွ သာသနညစ်ကျုး ဒုမ္မကိုတို့ကို ရန့်ပြုရန်ထောင် မာန်စောင် မောက်ကြွား ဘေးအန္တရာယ်အကြားမှ ပျက်ပြားချေမွ နှိမ်ချ ဖျက်ဆီးတော်မူလျက် ဂိုဏ်း သီး ဂိုဏ်းခြား အောက်မြန်မာပြည်တလွှား၌ ထင်အရှား တည်ထောင်တော် မူပါသည်။

ထိုသို့ဘေးရန်မရှု တည်ထောင်ပြုသည့် ဖြစ်မှုကင်းလတ် မဟာဒွါရဝါဒီ ဂိုဏ်းတော် မြတ်၌ နူးညွတ်ခိုဝင် သူတော်စင်ဖြစ်တော်မူကြသည့် အရှင်ကောင်းအရှင်မြတ် အပေါင်းတို့ သည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ သွန်သင်ဆုံးမ နည်းနယတို့ကို စောင့်မထိန်းကြပ် သတိကပ်၍ လေးရပ်သော ပါရိသုဒ္ဓိတို့နှင့် ပြည့်စုံတော်မူကြပြီးလျှင် ရှင်တော်ဘုရား ထင်ရှားဟောပြဆုံးမတော်မူအပ်သောဘုရား၌ ရိုသေခြင်း၊ သိတင်းသုံးဘော်ဘို့၌ ရိုသေခြင်း၊ အရက်အကြောက်နှင့်ပြည့်စုံခြင်း၊ ကောင်းစွာ ဝတ်ရုံခြင်း၊ ကြည်ညိုဘွယ်ကို ဆောင်သော ဣရိ ယာပုထ်နှင့်ပြည့်စုံခြင်း၊ ဣန္ဒြေကိုစောင့်စည်းခြင်း၊ ဘောဇဉ်၌ အတိုင်းအရှည်ကိုသိ၍ နိုးကြား ခြင်းနှင့်ယှဉ်ခြင်း၊ သတိနှင့် ပြည့်စုံခြင်း၊ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ အပေါင်း

www.dhammaransi.com



အဘော်နှင့်မရောနှော ရှေးရှုလိုလားစွာ ကျင့်အပ်ကုန်သော အဘိသမာစာရိကဝတ်၌ ရိုသေလေးစားစိတ်ရှိခြင်းဟူသော အာစာရ ဒသကထာဝတ္ထုဂုဏ်နှင့်ပြည့်စုံသော ကလျာဏမိတ္တကိုမှီ၍ မကြားရဘူးသည်ကို ကြားနာရ၏။ ကြားနာရဘူးသည်ကို ဖြူးဖြူးပြက်ပြက်စင်စေ၏၊ ယုံမှားခြင်းကို လွှန်မြောက်ရ၏၊ အယူဖြောင့်စွာပြုရ၏၊ စိတ်ကို ကြည်လင်စေရ၏။ အကြွင်သူအတုကို လိုက်၍ကျင့်သူသည် သဒ္ဓါ သီလ သုတ စာဂ ပညာ တိုးပွား၏။ ထိုပုဂ္ဂိုလ်ဟူသော ဥပနိဿယဂေါစရ၊ ရွာတွင်းသို့ဝင်လျက် ခရီးပြ၊ လမ်းမသို့ သွားသည်ရှိသော် ရထားထမ်းပိုးတပြန်မျှရှုလေ့ရှိသဖြင့် ဇာန္ဓေကိုစောင့်လျက် ဆင်ကိုမကြည့်ဘဲမြင်းကို၊ ရထားခြေသည် မိန်းမယောကျ်ားကို မကြည့်ရှုဘဲ သွားခြင်းဟူသော အာစာရ ဂေါစရ၊ သတိပဋ္ဌာန် လေးပါးတို့၌ စိတ်ကိုဖွဲ့ခြင်းဟူသော ဥပနိဗန္ဓဂေါစရ၊ ဤသို့ဟောတော်မူအပ်သော အာစာရ ဂေါစရတို့၌ လေ့လာ ကျင့်ကြံတော်မူကြခါ သာသနာတော်မြတ်၏အကျိုး၊ မဟာဒွါရဝါဒီ ဂိုဏ်း၏အကျိုးများကို အားကြိုးလုံ့လ စိတ်ညီမျှနှင့် ဆက်ကဲတက် ထွန်းပြောင်လက်အောင် ဆောက်ရွက်သည်ပိုးတော် မူကြပါကုန်လော။ ။

ဟင်္သာတမြို့ အဘိဓဇမဟာရဋ္ဌဂုရု ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ(ပဌမ)မဟာနာယက သံဃာ့ဂဏ္ဍ ဒွါရသာသနာပိုင် ကျေး ဖုး တော် ရင် (ဘုရားကြီး) ဆရာတော်ဘုရားကြီးသည် ၁၃၁၈-ခုနှစ်၊ တပေါင်းလဆန်း ၁၁-ရက်နေ့၌ ဘဝနတ်နန်း စံမြန်းတော်မူပြီး၍ နှောင်းတာကူးလဆန်း ၁၁-ရက်နေ့ အန္တိမဈာပနအတွင်း........

(က) တောင်တန်းသာသနာပြုအဖွဲ့မှ ပျော့က်ကြားလွှာ (၁၃-၃-၁၅)

(ခ) နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ ။ ။

(ဂ) သာသနာရေးဝန်ကြီး ဦးဘစော၏ ။ ။

(ဃ) သမတကြီး ဦးဝင်းမောင်၏ ။ ။

(င) ဒုတိယ ဝန်ကြီးချုပ် ဦးကျော်ငြိမ်း၏ ။ ။

(စ) နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့မှ အသူတော်နှင့် ပူဇနာကထာများကို အဘိဓဇမဟာရဋ္ဌဂုရု ဓမ္မာနုဓမ္မမဟာဒွါရနိကာယပဌမမဟာနာယက(မဟာထေရုပ္ပတ္တိ) အကျယ်၌ ဆရာတော် ဦးပဏ္ဍိဘဓမ္မ ရေးသားစီရင် ထည့်သွင်းပါလိမ့်မည်။

"အဂ္ဂမဟာပဏ္ဍိတ-အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်နှင့် "သိရီစာရိန္ဒာသဘာတိပိဋကဓရ-မဟာဓမ္မသေနာပတိ-ဂဏာဓိဂဏ-ပါမောက္ခဂုရု" သွန်းပြုခ်ရှိပ် သံဃာဒဏ္ဍိယဘွဲ့တံဆိပ်တော်များကို ခံ ယူ ရ ရှိ တော် မူ သော (ပဌမ)မဟာနာယက ဒွါရသာသနာပိုင် (ဘုရားကြီး) ဆရာတော်ဘုရားကြီး၏ အန္တိမဈာပနအခန်းအနား၌ အထူးမှတ်တမ်း။

www.dhammaransi.com



## ၁၀-၄-၅၇ ခု၊ ၁၃၁၈ ခု၊ နှောင်းတန်ခူးလဆန်း (၁၁) ရက် ဗုဒ္ဓဟူးနေ့

## အစီအစဉ်

**********

နေ့လည်တနာရီ၊ နိုင်ငံတော်သမတကြီး စံကျောင်းတော်ရောက်၊ ခရိုင်ပြန်ကြားရေးအရာရှိ ဦးဘထွန်းအောင်က အခမ်းအနားဖွင့်ကြေငြာ။

၁။ သာသနာ့ညွှန်ကြားရေးဝန် မဟာညာဏဗလ ပဌမကျော် ဦးကြီးဖေကဂါထာဖြင့် ချီးကျူးရန်။

၂။ သာသနာရေးအထူးအရာရှိ ဝဏ္ဏကျော်ထင် ပဌမကျော် ဦးဆိုင်ကျော်နှင့်-

၃။ သာသနမဂ္ဂဇင်းအယ်ဒီတာ ဦးမာဃတို့က ဂါထာဝါဟိနီဂါထာများ ဘာသာပြန်ကြား ပူဇော်ရန်။

၄။ သာသနာရေးအရာရှိဓမ္မာစရိယ ဦးညွန့်ဆွေကဂုဏာဘိကိတ္တိဂါထာဘာသာပြန်ကြား၍ ပူဇော်ရန်၊

၅။ သာသနာရေးအရာရှိ ဦးဘစိုးက သံဝေဇနီယ ဓမ္မသင်္ကေတဂါထာ ဘာသာပြန်ကြား၍ ပူဇော်ရန်၊

၆။ မဟာသိရိသုဓမ္မ (ဦးမြ) ဟာသ်ာတက နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့ကိုယ်စား ဘာသာပြန်ကြားပူဇော်ရန်၊

၇။ သာသနာရေးဝန်ကြီး ဦးဘစောက နိုင်ငံတော်အစိုးရကိုယ်စား ချီးကျူးစကားပြောကြား၍ အစိုးရလှူဒါန်းသော ငွေ (၅၀၀၀) ကျပ်နှင့် အလောင်းတော်ဖုံး ကမ္ဗလာကို ဒုတိယဝန်ကြီးချုပ်ထံ ပေးအပ်ရန်၊

၈။ ဒုတိယဝန်ကြီးချုပ် ဦးကျော်ငြိမ်းက အလှူငွေ (၅၀၀၀) နှင့် ကမ္ဗလာကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရကိုယ်စား သမတကြီး ကလှူဒါန်းရန် နှင့် အလောင်းတော်ကို ဖုံးလွှမ်းပါရန် သမတကြီးအားအပ်နှင်းရန်၊

၉။ နိုင်ငံတော်သမတကြီး မိန့်ခွန်း၊

၁၀။ နိုင်ငံတော်သမတကြီးက တိုင်းသူပြည်သားကိုယ်စား လှူဘွယ်များဆက်ကပ်ရန်၊

၁၁။ နိုင်ငံတော်သမတကြီးက ငါးပါးသီလကိုခံယူ၍ ရေစက်ချအမျှပေးဝေရန်။

၁၂။ ဒုတိယမဟာနာယက ရေတန်ခွန်ဆရာတော်ဘုရားကြီးကို ပထမမဟာနာယက အဖြစ်ကြေငြာရန်၊ [မဟာသိရိသုဓမ္မ ဦးမြ ဟာသ်ာတ ခွါရဂိုဏ်းလုံးဆိုင်ရာ သံဃာတော်များ၏ကိုယ်စား]

၁၃။ သာရကိဥ္စနသဘင် ဆင်ယင်ကျင်းပရေးအဖွဲ့က ကျေးဇူးတင်စကားပြောကြားရန်။

---

www.dhammaransi.com



### ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ၏ သံဃသြဇ္ဇမဟာနာယက ဆရာတော်ဘုရားကြီး အဖြစ်

# ထုတ်ပြန်ကြေငြာချက်

ဟင်္သာတမြို့ အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဒွါရသာသနာပိုင် ဖြစ်တော်မူသော ကျေးဖူးရှင်ဘုရားကြီး ဆရာတော်ဘုရားကြီးသည် ၁၃၀၄-ခုနှစ်မှစ၍၊ ၁၃၁၈-ခုနှစ်အထိ၊ ၁၅-နှစ်တိုင်တိုင် ပြည်ထောင်စု မြန်မာနိုင်ငံတော်လုံးဆိုင်ရာ ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ ပဌမ မဟာနာယက သံဃသြဇ္ဇ ဒွါရသာသနာပိုင်အဖြစ်ဖြင့် စိုးမိုးအုပ်ချုပ်တော်မူခဲ့ရာ၊ ၁၃၁၈ ခုနှစ် တပေါင်းလဆန်း ၁၁-ရက် နံနက် ၅-နာရီ ၂၅-မိနစ် အချိန်တွင် နတ်ထီးဗိမာန် ဝင်စံတော်မူပြီးဖြစ်ပါသောကြောင့် မဟာဒွါရဂိုဏ်းလုံးဆိုင်ရာ သံဃာတော်အရှင်မြတ်တို့က ၁၃၁၄-ခုနှစ်၌ ဒုတိယ မဟာနာယက အဖြစ်ဖြင့် တင်မြှောက်တော်မူခဲ့ပြီး ဖြစ်သော ဟင်္သာတမြို့ "သိရိကေလာဝံသာဘိ တိပိဋက ကဝိဓ္ဓာသဘာ မဟာအတုလရံသီ" သံဃာဒွတ္တိယ ဘွဲ့တံဆိပ်တော်ရ ရေတံခွန်ဆရာတော် ဘုရားကြီးကို ပြည်ထောင်စု မြန်မာနိုင်ငံတော်လုံးဆိုင်ရာဓမ္မာနုဓမ္မ မဟာဒွါရနိကာယ ဒုတိယ မဟာနာယက သံဃသြဇ္ဇ ဒွါရသာသနာပိုင်အဖြစ်ဖြင့် စိုးမိုးအုပ်ချုပ်တော်မူပြီးဖြစ်ကြောင်း ယုံကြည်လေးမြတ်စွာ သံဃာတော် အရှင်မြတ်များ၏ ကိုယ်စား (မဟာသိရိသုဓမ္မ ဦးမြ ဟင်္သာတ-က) အများသိစေရန် ကြေငြာအပ်သည် ဖြစ်ပါကြောင်း။

မဟာဒွါရ နိကာယ၏ သံဃသြဇ္ဇ မဟာနာယက ဆရာတော် ဘုရားကြီးသည် အဘယ်ဆရာတော်ပါနည်းဟု နိုင်ငံတော် အစိုးရခင်းတို့၏ လျှောက်ထား မေးမြန်းချက်အရ မဟာဒွါရနိကာယ ဂဏရက္ခိတ ဆရာတော် ဗဟိုအမှုဆောင် အနုရက္ခိတ ဆရာတော် (၁၀)ပါးတို့က ၁၃၁၉-ခု၊ တပို့တွဲလဆုတ် ၃-ရက်နေ့နံက် ၉-နာရီအချိန် ဟင်္သာတမြို့ လယ်တီကျောင်းတိုက်၌ စည်းဝေးဆုံးဖြတ်ကြ၍ အကြောင်းပြန်ကြားအပ်ပါသည်။

(၁) ၁၃၁၄-ခုနှစ်တပို့တွဲလဆုတ် (၃) ရက်နေ့၌ ဟင်္သာတမြို့ ဘုရားကြီးကျောင်းတိုက်၌ ကျင်းပအပ်သော မဟာဒွါရနိကာယ မဟာသန္နိပါတ အစည်းအဝေး၌ ဟင်္သာတမြို့ ရေတံခွန်ဆရာတော် ဘုရားကြီး (ဦးကေလာဝံသ) ကို ဒုတိယ မဟာနာယကအဖြစ် တင်မြှောက်ကြပါသည်။

(၂) ၁၃၁၈-ခုနှစ်၊နှောင်းတာကူးလဆန်း(၁၁)ရက်နေ့၌ ပထမမဟာနာယက ဘုရားကြီးဆရာတော်ဘုရားကြီး၏ ဈာပနသဘင် အခမ်းအနား ဆင်ယင်ကျင်းပရာ၌ ကျောင်းသိုး ကျောင်းထိုင် ကျောင်းပိုင် ဆရာတော် သံဃာ

www.dhammaransi.com



တော် (၃၅၀) ကျော်တို့နှင့် တကွ နိုင်ငံတော်သမတကြီး ဦးဝင်းမောင်၊ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး မိုလ်မှူးအေောင်၊ ဒုတိယ ဝန်ကြီးချုပ် ဦးကျော်ညိမ်း၊ သာသနာရေးဝန်ကြီး ဦးဘစော၊ သာသနာ ညွှန်ကြားရေးဝန် ဗန္ဓုလ ဦးစိန်၊ သာသနာညွှန်ကြားရေဝန် ပဌမကျော် ဦးကြီးပေ၊ ဟသ်ာတ ဦးမြ အစရှိကုန်သော သံဃာပရိသတ် မင်း, မှူး, မတ်, ကုန်သည် ပရိသတ်အပေါင်းတို့၏ ရှေ့မှောက်၌ မဟာဒွါရနိကာယ ပထမ မဟာနာယကအဖြစ် တင်မြှောက် ကြေညာကြပါသည်။

(၃) ၁၃၁၉-ခုနှစ်၊ တပို့တွဲလဆုတ်(၂)ရက်နေ့ ဟသ်ာတမြို့ ရေတံခွန်ကျောင်းတိုက်၌ ပဌမ မဟာနာယကအဖြစ်ဖြင့် မဟာနာယက ပူဇော်ပွဲသဘင်

ဆင်ယင် ကျင်းပ၍ အန္တရသန္နိပါတ အစည်းအဝေးကို ကျင်းပကြပါသည်။
ဤအထက်ပါအချက်များအရ ဆောင်ရွက်ခဲ့ပြီးသော ကိစ္စအရပ်ရပ်တို့ကြောင့် ဟသ်ာတမြို့ရေတံခွန်ကျောင်းတိုက် ဆရာတော်ဘုရားကြီး (ဦးကေလာဝံသ) သည်သာလျှင် မဟာဒွါရနိကာယ၏ သံဃာ့ကူဋ္ဌ ပဌမ မဟာနာယကဆရာတော်ဘုရားကြီး ဖြစ်ပါကြောင်း။

ဂဏရက္ခိတ အထောင်ဆရာတော်

ဂဏရက္ခိတ သပြေပင် ဆရာတော်

အနုရက္ခိတ ရေတံခွန်တိုက် ဓမ္မာစရိယ

အနုရက္ခိတ လယ်တီဆရာတော်

အနုရက္ခိတ လယ်တီတိုက်အုပ် ဆရာတော်

အနုရက္ခိတ သပြေပင်တိုက် ဓမ္မာစရိယ

အနုရက္ခိတ ဘုရားကြီးတိုက် ဆရာတော်

အနုရက္ခိတ ကန်ဦးဆရာတော်

အနုရက္ခိတ ဘုရားကြီးတိုက် ဆရာတော်

အနုရက္ခိတ သပြေပင်တိုက် ဓမ္မာစရိယ

******

www.dhammaransi.com



### ၁၃၁၉-ခုနှစ်၊ မှတ်တမ်း

### ပြည်ထောင်စုမြန်မာနိုင်ငံတော်

### မဟာဒွါရနိကာယ ဂိုဏ်းလုံးဆိုင်ရာ ဂဏပါလက

## ဆရာတော်သံဃာတော်များ၏

## အန္တရသန္နိပါတ

# အစည်းအဝေးမှတ်တမ်း

---

ပြည်ထောင်စု မြန်မာနိုင်ငံတော် မဟာဒွါရ နိကာယ ဂိုဏ်းလုံးဆိုင်ရာ အန္တရ သန္နိပါတ ဖြစ်တော်မူကြကုန်သော ခရိုင်မြို့နယ် အသီးသီးမှ မဟာနာယက၊ ဂဏရက္ခိတ၊ အနုနာယက၊ အနုရက္ခိတ မဟာထေရ်၊ အနုထေရ်များနှင့်တကွ၊ ဆရာတော် သံဃာတော် (၁၀၀) ကျော်တို့သည် ၁၃၁၉-ခုနှစ်၊ တပို့တွဲလဆုတ် (၂) ရက်နေ့ ၁၂-နာရီ အချိန်တွင် ဟင်္သာတမြို့ ရေတံခွန်ကျောင်းဘိုက် သိမဒ္ဒာရုံကျောင်းတော်ကြီး၌......

(၁) အစည်းအဝေးကို ဖွင့်လှစ်တော်မူကြသည်၊ (၂) မဟာနာယက ဆရာတော် ဘုရားကြီးကို ဥက္ကဋ္ဌ၊ လယ်တီဆရာတော်ကို အကျိုးဆောင်တင်မြှောက်တော်မူကြခါ မဟာ နာယက ဆရာတော်ဘုရားကြီးအား ပူဇော်ကန်တော့ကြပါသည်၊ (၃) ဆရာတော် ဘုရား ကြီး၏ မှတ်သားနာယူဘွယ် ကောင်းလှသော ဩဝါဒမိန့်ခွန်းတော်ကို ရေ တံ ခွန် တိုက် (ဦးသုဓမ္မိန္ဒ) က၊ ဘာသ်ကြားချေ်ထားသည်ကို ရိုသေစွာကြားနာ၍ သာဓုသုံးကြိမ်ခေါ် တော်မူကြပါသည်၊ (၄) ပင့်လျှောက်လွှာနှင့် ကြွရောက်ဘော်မူလာကြသော သံဃာတော် စာရင်းကို လယ်တီတိုက် (ဦးခမာဝုဓ) က၊ ဘာသ်ကြားချေ်ထားပါသည်၊ (၅) ၁၃၁၈-ခုနှစ်၊ အန္တရသန္နိပါတ၊ အစည်းအဝေးမှတ်တမ်းကို ကြားနာ အတည် ပြု တော် မူ ကြ သည်၊ (၆) ဗဟိုအနုရက္ခိတ အဖွဲ့၏ တနှစ်အတွင်းပြုလုပ်ဆောင်ရွက်ချက်များကို ကြားနာအတည်ပြု တော်မူကြပါသည်၊ (၇) ရိုက်နှိပ်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ စာအုပ်နှင့် မရိုက်နှိပ်ရသေးသောဂိုဏ်း ဝင် အသိအမှတ်ပြု လက်မှတ်ပြီးမြောက်ရေး ကိစ္စများအတွက် အနုနာယက ဌာနအသီးသီးတို့ က တာဝန်ယူကြပါသည်၊ (၈) ပုသိမ်မြို့ တာဝတိံသာကျောင်း ဘုန်းတော်ကြီး ဦးသီရိန္ဒက မြောင်းမြ ပဏ္ဍိတာရုံကျောင်း ကိစ္စအတွက် မပြေမပြစ်ရှိနေသည်ကို ပြေပြစ်အောင်အမှုသည် ဦးသုမန မလာရောက်သည့်အတွက် ဗဟိုအနုရက္ခိတအဖွဲ့သို့ လွှဲအပ်၍သင့်သလို စီမံကြပါမှ သင့်ပါလိမ့်မည်ဟု သပြေပင်ဆရာတော်က အဆိုတင်သွင်းရာ ဆယ်တော် ဆရာတော်က ထောက်ခံသဖြင့် ကန့်ကွက်သူမရှိအတည်ပြုတော်မူကြပါသည်၊ (၉) ၁၃၁၉-ခုနှစ်၊ ဝါဆို

www.dhammaransi.com



သံဃာတော် စာရင်းကိုကြားနာကြပါသည်၊ (၁၀) သထုံမြို့ မဟာမေဃာဝန်တိုက် အနုနာယက ဆရာတော်ဘုရားကြီးကို (ဒုတိယ မဟာနာယက) အဖြစ်ဖြင့် သဘောတူ တင်မြှောက်တော်မူကြပါသည်၊ (၁၁) ပေါက်တောစုနယ်အတွက် သရက်တော ဆရာတော် (ဦးဝါသဝ) ကို၊ ဇလွန်နယ်အတွက် နှဲကြီး မဟာထုပ်ရုံကျောင်းဆရာတော် (ဦးဝေသဝဏ္ဏ) ကို၊ ကျွဲခြံချမ်းသာကြီးကျောင်း ဆရာတော် ဦးသီလာစာရ ကို အနုနာယက အဖြစ်ဖြင့် မဟာနာယကဆရာတော်ဘုရားကြီးက ခန့်အပ်တော်မူသည်ကို သဘောတူညီတော်မူကြသည်။

(၁၂) အထွေထွေကိစ္စ

(က) ဗဟိုဌာနနှင့် ဂိုဏ်း၏အထွေထွေကိစ္စများ ပြီးမြောက်ရေးကို အားပေးတော်မူကြပါရန် ယခုနှစ်ကစ၍ နှစ်စဉ်တကျောင်းလျှင် (၅) ကျပ်၊ ကပ္ပိယ လွှဲအပ်ကြပါရန် ဆယ်တော်ဆရာတော်က အဆိုတင်သွင်းရာ၊ ကန်ဆည် ဆရာတော်၊ ခြောက်ရွာဆရာတော်တို့က ထောက်ခံသဖြင့် အတည်ပြုတော်မူကြသည်၊ (အနုနာယက ဆရာတော်အသီးသီးတို့က မိမိတို့အုပ်စုပါကျောင်းများအတွက် တာဝန်ယူကြသည်။)

(ခ) ဝါဆိုသံဃာ စာရင်းကိုပို့ရာ၌ အသစ်ပြုလုပ်ပေးပို့အပ်သော ဖယောင်းပုံကွက်အတိုင်းကြည့်ရှု၍ ပြည့်စုံစွာထည့်သွင်းပေးပို့တော်မူကြပါရန်။

(ဂ) ၁၃၁၈-ခုနှစ်၊ ဗဟိုအနုရက်ခွဲတ အသုံးစာရင်းကို ဘုရားကြီးတိုက် ဦးပဏ္ဍိတက ဘာသ်ကြားလျှောက်ထားပါသည်။

(ဃ) အနှစ်တရာမြောက် ကိစ္စနှင့်ပတ်သက်၍ အသုံးစာရင်းရှင်းတမ်းနှင့် ပွဲစည်းအုပ်ချုပ်ပုံ စာအုပ်ရှင်းတမ်းကို လယ်တီတိုက် ဦးခေမာဂုဏ ဘာသ်ကြားလျှောက်ထားပါသည်။

(င) သာသနာရေးဌာန ဒုတိယညွှန်ကြားရေးဝန် (ဦးလေးမောင်)က သာသနာရေးကိစ္စကို လျှောက်ထားသည်။


(၁၃) မဟာနာယက ဆရာတော်ကြီး၏ ကိုယ်စား ကံဆည်အနုနာယက ဆရာတော်၏ နိဂုံးချုပ် ဩဝါဒမိန့်ခွန်းတော်ကို ရိုသေစွာ ကြားနာကြပြီးလျှင် သာခုသုံးကြိမ်ခေါ်တော်မူကြ၍ ညနေ (၃)နာရီခွဲအချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းတော်မူကြသည်။

www.dhammaransi.com

ဟင်္သာတမြို့ ရေတံခွန်ကျောင်းတိုက်

မဟာဒွါရနိကာယ ပဌမမြောက် ဒုတိယမဟာနာယက

# ဒုတိယ ရေတံခွန်ဆရာတော် ဘုရားကြီးပုံတော်



၁၂၃၄-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅-ရက်၊ တနင်္လာနေ့

ဖွားမြင်တော်မူသည်။

(၈၈×ဒိ၉)

www.dhammaransi.com



### ဗွီရဝါဒီဂိုဏ်းလုံးဆိုင်ရာ မဟာနာယကပူဇော်ပွဲနှင့် အန္တရာသန္တိပါတ အစည်းအဝေး၌ ဟင်္သာတမြို့ ရေတံခွန်ကျောင်းတိုက် မဟာနာယက ဆရာတော်

## ဘုရားကြီး၏ ဩဝါဒ မိန့်ခွန်းတော်

### ၁၃၁၉-ခု၊ တပို့တွဲလဆုတ် ၂-ရက်

အံ့ဘွယ်ရှစ်ဖြာ သာသနာတော်ပင်လယ်တွင်းသို့ သက်ဆင်း ဝင်ရောက်လာကြသော ထေရမဇ္ဈိမ နဝသက်ရွယ် ကြီးလတ်ငယ် ရဟန်းရှင်အပေါင်းတို့သည် အကြောင်းလျော်ဘိ ခေါ်ဝေါ် ရှိသော မိမိတို့၏နာမ သာမဏဟူသောအမည်သညာနှင့် သာမညဖလဟူသော ဤစကားရပ် တဲ့စပ်ဖွဲ့ယှက် ချိတ်ဆက်လျက်ရှိသည့်၏အဖြစ်ကို နှစ်နှစ်စစ်ဆေး ဉာဏ်နက်လေးဖြင့် မြော်တွေးထင်ထင် ရှုဆင်ခြင်အပ်ပေသည်။ သာမဏဟူသည့်မှာ ကိလေသာမီးရှိန် ညီးထိန်ပြိုက်ပြိုက် မလောင်မြိုက်ရအောင် ပူအိုက်ကိုပယ် သတ်လျက် အအေးခေတ်ရရှိသူဟု အဓိပ္ပါယ်လာလျက်၊ သာမညဖလ၊ ဤပဒမှာ၊ သမဏဘောင်သက်ဝင်၊ ဘန်ဝတ်ဆင်လျက်၊ ရဟန်းရှင်ပြုကျင့်ရခြင်း၏ အကျိုးစီးပွားဟု၊ ထင်ရှားပြက်ပြက်၊ သဘောသွားအနက်၊ ပေါ်ထွက်လျက်ရှိလေသည်။ သာမညဆိုရ၊ သမဏဓမ္မ ကျင့်စာရ၏၊ ဖလနိသင်၊ ကျိုးဖြစ်အင်လည်း၊ များဖြင်နူရင့်၊ အဆင့်ဆင့်လျှင်၊ နိမ့်မြင့်ပြားမြွာ၊ ရှိလေရာဝယ်၊ ဒါယကာ ဒါယိကာမတို့၏၊ သဒ္ဓါဒေယျ၊ သင်္ကန်း ဆွမ်း ပန်း ကျောင်း ဆေး၊ ပစ္စည်းလေးနှင့်၊ မြတ်လေးကော်ရော်၊ ပူဇော်ရှိသေခံရခြင်းတို့မှာ၊ တင်းတိမ်ရောင့်ရဲဘွယ်မဟုတ်၊ အယုတ်ဆုံးအကျိုးမျှသာဖြစ်လျက်၊ ပွတ်သစ်သစ်သို၊ တူစွာစင်ပြူ၊ ရှုဋ္ဌမဇ္ဈိမ၊ မဟာပြသားသုံးဝခေါ်မှတ်၊ သီလမြတ်နှင့်၊ သမာပတ်ရှစ်စဉ်၊ အဘိညာဉ်ငါးရပ်၊ မဂ်လေး ထပ် ဆုပ် ကိုင်၊ အရဟတ္တဖိုလ်၊ ရရှိပိုင်မှ၊ ပန်းတိုင်သို့ရောက်ချေသည်။ မူလပဏ္ဏာသ၊ အဋ္ဌကထာ ဓမ္မဒါယာဒသုတ်ကို ဖွင့်ဆိုရာ၌၊ လေးဖြာသော ပစ္စည်းရပ်ကို၊ တပ်မက်ခင်ယ၊ လေးစားပြုသော၊ ပစ္စယဂရုက၊ ရဟန်းနှင့် လေးခန်းမဂ်ဖိုလ်ကို၊ နှစ်လိုမြော်ရှု၊ လေးစားပြုသော၊ ဓမ္မဂရုက ရဟန်းတို့အား၊ ဆင့်တန်းအလိုက်၊ ထိုက်သည်အားလျော်စွာ ပုံထုတ်လျက်၊ အယုတ်အမြတ်ဖြစ်ပုံ၊ ဝေဘန်တော်မူခဲ့သည်

ပစ္စယဂရုကောစ စတုပ္ပရိသဂ္ဂရေ ကူဋကဟာပဏောဝိယစ
နိဗ္ဗုတဂ်ါရောပိယစနိတ္တေဇော နိပ္ပဘော ဟောတိ တတော ပိ
ဝတ္တိတစိတ္တော ဓမ္မဂရုံကော တေဇဝါ သီဟောဝအဘိဘုယျစာရီ။

စ-ပစ္စယဂရုကနှင့် ဓမ္မဂရုက မမျှသည့်အရာကို ဥပမာဖြင့် ထင်စွာပြဆိုဦးအံ့။ ပစ္စယဂရုကော၊ ရတိုင်းသိမ်းဆည်း၊ တပ်မက်သည်းလျက်၊ ပစ္စည်းလေးဖြာ၊ လေးပြုကာလျှင်၊ မြင့်

www.dhammaransi.com



ရာမမှန်း၊ ပဗ္ဗယာဂရုက ရဟန်းသည်၊ စတုပ္ပရိသက္ကရေ၊ ပရိသတ်လေးသွယ်၊ ဗိုလ်ပုံလယ်၌၊ ကူဋကဟာပဏောဒပိယာစ၊ သုံးစွဲမဖြစ်၊ ကောက်ကျစ်ဘောက်ပြန်၊ မမှန်ကျော်ပြား ထိမ်ဒင်္ဂါး ကဲ့သို့ရင်း။ နိဗ္ဗုတင်္ဂါရောပိယာစ-လျှံဝါပြိုမ်းပျောက်၊ ပြောင်မတောက်ဘဲ၊ မှောင်ရောက်မဲမဲ၊ မီးသွေးခဲကဲ့သို့ရင်း၊ နိတ္တေဇော၊ အရှိန်အဝါမရှိသည်။ နိပ္ပဘော၊ အရောင် အလင်း မရှိသည်။ ဟောတိဖြစ်၏။— တတော၊ထိုနိမ့်ကျဆင့်တန်း၊ ပဗ္ဗယာဂရုက ရဟန်းမှ၊ ဝိပရိတ စိတ္တော၊ ဆန့်ကျင့်လှည့်လွှဲ ပြောင်းလဲအပ်သော စိတ်ရှိသော၊ ဓမ္မဂရုကော၊ လေးဆင့်မင်ဉာဏ်၊ ဗိုလ်လေးတန်နှင့် သန္တိနိဗ္ဗူ၊ အလေးမူသော၊ သူတော်ဂုဏ်လန်း၊ ဓမ္မဂရုက ရဟန်းသည်။ တေဇဝါ၊ အရှိန်အဝါ ရှိသည်ဖြစ်၍၊ သိပေါဝ၊ ပုဒ်ရင်းသီလ၊ ရင်းမူလဖြင့်၊ မြူးကြွ သုန်သုန်၊ ပျံအခုန်ဝယ်၊ မြန်ဟုန်ဝွေ့ဝွေ့၊ ရန်စုံလှေ့သည့်၊ ခြင်္သေ့ကေသရီ ပုံတညီလျှင်၊ အဘိဘုယျစာရီ၊ သူထက်ထင်ပေါ်၊ဆင့်ကဲမော်လျက်၊ လွှမ်းကျော်ကျင့်လေ့ရှိသည်။ဟောတိ ဖြစ်၏။

မဟာဓမ္မရာဇ၊လွှသင်းကျစ်ဟု၊ သုံးခေတ်တုလွတ်၊ တမွတ်ဥသျှောင်၊ မာရ်အောင်ထွတ် ထား၊ရှင်တော်မြတ်ဘုရားသည်၊ သနားကြင်နာ၊ ကရုဏာဖော၊ လွှန်ပြန့်ပြောလျက်၊ သားအြ ရသ၊ သာဝကတို့အား၊ အာမိသအမွေ၊ မခံယူစေဘဲ၊ ကိုးထွေသမုတ်၊ မြတ်ဆုံးဟုတ်သည့်၊ လောကုတ္တရ၊ ဓမ္မအမွေအနှစ်ကိုသာ၊စင်စစ် ခံယူစေတော်မူသည်။

ဓမ္မဒါယာဒါမေဘိက္ခဝေ ဘဝထ မာအာမိသဒါယာဒါ၊ အတ္ထိမေ တုမှေသု အနုကမ္ပာ ကိန္တိမေ၊ သာဝကာ၊ဓမ္မဒါယာဒါ၊ ဘဝေယျုံ နော အာမိသ ဒါယာဒါတိ.......ဘိက္ခဝေ၊ ပရ ဒတ္တူပဇီဝိ၊မှန်ပြိုပြိုလျှင်၊ထို ဤ လှည့်ကာ၊တောင်းခံရှာလျက်၊ခန္ဓာလုပ်ကျွေး၊ ကိုယ်ကိုမွေးသည်၊ ရင်သွေးသွင်ဆန်း သားရဟန်းတို့။ တုမှေ၊ သာကီယဇာတ်၊ မျိုးဥက္ကာ္ဌနှင့်၊ ဘမြတ်ရင်ဘွား၊ သင် ချစ်သားတို့သည်၊ မေ-ရှင်တို့ထွတ်ချာ၊ ဘုရားငါ၏၊ ဓမ္မဒါယာဒါ၊ လောကုတ္တရ၊ ကိုးဝ ပိုင်းခြား၊တရားအမွေခံတို့သည်။ ဘဝထ၊ ဖြစ်ကြကုန်လော့။ အာမိသဒါယာဒါ၊ တဏှာဖြင့် တပ်စွဲပြီးကပ်၍၊ သုံးသပ်အပ်ရာ၊ အာမိသထင်ရှား၊ပစ္စည်းလေးပါး၊ အမွေခံတို့သည်။ မာဘ ဝထ-မဖြစ်ကြကုန်လင့်၊ မေ-ငါဘုရားအား၊ တုမှေသု-သင်ချစ်သားတို့၌၊ အနုကမ္ပာ-ကောင်း ကျိုးလိုလား အစဉ်သနားခြင်းသည်၊အတ္ထိ-ရှိ၏။ကန္တိ-အဘယ်သို့လျှင်၊ မေ-ငါဘုရား၏၊သာဝ ကာ-မိန့်ဩဝါဒ၊ ညွှန်သမျှကို၊ တုပ်ကွလျှိုးငုံ၊ ပျပ်ဝပ်ကြို့နှင့်၊ နှုတ်ဘုံ့ကင်းကွာ၊ ရိုသေစွာ နာကြား၊ တပည့်သားတို့သည်။ ဓမ္မဒါယာဒါ-တရားအမွေခံတို့သည်၊ ဘဝေယျုံ-ဖြစ်ကြပါ ကုန်အံ့နည်း။ အာမိသဒါယာဒါ-ပစ္စည်းလေးပါး၊ အမွေခံတို့သည်။ နောဘဝေယျုံ-မဖြစ်ကြ ပါကုန်အံ့နည်း၊ ဣတိ-ဤသို့လျှင်၊ မေ-ငါဘုရားအား၊ တုမှေသု-သင်ချစ်သားတို့၌၊ အနုကမ္ပာ- အစဉ်သနားခြင်းသည်၊ အတ္ထိ-ရှိ၏။

ယင်းသည့်နက်စွာ၊ ဒေသနာကို၊ နာစေညွှန်ပြ၊ ဆုံးမတော်မူခဲ့သည်။ အာမိသဒါယာဒ, ဓမ္မဒါယာဒ-နှစ်ဝအချက် ပုဒ်အနက်ဝယ်၊ဆက်၍ဆိုရေး၊ ရှိချေသေး၏၊ပေးလှူဒါန၊ အရှင်းစ၍၊ ပညာကောင်းမှု၊ အစုစုကို၊ ပြုကြသသူ၊ ထိုထိုလူတို့သည်၊ သဃန္ဓူတံဆိပ်၊ ဘွဲ့ထွေလိပ်နှင့်၊ လှူ ထိပ်ဆရာ၊ စေပမြတ်စွာ၏၊ မိန့်မှာချိုမြ၊ ကြားနာရ၍ တက်ကြွသဒ္ဒါ၊ ထမြောက်ရာကြောင့်၊

www.dhammaransi.com



ဖြစ်လာတိုးပွား၊ ကုသိုလ်များကို၊ ဘုရားမြတ်စွန်းသရေ၊ သုံးလူ့ဆွေ၏၊ အမွေအနှစ်ဟု၊ ဆိုအပ်ရာတရားမလွတ်၊ တွယ်တာညွတ်သော၊ ဝဋ္ဋနိဿိတခေါ်ရိုး၊ ကုသိုလ်မျိုးယုတ် နိမ့်စွာတို့မှာ၊ အာမိသအမွေ၌၊ ထွက်ရေနောက်ဆွယ်၊ပရိယာယ်အားဖြင့် ပါဝင်ကာ၊ တရားလတာ၊ ခက်မြွှာနွယ်ညစ်၊ မရစ်မပတ်၊ ရှင်းရှင်းပြတ်သော၊ မြတ်ထက်မြတ်ထွတ်၊ ဝိဝဋ္ဋကုသိုလ်မျိုး မှန်သမျှ၊ ဓမ္မအမွေအနှစ်ပင် ဖြစ်လေသည်။ ဤသို့ဘော်ပြ၊ နည်းနယဖြင့်၊ ပစ္စယလေးလီနှင့်၊ ဝဋ္ဋမှီပုည၊ အာမိသ-အမွေ၊ ထိုနှစ်ထွေလုံး မဟောသိရှင်ကျော်၊ စေဘုန်းမော်သည်။ အလိုတော်မကျ၊ ဓမ္မအချက်၌၊ ဖိုလ်မဂ်နိဗ္ဗာန်နှင့်၊ ဝိဝဋ္ဋမှန် ကုသိုလ်မြတ်၊ မဟတ္တ-အမွေနှစ်ပါးလုံး၊ လိုလားခွင့်ပြုတော်မူသည်။ (ဝိသုဒ္ဓိမဂ်မည်စွာ ကျမ်းဋီကာ၌)

လာဘသက္ကာရောဒိ၊ တဏှာယ၊ အာမသိတဗ္ဗတော၊ လောကပရိယာပန္နတာယစ၊ လောကာမိသံ၊ မြမြိုင်မာ၊ မိန့်ဆိုလာတိုင်း အာဒိသဒ္ဒါ ထွက်ချက်နှင့် အနက်စုံဖွေရှာ၍၊ လောကာမိသ အရာဝယ်၊ လာဘတဏှာ၊ သက္ကာရတဏှာ၊ သိလောကတဏှာဟု တဏှာမျိုးသုံးဖြာ ဝေဘန်ကာလျှင်၊ အာရမဏံ တသနာတိတိ တဏှာ၊ တသ ပိပါသာယံ၊ မိန့်သံအရ၊ လာဘ်လာဘအရာ၌၊ ဆာလောင်ငတ်မွတ် ညွတ်မက်ငြိတွယ်ခြင်း၊လာဘတဏှာ၊ပူဇော်ပသ၊ ယုယမြတ်နိုးပြုရာ၌ ဆာလောင်ငတ်မွတ်၊ ညွတ်မက်ငြိတွယ်ခြင်း၊ သက္ကာရတဏှာ၊ ထင်ပေါ်ကျော်ကြား၊ ချီးမွမ်းစကား။ ပြောဆိုရာ၌၊ ဆာလောင်ငတ်မွတ်၊ ညွတ်မက်ငြိတွယ်ခြင်း၊ သိလောကတဏှာဟု၊ တဏှာသုံးပါးတို့၏ အနက်ကို၊ အကွက်ကျကျ သိရာသည်။

ပကော်ာတိဟိ နံ ပဝေဒယျုံ၊ ယာယံ ဝန္တနပူဇနာ၊ ကုလေသု။
သုခုမံသလ္လံ ဒုရုဗ္ဗဟံ၊ သက္ကာရော ကာပုရိသေန၊ ဥဇ္ဈဟော။ ။

ကုလေသု၊ ဒါယကာတို့၌။ ယာယံဝန္တနပူဇနာ၊ အကြင်ရှိခိုးခြင်း၊ ပူဇော်ခြင်းသည်ရှိ၏။ နံ၊ ထိုဒါယကာများ သဒ္ဓါပွား၍ ညွတ်တွားရိုကျိုး ရှိခိုးကော်ရော် ပူဇော်ခြင်းကို။ ပကော်ာတိဟိ၊ ရုန်းထွက်မဖြစ် မြုပ်အောင်နှစ်သည့် ညွှံပျစ်ညစ်ကြေး ရွှံ့ညွှန်စေးဟူ၍သာလျှင်။ ပဝေဒယုံ၊ ဘုရားရဟန္တာ အရိယာရှင်ကျော် သူတော်ပဋိုလ်တို့ ထုတ်ဆိုငြိမ့်လေး ရင့်ကြွေးတော်မူကြကုန်ပြီ။ သုခုမံသလ္လံ၊ ခိုက်ခိုက်နာကျင် ဆုံးစိုက်ဝင်သည့် သေးမျှင်နူနယ် ငြောင့်ဆူးငယ်သည် ဒုရုဗ္ဗဟံ၊ ပြုတ်၍လွတ်အောင် နုတ်ချွတ်ခြင်းငှါ ခဲယဉ်းလှ၏။ကာပုရိသေန သမာဓိဉာဏ် မသန်စွမ်းသူ၊အောက်တန်းလူသည်။သက္ကာရော၊ပူဇာသက္ကာ၊လာဘ်လာဘကို။ဥဇ္ဈဟော၊မြှော့ပုံဆွယ်ဘက်၊ မပယ်ရက်ဘဲ တွယ်မက်လွန်ကဲ၊ စွန့်နိုင်ခဲ၏။လာဘသက္ကာရ-သိလောကတို့၏။အပြစ်ကို၊ ကျုံးနှစ်တတ်သော၊ ညွှန်ပျစ်ဥပမာတချက်၊ နှုတ်ခက်သော ငြောင့်ဆူးဥပမာတရပ်ဖြင့်၊ ဟှဉ်ဟပ်ပြဘိ၊ ဤပါဠိစကား၊ နိပါတ်တော်ဒုကတွင်၊ အရှင်ပိဏ္ဍောလ ဘာရဒွါဇ ထေရမိန့်မှာ၊ ဂါထာစကားဟု၊ မှတ်သားအပ်ရာသည်။

ယဋ္ဌကာမသုခံလောကေ ယဉ္စိဒံ ဒိဗိယံသုခံ။
တဏှက္ခယ သုခဿေတေ ကလံ နာဂ္ဃန္တိ သောဠသိံ။

www.dhammaransi.com



လောကေ၊ လူနတ်ဗြဟ္မာ၊ သတ္တဝါလောကဝယ်၊ ယဉ္စကာမသုခံ၊ အကြွင်းကာမ ဘုံပြင်၊ ဆဲ့တခွင်ဝယ်၊ ခင်မင်စရာအစုံ၊ အာရုံကြွမ်းနူ၊ ဝတ္ထုကာမကို၊ စွဲတုံဘိ၍၊ ကိလေသာကာမ မည်စွာ၊ တဏှာမကင်း၊ ချမ်းသာခြင်း ကာမသုခသည်ရင်း။ ယဉ္စိဒံဒိဗ္ဗိယံသုခံ၊ ရုပ်ရှိရုပ်ကွာ၊ ဗြဟ္မာနှစ်ထပ်၊ လူ့ဘုံရပ်ဝယ်၊ ရအပ်ထိုက်စွာ။ ရူပါရူပ၊ မည်နှစ်ဝနှင့်၊ ဒိဗ္ဗဝိဟာရမှန်၊ လော ကီစျာန်ကိုစွဲပြု၊ ချမ်းသာမှု ဒိဗ္ဗသုခသည်ရင်း။ ဧတေ၊ ဧတာနိသုခါနိ၊ ကာမသုခ၊ ဒိဗ္ဗသုခ၊ ညွှန်ပြဘော်ပြု၊ ဤချမ်းသာမျိုးအစုတို့သည်။ တဏှာက္ခယသုခဿ၊ တဏှာမြစ်ဆန်၊ ချုပ်ရာ မှန်သော၊ နိဗ္ဗာန်သန္တိ၊ ဝိမုတ္တိကို၊ မြင်သိ၍ရအပ်သော၊ ဖလသမာပတ္တိ၊ ချမ်းသာ၏။ သောဠ သိံကလံ၊ နှစ်ရာ့ငါးဆယ်၊ ခြောက်စွန်းကယ်အောင်၊ ဆဲ့ခြောက်သွယ်သချာကို ဆဲ့ခြောက် ဖြာ အလီပြု၍၊ တစုခန့်ရှိ၊ အစိတ်အပိုင်းလောက်ကိုမျှ။ နာဂ္ဃန္တိ၊ တန်ဘိုးသုဉ်ပြင်၊ မမှီနိုင်လေကုန်၊ ဥဒါန်းပါဠိတော်လာ၊ ဒေသနာမိန့်တော်ရပ်ကို၊ သုံးသပ်ရေးရေး၊ မြော်တွေးဆင်ခြင်၊ ဉာဏ် သက်ဝင်လျက်၊ သဗ္ဗီရဓမ္မတာ၊ ဖြစ်လာပြီးသည်၏နောက်၌၊ ချုပ်ပျောက်ရခြင်းသဘောကို မလွန်သာသော၊ ချမ်းသာမျိုးယုတ်နိမ့်မှုနှင့်၊ စိတ်ဆန္ဒပြေငြိမ်၊ တင်းတိမ်ရောင့်ရဲ၍မနေဘဲ၊ ကိလေသာမီးပူ၊ တလူလူအခိုးမထ၊ ငြိမ်းအေးမြနှင့်၊ သမဏပီစွာ၊ သာမညဖလမြင့်တန်း၊ ထွတ် ထိပ်ပန်းကို၊ ရည်မှန်းတောင့်တ၊ လုံ့လကြိုးကုတ်၊ အားထုတ်အပ်ရာသည်။

နှစ်စဉ်မှန်စွာ၊ ခါညီမလွဲ၊ စဉ်အမြဲလျှင်၊ တပို့တွဲလရောက်၊ ပေါက်လှ လဲဝါ၊ ရဲရဲသာ တိုင်း၊ ဒွါရဝတီဂိုဏ်းကြီး၏၊ ထုံးတမ်းအရ၊ သံဃာစည်းဝေးသဘင်၊ ဆင်ယင်ကျင်းပွင့်၊ မေး သင့်ရာကိုမေး၊ ဆွေးနွေးနှီးနှော၊ ဩဝါဒမိန့်သံ၊ ခံယူခြင်းအစဉ်အလာမှာ၊ ဆုတ်ယုတ်ကြောင်း မရှိ၊ အပရိဟာနိယထင်ရှား၊ ကျင့်တရားမျိုးမှန်လျက်၊ အသက်သိက္ခာ၊ ဂုဏ်ဝါကဲဆင့်၊ နှစ် ပါးရင့်နှင့်၊ ကြီးမြင့်သောပုဂ္ဂိုလ်တို့အား၊ ကြည်ညှိညွတ်ပျောင်း၊ ဦးခေါင်းနှိမ်ချ၊ ခ,ယဝပ်လျှိုး မြတ်မြတ်နိုးနှင့်၊ ရှိ ခိုး မာန် လျှော့၊ ကန်တော့ခြင်းအမှုအထွေလည်း၊ မူ့ငွေ့လွှင့်ပါး၊ ဘုရား ပဝေဏီ၊ အရိယာအပေါင်းတို့၊ ကောင်း၏နှုတ်ချီ၊ ထုတ်မြွက်ဆိုလျက်၊ နှစ်လိုဖွံ့ဖြိုက်ဖြိုက်၊ ချီးမွမ်းထိုက်သော၊ စရိုက်ကျင့်ရိုးဖြစ်လေသည်။

ယေဝုၯမပစာယန္တိ နရာဓမ္မဿ ကောဝိဒါ
ဒိဋ္ဌေဝ ဓမ္မေပါသံသာ သမ္ပရာယေစ သုဂ္ဂတိံ

ယေနရာ၊ အကြင်သူတို့သည်။ ဓမ္မဿ ဓမ္မေ၊ ကြီးသူကို ငယ်သူကရိုသေရသော၊ ဇေဋ္ဌာ ပစာယန၊ အကျင့်တရား၌၊ ကောဝိဒါ၊ မပြတ်လေ့လာ၊ တတ်ကျွမ်းစွာနှင့်၊ ထိမ္မာကြကုန်သည် ဖြစ်၍။ ဝုၯံ၊သက်ဝါလွန်ရင့်၊ဂုဏ်ပန်းပွင့်သည့်၊ နှစ်ဆင့်ကဲပို၊ ကြီးမြတ်သောပုဂ္ဂိုလ်ကို။ အပစာ ယန္တိ၊ ဂါရဝနိဝါတမင်္ဂလာ၊ ကုသိုလ်ရှာလျက်၊ သဒ္ဓါကြည်ဖြူ၊ ပူဇော်ညွှတ်ခ၊ ရိုသေကြကုန် ၏။ တေနရာ၊ ထိုဇေဋ္ဌာပစာယန၊ ဓမ္မလေးမူ၊ အရေးယူသော၊ သူ တော် သူ မြတ် တို့ သည်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မြင်လောက၊ ပစ္စုပ္ပန်ဘဝ၌၊ ပါသံသာ၊ မြှောက်ဆိုပြောကာ၊ နှုတ်ဩဘာ ဖြင့်၊ ချီး မွမ်း ခြင်း ငှါ ထိုက် ကုန် ၏။ သမ္ပရာယေစ၊ တမလွန်လောက၊ နောင်ဘဝ၌လည်း။ သုဂ္ဂတိံ၊ ကောင်းသောသူတို့၏လားရာ၊ ချမ်းသာပြောစည်၊ လူ,နတ်ပြည်သို့၊ တုံ့လည်ပြန်

www.dhammaransi.com



ခေါက်၊ ကံအလျှောက်ပင်၊ ဆောက်ကြရကုန်၏။ ကေနိပါတ်၊ တိတ္တိရဇာတ်၊ ဂါထာမြတ် အထောက်အကိုးဖြင့်၊ ရှိခိုးရိုသေရခြင်း၏အကျိုးသွားကို၊ ယုံမှားမဲ့သိရာသည်။

သန္နိပတိတာနံဝေါ ဘိက္ခဝေ ဒွယံကရဏီယံ ဓမ္မီဝါကထာ အရိယောဝါ
တုဏှီဘာဝေါ

ဘိက္ခဝေ၊ ရဟန်းတို့၊ သန္နိပတိတာနံ၊ ပေါင်းစုဝန်းအုံ၊ မျက်နှာဆုံလျက်၊ စုံညီစည်းဝေးကြကုန်သော၊ ဝေါ၊ သင်တို့အား။ ဒွယံ၊ နှစ်ပါးသောအမှုကို။ ကရဏီယံ၊ ပြုကျင့်အပ်၏။ ဓမ္မီဝါကထာ၊ သစ္စာလေးဖြာ၊ ကထာဝတ္ထုဆယ်ရပ်၊ တရားနှင့်စပ်သော၊ မှတ်အပ်စကား၊ ဟောကြားပြောဆိုခြင်းသည်၎င်း။ အရိယောဝါတုဏှီဘာဝေါ၊ သမထဝိပဿနာ၊ ဘာဝနာ ညဉ်၊ မကွာယှဉ်လျက်၊ သမ္ပဇာဉ်မရွေ့လျော၊ မြတ်သောဆိတ်ဆိတ် နေခြင်းသည်၎င်း။ ဣတိ၊ ဤသို့လျှင်။ ဒွယံ၊ နှစ်ပါးသောအမှုကို။ ကရဏီယံ၊ ပြုကျင့်အပ်၏။ ယင်းသည့်ဒေသနာ၊ ဟောမိန့်မှာနှင့်၊ မကွာအညီ၊ ဤသန္နိပါတ၊ သဘာယန္တ၊ ပါပကိလေသာ၊ မြူသွာမငြိ၊ စင်ကြောင်းရှိသော၊ အဘိသလ္လေခိက စေတောဝိဝရဏသပ္ပါယ၊ သုံးမနှုတ်နက်၊ ကျောက်မျက်ဘိုးတန် တို့ကို၊ မိုးဟန်နှိုင်းခန့်၊ ကြဲဖြန့်ရွာသွန်းသည့်အရာကို၊ သက်ဝါရင့်နူ၊ မျှားရှင်ထုက လေးပြု ကောက်ယူ၊ ကြည်ဖြူရွှင်ပြုံး၊ အရကျုံးလျက်၊ နှလုံးအိမ်ဘဏ်တိုက်၌ သိမ်းပိုက်ကြပါကုန်။

---

ဟံသာဝတီမြို့ ရေတံခွန်ကျောင်းတိုက် မြန်မာနိုင်ငံလုံးဆိုင်ရာ

မဟာဒွါရ-နိကာယ-သံဃဂဏ

# သာသနာပိုင်ဖြစ်တော်မူသော ဆရာတော်ဘုရားကြီးအား

အဘိဓဇ, မဟာရဋ္ဌဂုရု, ဘွဲ့တံဆိပ်တော်, ဆက်ကပ်ပွဲနှင့်-မွေးနေ့တော်

ပူဇော်ပွဲ မင်္ဂလာခါမေးပွဲ, ဆုနှင်းသဘင်, အခမ်းအနားများ

## အစီအစဉ်

---

အခမ်းအနားများ ကျင်းပမည့်နေရာ။ ။ဟံသာဝတီမြို့-ရေတံခွန်ကျောင်းတိုက်။
" " " ရက်နေ့ ။ ၁၃၂၀-ခု၊သီတင်းကျွတ်လဆန်း
(၅) ရက်(၁၇-၁၀-၅၈)သောကြာနေ့။
" " " အချိန် ။ ။နံနက် (၈) နာရီတိတိ။

အခမ်းအနားမှူးအဖြစ် သမဂ္ဂအတွင်းရေးမှူး ဦးထွန်းကြည်က ဆောင်ရွက်ပါသည်။

www.dhammaransi.com



နံနက် (၈) နာရီတိတိအချိန်တွင် သာသနအလံတော်ကို ကောင်းကင်သို့ လွှင့်တင်ပါသည်။

၁။ နံနက် (၈) နာရီတိတိအချိန်တွင်၊ ဂဏရက္ခိတနှင့် ဗဟိုအနုရက္ခိတ ဆရာတော်များ၊ ပင့်သံဃာတော်များကို ဗန္ဓုလကာရုံကျောင်း အပေါင်းထပ်မှ အခမ်းအနားကျောင်းပရာသို့၊ ဒေသကိုယ်စားလည်ဦးဘညို၊ ဦးဘဘောင်း၊ ဦးမောင်မောင်ခွေး၊ နှင့် ဆရာကြီး ဦးချမ်းအေးတို့က ပလ္လင်တော် ဝဲယာနှစ်ဘက်တွင် ပင့်ဆောင်ထားပါသည်၊ (ထိုအခါအချက်ပေး ဗုံးတလုံးဖေါက်ပါသည်။)

၂။ သာသနာရေး ဝန်ကြီးနှင့် အခြွေအရံများအား ဗန္ဓုလကာရုံကျောင်း အောက်ထပ်မှ အခမ်းအနားကျောင်းပရာသို့ ရိက္ခာတော်ရ အရေးပိုင်မင်း ဦးဘဦး ရိက္ခာတော်ရ ရဲဝန်မင်း ဦးမြနှင့် ဦးဘိုးကြင်တို့ ဦးဆောင်လာသောအခါ သမဂ္ဂတဲ့ဘက်အတွင်းရေးမှူး ဦးထွန်းရှိန်က ကြိုဆိုလျက်နေရာချထားပေးပြီး ဆရာတော် ဘုရားကြီးအား ပင့်ဆောင်ရမည့် အဆောင်အယောင်များကို ဆက်သပါသည်။

၃။ အဘိဇ္ဇ မဟာရဋ္ဌဂုရုဂုဏ်ရ နိကာယ သံဃာ့ကုဏ္ဍမှ မဟာနာယက ဆရာတော်ကြီးအား အောက်ပါ အစီအစဉ်အတိုင်း သာသနာရေးဝန်ကြီးနှင့် အဖွဲ့ဝင်များက ဆရာတော်ဘုရားကြီးထံ သွားရောက်ပင့်ဆောင်လာကြပါသည်။

၄။ ၁ ဆရာဘိန်းက ဆန်ပန်း-ပေါက်ပေါက်ကြဲလျက်။
၂ သာသနာရေးဝန်ကြီး ဦးဘစောက ပန်းကလပ်ကိုကိုင်လျက်။
၃ ဧရာဝတီတိုင်း သာသနာရေးအရာရှိ ဦးစိုးဝင်းက ဆရာတော်ကြီး၏ ဆောင်းလံတော်အဆောင်အယောင်ကိုကိုင်လျက်။
၄ ရေတံခွန်ဆရာတော်ဘုရားကြီး။
၅ ဦးကျော်နှင့် ဦးကိုကိုကြီးတို့က ရွှေထီးတော်ကိုမိုးလျက်။
၆ (က) ဦးဘဦးက ရွှေအုပ်တော်ကိုကိုင်လျက်။
(ခ) ဦးမြကရွှေဟင်္သာအုပ်ကိုကိုင်လျက်။
၇ ဟင်္သာတခရိုင်ဝန်မင်းက ပန်းတောင်ကိုကိုင်လျက်။
၈ သာသနာညွှန်ကြားရေးဝန် မဟာပညာဗလဦးကြီးဖေက ကွမ်းတောင်ကိုကိုင်လျက်။
၉ သာသနညွှန်ကြားရေးဝန် ဗန္ဓုလ ဦးစိန်က တံခွန်ကုက္ကားကိုကိုင်လျက်။
၁၀ ရွှေဟင်္သာ အယ်ဒီတာဆရာပု၊ ပဲခူးတိုင်း သာသနာရေးအရာရှိ ဦးခင်မောင်လင်း၊ သာသနာရေးအရာရှိ ဦးကျော်ဇော။ သာသနာရေး အရာရှိ ဦးလေးမောင်တို့က တံခွန်ကုက္ကားများကိုကိုင်လျက်။
၁၁ မဟာဒါန အသင်းသားများက တံခွန်ကုက္ကားကို ကိုင်လျက် ပင့်ဆောင်လာကြပါသည်။

www.dhammaransi.com



## ထိုအခါအချက်ပေးဗုံးတလုံးဖေါက်ပါသည်

ထိုသို့ပင့်ဆောင်လာစဉ် ရေတံခွန်ကျောင်းသူများက ရာဇမတ် ဝဲယာနှစ်ဘက်မှနေ၍ ပန်းစိုးများကိုကိုင်လျက် ရှစ်လုံးဘွဲ့ကဗျာများဖြင့် ရွတ်ဆိုပူဇော်ကြပါသည်။

မှတ်ချက်။ ။ဆရာတော်ဘုရားကြီး ကြွလာတော်မူသောအခါ ဟသ်ာတခရိုင် သာသနာရေးအရာရှိ ဦးမြမောင်က(အဘိဓဇ မဟာရဋ္ဌဂုရု ရေတံခွန်ဆရာတော်ဘုရားကြီး)ဟုကြွေးကြော်လျှင် ပရိသတ်က လက်အုပ်ချီ၍ နေကြပါသည်။

၅။ အခမ်းအနားဖွင့်လှစ်ရန် ဧကပိုဒ်ရတုဖြင့် ပန်ကြားပါသည်၊ (ပဲခူးတိုင်းသာသနာရေးအရာရှိ-ဦးခင်မောင်လင်း။)

၆။ အခမ်းအနား ဖွင့်လှစ်မည်ဖြစ်ကြောင်း အခမ်းအနားဖွင့်စာတမ်းဖြင့် လျှောက်ကြားပါသည်။ (သာသနာရေးဝန်ကြီး-ဦးဘစော။)

## ထိုအခါသသ်ာတမြို့ ရေတံခွန်ကျောင်းသူဟောင်းများက တေးဒင့်ံအစရှိသော ပါဠိအနက် အမွှန်းများကို ရွတ်ဆိုကြပါသည်

၇။ ငါးပါးသီလချီးမြှင့်ရန် ရေတံခွန်ဆရာတော် ဘုရားကြီးအား အဘိယာစကဂါထာဖြင့်လျှောက်ထားပါသည်၊ (သာသနာရေးအရာရှိ-ဦးကျော်ဇော။)

၈။ ပရိသတ်က ငါးပါးသီလခံယူကြပါသည်။

၉။ သာသနာရေးအရာရှိ ဦးလေးမောင် (၂) က၊ ရေတံခွန်ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိတော်ကို ဘာသ်ကြားပါသည်။

၁၀။ သာသနာရေးဝန်ကြီးက ရေတံခွန်ဆရာတော် ဘုရားကြီးအား အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

၁၁။ သာသနာရေးဝန်ကြီးက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း၏ အကြောင်းကိုလျှောက်ထားပါသည်။

၁၂။ ရေတံခွန်ဆရာတော် ဘုရားကြီးက ဩဝါဒကထာမြွက်ကြားတော်မူပါသည်။

၁၃။ ဦးမောင်လေးက ဘွဲ့တော်ဘွဲ့မင်္ဂလာ ရတုပိုဒ်စုံကို ဘာသ်ကြားပါသည်။

၁၄။ မင်္ဂလာစာမေးပွဲအောင်မြင်ကြသူများအား သာသနာရေးဝန်ကြီးက ဆုများချီးမြှင့်ပါသည်။

၁၅။ ဆရာသိန်းက ပမောဒိတ ကထာဩဘာစာတမ်းကို ဘာသ်ကြားပါသည်။

၁၆။ သာသနာရေးဝန်ကြီးက ရေစက်သွန်းချအမျှပေးဝေပါသည်။

၁၇။ အခမ်းအနားပြီးဆုံးကြောင်း အခမ်းအနားမှူး ဦးထွန်းကြည်က ကြေညာပါသည်။

ထိုအခါ ဆိုင်းအဖွဲ့က စည်တော်ရွှမ်း၍-အချက်ပေးဗုံးတလုံးဖေါက်ပါသည်။

www.dhammaransi.com



### ၁၃၂၀ ခုနှစ်၊ တပို့တွဲလဆုတ် (၂) ရက် (ပ) နေ့၌
### ကျင်းပပြုလုပ်အပ်သော မဟာသန္တိပါတ

# အစည်းအဝေးမှတ်တမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်လုံးဆိုင်ရာ ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ ဂိုဏ်းလုံးဆိုင်းရာ ဆရာတော် သံဃာတော် (၃၅၀)ကျော်တို့၏ မဟာသန္တိပါတအစည်းအဝေးကြီးကို ဟသ်ာတမြို့ ရေတံခွန်ကျောင်းတိုက်အတွင်း ထေရိကာရုံကျောင်းကြီး၌ ၁၃၂၀-ခုနှစ်၊တပို့တွဲ လဆုတ် ၂-ရက်နေ့ ၁၂-နာရီခွဲအချိန် အစည်းအဝေးကြီးကို စတင်ဖွင့်လှစ်ခါ အောက်ပါအတိုင်း ဆုံးဖြတ်အတည်ပြုတော်မူကြသည်။

၁။ အစည်းအဝေး အခမ်းအနားဖွင့်စာတမ်းကို လယ်တီကျောင်းတိုက် ဦးခမာဇဓက ဘာသ်ကြား လျှောက်ထားသည်။

၂။ မဟာနာယက ဆရာတော်ဘုရားကြီးအား ပူဇော်ကန်တော့ကြပါသည်။

၃။ မဟာနာယက ဆရာတော်ဘုရားကြီး၏ မှန်မြတ်လှသည့် မှတ်သား နာယူဘွယ် ကောင်းလှသည့် ဩဝါဒမိန့်ခွန်းတော်ကို ရေတံခွန်တိုက် ဦးသုဓမ္မိန္ဒက ဘာသ် ကြားလျှောက်ထားသည်ကို ရိုသေစွာ နာယူ၍ သာဓုသုံးကြိမ် ခေါ်တော် မူ ကြပါသည်။

၄။ မဟာသန္တိပါတ ပင့်လျှောက်လွှာနှင့် ပင့်သံဃာစာရင်း။ ကြွလာတော် မူကြသော သံဃာတော်စာရင်းများကို လယ်တီတိုက် ဦးခမာဇဓက ဘာသ်ကြား လျှောက် ထားပါသည်။

၅။ ၁၃၁၉-ခုနှစ်၊ အန္တရသန္တိပါတ အစည်းအဝေးမှတ်တမ်းကို ကြားနာ၍ အတည် ပြုတော်မူကြသည်။

၆။ ဒွါရဂိုဏ်းကြီး၏ စည်းမျဉ်းဥပဒေမှ အကျဉ်းချုပ် ကောက်နုတ်ချက် စည်းမျဉ်း များကို လယ်တီဆရာတော်က ဘာသ်ကြား လျှောက်ထားသည်ကို ရိုသေစွာ နာ ယူတော် မူကြပါသည်။

၇။ ဘွဲ့ပုံတော်များ မကပ်လှူရသေးသော ဆရာတော် (၁၅) ပါးအား မဟာနာယက ဆရာတော်ဘုရားကြီးက ကိုယ်တော်တိုင် ချီးမြှောက်တော်မူသည်။

၈။ နောက်တနေ့အစည်းအဝေး အစီအစဉ် ကျေငြာ၍ စည်းမျဉ်း အကျဉ်းချုပ်များ ကို ဝေဌပြီးလျှင် နေ့လယ် ၂-နာရီ ၄၅ မိနစ်အချိန်တွင် အစည်းအဝေးကို ရုပ် သိမ်းတော်မူကြပါကြောင်း။

www.dhammaransi.com



မှတ်ချက်။ ။၁၃၁၄-ခုနှစ်၊ အစည်းအဝေးမှတ်တမ်း ပေါင်းချုပ်တွင် ပါဝင်သော ကန်ဆည်ဆရာတော်၏ မိန့်ခွန်းနောက်ဆက်တွဲနှင့်ပတ်သက်သည့်သပြေပင်ဆရာတော်၏ လျှောက်ထားချက်၊ သဒ္ဓမ္မောဒယ ဆရာတော်၏ လျှောက်ထားချက်၊ ကန်ဆည်ဆရာတော်၏ ပြန်လည်လျှောက်ထားချက်များကိုကြားနာတော်မူကြသည်။

---

## ၁၃၂၀-ခုနှစ် တပို့တွဲလဆုတ် (၃) ရက်နေ့

### မဟာဒွါရ နိကာယ မဟာသန္နိပါတ အစည်းအဝေး ဒုတိယမှတ်တမ်း

မဟာဒွါရနိကာယဂိုဏ်းလုံးဆိုင်ရာ ခရိုင်အသီးသီးမှ နောက်ထပ်တိုး၍ ကြွလာတော်မူကြသော သံဃာတော်များနှင့်တကွ သံဃာတော် ၅၀၀-ကျော်တို့သည် ၁၃၂၀-ပြည့်နှစ်၊ တပို့တွဲလဆုတ် (၃) ရက်နေ့ (၁) နာရီအချိန် ဟင်္သာတမြို့ ရေတံခွန်ကျောင်းတိုက် အတွင်းရှိ ထေရိကာရုံ ကျောင်းကြီး၌ မဟာသန္နိပါတ အစည်းအဝေးကြီးကို ဖွင့်လှစ်ခါ အောက်ပါအတိုင်း ဆုံးဖြတ်ကြပါသည်။

၁။ အစည်းအဝေးကို ဟင်္သာတမြို့၊ လယ်တည်တိုက် ဆရာတော်က ဖွင့်လှစ်ပါသည်။

၂။ ဒုတိယ မဟာနာယကဖြစ်တော်မူသော သထုံမြို့ မေဃာဝန် ဆရာတော် ဘုရား၏ ဩဝါဒ မိန့်ခွန်းတော်ကို ဗဟိုအနုရက္ခိတအဖွဲ့၏ ကိုယ်စား လယ်တီကျောင်းတိုက် တိုက်အုပ်ဆရာတော် ဦးခမာရဓက ဘာသာပြန်ကြားပါသည်။

၃။ ဂိုဏ်းအသိအမှတ်ပြု လက်မှတ်နှင့်ပတ်သက်သော၊ကိစ္စကို၊ဗဟိုအနုရက္ခိတအဖွဲ့၏ သဘောအတိုင်း ကောင်းမွန်အောင် ပြုပြင်စီစဉ်ကြရန် ကြခင်းမြို့ ပိန္နဲကွင်း ဆရာတော်ကြီး၏ တင်သွင်းသောအဆိုကို သုံးဆယ်မြို့ ပန်းဆွဲတိုက်အုပ် ဆရာတော် မြန်အောင် ဘုရားသုံးဆူ ဆရာတော် ဆယ်တော် ဆရာတော်တို့က ထောက်ခံသဖြင့် အများသဘောတူ ဆုံးဖြတ်တော်မူကြပါသည်။

၄။ မဟာဒွါရ နိကာယဂိုဏ်းကြီး၏ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေကို ဟင်္သာတမြို့ လယ်တီကျောင်းတိုက် ဆရာတော်က ရှင်းလင်း၍ အကျယ်တဝင့် လျှောက်ထားပါသည်။

၅။ ဗဟိုအနုရက္ခိတ အဖွဲ့၏ တနှစ်အတွင်း လုပ်ကိုင်ဆောင်ရွက်ချက်များကို ဟင်္သာတမြို့ လယ်တီကျောင်းတိုက်၊တိုက်အုပ်ဆရာတော်ဦးခမာရဓက ဗဟိုအနုရက္ခိတအဖွဲ့၏ ကိုယ်စား ရှင်းလင်း လျှောက်ထားပါသည်။

www.dhammaransi.com



၆။ ၁၃၂၀-ပြည့်နှစ်၊ ဝါဆိုသံဃာစာရင်းချုပ်ကို ဟင်္သာတမြို့ လယ်တီကျောင်းတိုက် ဆရာတော်က ဘာသ်ကြား ပျောက်ထားပါသည်။

၇။ အထွေထွေ ကိစ္စများ

(က) မည်သည့်အဖွဲ့အစည်း အသင်းအပင်းမဆို မိမိတို့ထံသို့ လာရောက်၍ သံဃာစာရင်းများ တောင်းဆိုခြင်း။

(ခ) ဂိုဏ်းဂဏကိစ္စမှတပါး အခြားသာသနာရေးကိစ္စအဝဝတို့ကိုပြုလုပ်ဆောင်ရွက်ခြင်းတို့ကို မဟာနာယက ဆရာတော်ဘုရားကြီး၏ အမိန့်တစုံတရာရှိတော်မမူဘဲ မိမိတို့သဘောအတိုင်း မပြုလုပ်ကြပါရန် ဟူသော သထုံနယ် ဒုတိယ မဟာနာယကဆရာတော်ကြီး၏ခုပ်စုပါ သံဃာတော်များက တင်သွင်းသောအဆိုကို သံဃာတော်များသဘောတူ အတည်ပြု ဆုံးဖြတ်တော်မူကြပါသည်။

(ဂ) မဟာဒွါရနိကာယ ဂိုဏ်းဝင် ကျောင်းတကျောင်းကို ဂဏိကအဖြစ် လွှဲအပ်လျှင် လက်ခံပါရန်ဟူသော ကျိုက်လပ် ဒက္ခိဏာရုံဆရာတော်၏ အဆိုကို ကံဆည်ဆရာတော်နှင့် ခြောက်ရွာဆရာတော်တို့က ထောက်ခံသဖြင့် အားလုံးသဘောတူ အတည်ပြုပါသည်။

(ဃ) လက်ပံတန်းမြို့နယ် အတွက် သဒ္ဓမ္မောဒယ ဆရာတော်ကို အနုနာယကအဖြစ်၊ ဘုရားငါးဆူဆရာတော်နှင့် ခမုံအသောကာရုံကျောင်း ၊ဖျည်းလမ်းဆိပ်ကျောင်းဘုန်းတော်ကြီးတို့ကိုအနုရက္ခိတအဖြစ် ခန့်တော်မူကြပါသည်။

(င) မြောင်းမြမြို့နယ် အတွက် မာရဲအောင် ဆရာတော် ဦးပညိန္ဒကို အနုနာယကအဖြစ်၊ မြောင်းမြသုဇာတာရုံ စမ်းကျောင်းဘုန်းတော်ကြီး ဦးစန္ဒောဘာသ၊ ပဏ္ဍိတာရုံကျောင်းဘုန်းတော်ကြီး ဦးဝိသာရဒ၊ ဝရဒေဝ နိဗ္ဗိတာရုံကျောင်း ဘုန်းတော်ကြီး ဦးဂန္ဓာ-ရတို့ကို အနုရက္ခိတအဖြစ် ခန့်အပ်တော်မူကြပါသည်။

(စ) ကျိုက်လတ်မြို့ ဒက္ခိဏာရုံဆရာတော်ကို ဂဏရက္ခိတအဖြစ် ခန့်အပ်တော်မူကြပါသည်။

(ဆ) ကြံခင်းမြို့နယ်အတွက် အောက်ပန်းတောအနုရက္ခိတ အစား၊ထုံးတောင် ဆရာတော်အား အနုရက္ခိတအဖြစ် လဲလှယ်ခန့်ထားတော်မူပါသည်။

(ဇ) ဒေးဒရဲမြို့နယ် ချောင်းဖျားဆရာတော်ကို အနုနာယကအဖြစ် ခန့်အပ်တော်မူကြပါသည်။

(ဈ) သိမ်သမုတ်ရန် အစိုးရမင်းတို့၏ ဝိသုံဂါမအမိန့်ကို မဟာနာယက ဆရာတော်ဘုရားကြီးထံတင်ပြ၍ ဆရာတော်ဘုရားကြီး၏ အမိန့်တော်ရမှ သိမ်ကိစ္စများကို ပြုလုပ်ဆောင်ရွက်ကြရန် ဟင်္သာတမြို့ သပြေပင်ဆရာတော်အဆိုကို အားလုံးသဘောတူ အတည်ပြုတော်မူကြပါသည်။

www.dhammaransi.com



(ည) ဟင်္သာတမြို့ သပြေပင်ဆရာတော်၏ ဘေးတွဲယာဉ် ဆိုက်ကားကို "ယာနေန" ပုဒ်၌ ထည့်သွင်းသင့်ကြောင်း၊ "နါဝါ"ပုဒ်၌ မထည့်သွင်းသင့်ကြောင်းဟူသော အဆုံးအဖြတ် အရ၊ ဘေးတွဲယာဉ်ဆိုက်ကားကို မစီးသင့်-မစီးထိုက်ကြောင်း လျှောက်ထားချက် အဆိုကို အားလုံး သဘောကြိုက်ညီတော် မူကြပါသည်။

ကန်ဆည်ဆရာတော်ဘုရားကြီး၏ မှတ်သား နာယူဖွယ် ကောင်းလှသော နိဂုံးချုပ်မိန့်ခွန်းတော်ကို ကြားနာတော်မူကြပြီးလျှင် မဟာသန္တိပါတ အစည်းအဝေးကြီးကို ညနေ ၅-နာရီ ၁၅-မိနစ် အချိန်၌ သာဓုသုံးကြိမ်ခေါ်တော်မူကြပြီး ယုတ်သိမ်းတော်မူကြပါသည်။

---

### ၁၃၂၀-ခုနှစ်၊ မဟာသန္တိပါတ အခမ်းအနားဖွင့်

## မင်္ဂလာသြဘာစာတမ်း

ဥက္ကံ ၀ံသမာလာ (ဓ) ဥဠာ့နော ဇာ၀,သ(မ္မာ)၊
ဥဇ္ဇောတတ္တသာဠိ ဘာ (န္တ) ဥတ္တာနာနိ,ဝိဝိ (ဓ)၊
ဥဒ္ဒိနယဥ္မနွဴ မ္မ) ဥတ္တရောနမော,မ (မ)၊ ဥဍ္ဍဝေဟျဝဏ္ဏမြ(ဟာ)၊
ဥပဒေသေဟိ,ဝိ,ဒ္ဓါ)၊ ဥဿောဠ္ဌိကတ္တာ,ဝိ (ရ) ဥဘ္ဘုဓ္ဓောသာသနာ(နိ)၊
ဥပေတာဿ,တဿာ(ကာ)၊ ဥဓ္ဓေဟိပိပက္ခိ(ယ)။ ။

ဇာဓစက္ကဝါဠေ၊ ဤစကြာဝဠာ၊ ကမ္ဘာအဝှန်း၌၊ ဝိဝိဓံ၊ အထူးထူးအပြားပြား၊ များလှစွာသော၊အမ္ဘာဠိ ၊ ဆီးနှင်းသူရိ ၊ မြူမှိန်မှောင်မိုက်၊ တိမ်တိုက်စသည့်ကို။ သမ္မာ၊ ကောင်းစွာ။ ဥဠာ့နော၊ သန့်ရှင်းကြည်သင် အလင်းဝင်အောင်၊ သုဝ်သင်ပယ်ဖြတ်လျက်။ ဥဇ္ဇောတော၊ ခြည်တထောင်ဖြင့်၊ ထွန်းပြောင်ထိန်လင်း၊ တသိရ်ကျင်းသော၊ ဘာနု-ဘာနုမာဇာဝ၊ သူရကန်နတ်၊ ရဟတ်ရောင်ရှင်၊ နေပြဘင်ကဲ့သို့။ ဇာဓသာသနေ၊ ရှစ်ပါးအင်ဗိုလ်၊ နိတျံ့ရွှေကြုတ်၊ ကြာဂမုဒ်မှ၊ ဖွင့်ထုတ်မိန့်မှာရာ၊ ဤသာသနာတော်မြတ်၌။ ဝိဝိဓံ၊ အထူးထူး အပြားပြားသော။ ဥဒ္ဒိနယဥ္စ၊ သဒ္ဒါမပွါး၊ ရမ်းကားကျော့ကျည်း၊ ဝိနည်းမဟုတ်သည်ကိုရင်း။ ဥဒ္ဓမ္မဥ္စ၊ မင်္ဂမိုလ်မစပ်၊ လူနတ်မလား၊ တရားမဟုတ်သည်ကိုရင်း။ သမ္မာ၊ ကောင်းစွာ။ ဥဠာ့နော၊ ဝဇိရူပမ၊ ဉာဏစွန်အား၊ စွမ်းပကားဖြင့်၊ ပိုင်းခြားပယ်ဖြတ်လျက်။ ဥဇ္ဇောတော၊ ဓမ္မသဘင် ပွဲအပြင်ကို၊ ကွဲ့ယှဉ်ခင်းကျင်း၊ ထွန်းလင်းတောက်ပစေတော်မူထသော။ ဥတ္တရော၊ ဘုရားရင်နှစ်,ဇာကန်ဖြစ်၍၊ စင်စစ်မြတ်တော်မူထသော။ ဓိရဥက္ကဋ္ဌော၊ ပညာရှိသူ၊ ရှင်လူခပင်း, ဝပ်စင်းခမ်း၊ အကြီးအမှူးဖြစ်တော်မူထသော။ ဝိဒ္ဒါ၊ ဝေဘန်စိတ်ဖြား၊ ပိုင်းခြားသိလွှန်၊ ပညာဝန်ကြီး ဖြစ်တော်မူထသော။ ဥက္ကံ ၀ံသမာလာ၊ "ဥက္ကံ ၀ံသမာလာ" သညာ,ဖွဲ့ချည်၊ ဓာနီပဏ္ဍိတ်၊ ကဝိဿရ

www.dhammaransi.com



ဂဏဦးစီး မထေရ်ကြီးသည်။ ဥဇ္ဈာဝေဟိ၊ သာသနာမြတ်၊ ဓမ္မဓါတ်နှင့်၊ လျောက်ပတ်သင့် လျော်ကုန်သော။ မဟာဥပဒေသေဟိ၊ များပြားစွာလှ၊ စည်းကျမျဉ်းသော၊ ဥပဒေတို့ဖြင့်။ ဥဒေသာဠ္ဌ်ံ၊ မဆုတ်မနစ်၊ အားသစ်ဆော်ဖန်၊ မြဲမြံသောဝီရိယကို။ ကတွာ၊ပြု၍။ သာသနာနို၊ ဘုရားဓမ္မကွန်၊နှုံးစံမပျက်၊ မိန့်မြွက်ဟောပြ၊အဆုံးအမတော်ကို။ ဥတ္တာနာနို၊ ယုဂန်လယ်ချက်, ကောင်းကင်စက်ဝယ်၊ မြန်းထွက်လှည့်ကြွ၊နေလအသွင်၊ ပေါ်လွင်သည်တို့ကို။ အကာ၊ မြို့ရွာ အလုံး၊ နိဂုံးဇနပိုဒ်၊အတိုက်တိုက်၌၊သိုက်မြိုက်ကြူးခြည်၊ပြုတော်မူခဲ့လေ ပြီ။ဝိပက္ခိယ၊သာသနာ ရန်၊ မာန်ခပင်းကို၊ ပယ်ရှင်းရိတ်ဖြတ်၊ ဖျက်ဆီးတတ်သော၊ အရှင်မြတ်ဘုရား။ ဥဒစ္စဟိ၊ “အသန္တ-သမ္မာဝနာ” မညာမလျှိုင်း၊ ဟုတ်တိုင်းတိမတ်၊ လွန်မြင့်မြတ်သော ဂုဏ်တို့နှင့်၊ ဥပေတာသ၊ပြည့်စုံတော်မူပေထသော။ တသာတော၊ထိုအရှင်မြတ်ဘုရားအား။မမ၊အကျွန်ုပ်၏။ နမော၊ ရှိသေလေးမြတ်၊ ဦးညွှတ်ဝပ်စင်း၊ရှိခိုးခြင်းသည်။(ကို)။ အတ္ထု၊ဖြစ်ပါစေသတည်း။ ဖြစ်ပါ၏။ ပြုပါ၏။ ။

သမ္ပတ္တော ဝတ-ကာလောခေါ၊ ဒါနိနော ဝိဝရာမသော။
ဓောတေတုံ ဓမ္မရံသိဟိ၊ ဥသာဝံ ဒွါရသာသနံ။ ။

ဘန္တေ။ ။ မဟာဒွါရ၊ သာသနဒွတာဝန်ကို၊ အားသွန်ခါဆောင်ထမ်း၍၊ ကြိုးပမ်း တော်မူကြကုန်သော၊ အို-အရှင်မွန်-အရှင်မြတ်တို့ဘုရား။

ထုမ္ဟေ။ ။ သာသနဒွရန်ဘေး၊ အညစ်အကြေးတို့ကို၊ ဆေးကြောသုမ်သင်၊ ချွတ် ထွင်ပယ်ရှား၊ အရှင်မြတ်များတို့သည်။

ဓမ္မရံသီဟိ၊ ။ သီလ-သမာ-ပညာရောင်သန်း၊ တင့်ဆန်းညွန့်စီ၊ တရားတော် တည်းဟူ သော၊ ရောင်ခြည်တော်တို့ဖြင့်။

ဒွါရသာသနံ။ ။ တိကင့်ဂွာရ၊ထုတ်ပြမိန့်ဆို၊ထေရ်ဆုဂ်ဗိုရ်မှ၊ယနေ့ကျအောင်“ဒွါရဒွါရ” ဟု ထွန်းပထိန်ညီး “ဒွါရ”ဆိုတဲ့သာသနာတော်မြတ်ကြီးကို။

ဓောတေတုံ။ ။ နေအရောင်၊ လအရောင်၊ ဝင်းပြောင်ထိန်ညီး၊ အံ့ ချီး လောက် အောင်၊ ထွန်းပြောင် တောက်ပစေခြင်းငှါ........

ကာလော။ ။ ၃-နှစ်တကြိမ်၊ တွေ့ကြိမ်ဆုံစီး “မဟာသန္နိပါတ” မင်္ဂလာအခါ ကာလ ကြီးသည်။

ယသ္မာ။ ။ အကျင့်ကြောင့်၊ သမ္ပတ္တောဝတ၊ ကောင်းစွာမသွေ၊ ဆိုက်ရောက်ပါပေ ပြီတကား........

တသ္မာ။ ။ ထိုကြောင့်။ ဒါနိ ဓူဒါနိ၊ ကာယစိတ္တ၊ နှစ်ဝသာမင္ဂါ၊ ရုံညီပြည့်ဝ၊ ဤယခု ကာလ၌......

www.dhammaransi.com



ဥဿာစံ။ ။ မဟာဒွါရနိကာယဂိုဏ်း၊ ဓိမိုင်းဥက္ကဋ္ဌ၊ အမြတ်တဆူ- ဖြစ်တော်မူသည့် သာသနာပိုင် ဆရာတော်ဘုရားကြီးအား ပူဇော်ဖွဲ့ချီး''မဟာသန္တိပါတ'' ပွဲသဘင်ကြီးကို........

နော-မယံ။ ။ သာသနာကျိုး၊ ပွါးတိုးရည်ရော်၊ တပည့်တော်တို့သည်။

ဝိဝရာမသော။ ။ အောင်ပြီ-အောင်ပြီ၊ အောင်တပ်ချီ၍၊ အောင်စည်အောင်ဟိတ်၊ အောင် နိမိတ်ဖြင့်၊ အောင်အတိတ်ယူခါဖွင့်လှစ်လိုက်ရပါတော့သည်ဘုရား။

## ဒွါရဝါဒီ ဂိုဏ်းလုံးဆိုင်ရာ

## မဟာသန္တိပါတ အစည်းအဝေးပွဲ၌

## ဟသ်ာတမြို့ ရေတံခွန်ကျောင်းတိုက်

## အဘိဓဇ မဟာရဋ္ဌဂုရု

## ဒွါရနိကာယ မဟာနာယကဆရာတော် ဘုရားကြီး၏

## ဩဝါဒ-မိန့်ခွန်းတော်

## ၁၃၂၀-ခုနှစ်

သုံးလောကနတ်၊ဘုရားမြတ်၏၊ ကြီးလတ်နှောင်းငယ် အယှဉ်သုံးပါး၊ ပိုင်းခြားခေါ်ပြု သားတော်စုတို့သည်။ ဘိက္ခုနှင့်၊ ဘိက္ခုကိစ္စ၊ ပုဒ်နှစ်ဝ၏၊ အတ္ထသဘော၊ အနက်ဟောကို၊ တွေးတောပြန်လှန်၊ အဘန်ဘန်သုံးသပ်၊ ဆင်ခြင်အပ်သည့်၊ တောင်းခံခြင်းပြု၊ သက်မွေးမှုကြောင့်၊ဘိက္ခုဟုခေါ်ဆိုအပ်ရာ၊ယာစကာအနိမ့်မျိုး၊သွင်မူညှိုးနှင့်၊ကျိုးပေးမသန်၊အထီးကျန်ကပ်ပါး၊ဘုန်းတောင်းစားတို့၏အလေ့ယုတ်၊ ဝစီနှုတ်ကိုးဘော်ထုတ်တောင်းဆိုမှုပြုအပ်သည် မဟုတ်ပေ။

နဝေယာစန္တိ သပ္ပညာ၊ အရိယာဂရဟန္တိ ယာစနံ။
ဥဒ္ဒိဿ အရိယာတိဋ္ဌန္တိ၊ ဧသာ အရိယာန ယာစနာ။ ။

သပ္ပညာ၊ အကျိုးနှင့်အကြောင်း၊ ဆိုးကောင်းစုံစမ်း၊ မြော်ထောက်လှမ်း၍၊ ခွဲခြမ်းမြင်ဘိ၊ ပညာရှိတို့သည်။ ဝေ၊ စင်စစ်ဧကန်၊ ဟုတ်အမှန်။ နယာစန္တိ၊ သူ့စိတ်နှောင့်ယှက်၊ မလှူနိုင်လျှင် အနေခက်အောင်၊ နှုတ်မြွက်တောင်းဆိုမှု၊ မပြုကြကုန်။ အရိယာ၊ ပြစ်ဆာမရှိ၊ စင်ကြယ်ဘိသော၊ အရိယာရှင်ပေါင်း၊ သူတော်ကောင်းတို့သည်။ ယာစနံ၊ ဝိညတ်စဉ်စီ၊

www.dhammaransi.com



ဝုံနှစ်လီတွင်၊ ဝစီပွင့်ထွက်၊ နှုတ်မြွက်တောင်းဆိုခြင်း အပြုအမူမျိုးကို။ ဂရုဟာန္တိ၊ မနှစ်မလို၊ ကြည်ညိုကင်းမဲ့၊ အပြစ်ဖွဲ၍၊ ကဲ့ရဲ့တော်မူကြကုန်၏။ အရိယာ၊ ကိုယ်နှုတ်နှလုံး၊ သုံးပါးစင်ဖြူ၊ သူတော်စင်အရိယာဘို့သည်။ ဥဒ္ဒိဿ၊ အလှူခံမည်၊ ကြံစည်ပိုင်းခြား ရည်မှတ်သား၍။ တိဋ္ဌန္တိ၊ နီးရာချဉ်းကပ်၊ ခြေစုံဟပ်၍၊ ရပ်တည်တော်မူကြကုန်၏။ ဧသော၊ ဝစီမပါ၊ ကိုယ်မူရာဖြင့်၊ ညင်သာသိမ်မွေ့ တောင်းခံခြင်းအလေ့သည်။ အရိယာန ယာစနာ၊ အရိယာပေါင်း၊ အရှင်ကောင်းဘို့၊ တောင်းခံခြင်း အပြုအမူ မည်ပါပေ၏။ ယင်းသည့် ဂါထာ၊ ကျမ်းလာအရှိ၊ မြွှော်ခေါ် ဘိလျက်၊ အရိယ ယာစနသာ ဖြစ်စေရာသည်။

ဝဝိဝိညတ္တိ ဝိပ္ပါရာ၊ ဥပ္ပန္နံ မရုပါယာသံ၊
သစေဘုဉ္ဇေ့ဘာ ဘဝေယျာဟံ၊ အာဇီဝေါ ဂရဟိတောမမ။ ။
ယဒိပိမေ အန္တဂုဏံ၊ နိက္ခမိတွာ ဗဟိစရေ။
နေဝဘိန္ဒေယျ အာဇီဝံ၊ စဇမာနောပိ ဇီဝိတံ။ ။
အာရာဓေမိသကံစိတ္တံ၊ ဝိဝဇ္ဇေမိ အနေသနံ။
နာဟံဗုဒ္ဓ ပဋိကုဋ္ဌံ၊ ကာဟာမိစ အနေသနံ။ ။

အဟံ၊ ငါသည်။ ဝစီဝိညတ္တိဝိပ္ဖါရာ၊ နှုတ်အမူအရာ မငြိမ်သက်၊ ပွင့်ထွက်လှုပ်ရှား၊ စကားမြွက်ဆိုခြင်းကြောင့်။ ဥပ္ပန္နံ၊ မသင့်မလျော်၊ ဖြစ်ပေါ်၍လာသော။ မရုပါယာသံ၊ ရသာချိုမြက်၊ ထည့်ဘာဘက်၍၊ ဖြည့်စွက်ရေဖွမ်း၊ နို့ဃနာဆွမ်းကို။ ဘုဉ္ဇေ့ဘာ၊ ဆင်ခြင်ကင်းပ၊ အားရနှစ်မြှိုက်၊ ဘုန်းပေးလိုက်သည်။ စေဘဝေယျ၊ အကယ်၍ပေ၊ ဖြစ်သေငြားအံ့။ မမ၊ ငါ၏။ အာဇီဝေါ၊ ဇီဝိတရုပ်၊ မချုပ်မသွေ၊ ပြုတ်မကြွေအောင်၊ ဆက်စေထောက်ရ၊ သက်မွေးမှုသည်။ ဂရဟိတော၊ သူတော်ထိုထို၊ မြတ်ပုဂ္ဂိုလ်တို့၊ ကြည်ညိုကင်းပ၊ လိုမကျဘဲ၊ ရှုံ့ချထဝ်ထပ်၊ ကဲ့ရဲ့အပ်၏။ မေ၊ ငါ၏။ အန္တဂုဏံ၊ ရစ်ဖွဲတည်နေ၊ ဝမ်းအူရွှေသည်။ ဗဟိ၊ ပြင်ဘက်သို့။ နိက္ခမိတွာ၊ ထွက်၍။ ယဒိပိစရေ၊ အကယ်၍လျှင်း၊ အခြေယွင်း၍၊ ကျဆင်းစေကာ။ ဇီဝိတံ၊ အသက်ကို။ စဇမာနောပိ၊ စွန့်လွှတ်လျက်ပင်။ အာဇီဝံ၊ အသက်မွေးမှုနှင့် စပ်၊ ရအပ် ဖြစ်ပေါ်၊ သီလဟော်အာဇီဝကို။ နေဝဘိန္ဒေယျံ၊ အသက်ထက်ပင်၊ ခင်မင်နှစ်သက်၊ မဖျက်လိုဘော့သည်သာလျှင်တည်း။ သကံစိတ္တံ၊ မိမိစိတ်ကို။ အာရာဓေမိ၊ ထွေရာဝိတက်၊ မနှောယှက်ဘဲ၊ နှစ်သက်ရောင့်ရဲစေပါ၏။ အနေသနံ၊ ဝမ်းစာအရေး၊ အသက်မွေးကြောင့်၊ ညစ်ကြေးငြိကပ်၊ မအပ်မရာ၊ ရှာမှီးခြင်းကို။ ဝိဝဇ္ဇေမိ၊ သန့်သန့်ကင်းကွာ၊ ရှောင်ကြဉ်ပါ၏။ အဟံ၊ ငါသည်။ ဗုဒ္ဓပဋိကုဋ္ဌံ၊ သိမြင်သဗ္ဗာ၊ စောမြတ်စွာတို့၊ ရွံရှာစက်ဆုတ်တော်မူအပ်သော။ အနေသနံ၊ မအပ်မရာ၊ ရှာမှီးခြင်းကို။ နစကာဟာမိ၊ တရားကိုမြှော်ရှုလျက်၊ မပြုတော့သည်သာလျှင်တည်း။ ဤသို့လျှင်ပင်၊ စံတင်ပုံထုတ်၊ ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာလာ၊ ပညာထက်မြက်၊ ထေဒဂ်နှင့် လကျာတော်ရံ၊ အရှင်မဟာသာရိပုတ္တရာ၏၊ ကေသရာ ဟောက်သကဲ့သို့၊ ငြိမ်ရဲတောက် မိန့်ကြား၊ ဂါထာများလည်း၊ ထင်ရှားအရှိပင် ဖြစ်လေသည်။ ။

www.dhammaransi.com



ပစ္စည်းလေးခန်းတွင်၊ သက်နှင့် ဆွမ်းနှစ်ပါး၌၊ စကားနှုတ်ဖြွက်တောင်းလတ်၊ ဝိညတ္တိကို၊ မဆိုထားဘိ၊ နိမိတ္တကမ္မ၊ ဩဘာသ၊ ပရိကထာ၊ ဤဒေမှုအရာမျိုးပါ၊ မပြုသင့်၊ ပယ်လွှင့်ရှောင်ကြဉ် အပ်သည်။ နိမိတ္တကမ္မ အဓိပ္ပါယ်မှာ၊ စားဘွယ်ထွေရာ၊ ဆောင်လာသူကိုမြင်က၊ ဤလျှင် ပစ္စည်း၊ အသုံးနည်းဟု၊ စောင့်စည်းကင်းဘိ၊ အတွင်းရှိ စိတ်အလိုကို၊ ကိုယ်နှုတ်အမူအရာဖြင့် သိသာလေအောင်၊ အရိပ်အရောင်ပြမှုမျိုးဖြစ်၏။ ဩဘာသ ဟူသော စကားမှာ၊ ဤစားအစာ၊ ငါတို့မှာကော၊ မအပ်လောဟု၊ သဘောလိုရာ၊ သွေကာလှည့်လွှဲ၊ ရစ်ဝဲပြောဆိုခြင်းမျိုးပင်။ ထို့ပြင်ပရိကထာဟူသည်မှာ ငါတို့ဆိုဝယ်၊ စားဘွယ်လျဉ်ပြတ်၊ ရှားပါးလတ်ဟု၊ လှည့်ပတ်ဝိုက်သွယ်၊ ချိတ်ငင်ဆွယ်လျက်၊ ပရိယာယ်တောင်းဆိုခြင်းမျိုးဟု၊ ကျမ်းရိုးအညီ ခွဲခြား၍၊ ပုဒ်သုံးပါးအနက်ထူးဟန်ကို၊ ဟုတ်အမှန်သိအပ်သည့်၊ ကျောင်းပစ္စည်းအချက်၌၊ နှုတ်ဖြွက်တောင်းဆိုမှုသာ၊ ပြုခွင့်မရှိ၊ နိမိတ္တကမ္မစသည့်၊ သုံးမည်ခြင်းရာကြောင့်၊ အာပတ်ဖြစ်ဘေး၊ ကင်းလွတ်ပေး၏။ ဆေးပစ္စည်းအရာဝယ်၊ ဟန်မှုရာအရိပ်ပြ၊ နိမိတ္တကမ္မ၊ စသည်ကိုထားဘိ၊ တောင်းခြင်းထိအောင်၊ ပြစ်မငြိ အပ်လျော်ကြောင်းများနှင့်၊ မိန့်ကြားကျမ်းဂန်၊ ဝေဘန်သတ်မှတ်၊ ဆုံးအဖြတ်ရှိလေသည်။ မကျန်းမာစဉ် အခါက၊ တောင်းမှာ၍ ရသည်ဖြစ်သော၊ ဆေးပစ္စည်းအသုံးအဆောင်များ၊ ခါတ်လေးပါး တောင့်တင်းအနာကင်းမှ၊ သုံးစားခြင်းကြောင့်၊ ပြစ်ခရှိဟု၊ ဝိနယခရ ပုဂ္ဂိုလ်တို့၊ မိန့်ဆိုသည်မှန်သော်လည်း၊ သုတ္တန္တိက၊ ဆရာတို့က၊ အာပတ်နှင့်စင်၊ ဆိုအပ်ဖြစ်ဆာ၊ ကင်းလွတ်ကွာလည်း၊ အာဇီဝပျက်သည်ဟု၊ ကန့်ကွက်တော်မူကြ၏။ နိမိတ် ဩဘာ၊ ပရိကထာ၊ ဝိညတ်သတ်မှတ်လေးပါး၊ ဤမှုများကို၊ အကြောင်းသွားမြွက်ဆ၊ ပြုခွင့်ရလျက်၊ လုံးဝ ပယ်ဖြတ်၊ ရှောင်ကြဉ်လတ်မူ၊ ထူးမြတ်ဂုဏ်တင်၊ ပရမသလ္လေခဝုတ္တိအရှင်ဟု မြှောက်တင်ဖွဲ့က်ဟ ချီးမွမ်းကြ၏။ ။ယခုကာလ၊ ဆွမ်းဘိတ်ကြ၊ ရှင်ကြွမ်းများ၊ စည်းကမ်းမဲ့ အတင့်ရဲလျက်၊ တောထဲမြိုင်ခွင်၊ ကျွားကိုမြင်က၊ သမင်ဒရယ်၊ ပုံးကွယ်ရှောင်ရ၊ ပုံတမျှဖြင့်၊ အိမ်ရှေ့ကရဟန်းဝင်၊ နောက်ဘေးခွင်၊ အိမ်ရှင်ပြေး၊ အရေးဆိုးဝါး၊ ဘေးကြီးများလျှင်၊ ပြန့်ပွားကူးစက်၊ တိုးတက်၍လာချေပြီ။ ဤအကြောင်းနှင့်စပ်၍၊ နာနာပ္ပကာခုဂန္ထည္သူ၊ ပါရဂူညွှန့်ဖူး၊ ပုဂ္ဂိုလ်ထူးဗိသေသ၊ ဘဒ္ဒန္တ စန္ဒဝံသာလင်္ကာရ၊ ဘွဲ့နာမမွေးသုံ၊ နယ်ရှစ်ခွင် တေဇာခြုံသော၊ ညီမာရုံဆရာတော်ဘုရား၊ ရေးသားစီရင်တော်မူဘိ၊ ဝိနယာနိသံသကထာ၊ မည်သာဆန်းထွေ၊ ကျမ်းစာမြတ်အမြုတေဝယ်-

''အဆွေမတော်သူ၊ မဘိတ်ကြားသူတို့အားတောင်းခြင်း၊ မသင့်သောရှာမှီးခြင်း၊မိမိ၌ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကို ဟောပြောခြင်း။ အံ့ဘွယ်သရဲကို ဖြစ်စေခြင်း၊ စသည်တို့ဖြင့်ဇင်း။ ကုလဒူသန စသည်ဖြင့်ဇင်း။ ဖြစ်စေသောပစ္စည်းတို့ကို ဝေးစွာကြဉ်ရာ၏။ မရှောင်မူ မိစ္ဆာဇီဝဖြစ်၏ဟု။ ဤသို့နေ့နှင့်လအသွင် အလွန်ထင်ရှားလျက်ရှိသည်ဖြစ်လည်း သေခိယသူပေါဒန ဆိက္ခာပုဒ်တော်၌ ဒုက္ကဋ်မျှသာတကားဟု ယူမှတ်ကာ ယုတ်မာစွာသော အသက်မွေးခြင်းဟူသည် မိစ္ဆာဇီဝတိုင်အောင် သတိမရ မတွေးဆဘဲ ရဟန်းသံဃာစည်ကားသော မန္တလေးရတနာပုဏ်မြို့ကြီး၌ ယခုဒေသ ကာလရောက်တိုင် သုသာန်ရွာနေ သူတို့မျှမက

www.dhammaransi.com



အောင် ကန်တော့၍မရ နှင်၍လည်းမထဘဲ ကယာကနဲ့နှင့် ဖွဲ့ကာလှည့်ပတ်လျက် အရှက်ကင်း စိတ်မျက်နှာထားဖြင့်လျှင် အဆိပ်ပင်ရေလောင်း၊ နှစ်လပေါင်းများစွာ၊ နစ်နာရမည့်ဆွမ်းရှင် ကိုလည်းမသနား၊ အားပါးမနာ၊ မညှာမထောက်၊ ရောက်ရာအိမ်အရပ်၊ ဟိရောဩတ္တပ်နှင့်၊ မနေပ်အသရေကင်း၊ အတင်းဆွမ်းဘိတ်၊ အရှင်ညံ့တို့ ရဲဝံ့စိတ် ရှိတော်မူကြကုန်စွ''ဟု ပြင်းပြ သောပြစ်တင်ချက်နှင့်၊ နက်နက်လေးလေး၊ အရေးအသားတွေ့ရလေသည်။

ဘိက္ခုသဒ္ဒါမှပေါ် ထွက်သော အနက်အရှိကိုရှာဖွေရာတွင် ယာစနသီလ တချက်မျှသာ မကောက်ယူဘဲ မြူညစ်အစိုင်အခဲတို့ကို ဖြိုခွဲချေမှု ဘိန္နကိလေသ အနက်ကိုပါ ဆက်၍ဆင့်ထပ် သိမှတ်အပ်၏။ စွဲအပ်ရိုရို၊ အကုသိုလ်စေတသိက်၊ ညှိုကိလိဋ်တို့ကို ချေကြိတ်တွန်းနှစ်၊ ချိုးပယ် ပစ်မှ၊ အစစ်အမှန်ရဟန်းမြတ်၊ ပရမတ္ထဘိက္ခု၊ အဖြစ်ရောက်၍၊ မီးတောက်ဟူသမျှ သုမကြွဘဲ၊ ကိလေသနိဗ္ဗာန်ချမ်းသာကို၊ ငြိမ်းအေးစွာခံစားရကြောင်း၊ ဂုဏ်ပေါင်းသခင်၊ ဘုရားရှင်မိန့်တော် ထုတ်၊ သုတ္တနိပါတ၊ ပါဝစနတွင်၊ သဘိယသုတ်အဖွင့်၊ သံဝဏ္ဏနာ၊ အဋ္ဌကထာပါဠိ။ ။ ဘိန္နကိလေသော ပရမတ္ထဘိက္ခုသောစ နိဗ္ဗာန ပဋိပ္ပန္နာဟောတိ။ဘိန္နကိလေသော၊သမုစ္ဆေဒ ပဟာနဖြင့်၊ နောင်တဖန်မပေါ် ထွက်၊ အနုသယပါကျေညက်အောင်၊ ချေဖျက်ပြီးဆုံးအပ် ပြီးသော၊ကိလေသာရှိသောသူသည်။ ပရမတ္ထဘိက္ခု၊ မဘောက်မပြန်၊အစစ်အမှန်ရဟန်းမြတ်၊ ပရမတ္ထဘိက္ခုမည်ပါပေ၏။ သောစ၊ ထိုသည့်ပရမတ်၊ ဘိက္ခုမြတ်သည်ကား။ နိဗ္ဗာနပတ္တော၊ ရာဂဒေါသ၊ စသည်ညစ်မြူ၊ လောင်မီးပူတို့၊ သုကြွခြင်းမရှိ၊ ငြိမ်းအေးဘိ၍၊ ကိလေသနိဗ္ဗာန်သို့ ရောက်သည်၊ ဟောတိ၊ ဖြစ်၏။ တည့်တည့်ပြတ်သား၊ စကားမိန့်မှာ၊ အဆိုအလာရှိသည်။

ဘိက္ခုကိစ္စ အရာဝယ်၊ ပါတိမောက္ခသံဝရ၊စသည်လေးဖိတ်၊ စာရိတ်ဝါရိတ်ပိုင်းခြား၊ နှစ်ပါးသတ်မှတ် သီလမြတ်တို့ကို၊ ကျိုးပြတ်မရှိအောင်၊ စောင့်စည်းကာ၊ ပဟာန်နည်းပထမ၊ တဒင်္ဂဖြင့်၊ ကာယဝစီ၊ နှစ်လီပွင့်စွမ်း၊ လွန်ဟော့ရမ်းသည့်၊ ဆိုးသွမ်းယုတ်မာ၊ ကိလေသာ တို့ကို၊ ပယ်ခွါသုတ်သင်ခြင်း၊ အဓိသီလသိက္ခာ။ ရှုပလေးဖြာ၊ အရူပါလေးမှတ်၊ ဈာန်အမြတ် ဟု၊ သမာပတ်ရှစ်စဉ်၊ အဘိညာဉ်ငါးဝ၊ ပူဇအားမြဲ၍၊ သမထဟူဘိ၊ သမာဓိလမ်းရိုး၊ မဂ်မျိုး၏ အကူအထောက်၊ မြင့်ရောက်မဟဂ္ဂုတ်၊ ဥတ္တရိမနုဿဓမ္မတရားတို့ကို၊ ပွားများနေ့ညာ၊ ကြိုး လုံ့လလျက်၊ ဝိက္ခမ္ဘနပဟာန်ဖြင့်၊ ကာမစ္ဆန္ဒဗျာပါဒ၊ စရှိအလီလီ၊ နီဝရဏရန်စစ်၊ ဆိုးပိတ် ညစ်တို့ကို၊ စွန့်ပစ်ခွာကန်၊ တွန်းလှန်ဖြိုဖျက်ခြင်း၊ အဓိစိတ္တသိက္ခာ။ တဏှာကင်းပ၊ မာနမငြိ၊ ဒိဋ္ဌိမယှဉ်၊ ပပဉ္စသမုတ်၊ သုံးပါးယုတ်တို့ကို သမုစ္ဆေဒပဟာန်ဖြင့်၊ မြစ်မကျန်ငယ်ဖြတ်၊ ကြွင်းမဲ့သတ်၍၊ ငါမှတ်စရာ၊ ဖွေရှာမရ၊ အနတ္တပေါက်၊ ဆုံးမဂ်ရောက်အောင်၊ ခရီးထောက် ဆယ်ဆင့်၊ ဉာဏ်စဉ်ဖွင့်လျက်၊ မြင့်မြတ်သောဝိပဿနာသမ်း၊ ထက်ဆင့်လှမ်း၍၊ ကြိုးပမ်း အားထုတ်ခြင်း၊ အဓိပညာသိက္ခာ။ သုံးဖြာပေ်ဖွင့်၊ တဆင့်ထက်တဆင့်၊ ရင့်တက်ရင့်၍၊ နိမ့် မြင့်စဉ်တန်း၊ ဤကျင့်ခန်းများမှာ၊ ရဟန်းများပြုဘွယ်မှု၊ ဘိက္ခုကိစ္စမည်လေသည်။ ။

www.dhammaransi.com

"မဟာဒွါရနိကာယ-အနုနာယက"

# ဟသ်ာတမြို့ ကန်ဆည်ဆရာတော်ဘုရားကြီး



၁၂၄၀-ပြည့်နှစ်၊ ဝါဆိုလဆုတ် ၃-ရက်၊ အင်္ဂါနေ့ ဖွားမြင်တော်မူသည်။
(သက်တော် ၈၂-နှစ်၊ သိက္ခာဝါတော် ၆၃)

အဓိသီလ အဓိစိတ္တာနံ အဓိပညာယစ သိက္ခနာ ဥတ္တရိ ဘိက္ခုကိစ္စံနာမ နတ္ထိ။

အဓိသီလ အဓိစိတ္တာနံ၊ အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာတို့ကိုရင်း။ အဓိပညာယစ၊ အဓိပညာသိက္ခာကိုရင်း။ သိက္ခနာ၊ နာယူမှတ်သား၊ လေ့သင်ကြားရ၍၊ စွမ်းအားမယုတ်၊ တွန့်မဆုတ်ဘဲ၊ ကြိုးကုတ်ကျင့်သုံးခြင်းထက်။ ဥတ္တရိ၊ မြင့်မြတ်ကောင်းမွန်၊ ဆင့်ကဲလွန်သော။ ဘိက္ခုကိစ္စံနာမ၊ ရဟန်းသုံးယွယ် ရှင်ကြီးငယ်တို့၊ ပြုဘွယ်အမှု၊ ဘိက္ခုကိစ္စမည်သည်။နတ္ထိ၊ စင်စစ်မှန်ပေ၊ မရှိလေ။ အောင်မြေထွတ်ချာ၊ ရေဝန်းကာလျက်၊ လက်ာခေါ်မှတ်၊ ကျွန်းဥတ္တရ်ဝယ်၊ကျမ်းတတ်အမွန်၊ တံခွန်ပုံခင်း၊ မှန်ကင်းနိုင်းဆ၊ ဘမ္ဘပါဏိယကေတု၊ဂုဏ်သေတ္တုပေါ်လွင်၊ ကျော်စောထင်သည့်၊ အရှင်ဓမ္မသိရီဆရာ၏။ ချုဒ္ဒသိက္ခာ၊ စာကိုယ်စကား၊ အကျဉ်းသွားကို၊ ထင်ရှားအောင် ဉာဏ်သစ်လောင်းသည့်၊ ဋီကာဟောင်းဝယ်ရှိ၊ ပါဠိအဆိုအလာဖြစ်သည့် ဘိက္ခုကိစ္စ၊ တွင်မည်ရသော၊ သီလ,သမာဓိ,ပညာ၊ သုံးသိက္ခာကို၊ ကောင်းစွာလုံ့လ၊ ဖြည့်ကျင့်ကြရာ၊ ကလျာဏပုထုဇဉ်အဝင်အပါ၊ သောတာပန်အစထား၊ အောက်အရိယာ၊ ခုနစ်ပါးတို့သည်၊အားထုတ်မှု မပြီးဆုံးသေး၊ အရေးမပြတ်စဲး၊ကျင့်ဆဲဖြစ်၍၊သေက္ခအမည်ရကာ၊ ရဟန္တာမြတ်ဆင့်၊ ဖိုလ်ပန်းပွင့်ကို၊ လှမ်းလင့်ပိုင်ပိုင်၊ ခူးဆွတ်နိုင်မှ၊ဆိုင်ရာအမှု၊ ပြုဘွယ်ခပ်သိမ်း၊ ငြိမ်းခြင်းရောက်ဘိ၊ သိက္ခိတသိက္ခာမည်လေသည်။

ဂဏာစရိယ၊ ဂဏပါမောက္ခ၊ ဂုဏ်ပါကဋနှင့်( ဒွါရဝါဒီဂိုဏ်း)တည်းဟူသော မဟာနဒီမြစ်ကြီး၏၊ စီးဆင်းအဖျားခံရာ၊ ဟိမဝါတောင်ထွတ်ဖြစ်တော်မူသော ဖြူတဝင်းဝင်း, ခရုသင်းကဲ့သို့၊ သန့်ရှင်းသော သီလတော်စည်၊ တည်မြဲသောသမာဓိ၊ ဉာဏ်ပညာ ထိပ်ခေါင်ထိ၊ ဓိပတိဘုန်းရှိ၊ အနှုန်းပိုသော အုဂ်ဖိုရ်ဆရာတော်ကြီးဘုရားကို၊ လေးစားမှု မတိမ်းကာစေဘဲ၊ ဟောပြောတော်မူခဲ့သမျှ၊ အဆုံးအမ,နှုတ်နက်တို့ကို၊ မပျက်မကွက်၊စဉ်ဆက်ပိုက်ကျုံးစွဲသုံးကျင့်ဆောင်ကြရန်နှင့်၊ ပစ္စုပ္ပန်နောက်နှောင်း၊ ဘဝတိုင်းကောင်းလျက်၊ ကြီးပွါးကြောင်းမှန်စွာ၊ ဂါရဝ-နိဝါတမင်္ဂလာက၊ ညီညာစုံစေ့၊ ကြို့တွေ့ခွီးရင်း၊ ဂိုဏ်းသားချင်း ကျွမ်းဝင်၊ ခင်မင်မြတ်နိုးခြင်းလည်းရှိ၊ အပရိဟာနိယတရား၊ဖြစ်ပွါးစေ,ရည်ရွယ်လျက်၊ကြံယ်မာဃနတ်၊ စန်းပြာသဒ်နှင့်၊ လှည့်ပတ်ယှဉ်တွဲ၊ ချမ်းပူမှျညီ၊ တောင်ဆီမြောက်ဘက်၊ လေနှောယှက်လျက်၊ အထက်ကောင်းကင် မိုးတိမ်ပြင်ဝယ်၊ ကြည်လင်ပွင့်လင်း၊ မြူငွေ့နှင်းလည်း၊ ကျဆင်းအုံ့ဆိုင်း ရှိပြာမှိုင်းနှင့်၊ ရှုတိုင်းသာယာ၊ ဟေမာဂနိုင်၊ စုံဖြိုင်တလျှောက်-လဲပေါက်ညှာချို၊ ပွင့်ရဲနီသော်၊ ပန်းဆိပ်ပန်းရက်၊ ရသာမက်၍၊ ငှက်သဘင်ခံ၊ စီညံ့ညံ့နှင့်၊ ဖူးတံညွှတ်စို့၊ ခိုင်နို့လန်းစို့၊ ထန်းလည်းပျိုလျက်၊ စီးယိုစက်စက်၊ ရည်ချိုမြက်ကို၊ အန်ထွက်ပေးရှာ၊ ပျော်ရာအခါရုံ၊ ဖြာဖြာစုံသည့်၊ကုံရာသီမှတ်-လမြတ်တပို့တွဲ-နှစ်စဉ်စွဲ၍၊ပြုမြဲနိယံ-ထုံးစံရှိသည့်နှင့်အညီ၊၎င်းနှစ်၏ခါ၊၎င်း(မဟာသန္တိပါတ) ဓမ္မသဘင်၊ ပွဲရပ်ခွင်သို့၊ဝန်းကျင်ဝေးနီး၊နယ်သီးသီးမှ ဂိုဏ်းကြီး၏ စည်းမျဉ်းအရှိ လိုက်နာဘိ၍၊ သတိပိရိယမပျက်၊တက်ရောက်ဝင်လာ၊ သံဃာအများ၊ရှင်တို့အားလျှင်၊ စကားနိဂုံး အကျဉ်းရုံး၍၊ အဆုံးအမ-ဩဝါဒ ချီအေး- ပေးလိုသည့် အရာမှာ "သာမာန်နာမ၊ ဘိက္ခုမှု"ဖြင့် လမ်းစဆုံးသတ်,ပြီးမပြတ်ဘဲ "ပဓမတ္တဘိက္ခု" တန်းအဆင့်

www.dhammaransi.com


လှမ်းမြော်လင့်၍၊ ပြုသင့်ပြုထိုက်သော ''ဘိက္ခုကိစ္စ-မြတ်ဓမ္မ'' တို့ကို ဆန္ဒသဒ္ဒါ, မုံအာရုရှ, အုံပ'ါကြွနှင့်၊ သဗ္ဗပဓါနပြင်းထန်ထန်လျှင်၊ လေးတန်ဆော်ပင့်၊ စွမ်းကုန်မြင့်လျက်၊ ဖြည့်ကျင့်နိုင်ကြကုန်ရာသည်၊ ဆရာတော်,သံဃာတော်အပေါင်းတို့ ......

---

# မဟာဒွါရဝါဒီဂိုဏ်းလုံးဆိုင်ရာ

## မဟာနာယက ပူဇော်ပွဲသဘင်နှင့် မဟာသန္နိပါတ အစည်းအဝေးကြီး

# ပင့်လျှောက်လွှာ

---

**ရှိသေလေးမြတ်စွာလျှောက်ထားပါသည်၊ ဆရာတော်**

**သံဃာတော်အရှင်မြတ်တို့ဘုရား**

၁၃၂၀-ပြည့်နှစ်၊ တပို့တွဲလဆုတ် (၂) ရက်နေ့၌၊ မဟာဒွါရဝါဒီ ဂိုဏ်းလုံးဆိုင်ရာ၊ မဟာနာယက ပူဇော်ပွဲသဘင်နှင့်၊ မဟာသန္နိပါတ အစည်းအဝေးကြီးကို ပြုလုပ်ကျင်းပမည်ဖြစ်ပါသောကြောင့်၊ အောက်ပါ တည်းခိုရာဌာနသို့၊ တပို့တွဲလဆုတ် (၁) ရက်နေ့ အရောက်၊ ကိုယ်တော်တိုင်ကြီးစွာသော လုလ္လဥဿာဟဖြင့်၊ ကြွရောက် တော် မူကြပါ ရန် ပင့်လျှောက်ပါသည်၊ ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား........

(က) တည်းခိုရန်ဌာန.................................. .......

(ခ) စည်းဝေးရာဌာန၊ ရေတံခွန်တိုက် ဟင်္သာတမြို့။

ဗဟို အနုရက္ခိတအဖွဲ့

ဟင်္သာတမြို့။

# အထူးလျှောက်ကြားလွှာ

---

မိမိတို့ အနုနာယက ဆိုင်ရာနယ်အတွင်း၌၊ ဖြစ်ပေါ်လာသော ဂိုဏ်းကိစ္စကိုရင်း၊ ဂိုဏ်းလုံးဆိုင်ရာ သာသနာရေးကိစ္စကိုရင်း၊ တင်ပြဆွေးနွေးလိုပါက၊ ပြာသိုလဆုတ် (၁၅) ရက်နေ့ အတွင်း အောက်ပါဌာနသို့ အဆိုများတင်သွင်းပေးပို့တော်မူကြပါရန်၊ အ ထူး လျှောက်ကြားပါသည်ဘုရား။

ခမာဒုဓ

လယ်တီတိုက်၊ ဟင်္သာတမြို့။

www.dhammaransi.com



## ၁၃၂၀-ပြည့်နှစ်

# မဟာသန္နိပါတအစည်းအဝေး

# အစီအစဉ်

---

### တပို့တွဲလဆုတ် (၂) ရက်နေ့ ၁-နာရီအချိန်

၁။ အစည်းအဝေးဖွင့်လှစ်ရန်။

၂။ မဟာနာယက ဆရာတော်ဘုရားကြီးအား၊ ပူဇော်ကန်တော့ကြပါရန်၊

၃။ ဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော်ကို ကြားနာကြပါရန်၊

၄။ ပင့်လျှောက်လွှာနှင့် ကြွလာတော်မူကြသော သံဃာတော် စာရင်းကို ဘာသည် လျှောက်ရန်။

၅။ ၁၃၁၉-ခုနှစ်၊ အနှစ်ရသန္နိပါတ အစည်းအဝေး မှတ်တမ်း ကို ကြားနာ ၍၊ အပိုဒ် (၇) ကို ပြန်လည်စဉ်းစား အတည်ပြုပါရန်။

၆။ ဒွါရဂိုဏ်းကြီး၏ စည်းမျဉ်းဥပဒေမှ၊ ကောက်နုတ်ချက်အကျဉ်းချုပ်များကို ကြားနာတော်မူကြပါရန်။

၇။ သံဃဒတ္တိယာဘွဲ့ပုံတော်များကို၊ မဟာနာယက ဆရာတော်ဘုရားကြီးက ချီးမြှင့်တော်မူပါရန်။

၈။ နောက်နေ့ အစည်းအဝေး အစီအစဉ်များကို ကြားနာ၍၊ အစည်းအဝေး ရုပ်သိမ်းပါရန်။

### တပို့တွဲလဆုတ် (၃) ရက်

၁။ အစည်းအဝေးဖွင့်လှစ်ရန်။

၂။ ဒုတိယ မဟာနာယက ဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော်ကို ကြားနာကြပါရန်။

၃။ ၁၃၁၉-ခုနှစ်၊ အနှစ်ရသန္နိပါတ အစည်းအဝေး မှတ်တမ်းအပိုဒ်(၇)၌၊မရိုက်နှိပ်ရသေးသောဂိုဏ်း အသိအမှတ်ပြု လက်မှတ်ကို၊ မည်သို့မည်ပုံ ပြုလုပ်ဆောင်ရွက်သင့်ကြောင်းစဉ်းစားတော်မူကြပါရန်၊

www.dhammaransi.com



၄။ မဟာဒွါရဂိုဏ်းကြီး၏ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေကို၊ ထင်မံရှင်းလင်း ထျှောက်ထားရန်။

၅။ ဗဟိုအနုရက္ခိတအဖွဲ့၏ တနှစ်အတွင်း လုပ်ကိုင်ဆောင်ရွက်ချက်များကို၊ ရှင်းလင်းလျှောက်ထားရန်။

၆။ ၁၃၂၀-ပြည့်နှစ်၊ ဝါဆိုသံဃာစာရင်းချုပ်ကို ဘာသံကြားလျှောက်ထားရန်။

၇။ အထွေထွေကိစ္စများ။

---

# သထုံမြို့

## သဒ္ဓမ္မစာရီ ကျောင်းတိုက်

သံဃာ့ကုဋ္ဌ၊ သံဃာရာဇာ၊ ဒုတိယ မဟာနာယက ဆရာတော်ဘုရားကြီးသည်၊သက်တော် (၈၄)နှစ်၊ ဝါတော်(၆၅)ဝါရှိသည်ဖြစ်ပါ၍၊ ခန္ဓာကိုယ်သည် စိတ်ရောက်တိုင်း ကိုယ်မပါနိုင် ဖြစ်ပါသောကြောင့်-

ဟသ်ာတမြို့ မဟာ ဒွါရဝါဒီဂိုဏ်းလုံးဆိုင်ရာ၊ မဟာနာယက ပူဇော်ပွဲသဘင်နှင့် မဟာ သန္နိပါတအစည်းအဝေးကြီးသို့ ကိုယ်တော်တိုင် ကြွရောက် မချီးမြှောက်နိုင်ကြောင်းကို သိရှိ တော်မူကြပါဘုရား။

ဆရာတော်ကြီးသည် မကြွလာနိုင်သောကြောင့်၊ အကျဉ်းဖြစ်သော ဩဝါဒ ကထာ စာတန်းမျှသာ ပါလာပါသည်။ ထိုဩဝါဒကထာ စာတန်းကို ဆရာတော်ဘုရားကြီး၏ ကိုယ် စားဘာသံကြားလျှောက်ပါမည်ဘုရား၊ ဆရာတော် ဘုရားကြီး၏ ဩဝါဒကထာ စာတန်း ကိုရှင်လင်းသောစိတ်ထားဖြင့် မှတ်သားနာယူတော် မူကြပါဘုရား။

သမဂ္ဂဂိုဏ်းဝင် သံဃာတော်အရှင်မြတ်တို့ဘုရား၊ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယ သံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလဟု ဆိုအပ်သော ၄-ပါးသော တရားတော်မြတ်သည် မြတ်စွာဘုရား၏ သာသနာတော်ကြီးအစစ် ဖြစ်ပေသည်။

ဝိနယောနာမဗုဒ္ဓသာသနဿအာယု၊ ဝိနယေဌိတေသာသနံဌိတံဟု ကျမ်းဂန်ပါဠိလာ ရှိသည့်နှင့်အညီ၊ ထို ၄-ပါးသော တရားတည်မြဲပါက သာသနာတော်ကြီး တည်မြဲပေသည်၊ ထို ၄-ပါးသော တရားမတည်မြဲပါက သာသနာတော်ကြီး မတည်မြဲပေ။

www.dhammaransi.com



အာစရိယပရံပရ ဆိဿာနုဆိဿတို့စောင့်ရှောက် ထိန်းသိမ်းတော်မူကြရသည်မှာ-

ပါတိမောက္ခံပိဿောဓေန္တော၊ အပ္ပေဝဇိဝိတံဇဟေ၊

ပညတ္တံလောကနာထေန၊ နဘိန္ဒေသိလသံဝရံ။

ဟူသော ဒေသနာတော်နှင့်အညီ၊ စောင့်ရှောက်ရမည် ဖြစ်သည်။

(က) စတုပါရိသုဒ္ဓိတရားထို ၄-ပါးကို၊ ကာလ ပျက်ပြားနေသော်လည်း မပျက်ပြားအောင် စောင့်ရှောက်ရခြင်း။

(ခ) ဒေသပျက်ပြားနေသော်လည်း မပျက်ပြားအောင် စောင့်ရှောက်ရခြင်း။

(ဂ) ခန္ဓာပင်ပျက်ပြားနေသော်လည်း၊ ထို ၄-ပါးသော တရားကို မပျက်ပြားအောင် စောင့်ရှောက်ရခြင်း။

(ဃ) ဤကဲ့သို့ စောင့်ရှောက်ထိန်းသိမ်း၍ နေထိုင်သော ပုဂ္ဂိုလ်သည်၊ မြတ်စွာ ဘုရား၏ သာသနာကြီးကို ယုံကြည်အားထားလေးစားသော ပုဂ္ဂိုလ်မည်ပါပေသည်၊ အပ္ပမာဒ တရားရှေ့ထား၍၊ စောင့်ရှောက်ထိန်းသိမ်းခါ နေထိုင်တော် မူကြပါရန်၊ သတိပေးစကား ပြောကြားလိုက်ပေသည်၊ သမဂ္ဂဂိုဏ်းဝင် သံဃာတော် အရှင်မြတ်တို့ဘုရား။

သမဂ္ဂဂိုဏ်းဝင်၊ သံဃာ့ရှင်တို့၊ လေးအင်ဓမ္မ၊ ခေါ်ဆိုပြသည့်၊ သီလအစစ်၊ စောချစ် သာသနာ၊ ကျင့်သိက္ခာကို၊ ဘယ်ခါကာလ၊ သမယမှ၊ မကျမပျောက်၊ မကျိုးပေါက်အောင်၊ သတိဆောင်၍၊ မျှားမြောင်နေခင်စဉ်၊ ရဟန်းရှင်တို့၊ ကျင့်စဉ်တရား၊ ထိုလေးပါးကို မမှားစေရာ၊ စောင့်ရှောက်ပါမှ၊ ဗုဒ္ဓါသျှင်ကောင်း၊ ဘုရားပေါင်းတို့၊ ချီးကြောင်းနူမော်၊ သာရခေါ်မည်။ ကျင့်ဘော်ဂိုဏ်းဝင်၊ မြတ်အရှင်တို့၊ ဗုဒ္ဓကုံရ၊ မြတ်ဓမ္မကို၊ နေ့ညည့်မစဲ၊ လွန်အားခဲ၍၊ အမြဲမကွာ၊ စောင့်ရှောက်ပါဟု၊ ဩဝါဒိန့်ဟ၊ အကျဉ်းမျှကို၊ ကြည့်ရှုကြ ကျင့်ပါ၊ ဂိုဏ်း သံဃာတို့၊ ကျင့်ရာတရားတည်း။

သထုံမြို့၊ သဒ္ဓမ္မစာရီကျောင်းတိုက်၊

သံဃာယုတ္တမှ သံဃာရာဇာ ဒုတိယ မဟာနာယက ဆရာတော်ဘုရားကြီး၏ ဩဝါဒ ကထာ စာတန်းကို မှတ်တမ်းတင်ဖေါ် သာရခေါ်တော်မူကြပါဘုရား။

www.dhammaransi.com



**မဟာသန္နိပါတ ဒုတိယနေ့**

**အနုနာယက ကန်ဆည် ဆရာတော်ဘုရားကြီး၏**

# နိဂုံးချုပ် ဩဝါဒမိန့်ခွန်းတော်

လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး ဖြည့်သုံးရှာမှီး, ဆည်းပူးတော်မူအပ်တဲ့ ပါရမီတော်အဟုန်တို့ကြောင့် ရရှိတော်မူအပ်ခဲ့သော သဗ္ဗညုတဉာဏ်တော်ဖြင့် ဟော ပေါ် ညွှန်ပြ ကိုယ်နှုတ်နှလုံး ၃-ပါးလုံးလိမ္မာယဉ်ကျေးမှု ဆုံးမဩဝါဒ အစစ်အမှန်ဖြစ်သော "သာသနာတော်မြတ်ကြီး" ပျက်စီးတိမ်မြုပ်, မဆုတ်ယုတ်စေခြင်းအကျိုးငှါ ဤမဟာသန္နိ ပါတ မဟာဒွါရ နိကာယ သံဃာ့အစည်းအဝေးကြီးသို့ ဝေးနီးဒေသ တိုင်းခရိုင်နိုင်ငံတော် အရပ်ရပ်မှ မဟုဿာဟ လုံ့လပြင်းစွာ ကြွရောက်တော်မူလာကြသော သမြဟ္မစာရီ ထေရ် ကြီး, ထေရ်ငယ်အပေါင်းတို့အား ကောင်းမွန်လှသော ဩဝါဒစကားဖြင့် မိန့်ကြားမြွက်ဆို ရမှာဖြစ်ပါ၍ လွန်စွာပင်အားတက် ဝမ်းမြောက်မိပါသည်။

အဘိဓဇ မဟာရဋ္ဌဂုရု သွန်းပြုခပ်နှိပ် ဘွဲ့တံဆိပ်တော်ရ ရေတံခွန်ဆရာတော်ဘုရား ကြီး၏အလိုတော်ကျ စေခိုင်းတော်မူသမျှ အဝဝသောကိစ္စတို့ကို သုံးလိုရာမှာသုံးစေရန် အပ် နှံ၍ထားခဲ့ရာ ဤမဟာသန္နိပါတမှာလဲ ဆရာတော်ဘုရားကြီး၏ကိုယ်စား ဟောကြားဘို့ရာဟု သင့်ရာ,တော်ရာ,လျော်ရာတို့ကို ကြည့်ရှုနှလုံးသွင်းပြီး ထားခဲ့တာတွေ အတော်ပင်များပြားခဲ့ ပါသည်၊ မဟာသန္နိပါတဖြစ်သောကြောင့် ကြွရောက်လာကြသော သံဃာတော်အများတို့ကို တွေ့မြင်ရပြန်တော့ သခင်ကနှလုံးသွင်းခဲ့သော စကားများဖြင့် နောက်ထပ်တဖန်ထည့်သွင်း၍ ဟောပြောလိုသော တရားစကားတွေ အများကြီး ဖြစ်ပါသည်၊ သို့ရာတွင် မိမိစေတနာ ရှိသလောက် ပြောကြားဘို့ရာ အချိန်အခါမရသည့်အတွက် စိတ်ပျက်ဝမ်းနည်းခြင်း ဖြစ်ခဲ့ပါ သည်။ မိမိပြောလိုသော စကားများဟာလဲ တခုနှင့်တခု အနုသန္ဓေ မစပ်မဟပ်, ဖြစ်ကတတ် ဆန်းရှိလျှင် ရှိပါလိမ့်မည်။ (ယောနိသော မနသိကာရ)ဖြင့် အသင့်အတင့်နှလုံးသွင်းပြီး နား ထောင်ကြဘို့ပင် ရှိပါတော့သည်။

ယခုဟောပြောရမှာကတော့-မိတ်ဆွေခင်ပွန်း သိတင်းသုံးဘော်တွေ မျက်မှောက်,မျက် ကွယ် ၂-သွယ် ၂-ဌာနလုံးမှာပင် မေတ္တာသက်ဝင် ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းဖြစ်ပြီး "ရေကိုသားသော်လည်း အကြားမထင်ပမာ" ပဋိပုဒ္ဓမလွန် ၂-တန်သောဘာဝ သမဂ္ဂန သုခ-ဒုက္ခ ဖါသုပိဟာရ ဖြစ်ကြဘို့တရားပါပဲ။

www.dhammaransi.com



သမာနသုခ-ဒုက္ခ-ဗါသုဒိဟာရ ဖြစ်ကြောင်းတရား (၅)ပါး။ (ပဋ္ဌာနပါဠိ အင်္ဂုတ္တိုရ် ပါဠိတော်) ၌ လာရှိသည်မှာ-(၁) ကာယကံမေတ္တာ။ (၂) ဝစီကံမေတ္တာ။ (၃) မနောကံမေတ္တာ။ (၄) တူမျှသောအကျင့်သီလ။ (၅) တူမျှသောအယူဝါဒ။

(၁) ကာယကံမေတ္တာ "အဒေါသစေတသိက်" မေတ္တာကိုရှေးရှုပြီး ပြု အပ် သော ရှိခိုးခြင်း,ဦးချခြင်း, ခရီးဦး ကြိုဆိုခြင်း အစရှိသော ကာယဒွါရဖြင့် ပြုကျင့်လုပ်ဆောင်အပ်တဲ့ အမှုအရာတွေကို ခေါ် ဆိုပါသည်။ ။ဤအရာများကို ပြုလုပ်တဲ့အခါမှာ ကျကျနန ကြည်နူး နှစ်ခြိုက်စွာ မျက်ကွယ်,မျက်မှောက် ဖေါက်ပြန်လိုစိတ်မရှိ ပကတိစင်ကြယ်သော စိတ်ထားဖြင့် ရိုးသားစွာ ပြုလုပ်ရန်ပါပဲ။ ။

နည်းယူရန်သာဓကတခု...... ကျေးဇူးတော်ရှင် အုဂ်ဗိုရ်ဆရာတော်ဘုရားကြီး စံလွန်တော်မမူမှီ ၅-နှစ်လောက်က ယခု 'အင်္ဂပူ' ခေါ် အုဂ်ဗိုရ်မြို့မှ မြောက်ဖက် ညောင်ရွာကြီးတိုက်ကို အုပ်ချုပ်တဲ့ သူကြီးဦးဖိုးအို အလှူမဏ္ဍပ်၌ (အုဂ်ဗိုရ်မြို့နှင့် မြန်အောင်မြို့ ၂-ခုအကြားမှာ ဒွါရဂိုဏ်းဝင် ကျောင်းထိုင်ကျောင်းပိုင် သံဃာကုန် အားလုံးပင်ကြွရောက်ကြပါသည်) ထိုသံဃာတော်တို့တွင် ဂဏဦးစီး မထေရ်ကြီးများမှာ မဲဇလီကုန်းမြို့ ဒေ့ဇေး တောရကျောင်း ဆရာတော်ကြီး ၁-ပါး၊ မြန်အောင်မြို့ ဂူ ဇု-လုံးဆရာတော်ကြီး ၁-ပါး ပေါင်း ၂-ပါးဖြစ်ပါသည်။ ။ဒေ့ဇေးတောရဆရာတော်ကြီး သီတင်းသုံးတော်မူသော မဏ္ဍပ်သို့ ဂူ ဇု-လုံး ဆရာတော်ကြီး ကြွရောက်လာတော်မူပြီး သံဃာစင်အနီးအပါး၌ ဒေ့ ဇေး ဆ ရာ တော် ကြီး အား မတ်တတ်ရပ် လက်အုပ်ချီမိုးလျက်........

ဂူ။ ။တပည့် နန္ဒိယ ရှိခိုးပါရစေ အရှင်မြတ်ဘုရား။

ဒေ့ဇေး။ ။ရှိခိုးပါ, ရှိခိုးပါ ခွင့်ပြုပါသည်။

ဂူ။ ။ရှိခိုးဆိုပေမဲ့ အခြားသူများကဲ့သို့ ဝတ်ကြေတန်းကြေ ဖြစ်ကတတ်ဆန်းတော်စွာရေဉ်စွာပေါက်ဆိန်(ပုဆိန်)ပေါက် ဦးကလေး ၃-ကြိမ်ချရုံလောက်ကိုမပြုလုပ်လိုပါ၊ အရှင်ဘုရား၏ ခြေတော်အစုံကို ရှေ့သို့ဆန့်တန်း ထုတ်ပေးတော်မူပါ။ တပည့်တော် နန္ဒိယ ဦးခေါင်းဖြင့်ခြေတော်ကို ဦးခိုက်ပြီးရှိခိုးလိုပါသည်အစဉ်သနားသဖြင့်ခွင့်ပြုတော်မူပါဘုရား။

ဒေ့ဇေး။ ။လျှောက်ထားသည့်အတိုင်း ခွင့်ပြုတော်မူသည်။

ဂူ။ ။ဦးခေါင်းဖြင့် ခြေတော်စုံကိုပွတ်တိုက်ပြီး အကြိမ်ကြိမ် ရှိခိုးဦးချလေသည်။

(၂) ဝစီကံမေတ္တာ။

ထိုနောက် ဆရာတော်ကြီး ၂-ပါးသည် အထူးထူးသော သာသနာရေးရာနှင့်စပ်ဆိုင်သည့် ပဋိသန္ထာရစကားတို့ဖြင့်သာ အချိန်ကိုကုန်စေကြပါသည်။ ဆိမ့်ဖျင်း သေးနုတ်သော အတင်းအဖျင်းစကားများကို နှုတ်ဖျားလေသံ တခါတရံမျှ မိန့်ခြွက်တော်မမူကြပါ။

ယခုကာလ ဥရောပတိုက်သားများကဲ့သို့ လက်ဆွဲ, ခါးဖက်, နေ့တိုင်းပင်သတိရမိပါသည်၊ နေ့တိုင်းပင်ရှိခိုးမိပါသည်၊သေခါမှပဲ ခွဲခွါကြစို့ရဲ့ ဆိုတဲ့အပိုအမိုစကားများကို ပြော

www.dhammaransi.com



ကြွားတော်မမူကြပါ။ (ဤအခါ ကန်ဆည်ဆရာတော်ကြီးမှာ ရဟန်းသိက္ခာ ၄-၅ ဝါမျှလောက်သာရှိသေးပါသည်။)

မဏ္ဍပ်တွင်းရှိ (၄၀၀ ကျော်မျှ လူ ရှင် ပ ရိ သတ် များ မှာ လည်း တဦးတယောက်၏ စကားပြောဆိုသံ, ချောင်းဆိုး ချေဆတ်သံမျှမကြားရဘဲ သေးငယ်လှသော အရာဝတ္ထု လက်ချပ်အပ်ကလေးတခု ကျလို့ရှိလျှင် ကြားရလောက်အောင် ဆိတ်ငြိမ်ဖွေးဆေးစွာရှိလှပါသည်။

သည်အခါ မိမိ(ကန်သည်ဆရာတော်) နှလုံးသွင်းမိပုံမှာ-

ဆရာတော်ဘုရားကြီး ၂-ပါးက သိဿာနှင့်သိဿနောင်လာနောက်သားငါတို့အများရအား အာလုပ်တော်ဖွင့်ဟနှုတ်မြွက်ကြပြီးလျှင်ငါ့ရှင်တို့-သင်တို့ဟာဘုရားသာသနာတော်မှာ ဤလိုအခြင်းအရာတို့ဖြင့် (အရည်အတွက်ကို မငဲ့ကွက်ဘဲ အရည်အခြင်းကိုသာ ငဲ့ကွက်လျက်) ကောင်းမွန်စွာ နေထိုင်ကြရမည်။ ဤကဲ့သို့ နေထိုင်နိုင်ကြမှသာလျှင် သာသနာဝင် ကျင့်စဉ် စည်းကမ်းနည်းလမ်းနှင့် ညီညွတ်မည်ဟု တိုက်ရိုက်မဆုံးမသော်လဲ ကိုယ်အမူအရာဖြင့်“နည်းနာနယ” ယူရစ်ကြစေရန် ရည်သန်ညွှန်ပြပြီး ဆုံးမတော်မူကြပါပေသည်။ အသက်ထက်ဆုံး ထိုဆရာတော်ကြီးတို့၏ အမူအရာများကို လိုက်နာနည်းယူကျင့်သုံးနေထိုင်ရန် ကောင်းလှပေ၏ တကား။ ငါတို့နောက်မှ သာသနာတော်တွင်းသို့ သက်ဆင်းဝင်ရောက်လာကြသူ ရှင်လူအများ တပည့်သားတို့အားလည်း ပြောဆိုဆုံးမ ဩဝါဒစကား (တရားဖေါက်သယ်) ပြုလုပ်ရပေ တော့မည် တကားဟု အများကြီး နှစ်ခြိုက်ဝမ်းမြောက်မိပါသည်။

ယခုကာလ အချို့အချို့သော ပုဂ္ဂိုလ်တို့ကတော့ ဤသို့မဟုတ်ပါဘဲ၊ တပါးနှင့် တပါး တွေ့တဲ့အခါမှာ လက်ဆွဲ နှုတ်ဆက်၊ တယောက်အားတယောက် မက်လောက်အောင် စကား အပိုအမိုတွေ တန်ဆာဆင်ခါ (မှသားမပါ လက်ာမချော လက်သုံးဖြင့်) အပေါ်ယံ ဖွဲ့မှုန်ကြ ပြောကြားပြီး မျက်စိ, နား ကွယ်ရာကျပြီဆိုမှဖြင့် ကျကျနန အဘင်းစကားတွေ နင်းကန်ပြော ပြီး တသောသောနေကြတော့တာဘဲ၊ လွန်စွာကြောက်လန့်စရာ, ဓမ္မသံဝေဂ ရတ္တိရာကောင်း လှသည့် ခေတ်ကာလကြီး ဖြစ်နေပါပြီ။

ထို့ကြောင့်ပင် ဘုရားကိုယ်တော်မြတ်က “အာဝိစေဝ, ရဟောစ” ဟု ဟောတော်မူခဲ့ သည်။ ၊ချစ်သား ရဟန်းများတို့ “ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာ” နေနာမှာ “တရှိကွယ် တမယ်မွေ့, တွေ့ပြန်တော့ သေအောင်လွမ်း” ဆိုဘဲ့ ကာလသုံး စကား ကဲ့သို့ ရှေ့တွင်တဖုံ ကွယ်ရာတမျိုး မဖြစ်ကြစေနှင့်၊ မျက်မှောက်, မျက်ကွယ် ၂-သွယ် နှစ်ဝ ၂-ဌာနတို့မှာပင် တပါးနှင့်တပါး လေးစားချစ်ခင် ကောင်းကျိုးလိုလား၊ကြပါဟု-ဆုံးမတော် မူခဲ့ပါသည်။

ရှေ့တွင်တဖုံ ကွယ်ရာတခြား ပြုလုပ်တတ်သူကို “အဆွေခင်ပွန်း” ဟူ၍ မမှတ်အပ်ပါ ဘူး။ (ဟန်ဆောင်တတ်သော မိတ်ဆွေသည် ရန်သူထက်ဆိုး၏) ဟုပြောဆိုရိုး ရှိသည့်အတိုင်း ပင် “ရန်သူ”ဟူ၍ပင် မှတ်သားသင့်ပါသည်။ မိမိ၏အခြေအလျော့ (မှားယွင်းချွတ်ချော်မှု) ကို

www.dhammaransi.com



တစိတစောင်းက ချောင်းကြည့်ပြီး ချောက်တွန်း (ခြေထိုး) မည့်သူ ဟူ၍သာ အမြဲတမ်း မှတ်သားထားရပါမည်။

မိတ်ဆွေ ခင်ပွန်းကောင်းတို့မည်သည်မှာ တယောက်မှားယွင်းမည်ကို မြင်သိခဲ့ပါလျှင် အမြဲပင် သတိပေးရပါမည်။ မိတ်ဆွေတယောက်၏ ဂုဏ်သတင်းညှိုးနွမ်းစရာ မကောင်းစကားဖြစ်ပေါ်လာခဲ့လျှင် ဖွမ်းနိုင်သမျှကာကွယ် စောင့်ရှောက်ရပါမည်။ "သူ့မကောင်း သူခံ" ဆိုတဲ့ သဘောထားဖြင့် လျစ်လျူရှုပြီးမနေရပါဘူး။ အမြဲပင် သတိပေး စောင့်ရှောက်သင့်လှပါသည်။

သာဓကတခုမှာ လွန်ခဲ့ပြီး ၂၅-နှစ်ခန့်လောက်က ယခုထင်ရှားရှိနေသော အဂ္ဂမဟာပဏ္ဍိတ မဟာဒွါရနိကာယ ဂဏရက္ခိတ သပြေပင်ဆရာတော် (တရားစာတစောင်) သဒ္ဓမ္မနာဘိနန္ဒိတ ၇ ထ၁ ကထိန်ဘရားစာရေးပြီး ကျေးဖူးဘောဒ်ရင် လယ်ဘိ ဆရာတော်ကြီးထံ ပုံနှိပ်ရန်သင့်, မသင့်ဖြင့် တင်ပြလျှောက်ထားခဲ့လေရာ ဆရာတော်ကြီးက မောင်ညောသူ မင်း ဘယ်လိုသဘောရသလဲ၊ စာအုပ်ကိုဖတ်ရှုပြီး အကျိုးအပြစ်ကို စိစစ် ဝေဖန်ရမည်ဟု အမိန့်တော်ချမှတ်သော ထိုစာအုပ်ကို ဖတ်ရှုသော အခါ-

ဝေဠုဝန်ဆရာတော်သည် ကထိန်ကိုပင် ကျနစွာ ဘုရားရှင်၏အလိုတော်နှင့် ညီလျော်အောင် မခင်းတတ်ကြောင်း စသည်တို့ကို ရေးသားထားသောကြောင့် ဆရာတော်ကြီးအား ပုံနှိပ်ရန်မသင့်ကြောင်းပါဘုရား။ ရန်ဖြစ်သည်ဆိုသည်မှာ ရန်ဖက် ရှိမှ ရန်ဖြစ်ရပါသည်။ ရန်ဖက်မရှိဘဲ၊ကိုယ်တယောက်ထည်းရန်မဖြစ်သင့်ပါ၊ဝေဠုဝန်ဆရာတော်နှင့်တကွဂိုဏ်းဝင်သံဃာအပေါင်းတို့က (တစုံတခုရန်ပြုသော အခြင်းအရာမရှိပါဘဲလျက်၊ မိမိတို့က ရန်ပြုခြင်းသည် ရန်သူမရှိပါဘဲ၊ (ရန်ဘက်မရှိပါဘဲး) မိမိတယောက်ထဲ ဓါးရိုးလျှောက်ဆဲသည်နှင့်တူပါသည်။ကိုယ်ကစတင်၍ ရန်ဖြစ်ချင်သောသဘောရေးသား၍၊တဘက်ကလဲ ပြန်ပြုမည်ဆိုလျှင် တော်ပါသေးသည်။ တဘက်ကတုံ့ပြန်ခြင်းမပြုဘဲ နေခဲ့ပါလျှင် ခါးတောင်းမြောင်လှအောင်ကျိုက်ပြီး ဓါးရိုးပေါက်လျှောက်ဆဲတဲ့ (အရူး) နှင့် တူလှပါသည်ဟု စာရေးသူ ဦးသောဘန၏ ရှေ့မျက်မှောက်၌ မထောက်မညှာ ရဲဝံ့စွာကန့်ကွက် သတိပေးခဲ့ရဘူးပါသည်။ ဤသို့အကျိုးအကြောင်းပြ၍၊ သတိပေးတားမြစ်ရခြင်းသည်၊ မိတ်ဆွေကောင်းတို့၏ ဝတ္တရား (လက္ခဏာ) ပင်ဖြစ်ပါသည်။ သို့ရာတွင် သတိပေးသည့်အတိုင်း ပုံနှိပ်ခြင်း မပြု မဟုတ်ပါ၊ ရဲဝံ့စွာပင် (၁၂၉၅-ခု ပြာသိုလအတွင်း) ပုံနှိပ်ပြီး ထုတ်ဝေခြင်းကို ပြု သည် ကို တော့ ဥပေက္ခာမှုပြုရတော့တာပါဘဲ၊ စာအုပ်ရေးသားပြုစုသူ ဦးသောဘနအား "ပရူပဝါဒ-ဂရဟိတ-အမနာပစကား"သူတပါးပြောကြားထိမ့်မည်ကို မဖြစ်စေလိုသောကြောင့် ကန့်ကွက်တားမြစ်ရခြင်းဖြစ်ပါသည်။

အကုဓေန ဝတ္တဂုယှံ၊ သမဂ္ဂ ဆာဒေန ယော ဘဂဝါ။ ။

ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ အတီတံ၊ လွန်လေပြီးသော ၄-သင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး၊ အကုဓေန၊ ကိုယ်တွင်းအမျက်၊ မထွက်စေမှု၊ ပြုခဲ့လေဘူး၊

ကုသိုလ်ထူးကြောင့်ရင်း၊ သုဝဏ္ဏံ၊ နတ်ပွဲဝင် ဇမ္ဗူရာဇ်၊ ရွှေစင်နှစ်ကဲ့သို့ မည်းညစ်မထင်၊ ကြည်လင် သန့်ရှင်းသော အဆင်းဘည်းဟူသော "သုဝဏ္ဏ-ဝဏ္ဏ လက္ခဏာတော်" ကိုလည်း။ လဘတိ၊ ရတော်မူ၏။

သမဂ္ဂ-ဆာဒေနံ၊ မိဘသားချင်း, ချစ်တင်းဆွေညာ၊ မိတ်ကလျာတို့၊ နာနာဘာဝ၊ ကွေကွင်းကြရာ ညီညာဖူးတွေ့ ချမ်းမြေ့ကြအောင် ရှက်ဆောင်သည်ပိုးခြင်း၊ ဆွေမျိုးဖြစ်သူ လူတို့အားလည်း စီးပွါးမဲ့ကြောင်း, မကောင်းစကား၊ ကြားသော်ခဏ၊ အသံကိလိဠ၊ ဟဒယရှင်ပြုံး၊ စိတ်နှလုံးဖြင့် ဖျက်ဖုံးခဲ့ဘူး၊ ကုသိုလ်ထူးကြောင့်။ ဝတ္ထုဂုယှံ- မဟာဂေါဏ၊ ဥသဘ၏။ ဗျဉ္ဇန နိမိတ်ကဲ့သို့ သိုသိပ်မြုပ်တိမ်၊ အဇ္ဈိမ်တို့ဖြင့် ဖုံးလွှမ်းလျှို့ဖျက်သော "မဟာပုရိသ-ဗျဉ္ဇန-နိမိတ်" တည်းဟူသော "ဝတ္ထုဂုယှ-လက္ခဏာတော်" ကိုလည်း။ လဘတိ၊ ရတော်မူ၏။

ဤကဲ့သို့သော ကျေးဇူးကုသိုလ် အထွေထွေတို့ကို ထောက်ထားမြော်ခေါ်ပြီး၊ မျက်မှောက်, မျက်ကွယ် ၂-သွယ် ၂-ဌာနလုံး၌ပင် ကောင်းကျိုးကိုလိုလား တောင့်တပြီး မေတ္တာရှေ့ထားနိုင်ကြလို့ရှိခဲ့ပါလျှင် ပစ္စက္ခ-တမလွန် ၂-ဖြာသောဘဝတို့၌ ချမ်းသာစွာနေရခြင်း အကြောင်းတွေဖြစ်သည်ဆိုတာ သိမြင်ကြပြီး ကြိုးစား၍ ကျင့်ဆောင် အား ထုတ်ကြ စေ လို ပါသည်။ "ကာယကံမေတ္တာ" စသည့်တို့နှင့် စပ်လျဉ်းပြီး ဤမျှလောက်နှင့် အချိန်မရရှိနိုင်သည့်အတွက် ရပ်ဆိုင်းလိုက်ပါတော့မည်။ ။

နောက်တခု ပြောလိုသည်မှာ၊ "သံဝါသ- သမ္ဘောဂ" ဓမ္မသမ္ဘောဂ ပစ္စယသမ္ဘောဂ ၂-ပါးရှိသည့်အနက် ဥပုသ်,ပဝါရဏာ,ရဟန်းခံရှင်ပြုအစရှိသော "ဓမ္မသမ္ဘောဂ" နှင့်အတူတကွ သုံးဆောင်စားသောက်ခြင်း အစရှိသော "ပစ္စယသမ္ဘောဂ" မှုလောက်ကို အလေးဂရုပြုနေကြပါသည်၊ တဦး၏ပစ္စည်းကိုတဦးကခံယူခြင်း,သုံးဆောင်ခြင်း,ပေးကမ်းခြင်းမျိုးတို့ကိုတော့ အမှုမဲ့အမှတ်မဲ့ သတိမမူဖြစ်နေကြပါသည်။ ပမာတခု၊ ယခုလိုအခါ အလဇ္ဇီ ဒုဿီလရဟန်းတပါးက အတိုးတန်ပစ္စည်း ဝတ္ထုတခုကို လာရောက်လှူဒါန်းခဲ့ပါလျှင် မငြင်းပယ်ဘဲ သူက-ငါက ခံယူကြမည့် ပုဂ္ဂိုလ်တွေလိုလိုချည်း ဖြစ်နေပါသည်။

သာဓကတခုကို အနည်းငယ်ပြောလိုသည်မှာ- ငယ်ရွယ်စဉ် ၁၅-နှစ်သားလောက်က ခြောက်ရွာ ထန်းတော (င,ဇကျွန်း)ဆိုတဲ့ အလဇ္ဇီတပါး လာရောက်တည်းခိုပါသည်။ သူမှာ ထန်းလျက်တွေ အတော်များများပါလာသဖြင့် ကျောင်းရှေ့မှာ ချိန်ခွင်ကြီးချိတ်ဆွဲပြီး ဒကာမတွေကို ရောင်းနေသည်မှာ မမြင်စဘူး အထူးအဆန်းဖြစ်နေခြင်းကို မလှမ်းမကမ်းသွားရောက်ကြည့်နေရာ ဖုန်းကြီး(ငဖ,ကျွန်း)က ဟဲ့ကိုရင် ထည့်စရာတခုယူခဲ့ဟု ပြောသောကြောင့် ဝမ်းမြောက်ဝမ်းသာ "တင်းဝင်တောင်းကြီး" တခုကိုယူပြီးပေးလိုက်ရာ တောင်းထဲသို့ ၃-ပိုင်း ၂-ပိုင်းလောက် ထန်းလျက်တွေထည့်ပေးပြီး ယူသွား-နင့်ဆရာအား သွားလှူလိုက်ဟု ပြောသဖြင့် ကျောင်းသားကြီး ၂-ယောက် ထန်းလျက်တောင်းကြီးအယူခိုင်းပြီး ဆရာတော်ကြီးထံသို့ယူသွား၍ အနီးမှာချထားပါသည်။ "ဘာတွေလဲ,ဘယ်ကရလာတာလဲ" ဟု ဆရာတော်ကြီးကစစ်ဆေးမေးမြန်းရာ ထန်းလျက်တွေပါ၊ ဖုန်းကြီး(င,ဇကျွန်း)က ဆရာတော်ကြီးအား လှူ

www.dhammaransi.com



လိုက်ပါသည့် အရှင်ဘုရားဟု လျှောက်သောအခါ ယူသွား ဟိုအနားချထားဟု မိန့်တော်မူပြီး ဖုန်းကြီး(ငပကျွန်း)ထန်းလျက်ရောင်းခြင်းကိစ္စပြီးစီး၍ပြန်သွားသောအခါမှာ ဆရာတော်ကြီးက ဟဲ့-ညောယူ ထန်းလျက်တွေကို ကျောင်းသားများအား အ ကုန် အ စင် ဝေ ပေး လိုက်, မောင်မင်းထဲ တခဲမျှမစားလေနှင့်ဟု မိန့်တော်မူပါသည်။

ညနေစောင်းကာလ ဆရာတော်ကြီးထံ ဆည်းကပ်ခစားသောအခါ ဖုန်းကြီး ရဟန်း သာမဏေဆိုတာ မိမိတို့နှင့် သဘာဝမတူ ဝိသဘာဂ ဂဏန္တရဖြစ်သူများက ပေးလှူသာသော ပစ္စည်းကို အမှုဲ့အမှတ်မဲ့ မသုံးဆောင်ရဘူး။လှူသာသောပုဂ္ဂိုလ်သည် သူ့တော်ကောင်းလော, အလဇ္ဇီလော,လဇ္ဇီလော, စေ့စေ့ကြာစစ်ဆေ ပြီးမှ သုံးဆောင်ရမည်။ ။ဖုန်းကြီး (ငပကျွန်း) ဟာ မောင်မင်းမျက်မှောက်မှာပင် ထန်းလျက်တွေရောင်းချခါ ''ကယ-ဝိက္ကယ'' အမှုကို ပြု သွားသည်မဟုတ်ပါလား။ ဤအမှုဟာ ရဟန်းတော်တို့ မပြုမလုပ်အပ်သော အမှုဖြစ်သည်။ သူ့၏အကြောင်းကိုခြောက်ရွာထဲက ငါးရောင်းသွားကြတဲ့' မိသယ်,ရွှေမေ''အစရှိတဲ့ဈေးသည် တွေပြောကြားလို့ မောင်မင်း၏နား ကျွံနေအောင်ကြားသိရပြီ မဟုတ်ပါလား။ ပစ္စည်းကို ရှုံရှာလျှင် ပုဂ္ဂိုလ်ကိုရှုံရှာရမည်,ပုဂ္ဂိုလ်ကို ရှုံရှာလျှင်(ငပကျွန်း)လှူသွားတဲ့ ထန်းလျက်တွေဟာ လတ်တလောချင်း သေစေတတ်တဲ့ အဆိပ်ထက်ဆိုးဝါးလှသည်။ အဆိပ်ကိုစားမိလျှင် တဘဝ မျှသာသေရမည်။ အလဇ္ဇီပုဂ္ဂိုလ်၏ပစ္စည်းကို သုံးစွဲမိခဲ့ပါလျှင် ဘဝအရာ, အထောင် အပါယ် ဒုက္ခကြီးနှင့် တွေ့ကြုံရတတ်သည်။ သာသနာတော်၌ ရဟန်း, သာမဏေအဖြစ်နှင့် နေထိုင်သမျှ ကာလပတ်လုံး မသုံးဆောင်လေနှင့်ဟု တားမြစ်တော်မူခဲ့သည်ကို ယခုပင်ကြားရောင်, မှတ် သားမိပါသေးသည်။

နောက် သာဓကတခုမှာ လွန်လေပြီး ၂၅-နှစ်လောက်က ကျေးဇူးတော်ရှင် လယ်ဘီ တိုက် မဟာနာယက ဆရာတော်ကြီး၏ခြေတော်ရင်းသို့ နိုင်ငံကျော် ဝိပဿနာ ဓမ္မကထိက ပုဂ္ဂိုလ်ကြီးတပါး မျှားပြားလှစွာသော ''မုန့်သေတ္တာ, နို့ဆီ, ယိုဘူး, သကြား'' များကို တပည့် ဒါယကာများက ယူခဲ့စေပြီး ၂-ကြိမ်မျှလာရောက် ကန်တော့ဘူးပါသည်။ ထိုပစ္စည်းတွေကို အကုန်အစင်ပင် ကျောင်းဆရာများကို ခေါ် ပေးပြီး ရဟန်းသာမဏေ တဦးတယောက်ကိုမျှ မပေးလေနှင့်၊မောင်မင်းတို့၏ တပည့်ကျောင်းသားများကိုသာ ပေးဝေပါလေဟု-အမိန့်တော် ရှိသည်ကို မှတ်သားလိုက်ရဘူးပါသည်။

ဤသာဓက သက်သေများကို အားလုံးသော ဒွါရဂိုဏ်းဝင် အရှင်ကောင်း အရှင်မြတ် များ မှတ်သားတို့ရာ (တရားဖေါက်သည်) ချခဲ့ပါသည်။ ထိုသာနှင့်ထိုသ နောင်လာ နောင် သား, သဃာတော် အရှင်မြတ်တို့သည် ကျနစွာ မှတ်သား၍၊ (သတိမလစ်ဘဲ) ကျင့်ကြံ နေ ထိုင်ကြတို့ရာ တရားတသုံးပါဘဲ။

ပဉ္စကနိပါတ်အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဟောကြားတော်မူသည့်''သမဏသုခ ၅ ပါး'' ကိုလဲ၊ မှတ်သားကျင့်ကြံနေထိုင်ကြတို့ရာ အလွန်ကောင်းမွန်လှပါ၍ ဟောပြောလိုပါသည်။

www.dhammaransi.com



အချိန်ကောင်းစွာမရနိုင်ပါသဖြင့် အနည်းငယ်, အမြွက်မျှသာ (တိုတို ကျဉ်းကျဉ်း) ထို ရင်းချုံး၍ ပြောပြပါတော့မည်။

"သမဏ သုခ ၅-ပါး"

ဘုရားရှင်ကိုယ်တော်မြတ်က ခွင့်ပြုတော်မူအပ်သော "သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး" ၄-ပါးသောပစ္စည်းတွင် မိမိတို့၏ ကုသိုလ်ပုညာ အကျိုးပေးသည့်အတိုင်း ဆိုးသည့်ဖြစ်စေ, ကောင်းသည်ဖြစ်စေ, ရရသမျှ "သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး" တို့ဖြင့် တင်းတိမ်ရောင့်ရဲနေထိုင်ရခြင်းဆိုသည့် (၄) ပါးဖြစ်ပါသည်။ ထိုပစ္စည်း ၄-ပါးကို သုံးဆောင်မှီဝဲပြီး၊ ဘုရားသာသနာတော် တာဝန် "ဂန္ထဓုရ-ဝိပဿနာဓုရ" ၂-ပါးတို့တွင် မိမိတို့စွမ်းနိုင်သည့်ဘက်က အားထုတ်ပြီး နှစ်နှစ်ခြိုက်ခြိုက်ကြီး မွေ့လျော်စွာ နေထိုင်ခြင်း (၁) ပါးနှင့် ပေါင်း (၅) ပါးဖြစ်ပါသည်၊

ဆိုခဲ့ပြီးသောပစ္စည်း ၄-ပါးတို့ကို တရားသဖြင့် ရစေပြီး, တရားသဖြင့် သုံးဆောင်နိုင်ကြပါလျှင်၊ ဘုရားရှင်အလိုတော်ကျ၊ အလွန်သျှင်ကောင်းမွန်သင့်လျော်တဲ့ ချမ်းသာကြီး ၄-ပါးဖြစ်ပါသည်။ ပစ္စည်း ၄-ပါးတို့ကို တရားသဖြင့် ရဘို့ဆိုတာက ဆင်ခြင်တုံတရားရှိကြပြီးသော အရှင်ကောင်းတို့မှာ အထူး ခဲယဉ်းလှတော့သည် မဟုတ်ဘဲ၊ အလွန်ပင် လွယ်ကူသက်သာပြီး အလွန်လျှင်(အန-ဝဇ္ဇ) အပြစ်ကင်းစင်သော ပစ္စည်းကိုရရှိနိုင်ပါသည်။

ဘုရားရှင်ကိုယ်တော်မြတ်ကလည်း ဝင်ရောက်လာစဖြစ်သည့် ရဟန်းပဉ္စင်းသစ်တို့အား ဟောကြားဆုံးမရစ်ကြပြီး စတ္တာရော နိဿယာ အာစိက္ခိတဗ္ဗာ၊ ။စသည်ဖြင့် မိန့်မှာဟောကြားခဲ့ပါသည်။

ချစ်သားတို့ "ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး" ပစ္စည်း ၄-ပါးဟူသော အကြောင်းကြောင့် အနှောင့်အယှက်, စိတ်ကွက်ညှိညင် ပူပင်ကြောင့်ကြပြီး မနေကြလေနှင့်၊ ပစ္စည်းရကြောင်း, မကောင်းသောအမှုအရာ "ကာယဝိညတ္တိ ဒုစ္စရိတ အနာမာသ အကပ္ပိယဝတ္ထု" တို့ကို လူဒါယကာတို့ထံ မျက်နှာအောက်ချပြီး တောင်းခံရှာမှီးဘို့ရာမလိုပါ။ လွန်စွာရလွယ်လှပါသည်ဟု၊ တပည့်သားတော်, သံဃာတော်တို့ အောက်ကျ, နောက်ကျမဖြစ်ရလေအောင် အထွေထွေသော နည်းပရိယာယ်တို့ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

ဘုရားတရားတော်အတိုင်း တရားသဖြင့်ရအောင်ရှာ, တရားသဘောဖြင့် သုံးဆောင်ကြမည်ဆိုခဲ့ပါလျှင် "သေကောင်း, ရှင်ကောင်း" ဒါယကာတို့ကိုလဲ ဒူးထောက်ပြီး အောက်ကျ, နောက်ကျမရှိနိုင်ပါ။

ယခုတော့ ကျောင်းဆောက်ဘို့ရာဆိုပြီး "အနာမာသ-အကပ္ပိယဝတ္ထု" တို့ကိုစုဆောင်းရှာကြံ၊ အလှူငွေကောက်ခံပြီး အကြီးအကျယ် မအပ်မရာ ပြုလုပ်ကြတာတွေ ကြား, မြင်ရသဖြင့် မျက်စိနားရှက်စရာ သာသနာတော်အတွက် စိတ်ပျက်,ဝမ်းနည်းစရာ အလွန်ပင်ကောင်းတော့တာဘဲ။

www.dhammaransi.com



## ဖုန်းတော်ကြီးတပါးက လျှောက်ထားလာသောစကားတခု

အရှင်ဘုရား ဤဆရာတော်ကြီးဟာ သူနေသောကျောင်းတိုက် ဖုံကျပျက်စီးသည့်အတွက် ကျောင်းဆောက်ရန် အလို့ငှါ တပည့်တော် ကျောင်းဒါယကာထံမှာ (ငွေ) အလှူခံပါသည်။

ကန်။ ။လှူလိုက်သလား,ရသွားပါရဲ့လား။

ဖုန်း။ ။အလှူခံတဲ့ငွေက နည်းတာမှ မဟုတ်ဘဲ ၄-၅ ထောင်တောင်ဖြစ်နေတော့၊ ဘယ်မှာလှူနိုင်ပါမလဲ၊ ရလဲမသွားပါဘူးဘုရား။

ကန်။ ။အေး......ရမသွားတာ ကံကောင်းလို့ပေါ့ကွယ်၊ ကံကောင်း ထောက်ပင့်လို့ ရမသွားတာဘဲ တော်ပါသေးရဲ့။

ဖုန်း။ ။အရှင်ဘုရားအမိန့်ရှိသောစကား တပည့်တော်နားမရှင်းပါဘုရား၊ နားရှင်းအောင် ပြောပြတော်မူပါ။

ကန်။ ။တပည့်ရယ် အလွယ်ကလေးပါ။ မင်းသေချာစွာမှတ်ထား။ ရဟန်းတော်တို့မှာ-မအပ်မရာ''အနာမာသ-အကပ္ပိယဝတ္ထု''တို့ဖြင့် ဝယ်ချမ်းပြီး သုံးစွဲစားသောက်လို့ရှိလျှင် (ဆွမ်း-သင်္ကန်း-ဆေး) ပစ္စည်း ၃-ပါးမှာ ထော်သေးတာပေါ့၊ ဤပစ္စည်း ၃-ပါးတို့ကို လွတ်လွတ်စွန့်ကြပြီး''အာယတိံသံဝရ''ထား၍ သင့်ရောက်လာသော အာပတ်တို့ကိုကုစားလိုက်မည်ဆိုလျှင် ''လဇ္ဇီသီလဝန္တ'' အဖြစ်သို့ရောက်နိုင်ပါသေးသည်။

''ကျောင်း''ပစ္စည်းကို မအပ်မရာပြုလုပ်ခဲ့မိပါလျှင် ဤ(ကျောင်း)ကို အာလယပြတ်, လွတ်လွတ်ကြီး စွန့်လွှတ်နိုင်မည်လည်းမဟုတ်ပါ။ အာလယပြတ်,မစွန့်လွှတ် နိုင်ပါကလည်း ''အာပတ်ဖြေ-ဒေသနာကြားမှု'' စသည်ဖြင့်သလို မထေိမနား,မအားအောင်ပြုသော်လဲ အာပတ်မှထတော့မည်မဟုတ်ပါ။ အာပတ်ကို ကုစားလို့မရဘဲ သေပွဲသို့ ဝင်ခဲ့ရလို့ ရှိခဲ့လျှင် အပါယ် ၄-ပါး တံခါးဟင်းလင်းပွင့်ပြီး ''ပြန်တော်မူဘုရား ကြိုတော်မူပြီးသား'' ဖြစ်တော့မှာပေါ့။ ဒီး တာကြောင့် သူအလိုရှိတဲ့(ငွေ)ကိုရမသွားခြင်းဟာကုသိုလ်ကံကောင်းသွားတာပေါ့-ဟု၊ ရှင်းလင်းပြောပြလိုကရပါသည်။

ပြောပြလာခဲ့တဲ့ ဩပဒေစကားများလဲ အထိုက်အလျောက်, အနည်းအကျဉ်းဆိုသလို ပြည့်စုံလုံလောက်သင့်သလောက် ပြည့်စုံလုံလောက်ခဲ့ပါပြီ။ နိဂုံးခါးပတ်, အဆုံးသတ်အနေနှင့်, သတိပေးလိုပါသေးသည်။

သမ္မာသမ္ဗုဒ္ဓ၊ ၃ လောကထိပ်တင်, ဘုရားရှင်ကိုယ်တော်မြတ်နှင့်အရှင်ပစ္စေကဗုဒ္ဓါတို့သည်သာလျှင် အာပတ်အပြစ်မှ ကင်းရှင်းတော်မူကြပါသည်။ ။ကြွင်းကျန်သော ''သေက္ခ-အသေက္ခ''သာဝကပုဂ္ဂိုလ်များတို့မှာ အာပတ်အပြစ်မှ မကင်းမလွတ်ကြပါ၊ သို့ပင် ဖြစ်ပါငြား လည်း သင့်ရောက်လာသော အာပတ်များကိုကုစားသောနည်းဖြင့် ကုစားလို့ရတဲ့ ''ကုစားနိုင်တဲ့''ကုစားလို့လွယ်ကူတဲ့ အာပတ်မျိုးလောက်သာလျှင် သင့်ရောက်စေသင့်ပါသည်။ ကုစား

www.dhammaransi.com


* အရှင်စန္ဒာဝရာဘိဝံသ(ပထမကျော် ဓမ္မာစရိယ) ထံမှပေးပို့သည့် ရရှိသော နေ့စွဲ(၁၈-၂-၅၆)

| | | | | | |
|---|---|---|---|---|---|
| ၁ | အရှင် ကဝိဓဇ | ၇၁×၅၁ | မဟာနွှောင် | ရမ်းဗြဲ | အနုနာယက |
| ၂ | ။ ကောဝိဒ | ၆၉×၄၉ | မြောက်ကျောင်း | ။ | ။ |
| ၃ | ။ ဓမ္မပါလ | ၆၀×၄၀ | ဘုရွှေမော် | လမုချောင်း | အနုရက္ခိတ |
| ၄ | အာတမ်ဆရာတော်ကြီး | ၇၇×၅၇ | ယုံးဆေကျောင်း | ရမ်းဗြဲ | ဩဝါဒါစရိယ |
| ၅ | ဦးနန္ဒ | ၅၅×၃၅ | စပါးထား ။ | ။ | |
| ၆ | အရှင်နရာသဘ | ၇၀×၅၀ | ကုန်းဘောင်။ | ။ | အနုနာယက |
| ၇ | ဦးသာဂရ | ၆၈×၄၈ | ကန်မြင် ။ | စနဲ ။ | |
| ၈ | ဦးဇာနာ့စရိယ | ၆၉×၄၉ | ဖက်ကြတ် ။ | မဟာထိး ။ | အနုနာယက |
| ၉ | ဦးသီလာစာရ | ၅၅×၃၅ | သဒ္ဓမ္မဇောတိကာရုံ | ကျောက်ဖြူ | |
| ၁၀ | ဦးပညာ | ၄၉×၂၉ | တောင်ငျုစုကျောင်း | စနဲ-ရမ်းဗြဲ | |

| | | | ကျောင်း | ရွာ | မြို့ |
|---|---|---|---|---|---|
| ၁၁ | အရှင်းစန္ဒာဝရာဘိဝံသ | ၄၀×၂၀ | အရှေ့မဏ္ဍိမာရုံ | တောင်ရင်းရပ် အရှေ့ပိုင်း | ကျောက်ဖြူမြို့။ |
| ၁၂ | အရှင်ဝရသာမိ | ၇၆×၃၃ | လက်ပံကျောင်းသစ် | လက်ပံရပ်-ရမ်းဗြဲ | |
| ၁၃ | ဦးဂုဏဝါ | ၄၇×၂၇ | စစ်ပြားအုဋ္ဌကျောင်း | ရမ်းဗြဲ | |
| ၁၄ | ဦးသုဒဿန | ၆၇×၃၇ | နားမှုံးတွေ ။ | ။ | |
| ၁၅ | ဦးဝိဇယ | ၄၄×၂၄ | အလယ်ချောင်း ကျောင်းကြီး | ။ | |
| ၁၆ | အရှင်သောဘိတ | ၃၆×၁၆ | မြောက်ကျောင်း | မန်ကျည်းကျွန်း | ရမ်းဗြဲမြို့ |
| ၁၇ | ရွာပြင်ဆရာတော် | .... | ရွာပြင် ။ | စကုကျွန်း | ။ |
| ၁၈ | မောဓိ ။ | .... | မောဓိ ။ | ။ | ။ |
| ၁၉ | ဦးသြဘာသ | ၆၄×၂၇ | ရွာမ ။ | မရွတ်ချိန် | ။ |
| ၂၀ | ဦးပညာဇောတ | ၄၃×၂၃ | အဝတောင်- ။ | အဝတောင်ရွာ | ။ |
| ၂၁ | ဦးဝိဋ္ဌောဒယ | ၄၄×၂၄ | ပေါက်ပြင် ။ | ပေါက်ပြင် ။တန်လွဲချောင်း-ရမ်းဗြဲ | |
| ၂၂ | ငှက်ပျောတောဆရာတော် | .... | ငှက်ပျောတော ။ | လမုချောင်း | ရမ်းဗြဲ |
| ၂၃ | လယ်ဖါး ။ | .... | လယ်ဖါး ။ | ။ | ။ |
| ၂၄ | ဦးသုမန | ၅၂×၃၂ | ပြင်ဝန်း ။ | မအီချောင်း | ။ |
| ၂၅ | ဦးဂဏုတ္တမ | ၄၃×၂၃ | ကျောက်ဆောက် | | ။ |
| ၂၆ | ဦးနန္ဒိယ | ၄၂×၂၂ | ဒွဲချကျောင်း ။ | စနဲ | ။ |
| ၂၇ | ဦးညဏုတ္တရ | ၄၀×၂၀ | ထိန်တွေ ။ | အရှေ့ပက်စနဲ | ။ |
| ၂၈ | ဦးဓမ္မိဿရ | ၄၃×၂၃ | အညာ ။ | ရမ်းသစ်ကြီး | ။ |
| ၂၉ | ဦးဓမ္မဇေ | .... | | ရမ်းသစ်ချေ | ။ |
| ၃၀ | ဦးသုဇာတ | ၃၁×၁၁ | ပဏ္ဍိမာရုံ ။ | အုန်းတောရွာ | ကျောက်ဖြူ |
| ၃၁ | အရှင်ဓမ္မသေန | .... | မဏ္ဍိမာရုံ ။ | တောင်ရင်း | ။ |
| ၃၂ | အရှင်ဝေပုလ္လ | ၇၄×၅၄ | ကန်သာကျောင်းကြီး | ကန်သာရွာ | မြေပုံမြို့ |
| ၃၃ | ဆရာတော် | .... | ဌာရကျောင်း | သဲတန်းရပ် | ။ |
| ၃၄ | အရှင်ဝိစာရိန္ဒ | ၄၇×၂၇ | ကန်ပြင် ။ | ကုတ်ကွေ့ရွာ | ကျောက်ဖြူ |
| ၃၅ | ဦးဥတ္တမ | ၆၂×၄၂ | အမျက်ထွက် ။ | အမျက်ထွက်ရွာ | ကွမ်းချောင်း ။ |
| ၃၆ | အရှင်ဇုန္ဒြိယ | ၆၄×၄၄ | ပြည့်ချောင်း ။ | ပြည့်ချောင်းရွာ | ကွမ်းချောင်းကျွန်း ။ |
| ၃၇ | အရှင်ခမ္ဘိက | ၇၅×၅၅ | ရေကောင်းချိန် | ရေကောင်းချိန် | ကျောက်ဖြူ |
| ၃၈ | ဦးရာဇည | ၅၂×၃၂ | ပေါက်တူးတောင် | ပေါက်တူးတောင် | ။ |
| ၃၉ | ဦးပဏ္ဍိတ | ၄၉×၂၉ | ကြက်သရေ | ကြက်သရေ | ရမ်းဗြဲ |
| ၄၀ | ဦးသုန္ဒရ | ၄၂×၂ | ငါးရန့်ချောင်း | ငါးရန့်ချောင်း | ။ |
| ၄၁ | ဦးစန္ဒိမာ | ၄၁×၂၁ | မြေပုံ | မြေပုံ | ။ |

www.dhammaransi.com



| | | | ကျောင်း | ရွာ | မြို့ |
|---|---|---|---|---|---|
| ၄၂ | ဦးဗြဟ္မိဿရ | ၄၀×၂၀ | သင်ပန်းချိန် | သင်ပန်းချိန် | ရမ်းဗြဲ |
| ၄၃ | ဦးခေမာစာရ | ၄၁×၂၁ | ဓါတ်တော်မြောက် | ကညင်ပြင် | ။ |
| ၄၄ | အရှင်ဂဏာဘိသမ္ဘိ | ၄၀×၂၀ | လေးဆယ်စု | | တောင်ကုတ်မြို့ |
| ၄၅ | ဦးရေဝတ | ၅၀×၃၀ | အဝကျောင်းဟောင်း | လက်ပံရွာ | ရမ်းဗြဲ |
| ၄၆ | ဆရာတော် | ....... | ဇီးပင်ကြီး | ဇီးပင်ကြီး | မင်းပြားမြို့ |
| *၄၇ | ဆရာတော် | ........ | တောင်ကျောင်း | ကျိန်းတောင်ဘုရား | ။ * |
| ၄၈ | ဆရာတော် | | အဝကျောင်း | ကေသလာရွာ | ။ |
| ၄၉ | အရှင်ဝိသုဒ္ဓ | ၅၄×၃၄ | သူဌေးကျောင်း | | စစ်တွေမြို့ |
| ၅၀ | ဆရာတော် | | လမ်းမတော် | | ။ |
| ၅၁ | အရှင်သံဝရ | ၇၁×၄၆ | မြောင်းဘွယ် | မြောင်းဘွယ် | လေးမြို့ချောင်း မင်းပြားမြို့ |
| ၅၂ | ဆရာတော် | | အထုပ်သယ်မ | အထုပ်သယ်မ | မြို့ဟောင်းမြို့ |
| ၅၃ | ဦးသာသန | ၆၇×၄၇ | ကုလားက | ကုလားက | ။ |
| ၅၄ | အရှင်ဝရသာမိ | ၄၂×၂၂ | လော်ကမူ | | ။ |
| ၅၅ | ဆရာတော် | | စင်းပွိန်းကိုင်း | စင်းပွိန်းကိုင်း | လေးမြို့ချောင်း မင်းပြားမြို့ |
| ၅၆ | ။ | | မော်ရွာကျောင်း | မော်ရွာ | ။ |
| ၅၇ | ။ | | ရေချမ်းပြင် ။ | | စစ်တွေမြို့ |
| ၅၈ | ကျွန်းကျောင်းဆရာတော် | | ဇီးကိုင်းကျောင်း | ဇီးကိုင်းရွာ | |
| ၅၉ | ဦးကုဏ္ဍလ | ...... | ကူတောင် ။ | မရဲကျွန်း | ။ |
| ၆၀ | ဗန္ဓုလဆရာတော် | ...... | ဗန္ဓုလ ။ | | မြို့ဟောင်းမြို့ |
| ၆၁ | ဆရာတော် | ........ | ပုံးဆိုးကြီး ။ | ပုံးဆိုးကြီးရွာ | မာန်အောင်မြို့ |

# အထူးလျှောက်ထားချက်

## အထူးလေးစားလျက်

ရှိသေစွာ လျှောက်ထားအပ်ပါသည်၊ ဆရာတော်အရှင်မြတ်ဘုရား- ယခု ဤဦးခအကြမ်း ပြင်း ရေးသား၍ လျှောက်ထားရသည်မှာ ရခိုင်ပြည်ရှိ ဒွါရဂိုဏ်းဝင်ကျောင်းနှင့် ''ကျောင်း ထိုင် ဆရာတော်''များ၏ စာရင်းပင်ဖြစ်ပါ၏။

www.dhammaransi.com



(ထိုသည့် ရခိုင်ပြည်ရှိ ဒွါရဂိုဏ်းဝင်ကျောင်း''ကျောင်းထိုင်ဆရာတော်''သံဃာတော်တို့၏ စာရင်း)ကိုဤ၌ဖော်ပြရသည်မှာလည်း မစုံလင်သေးပါဘုရား။

ဤ၌ဖော်ပြလျှောက်ထားရသော ရခိုင်ပြည်ရှိ ဒွါရဂိုဏ်းဝင်ကျောင်းနှင့် ကျောင်းထိုင်ဆရာတော်,သံဃာတော်များကိုပင် အချို့ဆရာတော်များ၏ (ဘွဲ့တော် သိက္ခာတော် သက်တော်)များကို ကောင်းစွာမမှတ်မိပါသဖြင့် ၎င်းတို့၏ ''ဘွဲ့တော်, သိက္ခာတော် သက်တော်'' များကို အတိအကျ မဖော်ပြ မလျှောက်ထားဝံ့သည်များကို သည်းခံတော် မူပါဘုရား။ နောင်ကို အကြောင်းညီညွတ်ပါက ဤထက်အပြည့်အစုံ အသေအချာလျှောက်ထားပါဦးမည်ဘုရား။ ရခိုင်ပြည်ရှိ ဒွါရဂိုဏ်းဝင်ကျောင်းနှင့် ကျောင်းထိုင် ) ဆရာတော် တို့သည်လည်း ဤစာရင်း၌ မပါသေးဘဲ ''အများပင်'' ကျန်နေပါသေးသည်ဘုရား။

နောင်ခါ အကြောင်း ကိစ္စရှိပါသဖြင့် ဘုရားတပည့်တော်ထံသို့ စာပေးအမိန့်ရှိလိုပါလျှင် အောက်ပါလိပ်စာအတိုင်း အမိန့်ရှိတော်မူပါဘုရား။

**ဖုန်းကြီး အရှင်စန္ဒာဝရာဘိဝံသ**

''ပထမကျော် ဓမ္မာစရိယ''

မဟာနွယ်တောင် ကျောင်းတိုက်

ရမ်းဗြဲမြို့စာတိုက်

ကျောက်ဖြူခရိုင်

---

## (၅) ဟသ်ာတ-ခရိုင် အင်္ဂပူမြို့နယ် ကန်ဆည်ရွာ

## ဘုရားကြီးကျောင်းတိုက်၌

''ဟသ်ာတနှင့်အင်္ဂပူ ဒွါရဝါဒီဂိုဏ်း သံဃာတော်တို့''

ပေါင်းသင်းစည်းလုံးညီညွတ်ရာ

မဟာသံဃ သမိတိ-မှတ်တန်းပါဘုရား။

အချိန်။ ။၁၃၀၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉-ရက်နေ့ ည ၇-နာရီ၊

စည်းဝေးဆင်ယင်ကျင်းပရာဌာန။ ။ဟသ်ာတခရိုင်အင်္ဂပူမြို့နယ် ကန်ဆည်ရွာ ဘုရားကြီးကျောင်းတိုက်။

အကြောင်းအရာ။ ။ဟသ်ာတနှင့် အင်္ဂပူဒွါရဝါဒီဂိုဏ်း သံဃာတော်တို့ ပေါင်းသင်းစည်းလုံး ညီညွတ်ရာ ''မဟာသံဃာသမိတိ''သဘင်။

www.dhammaransi.com



ထိုအစည်းအဝေးသို့ ကြွရောက်တော်မူကြသော ဆရာတော်ကြီးများမှာ........

(က) အင်ပူ-ဒွါရဝါဒီ ဂိုဏ်းဖက်မှ

(၁) ဂဏ-ပါမောက္ခ-ကြီးတော ဆရာတော်ဘုရားကြီး။
(၂) ''အဂ္ဂမဟာပဏ္ဍိတ'' နိုင်ငံတော် မဟာနာယက ပန်းတောင်းဆရာတော်ဘုရားကြီး (အနုနာယက)
(၃) မြို့ကြီး ဆရာတော်ဘုရားကြီး။ (အနုနာယက)
(၄) အင်ပူကျောင်းတိုက်ဆရာတော် (ကိုယ်စားလည်)
(၅) ပြာသာဒ်ဆရာတော် ။
(၆) သိရိမင်္ဂလာရုံ ဆရာတော်
(၇) ထူပါရုံဆရာတော်
(၈) ခနီ့ ဆရာတော် ။
(၉) ဆုတောင်းပြည့် ကျောင်းသစ်ဆရာတော်တို့ ကြွလာတော်မူကြပါကြောင်း။

(ခ) ဟာသ်ာတ ဒွါရဝါဒီဂိုဏ်းဖက်မှ

(၁) မဟာနာယက ''အဂ္ဂမဟာပဏ္ဍိတ'' နိုင်ငံတော် ဩဝါဒါစရိယ ဘုရားကြီး ဆရာတော်ဘုရားကြီး......(ကိုယ်စားလည်)
(၂) ကန်ဆည်ဆရာတော် (အနုနာယက)
(၃) လယ်တီ ။ (ကိုယ်စားလည်)
(၄) ကရင်အင်း ။ (အနုနာယက)
(၅) ဆပြေပင် ။
(၆) ဘုရားကုန်း ။
(၇) ခြောက်ရွာ ။
(၈) ကန်ရွာ ။
(၉) ကျောက်တော်ကြီး ဆရာတော်
အစရှိသော သံဃာတော် (၃၀) ကျော်တို့ ကြွရောက်တော်မူကြပါကြောင်း။

''အခင်း အနေအထား''

''သိမ-သမုဟာန နက်'' ဆောင်ရွက်ပြီး (ဝိသုံဂါမ) မြေ၌ ဆောက်လုပ်အစ်သော ကြီးကျယ်ခမ်းနားလှသည့် ''ဓမ္မာသန မဏ္ဍပ်'' အတွင်း အလယ်ဗဟိုစင်မြင့်ထက်၌ ''ဖျာ- သင်ဖြူး ကော်ဇော- ကမ္ဗလာ- ခေါင်းအုံး- ထွေးခံ- သောက်ရေ'' စသည်တို့ကို ခင်းကျင်းတည်ထား၍ ''မဟာထေရာသန''နေရာ၌ကုလားထိုင်ကြီး၏ အထက်နောက်၌ သည်တိုင်၌အာဒိကမ္မိက- ဂဏိဿရ-ကျေးဖူးတော်ရင် အုဂ်ဖိုရ်ဲ ဆရာတော်ဘုရားကြီး၏၊ ''ရုပ်တော်မှုပုံတော်ကြီး''ကို ဆွဲဆင်ထားပါကြောင်း။

www.dhammaransi.com



ထိုစင်မြင့် ခေါင်းရင်း အရှေ့မြောက်နေရာစွန်း၌ စားပွဲတခု တည်ထားပြီးလျှင် ထိုစားပွဲပေါ်၌မှန်စီရွှေချ ထံကဲပလ္လင်တော်နှင့်တကွ "ဒက္ခိဏသာခါ ဗုဒ္ဓဆင်းတုရုပ်ပွားတော်" တဆူ တည်ထားပါကြောင်း။

အချိန်စေ့ရောက်သောအခါ၊ ဆရာတော်, သံဃာတော်တို့သည် ဓမ္မာသနပလ္လင်စင်မြင့်ပေါ်သို့ ကြွတော်မူကြ၍ မြတ်စွာဘုရားကိုရင်း၊ ဆရာတော် မဟာထေရ်မြတ်ကြီးများကိုရင်း၊ ရှိခိုးဦးချပြီးလျှင် မိမိတို့နှင့် သင့်တင့်လျောက်ပတ်ရာ မဟာထေရာသန၏ "ဝဲ-ယာ-အရှေ့" ဘက်တို့၌ သိတင်းသုံးနေထိုင်တော်မူကြပါကြောင်း။

ဂဏပါမောက္ခ ကြီးတောဆရာတော်ဘုရားကြီးမှာ "မဟာထေရာသန" ကုလားထိုင်ပေါ်၌ သိတင်းသုံးတော်မူပါကြောင်း၊

သံဃာတော်များသည်ကား မဟာထေရာသန၏ အနောက်စင်မြင့်၏ အောက်၌ ခင်းထားအပ်သော "ကုလားထိုင်, ညောင်စောင်း" များပေါ်၌ သိတင်းသုံး နေထိုင်တော်မူကြပါကြောင်း။

လူပရိသတ်တို့သည်ကား စင်မြင့်၏အောက် "ဝဲ-ယာ-အရှေ့"ဘက်တို့၌ ခင်းထားအပ်သော "ဖျာ-သင်ဖြူး" များပေါ်၌ ထိုင်နေကြပါကြောင်း။

ဤ၌-"မဟာထေရာသန"နေရာကို အရှေ့အရပ် "ပုဗ္ဗဒိသာ"ကိုနောက်ပြု၍ ခင်းထားအပ်သောကြောင့် မဟာထေရာသန၏ အနောက်ကား "ပုဗ္ဗဒိသာ"အရှေ့အရပ် ဝဲဘက်ကား "ဒက္ခိဏဒိသာ" တောင်အရပ် ယာဘက်ကား "ဥတ္တရဒိသာ" မြောက်အရပ် ရှေ့ဘက်ကား "ပစ္ဆိမဒိသာ"အနောက်အရပ် ဖြစ်ပါကြောင်း၊

ဤသို့ ခင်းထားရခြင်း၏ အကြောင်းရင်းမှာ သိမ်မြေ၏ အနောက်ဘက်အရပ်၌ "ဇိနမာရဇိန်" မြေဒပါက်စေတီတော်ကြီးတဆူရှိပါ၍ ထိုစေတီတော်ကြီးကို ဆရာတော် မဟာထေရ်မြတ်ကြီးသည် မျက်နှာတော်မူရပါသဖြင့် ဤသို့ခင်းကျင်းစီမံရဟန် တူပါကြောင်း၊

---

## အစည်းအဝေးစပြီ

## (က) သပြေပင်ဆရာတော် လျှောက်ထားချက်

နေထားတကျ သိတင်းသုံးတော်မူမိကြလျှင် သပြေပင်ဆရာတော်က "ကန်ဆည်ဆရာတော်, ကရင်အင်းဆရာတော်နှင့် ဘုရားဘပည့်တော်" များအားဘုရားကြီးဆရာတော်ဘုရားကြီးက "ဤကိစ္စကို ပြီးစီးထမြောက် အောင်မြင်သည့်တိုင်အောင်ရွက်ဆောင်ရန်" အာဏာကုန်အပ်နှင်း၍ ကိုယ်စားလည့်လွှဲအပ်လိုက်ပါသည်-ဟု လျှောက်ထားပြီးလျှင် "ကိုယ်စားလည့်စာလွှဲအပ်လိုက်သော" ကြီးတောဆရာတော်ဘုရားကြီး, ပန်းတောင်းဆရာတော်, ခြံကြီးဆရာ

www.dhammaransi.com



တော်''တို့ထံ လျှောက်ကြားစာကို ဖတ်လျှောက်ပြီးနောက်''လက်ပံတန်းမြို့ ဘုရား ၅-ဆူ ဆရာတော်၏ သဘောတူဆန္ဒပေးစာ သဒ္ဓမ္မဇောဒယဆရာတော်၏ သဘောတူဆန္ဒပေးစာ''များကို ဖတ်လျှောက်ပါကြောင်း။

ထိုနောက် ဆက်လက်လျှောက်ထားသည်မှာ အခြားအခြားသော ဆရာတော်များမှာ စာဖြင့်ဆန္ဒပေးတော်မမူကြသော်သည်းရှေးအခါကပင်''နှုတ်ဖြင့်သဘောတူဆန္ဒ''ပေးပြီးဖြစ်ပါသည် (ဂိုဏ်း ၂ ပက္ခ စည်းလုံးညီညွတ်ပေါင်းသင်းရေး)ကို သဘောမတူနိုင်သော ပုဂ္ဂိုလ်အလျှင်းမရှိပါ၊ ထို့ကြောင့် တဂိုဏ်းတဖွဲ့တည်း စည်းလုံးညီညွတ်ရေးနှင့် စပ်လျဉ်း၍ အလိုတော်ရှိရာ''အဆိုအဆုံးမ ဩဝါဒစကား''များကို မိန့်ကြားတော်မူပါဘုရား-ဟု လျှောက်ထားပါကြောင်း။

## (ခ) ပန်းတောင်းဆရာတော်ဘုရားကြီးမိန့်ခွန်းတော်

ပန်းတောင်းဆရာတော်ဘုရားကြီးက ဂိုဏ်း ၂ ပက္ခလုံးပင် ကျေးဇူးရှင် အုဂ်မိုရ်ဆရာတော်ဘုရားကြီး၏''အဆုံးအမဩဝါဒ''ကို လိုက်နာကျင့်သုံးသည်ဖြစ်၍တဦးနှင့်တဦး ယုံမှားသင်္ကာ သံသယဖြစ်ဖွယ်ရာမရှိ၊ ဘုရားကြီးဆရာတော်ဘုရား၏ စာ၌လည်း အသျှင်အုဂ်မိုရ်ဆရာတော်ဘုရားကြီး၏''နည်းဥပဒေသ အနုသာသနဩဝါဒ''နှင့်အညီလိုက်နာကျင့်ကြံရန် ဟူသော စကားပါလာသည်ဖြစ်၍ အထူးပြောကြားနေဖွယ်မလို၊ဆရာရေးသားအပ်သော (ဂဏသမ္မောဒနကထာစာတမ်း)၌ အလုံးစုံပါဝင်ပြီးဖြစ်သည်။ ထိုစာတမ်းကိုသာ ပရိသတ် အားလုံး ကြားသိအောင် ဖတ်ကြားပေတော့-ဟု မိန့်ကြားတော်မူပါကြောင်း။

## (ဂ) နေရှင်နယ် ဦးမြင့်

ထိုအခါ နေရှင်နယ်ဦးမြင့်က ရှေးနှစ်ပေါင်း (၃၀)ကျော်မှစ၍ (ဟာသ်ာတ ဒွါရဝါဒိဂိုဏ်းနှင့် အင်ပူ ဒွါရဝါဒိဂိုဏ်း,ဟု ၂ ပက္ခကွဲပြားလာခဲ့ကြောင်း။ ဤသို့ကွဲပြားခဲ့ခြင်းကြောင့် ကြည်ညိုကိုးကွယ်ကြသော ဒါယကာ,ဒါယိကာမတို့မှာ နှလုံးမသာမယာ ဝမ်းနည်းခြင်းဖြစ်ခဲ့ရပါကြောင်း။ ယခုအချိန် ယခုအခါ၌ ဒွါရဝါဒိဂိုဏ်း ယုံမှားသင်္ကာမရှိ ညီညွတ်စည်းလုံးပေါင်းစပ်၍ မဟာဒွါရဝါဒိဂိုဏ်းကြီး ''တခုတည်းဖြစ်ပေါ်လာခြင်းကြောင့် အလွန်နှစ်သက်ဝမ်းမြောက်ဖွယ် ကောင်းပါကြောင်း ထို့ကြောင့် ဤ ဂဏသမ္မောဒနကထာ စာတမ်း''ကို ဖတ်ကြားပြီးဆုံးသောအခါ နှစ်နှစ်သက်သက်, ကြည်ကြည်ညိုညို ဝမ်းမြောက် ဝမ်းသာနှင့် သာဓု(၃)ကြိမ်ခေါ် ဆိုကြပါရန် တောင်းပန်တိုက်တွန်းအပ်ပါသည် ဟု ပြောဆိုပြီးလျှင်—ပန်းတောင်းဆရာတော်ဘုရားကြီး ရေးသားအပ်သော''ဂဏသမ္မောဒန ကထာစာတမ်း''ကို ဖတ်ကြားပါကြောင်း ထိုစာတမ်းကို ဖတ်ကြားပြီးဆုံးသောအခါ ရဟန်းပရိသတ်, လူပရိသတ်တို့က (သာဓု)၃ ကြိမ် ခေါ်ဆိုကြပါကြောင်း။

www.dhammaransi.com



## (ဃ) သပြေပင်ဆရာတော်

ထိုနောက် သပြေပင်ဆရာတော်က ''ဂိုဏ်းပကွ ၂ ပါးကို'' တပါးတည်း ပေါင်းစပ် စည်းလုံးပြီးပါပြီ၊ နောင်အခါ''ဟာသ်ဒဘ ဒွါရဝါဒီဂိုဏ်း,အင်ပူ ဒွါရဝါဒီဂိုဏ်း''ဟု သီးခြား၍ ခေါ် ဆိုဖွယ်မရှိတော့ပါ (မဟာဒွါရဝါဒီနိကာယ မဟာဒွါရဝါဒီ၊ ဂိုဏ်းဟူ၍သာ ခေါ်ဆိုရ ပါတော့မည်။

၄င်း မဟာဒွါရဝါဒီဂိုဏ်း၌''အကြီးအမှူး ဦးစီးဥက္ကဋ္ဌ' သတ်မှတ်ရွေးချယ် တင်မြှောက်လို ပါသည်။ မဟာနာယက ၂ ပါး ထီးပြိုင်နန်းပြိုင် ရွေးချယ်တင်မြှောက်လိုပါသလား၊ သို့မဟုတ် ''ပထမ မဟာနာယက,ဒုတိယ မဟာနာယက''ဟု ထီးအဆင့်ဆင့် ရွေးချယ်တင်မြှောက် လို ပါသလား၊ သို့မဟုတ်''ဩဝါဒါစရိယ ၁ ပါး,မဟာနာယက ၁ ပါး''ရွေးချယ်တင်မြှောက်လို သလားဟု လျှောက်ထားပြီးနောက် ဘုရားတပည့်တော်၏ သဘောအလိုမှာ ကြံတောဆရာ တော်ဘုရားကြီးကို''ဩဝါဒါစရိယ'' ဆရာတော်ဘုရားကြီး၊ဘုရားကြီးဆရာတော်ဘုရားကြီး ကို''မဟာန ယက 'ဆရာတော်ဘုရားကြီး-ဟု ' ရွေးချယ်တင်မြှောက် အသိအမှတ် ပြုသင့်ပါ သည်၊သို့သော်-အရှင်ဘုရားများအလိုတော်ရှိရာ,သဘောဘော်ရှိရာကို မိန့်ဆိုတော်မူကြပါ၊ အများသဘောတော်ရှိရာ ရွေးချယ်တင်မြှောက်ရန်ပင် ဖြစ်ပါသည်-ဟု လျှောက်ထား ပါ ကြောင်း၊

## (င) ပန်းတောင်းဆရာတော်ဘုရားကြီး မိန့်ခွန်းတော်

ပန်းတောင်း ဆရာတော်ဘုရားကြီးက........ သပြေပင်ဆရာတော် လျှောက်ထားသည့် အတိုင်း.... (ကြံတော ဆရာတော်ဘုရားကြီးကို ဩဝါဒါစရိယ၊ ဘုရားကြီး ဆရာတော် ဘုရားကြီးကို မဟာနာယက ရွေးချယ်တင်မြှောက် အသိအမှတ်ပြုရန် သင့်လျော် ကောင်း မြတ်ပါသည်၊ သံဃာတော်များမှာ ဆိတ်ဆိတ်နေသဖြင့် ''နှစ်သက်သဘောတူသည်''ပင်ဖြစ် သည်........ဟု မိန့်ကြားတော်မူပါကြောင်း၊

## (စ) သပြေပင်ဆရာတော်

သပြေပင်ဆရာတော်က တပည့်တော်လျှောက်ထားသည်ကို ပန်းတောင်းဆရာတော် ဘုရားကြီးက ထောက်ခံတော်မူပါသည်၊သံဃာတော်များကသည်း သဘောတူသည်၏အဖြစ် ကို ဆိတ်ဆိတ်နေခြင်းဖြင့် တင်ရှားပြသပါပြီ၊ ထို့ကြောင့် ''ကြံတောဆရာတော်ဘုရားကြီး ကို ဩဝါဒါစရိယဆရာတော်၊ဘုရားကြီးဆရာတော်ဘုရားကြီးကို မဟာနာယကဆရာတော်'' ဟု အများသဘောတူ ရွေးချယ်အသိအမှတ်ပြု၍ တင်မြှောက်လိုက်ပါပြီ၊ မိမိတို့နေရာအရပ် ဌာနသို့ ပြန်ကြွတော်မူကြသောအခါ''မဟာသံဃာသမိတိ''အစည်းအဝေးကြီး၏ (သတင်းစုံ) ပါရှိသွားမှ ကောင်းပါသည်၊

www.dhammaransi.com



## သတင်းအချုပ်မှာ

''ဟင်္သာတဒွါရဝါဒီဂိုဏ်းနှင့် အင်ဂပူဒွါရဝါဒီဂိုဏ်း''ကို အညီအညွတ် အများသဘော တူ မဟာဒွါရဝါဒီဂိုဏ်း ဟု၊ တဂိုဏ်းတဖွဲ့တည်းပေါင်းသင်းစည်းလုံးလိုက်ပါသည်။

ထိုမဟာဒွါရဝါဒီဂိုဏ်းကြီး၏(၁)နည်းလမ်းညွှန်ပြအဆိုအဆုံးအမပေးသော ဩဝါဒါ စရိယပုဂ္ဂိုလ်မှာ-ကြီတောဆရာတော်ဘုရားကြီးဖြစ်ပါသည်၊(၂)စီမံစောင့်မ-ကြည့်ကြပ်အုပ် ချုပ်သော မဟာနာယကပုဂ္ဂိုလ်မှာ ဘုရားကြီးဆရာတော်ဘုရားကြီးဖြစ်ပါသည်။

ဤသို့-မှတ်သားတော်မူကြပါ။ဤမျှဖြင့်''ဟင်္သာတ အင်ဂပူဒွါရဝါဒီဂိုဏ်း''သံဃာတော် တို့ ပေါင်းသင်းစည်းလုံးညီညွတ်ရာ''မဟာသံဃာသမိတိ''အစည်းအဝေးကြီးသည် ထမြောက် အောင်မြင်ပြီးစီးပါပြီဟု၊ ပြောက်ထားပါကြောင်း။

(ဆ) ''သမ္ဗောဓနီယကထာ-ဩဘာစာတမ်း''

ထိုအခါ ဘုရားကုန်းရွှေကျောင်းဆရာကြီး ဦးမောင်က သပြေပင်ဆရာတော်ရေးသား အပ်သော''သမ္ဗောဓနီယကထာ-ဩဘာစာတမ်း''ကို ဖတ်ကြားပြောက်ထားပါကြောင်း။

ဩဘာစာတတ်ကြားပြီးဆုံးသောအခါ သံဃာပရိသတ်, လူပရိသတ်တို့သည် (၃)ကြိမ် တိုင်တိုင်ဝမ်းမြောက်ဝမ်းသာ''သာဓုမေဒ်''ခေါ်ဆိုကြပြီးလျှင် အစည်းအဝေးပွဲသဘင်ကိုရုပ် သိမ်းလိုက်ပါကြောင်း။

---

### ၁၃၂၁-ခု နယုန်လဆုတ် (၁၄) ရက်

#### ဓမ္မာနုဓမ္မမဟာဒွါရနိကာယ အနုနာယက ဆရာတော်ကြီးများ၏

## အထူးအစည်းအဝေး မှတ်တမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်လုံးဆိုင်ရာ ဓမ္မာနုဓမ္မမဟာဒွါရနိကာယ အဘိဓဇ မဟာရဋ္ဌဂုရု မဟာနာယက သာသနာပိုင် ဆရာတော်ဘုရားကြီး အမှူးရှိသော အနုနာယက ဆရာတော်ဘုရားကြီးများ၏ အထူးအစည်းအဝေးကို ဟင်္သာတမြို့ ရေတံခွန် ကျောင်းတိုက် အတွင်း ၁၃၂၁-ခု၊ နယုန်လဆုတ်(၁၄)ရက်နေ့ နေ့သည် တနာရီ မိနစ်(၃၀) အချိန်တွင် မှတ်ပုံတင်ကိစ္စနှင့် ပတ်သက်၍ အစည်းအဝေး ဖွင့်လှစ်ပြီး အောက်ပါအတိုင်း ဆုံးဖြတ်တော် မူကြသည်။

၁။ ပင့်ပြောက်လွှာ ဖတ်ကြား၍ အစည်းအဝေးခေါ်ရခြင်း၏ အကြောင်းကို လယ်တီ ဆရာတော်က ရှင်းလင်း ပြောက်ထားသည်။

www.dhammaransi.com



၂။ မဟာဒွါရနိကာယဂိုဏ်းဝင် မှတ်ပုံတင်လက်ခံစာရင်းစာအုပ်၌ စာရင်းသွင်းပုံသွင်းနည်း စသည်တို့ကို လယ်တီဆရာတော်က ရှင်းလင်းလျှောက်ထားသည်။

၃။ လယ်တီတိုက်အုပ်ဆရာတော် ဦးခေမာဝရက ဂိုဏ်း ဝင် လက် မှတ် နှင့် ပတ်သက်၍ အစိုးရထံ စာပေးစာယူဖြင့်ဆက်သွယ်ပုံကို ရှင်းလင်းလျှောက်ထားပါသည်။

၄။ ဂဏာရက္ခိတ ကျိုက်လတ်ဆရာတော်က ရန်ကုန်မြို့နယ်အတွက် ကြည့်မြင်တိုင် လင်းလွန်းပင် ဆရာတော်ကို၊ ပဲခူးမြို့နယ်အတွက်၊ ပဲခူးကမ္ဗဇာနန်းကျောင်း ဆရာတော်ကို အနုနာယကအဖြစ် အသီးသီး ခန့်အပ်တော်မူပါရန် မဟာနာယကဆရာတော်ကြီးထံ လျှောက်ထားရာ ဆရာတော်ဘုရားကြီးက ခန့်အပ်တော်မူသည်။

၅။ ၁၃၁၉-ခုနှစ်၊ အန္တရသင်္ဂပါတအစည်းအဝေး မှတ်တမ်း အပိုဒ် (၇) အရ ကန်ဆည် ဆရာတော်၊ ပိန္နဲကွင်း ဆရာတော်၊ ကျိုက်လတ် ဆရာတော်၊ ခနောဖြူ ဆရာတော်၊ သယ်တော်ဆရာတော် စသည်တို့က၊ ဂိုဏ်းဝင်လက်မှတ် တအုပ်လျှင် ၁-ကျပ်ကျ ကပ္ပိယလှူအပ် လှူဒါန်းရန်အဆို တင်သွင်း ဇုကြိုပေးရာ အားလုံး သဘောတူ အတည်ပြုကြပါသည်။

၆။ အသုံးစာရင်း ရှင်းတမ်းကို လယ်တီတိုက်အုပ်ဆရာတော်က အကျဉ်းချုပ် ရှင်းလင်း လျှောက်ထားသည်။

၇။ လယ်တီဆရာတော်က (၁) ကမ္ဘာဦးသူတို့၏ အာဂါရိက အနာဂါရိက ဆက်ဆံပုံ အခြေအနေ (၂) လူအမျိုးမျိုး ဘာသာအမျိုးမျိုးတို့၏ ဘာသာရေး လွတ်လပ်မှု အခြေအနေ (၃) ဘုရားပညတ်တော်မူသော ဝိနည်းဒေသနာတော် (၄) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ပေးထားသော လူ့အခွင့်အရေး၌ သာသနာ့ဝန်ထမ်းတို့ကို ချွင်းချက်ပေးထားပုံ (၅) ၁၉၅၆-ခုနှစ်၊ အစိုးရမှတ်ပုံတင်ကို အကောင်အထည် ဖေါ်ရာ၌ သာသနာ့ဝန်ထမ်းများကို မှတ်ပုံတင်ခြင်းမှ ချွင်းချက်ထား၍ ခွင့်လွှတ်ခဲ့ပုံ (၆) ပတ်ဝန်းကျင်အခြေအနေ (၇) အုပ်စိုးသောမင်းပေါင်း (၇) ချက်တို့ကို အခြေခံထား၍ အစိုးရက မှတ်ပုံတင်ကို လက်ခံသင့် မခံသင့် စဉ်းစားကြပါရန် လျှောက်ထားရာ စဉ်းစားတော်မူကြသည်။

၈။ ရန်ကုန်မြို့ မင်္ဂလာမဏ္ဍိုင်ဆရာတော်က အစိုးရမှတ်ပုံတင်ကိစ္စနှင့် စပ်လျဉ်း၍ အစိုးရသဘောထားနှင့် အရပ်ရပ်အခြေအနေကို စုံစမ်းသိရှိရသမျှ လျှောက်ထား ပါသည်။

၉။ ပန်းဆွဲအနုနာယက ဆရာတော်၏ကိုယ်စား အနုရက္ခိတ ဦးပညာဝံသကအစိုးရမှတ်ပုံတင်သက်သေခံ ကပ်ပြား၌ ပါရှိသော အပိုဒ် (၇) (၈) (၁၀) တို့ကို ပယ်ဖျက်ပေးလျှင် လက်ခံရန်သင့်ကြောင်း လျှောက်ထားပါသည်။

www.dhammaransi.com



၁၀။ မင်္ဂလာမဏ္ဍိုင်ဆရာတော်က (က) သက်သေခံကပ်ပြားနံပါတ် ၇၊ ၈၊ ၁၀၊ ကို သံဃာများအတွက် ချွင်းချက်ထား၍ နိုင်ငံတော်သမတအမိန့်ဖြင့် မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ (၇) အရ၊ လိုး၀ ပယ်ဖျက်လိုက်ကြောင်းကို ကြေငြာ ပေး ရန်၊ (ခ) သက်သေခံ ကပ်ပြားနံပါတ် (၃) အရ၊ ဖျက်စီးသောကပ်ပြားကို မှတ်ပုံတင်ရုံးသို့ မသွားရောက်ရဘဲ ကျောင်းသို့လာရောက် လဲလှယ်ပေးရန်။

(ဂ) မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၅ (၂) (င) သံဃာတော်များအားအခမဲ့ ထုတ်ပေးလှူဒါန်းရန်။

(ဃ) ရဟန်းသာမဏေအဖြစ်ဖြင့် ဆွမ်းပြီးစွာနေမည့်သူအား လူမှတ်ပုံတင်ကို ပြန်သိမ်းအသစ်လဲလှယ်ပေးရန် [၄-ချက်ကို အစိုးရထံ မေတ္တာရပ်ခံ၍ရှိခဲ့လျှင် မှတ်ပုံတင်ကို လက်ခံရန်] အားလုံးသဘောတူ အတည်ပြုတော်မူကြသည်။

၁၁။ ၎င်းမေတ္တာရပ်ခံချက်များကို တလအတွင်းပြီးစီးအောင် ဆောင်ရွက်ရန် ဟသ်ာတမြို့ ဗဟိုအနုရက္ခိတအဖွဲ့၊ ကျိုက်လတ်မြို့ ဂဏာရက္ခိတ- ဒက္ခိဏာရုံ ဆရာတော်၊ ရန်ကုန်မြို့မင်္ဂလာမဏ္ဍိုင်ဆရာတော်၊ သာသနာ့လင်္ကာရ သိမ်ကျောင်း ဆရာတော်တို့အားလွှဲအပ်တော်မူကြသည်။

၁၂။ ညနေ ၄-နာရီ ၁၀ မိနစ်အချိန်တွင် သံဃာဥပုသ်ပြုတော်မူကြခါ သားရခေါ်တော်မူကြ၍အစည်းအဝေးကို ရုပ်သိမ်းတော်မူကြသည်။

www.dhammaransi.com



နေ့စွဲ၊

သို့

သာသနာရေးဝန်ကြီးဌာန၊

................................ ထံ

၁၃၂၁-ခု၊ နယုန်လကွယ်နေ့၌

ဟင်္သာတမြို့၊ ရေတံခွန်ကျောင်းတိုက်အတွင်း

မဟာဒွါရနိကာယ-အနုနာယကဆရာတော်များ အထူးအစည်းအဝေးက

တောင်းဆိုသောအချက် ၄-ချက်ကို ရှင်းလင်းပြဆို၍

# ထပ်မံမေတ္တာရပ်ခံပါသည်။

---

နိုင်ငံတော်လုံခြုံရေး၊ သာသနာသန့်ရှင်းရေးကိုရှေးရှု၍ မှတ်ပုံတင်ကိုလက်ခံသင့်သည်ဟု ဆုံးဖြတ်တော်မူကြရာ

၁။ (က) နံပါတ် ၁၀-ကိုကပ်ပြားပေါ်၌ စာလုံးကိုမှင်ဖြင့် ဖျက်ရုံမျှသာမဟုတ်ဘဲ အပြစ်မပေးနိုင်အောင် အက်ဥပဒေပုဒ်မ(၇)အရ၊ အထူးအခွင့်အရေးဖြင့်(မှတ်ပုံတင်နှင့်စပ်သောစည်းကမ်းချက်များအနက်မှ ဝဲရခုပျက်ကွက်ခဲ့သော် သံဃာတော်များမှာ အက်ဥပဒေ ပုဒ်မ-၆(၂)(၃) နှင့် စွန်းငြိခြင်းမရှိစေရ)ဟု သံဃာတော်ကို၊ ပုဒ်မ မှ-ချွင်းချက်ပြု၍ နိုင်ငံတော် သမတက ခြေခြေမြစ်မြစ်ကြေငြာပေးရန်။

(ခ) မှတ်ပုံတင်ကပ်ပြားတွင် မူလနေရပ်ရေးမှတ်ပြီးဖြစ်၍ မှတ်ပုံတင်ကပ်ပြားကို စစ်ဆေးသူအား ရောက်ရာအရပ်မှာပင် တင်ပြနိုင်ပါက လုံလောက်ပြီဖြစ်ရကား အက်ဥပဒေပုဒ်မ (၇) နည်းဥပဒေ ပုဒ်မ (၃၂)အရနိုင်ငံတော် သမတကပင် ပယ်ဖျက်နိုင်ခွင့်ရှိ၍ရင်း ၇-ဂ ကို (အထူးသဖြင့်-ဂ ကို ) သံဃာတော်များအတွက်၊ ပယ်ဖျက်ပေးပါရန်။

၂။ သာမဏေများ ၁၂-နှစ်ပြည့်လျှင် သက်သေခံကပ်ပြား ရရှိရန် လက်ထောက်မှတ်ပုံတင်အရာရှိထံ အကြောင်းကြားပါဘုရားဟု (ကျောင်းနေသံဃာတော် စာရင်းပုံစံ)၌ ပါရှိပြီးဖြစ်၍ (ခ) အချက်တောင်းဆိုသည်ကို လိုက်လျောနိုင်လိမ့်မည် ယုံကြည်ပါသည်။ မြို့ရွာတွင် သက်ဆိုင်ရာဌာန (ရုံး) သို့ သံဃာတော်များ ရှုတ်ရှက်ခက် တရုန်းရုန်းသွားရောက်ရခြင်းဖြင့် မတင့်တယ် မဖွယ်ရာပါ။ သာသနာတော်ဂုဏ်ပျက်ပါသည်။

၃။ ရဟန်းတို့က ငွေဖြင့်ဖလှယ် ဝယ်ယူရသောပစ္စည်းသည် ထိုရဟန်း၌ နိဿဂ္ဂိပါစိတ်အာပတ် ရင်းပစ္စည်းကို ကိုင်တွယ်တိုင်း ဒုက္ကဋ်အာပတ်သင့်ပြီးလျှင် ထိုရဟန်းနှင့် ပေါင်းသင်း

www.dhammaransi.com



ဆက်ဆံသော ရဟန်းကောင်းတို့အား အာပတ်ကူးစက်သည်ဖြစ်သောကြောင့်၊ လဇ္ဇီပေသလ သိက္ခာကာမ ရဟန်းကောင်းတို့၌ အပြစ်ကင်း၍ သာသနာသန့်ရှင်းစေခြင်းငှါ (ရဟန်းတိုင်းက ကပ္ပိယနှင့် အပ်အောင်ဝယ်ယူရန် ခဲယဉ်းသည့်အတွက်) (ဂ) အချက်ကို နည်းဥပဒေပုဒ်မ-၃၂ အရလိုက်လျှောစေလိုပါသည်။

၄။ (ဃ) အချက်တောင်းဆိုချက်ကို မလိုက်လျှောနိုင်တို့မရှိပါ။

အစိုးရကို မထိခိုက်လိုက်လျှောနိုင်၍ သာသနာတော်နှင့် လျှော်အောင် တောင်းဆိုထားသော ဤအချက် ၄ ချက်ကိုမင်းကျင့်ထရား ၁၀-ပါးတွင် အဝိရောဓန အင်္ဂါနှင့်အညီ လိုက်လျှောပေးစေလိုကြောင်း၊ အထူးသံဃာ အစည်းအဝေးကြီးက တာဝန်လွှဲအပ်ထားချက်အရ ထပ်လောင်း၍ ဆိုင်ရာသို့ မေတ္တာရပ်ခံအပ်ပါသည်၊ သို့လိုက်လျှောမှသာ သံဃာတော်တို့ စိတ်နှလုံးမချမ်းမြေ့ခြင်း၊ ဆူပွက်ခြင်းမှ ကင်းဝေး၍၊ အစိုးရလုပ်ငန်းကိစ္စအောင်မြင်ပါလိမ့်မည်။

ကျိုက်လတ်မြို့ (ဂဏရက္ခိတ) ဒက္ခိဏာရုံဆရာတော်။

ရန်ကုန်မြို့ မင်္ဂလာမဏ္ဍိုင်ဆရာတော်။

ရန်ကုန်မြို့ သာသနာ့လက်ာရ၊ သိမ်ကျောင်းဆရာတော်။

---

## ဆဋ္ဌသင်္ဂါယနာတွင်

## မွေ့ခန္တမွေ့ မဟာဗုဒ္ဓါရ-နိကာယ ဂိုဏ်းကြီးကာမပါဝင်နိုင်ခြင်း

## အကြောင်းရင်းမှုမှန်

## ၁၃၁၆-ခု၊ တာကူးလဆုတ် (၁၁) ရက်နေ့။

**သပြေပင်ဆရာတော်ထံ**

ပြန်ကြားလျှောက်ထားပါသည်ဘုရား။

ဆရာတော်ထံမှ ပေးစာကိုရရှိသဖြင့် အကြောင်းသိရ၍ ဝမ်းမြောက်ပါသည်၊ ဦးပညာလောကလည်း ကိုယ်တိုင်ကြွလာပြီး ပြောသဖြင့် ထည့်သွင်းရန် ပြောထားပါပြီ။ သံဂါယနာရက် အလွန်နီးကပ်လာ၍ ကိစ္စအလွန်များပါသည်။

ဦးကုဝေရနှင့် တွေ့မည်ထင်ပါသည်။ ညောင်းရမ်းဆရာတော်ကြီးလည်း ရောက်နေပါပြီ။ ဘုရားကြီးဆရာတော်ကြီး ကြွနိုင်ဘို့ ရှိပါသလား။

www.dhammaransi.com



ရွှေကျောင်ရဗ္ဗဂုရုတော့ ကြွမည် မထင်ပါ။ "တပည့်နှင့်အနီးစခန်း" ယိုးဒယားသို့ ဦးသိမ်းမောင်,ဦးချန်ထွန်းတို့နှင့်အတူ လဆန်း ၁-ရက်နေ့ သံဂါယနာပင့် သွားကြရပါမည်။ ၄-ရက်လောက် မနေနိုင်မည်ထင်ပါသည်။

ဒွါးရဂိုဏ်းစည်းမျဉ်းအတိုင်း သီးခြားခွဲရန်ကိစ္စများမဖြစ်နိုင်ပါ။ သီးခြား နေရာချထား ခြင်း, စားသောက်ခြင်းမှာ ဖြစ်နိုင်ပါသည်။ သံဂါယနာကိစ္စများ မဖြစ်နိုင်ပါ။ ရှင်ဒဗ္ဗကဲ့သို့ နေရာကိုတော့ ခင်းပေးနိုင်ပါစေမည်။

အမှန်အတိုင်းပျောက်ရလျှင် ရွှေကျောင်ဂိုဏ်းကလည်း အတူတကွ သံဂါယနာတွင် ပါ ဝင်မည်ဖြစ်၍ ဒွါရဂိုဏ်းကလည်း ပါဝင်ရန် တောင်းပန်ပါသည်။

"ဥပဒေသ"ပြရလျှင် သီဟိုဠ်, ယိုးဒယားတိုင်းများ ဂိုဏ်းကွဲပြီး သီးခြား နေသော် လည်း သံဂါယနာကိစ္စတွင် အတူစားသောက်ပြီး ကံကြီးကံငယ်ပင် ပြုကြပါသည်။ မိမိဆရာ သမားအဆုံးအမ ဩဝါဒ အတိုင်း မိမိတို့ရပ်ရွာ၌ ဂိုဏ်းသီးခြား နေထိုင်သည်ကို သဘောတူ ညီကြပါသည်။

တသက်မှတခါ တွေ့ကြုံရသော သံဂါယနာကိစ္စတို့၌ ဘုရားရှင်၏ တပည့်သားချင်း ဖြစ်သည့် အားလျော်စွာ ခွဲခြားရန် မသင့်ပါဘုရား။

သာသနာပြုနေသော ပြည်ထောင်စုအစိုးရ လက်ထက်၌ "စာမေးပွဲ, ပါဠိတက္ကသိုလ် ကိစ္စ,သံဂါယနာ"တို့၌အတူတကွ အချင်းချင်းညီညွတ်ကြောင်းကို ပြရန်သင့်ပါသည်။

ညောင်းရမ်းဆရာတော်ကြီးကိုလည်း ဤကိစ္စကို လျှောက်ပါသည်။ မဖြစ်နိုင်သည့် အ ကြောင်းမိန့်ပါသည်။

အစိုးရကလည်း သံဂါယနာပွဲကြီးမှာ အညီအညွတ် ဆောင်ရွက်တို့ သဘောစလူညီပါ သည်။

ရှမ်း-ယိုးဒယား-သီဟိုဠ်ကိုပင့်ထားသဖြင့် မြန်မာဆရာတော်အချင်းချင်း ပြဿနာမပြု သင့်ပါ။ ယခုအချိန်အခါသည် "သာသနာတိုးတက်ရေး" အတွက် စုပေါင်း ရမည့် အခါ ဖြစ်ပါသည်ဘုရား။

ဒွါရဂိုဏ်းဝင် ဆရာတော်များကိုလည်း ဆရာတော်က ညီညွတ်စွာ သံဂါယနာတွင် ပါဝင်ရန် အမိန့်ရှိပါဘုရား။

ပင့်၍ကြွလာပြီးမှ "ဘာမှမလုပ်နိုင်ဘူး"ဟု ပြောလျှင် ဆူပူကာရန် ရှိသဖြင့် ဗုဒ္ဓ သာ သနာအဖွဲ့နှင့် အစိုးရကလည်း သဒ္ဓါတရားဆုတ်သွားရန်ရှိပါသည်။ ရင်းခြားသည့် အနေနှင့် လျှောက်ထားရခြင်းဖြစ်ပါသည်။ စေတနာနှင့်ရေးသား လျှောက်ထားသည်ကို စဉ်းစားတော် မူပါဘုရား။

ကျန်းမာစွာနှင့် အလိုဆန္ဒ ပြည့်ဝပါစေသော်

(ပုံ) ဦးဝိသုဒ္ဓ

ရွှေပြည်ပိကျောင်း၊ ဝန်ဆောင်ဆုံဆိုအဖွဲ့၊ ရေကျူးကန်ပွဲစားတိုက်။

www.dhammaransi.com



ဆဋ္ဌသံဂါယနာတင် ဝန်ဆောင်သံဃအဖွဲ့ဥက္ကဋ္ဌ

# ညောင်ရမ်း ဆရာတော်ဘုရားကြီး၌ဒါန် လျှောက်လွှာ

၁၃၁၆-ခု၊ ကဆုန်လဆန်း ၁-ရက်နေ့ (၃-၅-၅၄)

၁၃၁၆ -ခု၊ ဦးတာကူး လဆုတ် (၁၄) ရက်နေ့၌—ဟင်္သာတမြို့ ဘုရားကြီးကျောင်းတိုက်၌ ဒွါရဝါဒီဂိုဏ်းသံဃာတော်တို့၏ အစည်းအဝေးကြီးက တညီတညွတ်တည်းဆုံးဖြတ်၍ အာဏာလွှဲအပ်ချက်အရ— ရိုသေလေးမြတ်စွာ လျှောက်ထားပါသည် ဆရာတော်အသျှင်မြတ်ဘုရား။

(၁)....ဆဋ္ဌသံဂါယနာတင် ကိစ္စတို့တွင် ကဆုန်လဆန်း (၁၄) ရက်နေ့၌ မဟာပါသာဏလိုဏ်ဂူကို သံဃာ (၂၅၀၀)လုံး သိမ်သမုတ်ရန်ကိစ္စ။

(၂)....ပထမနေ့၊ အမှတ် (၁၂) သမ္မုတိရ-ရဟန်းတော်ဘပါးက "ပုစ္ဆကဥတ်"ဖြင့် ဝိနည်းပိဋကတ်ကို မေး၍ သမ္မုတိရ-အခြား ရဟန်းတော်တပါးက "ဝိဿဇ္ဇကဥတ်" ဖြင့် ဖြေပြီးလျှင်....နိဒါန်းမှစ၍ ပထမ-ပါရာဇိက ကုန်သည့်တိုင်အောင် သင်္ဂါယနာဝင် သံဃာတော်(၅၀၀၀)တညီတညွတ်တည်း ပေါင်းရွတ်ဆိုကာ သင်္ဂါယနာတင်တော်မူကြရန် ကိစ္စ။

(၃) ထို့နှင့် အလားတူဖြစ်သော ဒုတိယနေ့, တတိယနေ့ (၇)အမှတ်ပါကိစ္စ၊

(၄) အမှတ် (၁၅) အခမ်းအနား ပြီးလျှင်ပြီးခြင်း မဟာပါသာဏလိုဏ်ဂူတော်အတွင်း၌ပင် ဘိက္ခုပါတိမောက်ကို ပိဋကာရွတ်ဆို၍ တညီတညွတ်တည်း သံဃာဥပုသ်ပြုတော်မူကြရန်ကိစ္စတို့ကို.......

ဘုရားတပည့်တော်များ ရိုသေလေးစားစွာ လိုက်နာကျင့်သုံးရသော "ဒွါရဝါဒီဂိုဏ်းစည်းမျဉ်းဥပဒေသ" နှင့် မညီမညွတ် ငြိစွန်းဆန့်ကျင် ယှဉ်ပါသောကြောင့်........သင်္ဂါယနာဖွင့်ပွဲသို့ မတက်ရောက်ပဲ၊ နေ့ခွင့်ပြုတော်မူပါရန် ဝမ်းနည်းစွာနှင့် ခွင့်တောင်းလျှောက်ထားပါသည်ဘုရား။

(ပုံ) သုစရိတ

အစည်းအဝေးဥက္ကဋ္ဌ ဘုရားကြီးကျောင်းတိုက် ဟင်္သာတမြို့။

www.dhammaransi.com



## ၁၃၁၆-ခု၊ ကဆုန်လဆန်း ၁၀-ရက်၊ ဗုဒ္ဓဟူးနေ့ထုတ်နှင့် လပြည့်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် (၁၂-၅-၅၄)

## ဒွါရဂိုဏ်းကြီးက-ဆဋ္ဌသင်္ဂါယနာတင်-မပါဝင်

ဟသ်ာတမြို့ "ဒွါရဂိုဏ်းကြီး၏ သံဃာနာယက္ကဋ္ဌ, သံဃာရာဇာ" ဖြစ်တော်မူသော "အဂ္ဂမဟာပဏ္ဍိတ-အဘိဓဇ-မဟာရဋ္ဌ-ဂုရု" ဆရာတော်ဘုရားကြီးသည်......ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်ကြီး၌ (သိမ်သမ္မုတိကံ, ဥပုသ်ကံ) စသည်များပါဝင်သဖြင့်၊ ဂိုဏ်းကြီး၏ ထုံးတမ်းစဉ်လာအရ.......x ရှိ သေ လေး စား စွာ လိုက်န ကျင့်သုံးရသော "ဒွါရဝါဒီဂိုဏ်း စည်းမျဉ်းဥပဒေသ" နှင့် မညီမညွတ် ငြိစွန်းဆန့်ကျင် ဖွယ်ပါသောကြောင့်.......ကျင်းပလတ့် သင်္ဂါယနာပွဲသို့ မပါဝင်နိုင်တော့ကြောင်း "အကြောင်းကြားစာ" ရဃိုသည်ဟုသိရကြောင်း။ ။

မှတ်ချက်။ ။ဤသို့သော အကြောင်းအရာများကို ထောက်ဆ၍......"အုဂ်မိုရ်ဒွါရ-မဟာနိကာယ" ဂိုဏ်းဝင်ဆရာတော်,သံဃာတော်အသျှင်မြတ်များသည် တန်ဘိုးဃိုလှသော မဆုံးဖြတ်နိုင်သော အနန္တ-ရတနာ ဘုရားသျှင်၊ ၁သနာတော်မြတ်ကြီးနှင့်အမျှ (လျော်ညီစွာ) မိမိတို့ဆိုင်ရာ 'ဂိုဏ်းစည်းမျဉ်းဥပဒေသကြီး" ကို မည်မျှ တန် ဘိုး ထား ကြောင်း (မည်မျှ တန်ဘိုးသိမြင်ကြကြောင်း,) ကို အထူးထင်ရှားစေပါသည်။

× × ×

## ကဆုန်လဆန်း ၁-ရက်နေ့

သမြေပြင်ဆရာတော်ထံ

ရှိသေလေးမျတ်စွာ လျှောက်ထားပါသည်၊ ဆရာတော်အရှင်မြတ်ဘုရား......။ ဦးဝိသုဒ္ဓစာအရ၊ ဆဋ္ဌသင်္ဂါယနာ ဖွင့်ပွဲသို့ "သွားမှု-မသွားမှု" ကို စဉ်းစားကြရာ သွားမှုကြောင့် ပုဂ္ဂိုလ်အနေအားဖြင့်ရင်း၊ ဂိုဏ်းအနေအားဖြင့်ရင်း၊ အကျိုးတက်ဖွယ်ရာမမြင်ပါ၊ အကျိုးပျက်မည်ကိုသာ မြင်ကြပါသဖြင့် မသွားခြင်းက ပို၍ကောင်းမည်ဟု စဉ်းစား၍ ရကြပါသည်။

ထိုကြောင့် တာကူးလဆုတ် ၁၄-ရက်နေ့က ဆုံးဖြတ်ချက်ခဲ့သည့် "နိဝါတ, နိမာန" တရားတို့ကို ရှေးရှုသော ဆုံးဖြတ်ချက်အတိုင်းပင် သဘောတူညီစွာ ထပ်မံ၍ ဆုံးဖြတ်ချက်ချကြပါသည်။ ဆရာတော် အရှင်မြတ်ဘုရား။ ။

အမှုဆောင်နှင့်ဘာဏကအဖွဲ့။

www.dhammaransi.com



## ဆဋ္ဌသင်္ဂါယနာတင် ဝန်ဆောင်သံဃအဖွဲ့ အကျိုးဆောင်

## ဆရာတော် ဦးဝိသုဒ္ဓထံ

# လျှောက်လွှာ

◇◇◇◇◇◇◇◇◇◇◇◇◇◇

ကဆုန်လဆန်း ၅-ရက်နေ့

လျှောက်ထားပါသည် မိတ်ဆွေဆရာတော်၊ ပေးပို့လိုက်သောစာကို ရရှိပါသည်။ ရင်းချာသောအနေဖြင့် အကျိုးအကြောင်း ညွှန်ကြားမှာထားသည်ကို ဝမ်းမြောက် ကျေးဇူး တင်ပါသည်။

ဆရာတော်၏ စာမရောက်လာမှီ ဟသ်ာတမြို့နယ် ဒွါရဝါဒီ သံဃာ များ အစည်း အဝေးတကြိမ် ဆရာတော်ထံမှ စာရောက်လာမှ ဟသ်ာတမြို့မ ဒွါရဝါဒီ သံဃာများ အစည်း အဝေးတကြိမ် သာယာဝတီခရိုင်, ပြည်ခရိုင်မှ ဒွါရဝါဒီ (ကိုယ်စားလည်) ဆရာတော်များ ကြွရောက်လာမှ အစည်းအဝေးတကြိမ် အားဖြင့် (၃) ကြိမ်တိုင်တိုင် ကျင်းပ၍ အကျိုး အကြောင်းပြောပြတိုင်ပင် ဆွေးနွေးကြပါသည်။

စည်းဝေးတိုင်ပင် "ဂိုဏ်းစည်းမျဉ်း" တည်းဟူသော အကြောင်းကြောင့် သင်္ဂါယနာ ပွဲသဘင်သို့ ဝင်ရောက်ရန်ကို တသံတည်း ငြင်းဆန်ကြပါသည်။

ထိုကြောင့် "သံဃာအား ဘုရားမဆန်သာ" ဆိုသလို တပည့်တော်လည်း အားလုံး သဘောအတိုင်း ကျင့်သုံးရပါတော့မည်။

မည်သို့မျှ စိတ်အထူးအထွေ မရှိပါနှင့်တော့ အကြောင်းအလုံးစုံကို ရတနာဗိမာန် ဆရာတော်အား မှာကြားလျှောက်ထားလိုက်ပါသည်။ ပြန်ကြားပြောဆိုပါလိမ့်မည် ဘုရား။

ကျန်းမာ ချမ်းသာပါစေ။

သပြေပင်ကျောင်းတိုက်-ဟသ်ာတမြို့။

www.dhammaransi.com



## ဆဋ္ဌသင်္ဂါယနာတင် ဓမ္မဆောင်သံ ဃာ့အဖွဲ့ဥက္ကဋ္ဌ
## ညောင်ရမ်းဆရာတော် ဘုရားကြီးထံ လျှောက်လွှာ

ကဆုန်လဆန်း ၁၃-ရက်နေ့

ရိုသေလေးမြတ်စွာ ခြေတော်ဦးခိုက် လျှောက်ထားပါသည်အရှင်ဘုရား။

''ဆဋ္ဌသင်္ဂါယနာတင်ကိစ္စ''ကို ဒွါရဂိုဏ်းအနေအားဖြင့်၎င်း, ပုဂ္ဂိုလ် အနေအားဖြင့်၎င်း၊ ''သုံးဝသဘောတူ ထောက်ခံသည့်ပြင်'' ဘုရားတပည့်တော်များ ရိုသေ လေးမြတ်စွာ စောင့်စည်းအပ်သော ''ဂိုဏ်းစည်းမျဉ်း''နှင့် မဆန့်ကျင်သော အရာဌာနဟူသမျှ၌ ကိုယ်ဘိုင်ပါဝင်ဆောင်ရွက်ခဲ့ပါပြီ

ယခုပွဲဝင်ရမည့်ကိစ္စမှာ- ' ဂိုဏ်းစည်းမျဉ်း''နှင့် ဆန့်ကျင်စွန်း ငြိနေပါသောကြောင့် ဘုရားတပည့်တော်များ မပါဝင်မလာရောက်ဘဲ ကိစ္စပြီးအောင် ဆောင်ရွက်တော်မူပါရန် ခွင့်တောင်းပါသည်ဘုရား။

ဘုရားတပည့်တော်များမှာ ထိပ်ထက်၌ မယ်နန္ဒက်သကဲ့သို့ ကြပ်တည်းစွာထားရှိအပ်သော အထက်အထက် ဆရာတော်ဘုရားကြီးများ၏ ''အဓိန္နအာဏာဩဝါဒ ဥပဒေသ'' ကို တရိုတသေ အမြွက်မျှဖြင့် ကျူးလွန်ချိုးဖောက်ရန် ခဲယဉ်းလှပါသည်။

အစဉ်အလာ လိုက်နာကျင့်သုံးခဲ့ပြီးလျက် ဘုရားတပည့်တော်များ လက်ထက်ရောက်မှ ချိုးဖောက်ကျော်နင်းမိပါလျှင် သာသနာဝင်တရိုးမှာ- မဟော်ကွန်းထိုးခံရပါတော့မည်၊ နောင် အသရေဆည်၍ ရတော့မည်မဟုတ်ပါ

အရှင်ဘုရားများကို မရိုသေ,မလေးစားသောကြောင့် မဟုတ်ပါ။ ရိုသေလေးစား,အားထားယုံကြည်ကြောင်းကို အရှင်ဘုရားသိတော်မူရင်းပင် ဖြစ်ပါသည်။ ဘုရားတပည့်တော်များ၏ အဖြစ်ကို သိတော်မူရင်းဖြစ်သည့်အတိုင်း ငဲ့ညှာထောက်ထားသောအားဖြင့် မြွေမသေ တုတ်မကျိုးဆိုသလို ဘုရားတပည့်တော်များလည်း ''ကျင့်ရိုးကျင့်စဉ်စည်းကမ်း'' မပျက်မယွင်းရအောင် သင်္ဂါယနာကိစ္စကြီးလည်း ချောချောမေ မော ပြီးစီးအောင်မြင်အောင် ရွက်ဆောင်တော် မူပါရန် ရိုသေလေးမြတ်စွာ ခြေတော်ဦးခိုက် လျှောက်ထားပါသည် အရှင်ဘုရား။

သွေပြေပင်ကျောင်းတိုက်

ဟာသ်ဘတမြို့

www.dhammaransi.com



ခြေတော်ဦးခိုက် ရှိသေစွာလျှောက်ထားဝံ့ပါသည်၊ ဆရာတော် အရှင်မြတ်တို့ဘုရား။

ဒွါရဝါဒီဂိုဏ်း၏ အလိုဆန္ဒကို လိုက်လျောသော်လည်း- မထူးပါ, အပြောသာ ရှိပါသည်။

ဆဋ္ဌသင်္ဂါယနာကိစ္စ၌– ဥတ်ထား၍ ရပေါင်းရွတ်ရမည်ဖြစ်ရာ "သိမ်သမုတ်မှု-ဥပုသ်ပြုမှု"တို့နှင့် ထူးမခြားနားပင်ဖြစ်ပါသည်။

သို့ဖြစ်၍– ဒွါရဂိုဏ်း စည်းမျဉ်းဥပဒေနှင့် ဗြိစ္စန်း ဆန့်ကျင်လျက်ပင် ရှိပါသည် တကြောင်း-ပန်းတောင်းနှင့်ပြည်မှ ကြွလာသော "ကိုယ်စားလည်တော်"များအား ချွင်းချက်ရသော်လည်း ပြန်နှုန့်ဆောင် အချိန်မှီအကြောင်းမကြားနိုင်က မလိုက်ကြတော့ပါဟု-လျှောက်ထားပြီးဖြစ်သည်တကြောင်း အဖွဲ့ဝင်အရှင်တို့လည်းအချို့ခရီးလွန်၍နေကြသည်တကြောင်း၊ သပြေပင်ဆရာတော်လည်း ဝန်ကြီးချုပ်အိမ်အစည်းအဝေးဖွဲ့ပါဝင်တော်မူသော်လည်း လက်မှတ် မထိုးသည်တကြောင်း- ထို့ကြောင့် ဟင်္သာတမှ ဒွါရဝါဒီဂိုဏ်း သံဃာတို့ မသွားကြပါကြောင်းကို ရှိသေစွာလျှောက်ထားဝံ့ပါသည်၊ ဆရာတော်အရှင်မြတ်တို့ဘုရား၊

## ဟင်္သာတအဖွဲ့

---

### သပြေပင်ဆရာတော်ဘုရားသံ-သို့

### ရှိသေစွာလျှောက်ထားဝံ့ပါသည်-ဆရာတော်အရှင်မြတ်ဘုရား

ဘုရားတပည့်တော်များ စည်းဝေးစဉ်က စည်းမျဉ်းဥပဒေနှင့် ဆန့်ကျင်သော အချက်(၃)ချက်ကို လျှောက်ထားခဲ့ပါသည်၊ ထို(၃)ချက် ညီညွတ်၍ စည်းမျဉ်းဥပဒေနှင့် မဆန့်ကျင်ပါက ရောက်ရှိပြီးဖြစ်သော သံဃာတော်များ သင်္ဂါယနာသို့ တက်ရောက်သည်ကို ဟင်္သာတ ဒွါရဝါဒီ သံဃာတော်အရှင်မြတ်တို့ကိုယ်စား ဆရာတော်က ထောက်ခံတော်မူပါရန် ရှိသေစွာ ရှိခိုးလျှောက်ထားပါသည် ဆရာတော်အရှင်မြတ်ဘုရား။

ကဝိဿဋ္ဌ

ဘာဏကအဖွဲ့ကိုယ်စား

ဟင်္သာတ

www.dhammaransi.com



ပြည်မြို့ ဟသ်ာတ-လယ်တည်ကျောင်းတိုက်

ကန်တွင်းဆရာတော်ထံမှ ဦးကဝိသေဋ္ဌဆရာတော်သို့

ဒွါရဝါဒီဂိုဏ်း၏ အလိုဆန္ဒကို လိုက်လျောကြောင်းကို သာသနာရေး အရာရှိများ လာရောက် လျှောက်ထားသဖြင့် ဘာဏကအဖွဲ့ဝင်များအား နက်ဖြန်တက်ရောက်ခွင့် ပြုလိုက်သည်။

**ဟသ်ာတမှ အခြေအနေကို အမြန်ဆုံးပြန်ကြားပါ**

ပန်းတောင်းဆရာတော်နှင့် ကန်တွင်းဆရာတော် ၂-ပါးတို့သည် လပြည့်ကျော် (၁) ရက်မှ ကြွလာကြမည်။

* ၎င်းစာကို ကဆုန်လဆန်း ၁၃ ရက်နေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်အချိန်တွင် ရပါသည်။

ဆရာတော်အရှင်မြတ်တို့ထံမှ ''ကိုယ်စားလည်တော်''များအား နယ်သံဃာတော်များ အချိန်မှီ အကြောင်းမကြားနိုင်က '' မသွားတော့ပါ '' ဟု- လျှောက်ထားလိုက်ပြီးဖြစ်၍ တကြောင်း၊တပည့်များ အကြောင်းသုံးချက်ပြရာ၌ ၁ ချက်ကျန်ရှိနေသောကြောင့်တကြောင်း ''ဒွါရဂိုဏ်းစည်းမျဉ်းနှင့် လုံးဝလွတ်ကင်းမှု'' မရှိဖြစ်နေပါသောကြောင့် တကြောင်း၊ အချို့ အဖွဲ့ဝင်များမှာ ခရီးလွန်၍ နေပါသောကြောင့် တကြောင်း-များ ကြောင့် တပည့်များထံမှ လိုက်ကြတော့မည် မဟုတ်ကြောင်းကို လျှောက်ထားဝံ့ပါသည်၊ ဆရာတော်အရှင်မြတ် ဘုရား။

တပည့်-ကဝိသေဋ္ဌ

ကဆုန်လဆန်း ၁၃ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ စာပြန်ပေးလိုက်ပါသည်။

---

၁၃၁၆-ခု၊ ကဆုန်လဆန်း ၁၄-ရက်နေ့

**တပည့်များ၊ ရိုသေစွာလျှောက်ကြားပါသည်၊ အရှင်ဆရာတော်ကြီးဘုရား**

''သင်္ဂါယနာကိစ္စ''နှင့် ပတ်သက်၍ ဂိုဏ်းစည်းမျဉ်း အပျက်မခံနိုင်ခြင်း သမာနသွာသ အချင်းချင်း ညီညွတ်မှုကိုရ၍- ဤအချက်ဖြင့် တပည့်တော်များ ဒွါရဂိုဏ်း အလွန်ဂုဏ်တက်လှပါသည်၊ အလွန်လည်း တပည့်များ အလွန်အားရဝမ်းသာရှိလှပါသည်။

ယင်းသို့ ခေါင်းမာစွာဖြင့် တညီတညွတ်တည်း တောင့်ထားခြင်းကြောင့် ဝန်ကြီးချုပ် ထံမှ ကိုယ်စားလည်စေလွှတ်၍ တပည့်များ လဆုတ် ၁-ရက်နေ့ ရန်ကုန်သို့ သွားရောက် ဆွေး ကြို ဆွေးနွေးပါဦးမည်။ ရည်ရွယ်ချက်မှာ ဒွါရဂိုဏ်းလိုလားချက် စည်းမျဉ်းမပျက် ဆောင်

www.dhammaransi.com



ရှက်ရလျှင် လက်ခံပါမည်။ မရလျှင် လက်မခံမူ၍ ငြင်းပယ်မည် ဖြစ်ပါမည်ဟုရား။ ဤကိစ္စအတွက် စိတ်ချမ်းသာတော်မူ၍ သက်တော်ရာကျော် ရှည်စေတော်မူပါစေကြောင်း မျှားတပည့် ဆုမွန်တောင်းလိုက်ပါသည်ဘုရား၊ အဖြစ်အပျက်အလုံးစုံတို့ကို ကပိဇာတို့က လျှောက်ကြားရန် ဖြစ်ပါသည်။

(ပုံ) ဝါသဝ......ပန်းတောင်း

(မူရင်းအတိုင်း) သုဘာသိတ........ပြည်

---

၁၃၁၄–ခုနှစ်မှစ၍ (၇)နှစ်တိုင်တိုင် "ဆိုင်ရာအချက်အလက်"တို့ကို ရရှိနိုင်သမျှ (ဂိုဏ်းဝင်သံဃာတော်များ၏ ကူညီအားပေးမှုဖြင့်) အထူးရှာဖွေစုဆောင်းခဲ့ပြီး ဖြစ်သော-

**မဟာဒွါရနိကာယ-သာသနာဝင်မှတ်တမ်းကြီး၌**

**ထည့်သွင်းရန်........ဗဟိုဌာနမှ ညွှန်ကြားချက်**

၁၃၁၄=ခုနှစ် တပို့တွဲလဆုတ် ၈=ရက်နေ့

---

ဟင်္သာတမြို့ လယ်တည်ကျောင်းတိုက်၌ ဗဟိုဌာနအမှုဆောင် အစည်းအဝေး ကျင်းပပြီးလျှင်—

၁။ ။(က) "မဟာနာယက, ဂဏာရက္ခိတ, အနုနာယက" ထေရုပ္ပတ္တိ အကျဉ်းချုပ် ထုတ်ဝေရန်။

(ခ) ဝါဆိုသံဃာစာရင်းအရ "ဩဝါဒပေါင်းချုပ်"ထုတ်ဝေရန်။

(ဂ) ဒွါရဂိုဏ်းလုံးဆိုင်ရာ ဆရာတော်များ၏ "ကျမ်းစာ-စာရင်း"ကို ရရှိနိုင်သမျှ စုဆောင်း၍ ထုတ်ဝေရန်။

ဟူသော အဆို ၃-ချက်ကို စပ်ဆိုင်ရာတပည့်ကြီးငယ်တို့၏ အကူအညီဖြင့် ကျိုက်လပ်မြို့ ဒက္ခိဏာရုံဆရာတော်အား တာဝန်လွှဲအပ်တော်မူကြသည်။

အစီအစဉ်

၂။ ။ထေရုပ္ပတ္တိ အကျဉ်းချုပ်။

(က) ဖွားမြင်ရာဒေသနှင့် မွေးဖွားသက္ကရာဇ်။

(ခ) မိဘနှင့် သားသွီး ဘယ်နှစ်ယောက်မြောက်။

www.dhammaransi.com



(ဂ) ဆရာစဉ်ဆက်။

(ဃ) ရဟန်းခံရက်ချုပ်။

(င) ဂုဏ်းထူးပိသေသ။

(၃) သလောက်ပုံ........ဇ-သက်မ-ကိုယ်လုံးပေါ်။

(၄) ဩဝါဒ အကျဉ်းချုပ်။

(၅) ပြုစုတော်မူသော ကျမ်းစာ-စာရင်း။

# မဟာဒွါရနိကာယ-သာသနာဝင်မှတ်တမ်းကြီး

## အကျဉ်းချုပ်ခေါင်းစဉ်-မာတိကာ

၁။ ဒွါရနိကာယဌာနများ........(တိုင်း,ခရိုင်,မြို့နယ်,)ညွှန်ပြချက်။

၂။ မဟာဒွါရနိကာယ-သာသနဝံသ (သံခေပ)။

၃။ ဒွါရဂိုဏ်းကြီး၏ မူလအခြေခံလမ်းစဉ် သဘောတရားနှင့် တည်ထောင်ရခြင်းအကြောင်းရင်း

၄။ အုဂ်ဖိုရ်ဆရာတော်ကြီးမှစ၍ စီလွှန်တော်ပြီးသော (မဟာဒွါရ နိကာယ-သာသနဝံသ) ဆရာတော်ကြီးများ။

(က) ပုံတော်နှင့် ထေရုပ္ပတ္တိအကျဉ်းချုပ်။

(ခ) ဩဝါဒတော်များ။

(ဂ) ပြုစုသော ကျမ်းစာများ။

၅။ ယခု "ဆဋ္ဌမ မဟာနာယက" မှစ၍ "ဂဏ-ရက္ခိတ, အနုနာယက,ရဋ္ဌညှု မဟတ္တ" ဆရာတော်ကြီးများ၏ ပုံတော်နှင့် ထေရုပ္ပတ္တိအကျဉ်းချုပ်။

၆။ ကြွင်းကျန်သော ဝါဆိုသံဃာစာရင်းအရ......ဩဝါဒမိန့်ခွန်းတော်များ။

၇။ နောက်ဆက်တွဲဥပဒေချုပ်စဉ်မှ ကောက်နုတ်ပေါ်ပြချက်။

၈။ ဂိုဏ်းဥပဒေစည်းကမ်း-သတ်မှတ်ပိုင်းခြားထားရခြင်း၏ အကြောင်း။

www.dhammaransi.com



၉။ ဂိုဏ်းသီးခြား,ကွဲပြားမှုအကျိုး,အပြစ်,ယုံမှားခြင်းကို ရှင်းလင်းပေါ်ပြချက်။

၁၀။ ဟသ်ာတမြို့-ဦးဖေ၏ (သာသနာရေး) လျှောက်လွှာ။

၁၁။ ဘိုကလေးမြို့-ဦးတူ။ ။ ။

၁၂။ အရပ်ရပ်မှတ်တမ်း မှတ်ဖွယ်များ။

၁၃။ မဟာဒွါရ နိကာယဂိုဏ်းဝင်ကျောင်းစာရင်း။

မှတ်ချက်။ ။ပို့ပြီးဘလောက်များ (၆၅) အနက် ... အနုရက္ခိတ (၂၃) ဖြစ်ပါသည်။ ထေရုပ္ပတ္တိပေါင်း (၆၁) × ဘလောက်များကို စာအုပ်အတွက် သုံးစွဲပြီးပါက ဆိုင်ရာသို့ အားလုံးပြန်ပြန်ပို့ပါမည်။

ဘလောက်များ, ထေရုပ္ပတ္တိ-စာသည်များကို ပေးပို့ကူညီတော်မူကြသော ဆရာတော် အသျှင်မြတ်တို့အား အထူးကျေးဇူးတင်လှပါသည်။

* အထူးတောင်းပန် မေတ္တာ ရပ်ခံချက်။ ။ "အာဂတော ဘာရော အဝဿံအာဝဟိတဗ္ဗော"......ဟူသည်နှင့်အညီ ၁၃၁၄ ခုနှစ် တပို့တွဲလဆုတ် (၇)ရက်နေ့ ဗဟိုဌာနမှ လွှဲအပ်တော်မူသော တာဝန်ကို ခံယူရရှိခဲ့သည့်အတိုင်း........ကျရောက်လာသော တာဝန်ကို ဆောင်ရွက်ရာ၌ (ခေတ်ကာလ အကြောင်းအမျိုးမျိုးကြောင့်) ဤမျှ အချိန်ကြာမြင့် ဖင့်နွှဲးနေရခြင်းကို ဗ ထူးသည်းခံ ခွင့်လွှတ်ကြနပ်တော်မူကြပြီးလျှင် × "စကားများက-အမှားပါ" × "အရေးများက-အမှားပါ"ဟူသကဲ့သို့........(ဉာဏ်မသက်ဝင်၍ဖြစ်စေ သတိလစ်ဟင်း၍ ဖြစ်စေ) တင်လွှန်း နိမ့်ကျ, မှားယွင်း ချွတ်ချော်သောဌာနများကို တွေ့ရှိတော်မူကြပါလျှင် ...... အသင့်နှုလုံး,ယူကြုံးစွဲးပိုက်တော်မူကြစေလိုပါကြောင်း။ ။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆

## "နိဂုံးချုပ်-အာသီသ"

ဤ "သာသနာ့ကိစ္စ, ဂိုဏ်းဂဏကိစ္စ" အရပ်ရပ်ကို ထပ်ကာမနား, စိစဉ် ရေးသားရခြင်းမှာ (စာအုပ်တွေကို ပေါ်ထုတ်ညွှန်ပြ၍ ဟန်လုပ်ရန်မဟုတ်) "ဂုဏ်ပုန်ဗိုဿေသ" ရစေတော့ဟူသော ပကာသနမှုမျိုးကို လိုလားခြင်းကြောင့် မဟုတ်ပါ။ "သာသနာ့တာဝန်, ဂိုဏ်းဂဏ တာဝန်" ကို ထမ်းဆောင်ရာဝယ် စွမ်းဆောင်နိုင်ရာဖက်မှ ဆောင်ရွက်ထိုက်သည် (ဆောင်ရွက်မှတော်မည်) ဟု သဘောရရှိပါ၍ စိတ်ပန်း ကိုယ်ပန်းခံ၍ စွမ်းနိုင်သမျှ ထမ်းဆောင်ရခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သာသနာတလျှောက်လုံး (ဒုဂ်မိုရ်ဒွါရ-မဟာနိကာယ-သာသနာဝင်) တွင် "တန်ဘိုးရှိ၍ တန်ဘိုးသိ၍"အသုံးဝင်စေသော သာသနာ့ဝန်ဆောင်(အနုရက္ခိတ)အသျှင်မြတ်များ၏ ဉာဏ်စွမ်းဖြင့် ယခုထက်, တက်လှမ်း၍ အကျိုးများအောင် တဆင့်, တဆင့် တိုးတက် ဆောင်ရွက်နိုင်ကြပါစေ။

www.dhammaransi.com


ဤစာအုပ်တွင် ပါဝင်သော ကျေးဇူးတော်ရှင်, ထိပ်ခေါင်တင်, ဆရာတော်ကြီးများကား (ခေတ်မှီ, ရှေးမှီ) ကျေးဇူး ကြီးမားလှပေ၏။ ထိုမျှလောက် ကြီးမားလှသော ကျေးဇူးတော်ရှင်ကြီးများအား (ဤစာအုပ် စီစဉ်ရေးသားရခြင်း) စသော ပဋိပတ်ဖြင့်သာ လျှင် လေးမြတ်စွာ အထူးအရေးထား၍ ပူဇော်ပါ၏။

ထိုဆရာတော်ကြီးများ၏ ဘုရားရှင် သာသနာတော်မြတ်ကြီးကို မကွယ်မပျက်အောင် ဆောင်ရွက်တော်မူခဲ့ကြရပါသဖြင့် ကိုယ်ပန်း, စိတ်ပန်းနှင့် ချမ်းသာခွင့်မရကြပုံကို အလုံးစုံ လောက်ပင် မြော်မြင်ရိပ်စားမိပါ၏၊ ဆရာတော်ကြီးများ၏ ခြေမှုန့်တော်များကို ဦးခေါင်းဖြင့် ခံယူပါ၏။

{ ကိုယ်ထည်းတယောက်, ဆင်းရဲရောက်၍ ကိုယ့်နောက်အများ။
{ ချမ်းသာပွားမှု တပါးဖြစ်တွေ့, ဆင်းရဲစေလော့။ ။

ဟု......ရှေး-ခု-နောင်ခါ- ရည်ရွယ်ခဲ့ရင်းအတိုင်းသာလျှင် (မိမိ၏ စိတ်ရင်းဓာတ်ခံ စေတနာအားလျော်စွာ) အများ၏ကောင်းကျိုးချမ်းသာရေးကို ဆောင်ရွက်လျက် (နိဗ္ဗာန်)သို့ မြန်စွာ တက်လှမ်းနိုင်အောင် မပျက်မကွက် ဘဝဆက်တိုင်း ဆောင်ရွက်နိုင်ရန်ကိုသာ လေးနက်စွာ မြော်မှန်းပါသတည်း။

## "စိရံတိဋ္ဌတု သဒ္ဓမ္မော"

(က) ဒွါရနိကာယေ ပညတ္တာ၊ ဒေသိတာစ, မဟေသိနာ။
တေ ဓမ္မာ ယာဝ တိဋ္ဌန္တိ၊ တာဝ တိဋ္ဌတု ယံဂဏော။ ။

(ခ) ဥက္က°ဝံသ-ဘိဓာနဿ၊ သာသနံ ယာဝ ဒိဗ္ဗတိ။
တာဝ ဒိဗ္ဗတု လောကမှိ၊ အုဂ်မိုရ်-ဒွါရ-နိကာယကံ။ ။

(ဂ) ဒွါရဝံသော သမာနွာယော၊ လဇ္ဇီ သာသန-မာမကော။
နိဿယံ, နိမ္မလံ, သုဒ္ဓံ၊ ကရောတု, သာသနံ သဒါ။ ။

# အားပေးကူညီသူ

## ဓမ္မဒါနကောင်းမှုရှင်များ

| (က) သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် | တန်ဘိုး |
|---|---|
| ၁။ သရက်တောကျောင်း (အနုနာယက) | ၃၀ |
| ၂။ ပေါက်တောစုကျောင်း (အနုရက္ခိတ) | ၃၀ |
| ၃။ သာရဝေါ(အမိတာရုံ)ကျောင်း (အနုရက္ခိတ) | ၃၀ |
| ၄။ အိုင်တလုပ် ကျောင်း | ၂၅ |
| ၅။ ကုလားချောင်း (မဟာပိဋကယာရာမ) | ၂၅ |
| ၆။ မြို့မဝါဆို ကျောင်း | ၁၀ |
| ၇။ ဘုရားကြီး ကျောင်း | ၁၀ |
| ၈။ ညောင်ကုန်း ကျောင်း | ၁၀ |
| ၉။ မိုးဃီးကောင်းကျောင်း | ၁၀ |
| ၁၀။ ကညင်တို ကျောင်း | ၁၀ |
| ၁၁။ မြို့မသံဖြူရုံ ကျောင်း | ၅ |
| ၁။ ပျဉ်းကတိုးကုန်းကျောင်း (အနုနာယက) | ၅ |
| ၂။ အရိုးကုန်း ကျောင်း | ၁၅ |
| ၃။ က,ကတိုက် ကျောင်း | ၅ |
| ၄။ ကပိုင် ကျောင်း | ၅ |
| ၅။ ထောက်ကြို့ ကျောင်း | ၅ |
| ၆။ ဦးတို ကျောင်း | ၅ |
| ၇။ မိုးဆယ် ကျောင်း | ၅ |
| ၈။ ဆင်မနီ ကျောင်း | ၅ |

ပေါင်း.... ၂၄၅.......

# ဟာသ်ာတမြွ

အဂ္ဂမဟာပဏ္ဍိတ သပြေပင်ဆရာတော်(ဂဏာရက္ခိတ)


| | | | | |
|---|---|---|---|---|
| ၁။ | ဓမ္မာရုံကျောင်းတိုက် | ဦးအရိန္ဒမ | (အနုရက္ခိတ) | ၁၅ |
| ၂။ | လယ်တီကျောင်းတိုက် | ဦးကဝိန္ဒသဒ္ဓ | (ဆရာတော်) | ၁၅ |
| ၃။ | ။ | ဦးခမာဝုဓ | (တိုက်အုပ်) | ၁၅ |
| ၄။ | မဟိတာရုံကျောင်းတိုက် | ဦးဇုန္တြိယ | (အနုရက္ခိတ) | ၁၅ |
| ၅။ | ရေတံခွန်ကျောင်းတိုက် | ဦးသုဓမ္မိန္ဒ | ။ | ၁၅ |
| ၆။ | ကျောက်တော်ကြီးကျောင်းတိုက် | ဦးကဝိသာရ | ။ | ၁၅ |
| ၇။ | ဘုရားကြီးကျောင်းတိုက် | ဦးပဏ္ဍိတဓမ္မ | (ဆရာတော်) | ၁၅ |
| ၈။ | ကျန်ဦးကျောင်းတိုက် | ဦးဇဝန | (အနုရက္ခိတ) | ၁၅ |

၁။ ရန်ကုန် ဗဟန်းရပ် ဒေါ်သီ ၁၆

၂။ မအူပင် ငါးပိအိုင် ဝိဇိတာရုံ ဦးဓမ္မသိရိ ၂၀

၃။ ပန်းတနော် သိဟိုဠ်ကျောင်း ဦးဓမ္မပိယ (ဆရာတော်)

၄။ ပန်းတနော် ဘုရားငှ အောင်မြေဇေယျ ဦးဝိသုဒ္ဓဉာဏ (အနုရက္ခိတ)

၅။ ပန်းတနော် ဇရပ်လှကြီး ပစ္ဆိမာရုံဆရာတော်ဦးစန္ဒိမာ ။

၆။ ဓနဖြူ သဒ္ဓမ္မဇောတိကာရာမ (ပါဠိတက္ကသိုလ်) အနုနာယက

၇။ ဓနဖြူ ညောင်ချောင်း သုခိတာရုံ ဦးသုမင်္ဂလ (အနုရက္ခိတ)

၈။ ကြည့်မြင်တိုင် လင်းလွန်းပင်ကျောင်းတိုက် ဆရာတော် (အနုနာယက)

၉။ ရန်ကုန် မင်္ဂလာမဏ္ဍိုင်ကျောင်း ဆရာတော်ပညာကိတ္တိ (အနုရက္ခိတ)

၁၀။ ဖျာပုံ– အသောကရုံ ဆရာတော် (အနုနာယက)

၁၁။ ဖျာပုံ ဒေါ်ညိမ်း ဘုရားကြီးကျောင်းတိုက် ဆရာတော်

၁၂။ ဒေးဒရဲ ချောင်းဖျား မဟာဗောဓျာရာမ ဆရာတော် (အနုနာယက)

၁၃။ ဗိုလ်ကလေး မဟာဓမ္မိထာရုံ ဆရာတော် (အနုရက္ခိတ)

၁၄။ မော်ကျွန်း(ညီမာရုံ)မင်းကျောင်းဆရာတော်(အနုနာယက)

၁၅။ ။ ဦးဖိုးအန့်ဒေါ်ချော သားသမီးတစု.... ၃၆

၁၆။ လက်ပံတန်း ''အဂ္ဂမဟာပဏ္ဍိတ'' အဘိဓမ္မာညဝါတက္ကသိုလ်
သဒ္ဓမ္မောဒယ-ဆရာတော်(အနုနာယက)....

၁၇။ ဗိုလ်ကလေးသစ်ကုန်သည်၊ ဦးမောင်သင်ဒေါ်သန်းရွှေ

၁၈။ ကွမ်းခြံကုန်း-ကသစ်ကုန်း အရိမဒ္ဒနာရာမ-ဆရာတော်(အနုရက္ခိတ)

၁၉။ ။ သီရိဇေယျာကျောင်း ဖုန်းတော်ကြီး

၂၀။ ရေပူ၀....အောင်မြေဗောဓိကျောင်းဖုန်းတော်ကြီး ၁၅

ကျိုက်လပ် ဒက္ခိဏာရုံ (ဂဏာရက္ခိတ)ဆရာတော်၏တပည့်
ဒါယကာ, ဒါယိကာမတစု.... ၂၀၆

www.dhammaransi.com

# "အကြောင်းမှန်သိစေရန်"

လွန်ခဲ့သော (၁၃၁၆-ခုနှစ်) က စာအုပ် (၁၀၀၀) ပုံနှိပ်ခဲ့ရာ ၁-အုပ်လျှင် (တကျပ်လေးပဲ) နှုန်းကုန်ကျခဲ့ပါသောကြောင့် (၂၅ဝိ) စိုက်ထားခဲ့ရပါသည်။

၁၃၁၇-ခုနှစ်၌တဖန် စာအုပ် (၁၀၀၀) ဒုတိယ အကြိမ်ထပ်မံ၍ ပုံနှိပ်ခဲ့ပြန်ရာ ဓာတ်ပုံများကို ထပ်တိုး၍ ထည့်ရခြင်းနှင့် စက္ကူဈေးများကြီးမြင့် တိုးတက်လာခြင်းကြောင့် ၁-အုပ်လျှင် (တကျပ် ၁၂ ပဲ) နှုန်းကုန်ကျခဲ့ပါသဖြင့် (၇၅ဝိ) စိုက်ထားခဲ့ရပြန်ပါသည်။ ၂-ကြိမ်ပေါင်းလျှင် (၁၀၀ဝိ) တိတိစိုက်ထားရပါသည်။

၎င်းအတွက် ကြေလည်မှုရှိရန် ဂုဏ်းသံဃာတော်များ၏ အကူအညီနှင့် "ဓါတ်ပုံတော်ပေါင်းချုပ်"ကို ဖန်တည်းရာ လုံးဝကြေလည်မှု မရရှိသေးပါ။

ယခုနှစ်တဖန် (၅) နှစ်တွက် အစည်းအဝေး မှတ်တမ်းပေါင်းချုပ်နှင့် (၃) နှစ်တွက် ဝါဆိုသံဃာ စာရင်းချုပ်တို့ကို ပေါင်းစပ်၍ စာအုပ် ၁၀၀၀ တတိယအကြိမ်ထပ်မံ၍ ပုံနှိပ်ခဲ့ပြန်ရာ၊ မူလစာအုပ်များ၏ ထက်ဝက်လောက်မျှသာ ရှိလိမ့်မည်ဟု ထင်မှတ်ခဲ့သော်လည်း ထည့်သွင်းစရာ အချက်အလက်တွေ များပြားခြင်း၊ စက္ကူဈေးများ မကျဆင်းသေးပဲ ကြီးမြင့်တိုးတက်လာခဲ့ခြင်း စသော အကြောင်းရပ်များကြောင့် မူလစာအုပ်များထက်ပင် စာမျက်နှာ နံပါတ် ပိုမိုများပြား နေပြန်ပါသဖြင့် စာအုပ်နှုန်းမှာ မူလထက် လျှော့လိမ့်မည်မထင်ပါ။ စာရင်းအမှန်မရှင်းလင်းရသေးပါ ယခုလက်ရှိရငွေ (၆၄ဝိ-၇ဝါး) ကို ထောက်ဆပါလျှင် (၅၀ဝိ) ထက်မနည်းပဲ့စိုက်ထားရလိမ့်ဦးမည်ဟုထင်မြင်ပါသည်။ ။

www.dhammaransi.com

# အထူးမှာထား–တောင်းပန်ချက်

(က) (၉) မြောင်းမြခရိုင်အတွက် မြို့နယ် (၃) x ကျောင်းပေါင်း (၁၇) သံဃာတော် (၁၂၀) ကျော် ဝါဆိုသံဃာစာရင်းချုပ်ကို စာမူ) ရှုတ်တရက် ရှာမတွေ့ဖြစ်နေပါ၍ နောက်ဆုံးမှ (စာမျက်နှာ ၁၁၀ နှင့် ၁၁၁) အကြားၓ ထည့်သွင်း ဖော်ပြရပါသည်။

(ခ) ထိုမှတပါး ပုံနှိပ်စဉ် စာစီရင်း ချိုယွင်းချက် (အမှား-အမှန်) တို့ကို အချိန်မှီ ပြင်ဆင်ဖော်ပြရန် ခွင့်မရနိုင်ပါသောကြောင့်.........သင့်လျော်အောင် ပြင်ဆင် ဖတ်ရှုတော်မူကြပါအရှင်တို့ဘုရား။ ။

www.dhammaransi.com